ထိုစုဒိတက အလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မကြား မမြင်သောအရာပင် ဖြစ်သော်လည်း မမှုဝိနိစ္ဆယက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် အကြိမ်ကြိမ် အဘန်ဘန် အတန်တန် အထပ်ထပ် ထပ်ခါထပ်ခါ မေးစစ်ဘန် များသောကြောင့် အာပတ်သင့်ခြင်းအပြစ်ရှိခြင်းသာပတ္တိက သာဝဇ္ဇ ပါရာဇိက ပါရာဇိကသာမန္တဒေါသော ပဂမပဋိညာဉ်ကိုပေးပြီးမှ ထိုဒေါသော ပဂမပဋိညာဉ်ကို ပေးသော စကား၏ အခြားမဲ့ မဟုတ်၊ နောက်နောင် အခါကာလ အတော်ကြီးကြာမှ တွေးတွေး ဆဆ အကြံရပြန်သောကြောင့် ယခုအခါငါ့ကို ဖျက်ဆီးကြကုန်လတ္တံ့ဟု နှလုံးပြု၍ ကံပြုအံ့သည်မှ ကြောက်သောကြောင့် မှုးတူးချော်ချွတ်သောအားဖြင့်ထိုဒေါသောပဂမပဋိညာဉ်ကိုပေးမိပါသတည်း၊ ဤသို့သဘောရှိသောအာပတ်ကို မလွန်ကျူးဘူးပါဟု လျှောက်ထားပြောဆို ပြန်သည် ဖြစ်အံ့၊ ထိုစုဒိတက အလဇ္ဇီပုဂ္ဂိုလ်အား တဿပါပိယသိကကံကို မပြုဘဲ ရှေးဝန်ခံပြီးသော အာပတ် သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိကသာဝဇ္ဇ ဒေါသောပဂမပဋိညာဉ်ဖြင့် သာလျှင် ထိုစုဒိတက အလဇ္ဇီပုဂ္ဂိုလ်အား အတော်ကိစ္စမှုလဲ့နေ့ဇ္ဇ ပါရာ

ဇိက ပဋိညာဉ်ကို ရသည်ဖြစ်အံ့၊ မွေဝိနိဿကဝိနယမေရ ပုဂ္ဂိုလ်တို့သည် ရဟန်းအသွင်ကို ဖျက်ဆီးခြင်း လိင်္ဂနာသနဒဏ် အသုဒ္ဓဝိနိဿယကို ပေးအပ်၏။ သတေကိစ္စအာပတ္တိ ပဋိညာဉ်ကို ရသည်ဖြစ်အံ့၊ ထိုစုဒိတက အလဇ္ဇီ ပုဂ္ဂိုလ်အား မွေဝိနိဿက ဝိနယမေရ ပုဂ္ဂိုလ်တို့သည် အလို ရှိသည် ရှိသော် တဇ္ဇနီယ စသော ကံကို ပြုအပ်၏။ ထိုကြောင့်-သစေ လဇ္ဇီ အလဇ္ဇီ စောဒေတိ။ပ။အလဇ္ဇိဿ ပဋိညာယ ဝေ ကာတဗ္ဗံ-ဟု ဒုဋ္ဌဒေါသ သိက္ခာပုဒ် အဋ္ဌကထာ၌ မိန့်တော်မူသည်။ဝိနည်းမဟာဝါပဝါရဏာခန္ဓက ပါဠိတော်၌လည်း-

သောစေဘိက္ခုဝေစုဒိတော ဘိက္ခုပါရာဇိကံ အဇ္ဈာပန္နော တိ ပဋိဇာနာတိ၊ နာသေတွာ သံဃေန ပဝါရေတဗ္ဗံ။ သောစေ ဘိက္ခုဝေ စုဒိတော ဘိက္ခု သံဃာဒိသေသံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ သံဃာဒိသေသံ အာရောပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သောစေ ဘိက္ခုဝေ စုဒိတော ဘိက္ခု ထုလ္လစ္စယံ ပါစိတ္တိယံ ပါဋိဒေသနီယံ ဒုက္ကဋံ ဒုဗ္ဘာသိတံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ-

ဟု ဟောတော်မူသည်။ ။(၈)။

ထိုစုဒိတက အလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မကြား မမြင်သောအရာ ဖြစ်သောကြောင့် စောဒက ပုဂ္ဂိုလ်တို့ မြင်တိုင်း ကြားတိုင်း တွေးဆတိုင်းသော တခုသော ပဋိဿန္ဒ္ဓာနမှ တယောက်သော မာတုဂါမနှင့် အတူတကွ တယောက်ချင်းချင်း ထွက်လာ ဝင်လာသော အခြင်းအရာ အမူအရာကိုသာ ဝန်ခံ၍ ပါရာဇိက စသော အာပတ်ကို ဝန်မခံ။ အာပတ်မသင့်ခြင်း အပြစ်မရှိခြင်း အနာပတ္တိကအနုဝဇ္ဇ ဒေါသာပဂမပဋိညာဉ်ကိုပေးသည်ဖြစ်၍ ထိုပေးတိုင်းသော ဒေါသာပဂမ ပဋိညာဉ်အား လျော်စွာ ဟုတ်, မဟုတ် ယုံတွာယုတ္တိ ရှိ, မရှိကို မွေဝိနိဿကဝိနယမေရပုဂ္ဂိုလ်တို့သည် ရှေ့နောက် အမူအရာ အခြင်းအရာ အလုံးစုံကို စုံထောက်နိုင်းယှဉ် တိုင်းထွာလျှင် ဤစုဒိတက

ပုဂ္ဂိုလ်ကား သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားပေ တည်း။ တစုံတရာ သတေကိစ္စ အတေကိစ္စ အာပတ်ကို မှချ ဆတ်ဆတ် အတတ်ပင် မကျူး မလွန်ရာသတည်းဟု သုဒ္ဓ သညာ ဖြစ်သောကြောင့် ထို စုဒိတက အလဇ္ဇီပုဂ္ဂိုလ်သည် ဒိဋ္ဌ သုတ ပရိသင်္ကိတမူလ်ကင်းသော အသုဒ္ဓပရိသင်္ကိတ အမူလကသင်္ကိတ ဖြစ်သည်ဖြစ်၍ ဓမ္မဝိနိစ္ဆယ ဝိနယဓရ ပုဂ္ဂိုလ်တို့သည် ယုံမှား သံသယ ဝေမတိက ကင်းပျောက်သည်ဖြစ်အံ့၊ ထိုစုဒိတကအလဇ္ဇီ ပုဂ္ဂိုလ်၏ အကျွန်ုပ် စင်ကြယ်ပါ၏ ဟူသော သုဒ္ဓေါ အဟံ ဒေါသာ ပဂမ ပဋိညာဉ်ဖြင့် ထို စုဒိတက အလဇ္ဇီပုဂ္ဂိုလ်အား ဓမ္မ ဝိနိစ္ဆက ဝိနယဓရပုဂ္ဂိုလ်တို့သည် အာမိသသံဘောဂ ဓမ္မသံဘောဂ ဥပုသ် ပဝါရဏာစသော ကံကြီးကံငယ် ပေါင်းဘော် စပ်ရှက် ပေါင်း သင်းခြင်း သုဒ္ဓဝိနိစ္ဆယကို ပေးအပ်၏။ ထိုကြောင့်-

ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သော ပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေနုပေါသထော။
သုတံ သုတေန သမေတိ၊ သုတေန သံသန္ဒတေ သုတံ။
သုတံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော မတေနုပေါသထော။
မုတံ မုတေန သမေတိ။ မုတေန သံသန္ဒတေ မုတံ။
မုတံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေနုပေါသထော။

ဟူ၍ရင်း,

ဒိဋ္ဌံ ဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေန သံသန္ဒတေ ဒိဋ္ဌံ။
ဒိဋ္ဌံ ပဋိစ္စ နဥပေတိ။ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရဏာ။
သုတံ သုတေန သမေတိ။ သုတေန သံသန္ဒတေ သုတံ။
သုတံ ပဋိစ္စ နဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရဏာ၊

မုတံ မုတေန သမေတိ၊ မုတေန သံသန္ဒတေ မုတံ၊
မုတံ ပဋိစ္စ နုဥပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရိတော။

ဟူ၍၎င်း ပရိဝါပါဠိတော်၌ ဟောတော်မူသည်။ ၎င်း ပရိဝါ အဋ္ဌကထာ၌လည်း-

တတ္ထ ဒိဋ္ဌံ ဒိဋ္ဌေနာတိ ဂါထာယ အယမတ္ထော။ ကေနေကော မာတုဂါမေန သဒ္ဓိံ ကောဋ္ဌာနတော နိက္ခမန္တော ဝါ ပဝိသန္တော ဝါ ဒိဋ္ဌော၊ သော တံ ပါရာဇိကေန စောဒေတိ၊ စုဒိတကော တဿ ဒဿနံ အနုဇာနာတိ။ တံပန ဒဿနံ ပဋိစ္စ ပါရာဇိကံ နုဥပေတိ နုပဋိဇာနာတိ။ ဧဝမေတ္ထ ယံ တေန ဒိဋ္ဌံ၊ တံကာယ ဒိဋ္ဌော မယာတိ စုဒိတကဿ ဒိဋ္ဌဝစနေန သမေတိ။ ယသ္မာပန စုဒိတကော တံဒဿနံ ပဋိစ္စ ဒေါသံ နုပဋိဇာနာတိ၊ တသ္မာ အသုဒ္ဓပရိသင်္ကိတော ဟောတိ၊ အမူလကပရိသင်္ကိတောတိ အတ္ထော။ တဿ ပုဂ္ဂလဿ သုဒ္ဓေါ အဟန္တိ ပဋိညာယ တေန သဒ္ဓိံ ဥပေါသထော ကာတဗ္ဗော။ သေသဂါထာဒွယေပိ ဧသေဝနယော။

ဟု မိန့်ဆိုတော်မူကုန်သည်။ ၎င်း ပရိဝါ ဝိမတိဝိနောဒနီ ဋီကာ၌လည်း-

အသုဒ္ဓပရိသင်္ကိတောတိ အသုဒ္ဓါယ အဋ္ဌာနေ ဥပ္ပန္နာယ ပရိသင်္ကာယ ပရိသင်္ကိတော။ တေနာဟ အမူလကပရိသင်္ကိတောတိ-ဟု မိန့်ဆိုတော်မူကုန်သည်။ ။(၉)။

ထိုစုဒိတက အလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မကြား မမြင်သောအရာ ဖြစ်သောကြောင့် စောဒကပုဂ္ဂိုလ်တို့ မြင်တိုင်းကြားတိုင်း တွေးဆတိုင်းသောပဋိစ္ဆန္နဋ္ဌာန်မှ တယောက်သော မာတုဂါမနှင့် အတူဟကွ တယောက်ချင်းချင်း ထွက်လာဝင်လာသော အခြင်းအရာ အမူအရာကိုသာ ဝန်ခံ၍ ပါရာဇိကာ စသော အာပတ်ကို ဝန်မခံ၊အာပတ်မသင့်ခြင်း

အပြစ်မရှိခြင်း အနာပတ္တိက အနုဝဇ္ဇ ဒေါသာပဂမ ပဋိညာဉ်ကို ပေးသည်ဖြစ်၍ ထိုပေးတိုင်းသော ဒေါသာပဂမ ပဋိညာဉ်အား လျော်စွာ ဟုတ်,မဟုတ် ယုတ္တာယုတ္တိ ရှိ,မရှိကို ဓမ္မဝိနိစ္ဆက ဝိနယ ဓရပုဂ္ဂိုလ်တို့သည် ရှေးနောက် အမှုအရာ အခြင်းအရာ အလုံးစုံကို စုံထောက်နှိုင်းယှဉ် တိုင်းထွာလျှင် ဤစုဒိတကပုဂ္ဂိုလ်သည် ပကတိ နဂိုရ်သဘောရင်းက သဒ္ဓါတရားနှင့်ပြည့်စုံသော အမျိုးကောင်းသားပင် ဖြစ်သော်လည်း ကိလေသာ တဏှာရာဂ အလျောက် သတေကိစ္ဆ အတေကိစ္ဆ အာပတ်ကို မုချဆတ်ဆတ် အတပ်ပင် ကျူးလွန်ရှာသတည်းဟု အသုဒ္ဓသညာဖြစ်သောကြောင့် ယုံမှား သံသယ ဝေမတိက မပျောက်နိုင်သည်ဖြစ်အံ့၊ ယုံမှား သံသယ ဝေမတိက မပျောက်သမျှ ကာလပတ်လုံး ထိုစုဒိတက အလဇ္ဇီ ပုဂ္ဂိုလ်အား ဓမ္မဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် အာမိသ သံဘောဂ ဓမ္မသံဘောဂ ဥပုသ် ပဝါရဏာစသော ကံကြီးကံငယ် ပေါင်းဘော်စပ်ယှက် ပေါင်းသင်းခြင်း သုဒ္ဓိဝိနိစ္ဆယကိုမပေးအပ်။ ထိုကြောင့်—

> လဇ္ဇီနော အလဇ္ဇီနာ သဒ္ဓိံ ယာဝ နဇာနာတိ၊ တာဝ ဝဋ္ဋတိ၊ အာဒိတော ပဋ္ဌာယ အလဇ္ဇီနာမ နတ္ထိ။ တသ္မာ ယဒါဿ အလဇ္ဇီဘာဝံ ဇာနာတိ၊ တဒါ ဝတ္တဗ္ဗော တုမှေ ကာယဒွါရေစ ဝစီဒွါရေစ ဝီတိက္ကမံ ကရောထ၊ တံ အပ္ပတိရူပံ၊ မာ ဧဝမကတ္ထာတိ။ သစေ အနာဒိယိတွာ ကရောတိယေဝ၊ ယဒိ တေန သဒ္ဓိံ ပရိဘောဂံ ကရောတိ၊ သောပိ အလဇ္ဇီယေဝ ဟောတိ။ ယောပိ အတ္တနော ဘာရဘူတေန သဒ္ဓိံ ပရိဘောဂံ ကရောတိ၊ သောပိ နိဝါရေတဗ္ဗော။ သစေ နဩရမတိ၊ အယံပိ အလဇ္ဇီယေဝ ဟောတိ။ ဧဝံ ဧကော အလဇ္ဇီ အလဇ္ဇီသတံပိ ကရောတိ။

ဟု ဇာတရူပရဇတ သိက္ခာပုဒ်အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။ ၎င်းအဋ္ဌကထာအဖွင့် ဝိမတိဝိနောဒနီဋီကာ၌လည်း—

> အာဒိတောပဋ္ဌာယအလဇ္ဇီနာမနတ္ထိတိ ဇူမိနာ ဒိဋ္ဌဒိဋ္ဌေသု အာသက်ာနာမ နကာတဗ္ဗာ။ဒိဋ္ဌသုတာဒိကာရဏာ သတိ ဝေ ကာတဗ္ဗာတိ ဒဿေတိ–ဟု မိန့်တော်မူသည်။(၁၀)။

ဤကား လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်ကို စောဒနာရာ၌ ဆုံးဖြတ်ရန် နည်းဥပဒေသ အမြွက်တည်း။

လဇ္ဇီပုဂ္ဂိုလ်ချင်းကို စောဒနာသော အရာ၌ ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင်မြင်ကြားစဉ်သာလျှင် အစိတ္တကပက္ခအကြောင်းအရာဝတ္ထုကို လွန်ကျူးခြင်းအမှုကိုပြုပြီးသည်ဖြစ်၍ အာပတ်သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ ဒေါသော ပဂမ ပဋိညာဉ်ကို ပေးသည်ဖြစ်အံ့၊ ရှေ့စကား နောက်စကား အစဉ်ဖြင့်သာလျှင် အာပတ်သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ အပြစ်ဒေါသ ထင်ရှားစွာ ဖြစ်သော်လည်း ထိုပေးတိုင်းသောဒေါသောပဂမ ပဋိညာဉ်ဖြင့်သာလျှင် ထိုလဇ္ဇီပုဂ္ဂိုလ်အား မွေ့ဝိနိစ္ဆကဝိနယဓရပုဂ္ဂိုလ်တို့သည် အလိုရှိသည်ရှိသော် တဇ္ဇနီယစသော ကံကို ပြုအပ်၏။ ထိုကြောင့်–

> သောစေ ဘိက္ခုဝေ စုဒိတော ဘိက္ခု သံဃာဒိသေသံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ။ သံဃာဒိသေသံ အာရောပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သောစေ ဘိက္ခုဝေ စုဒိတော ဘိက္ခု ထုလ္လစ္စယံ ပါစိတ္တိယံ ပါဋိဒေသနီယံ ဒုက္ကဋံ ဒုဗ္ဘာသိတံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ ယထာ ဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ။

ဟု ဝိနည်းမဟာဝါပါဠိတော် ပဝါရဏာ ခန္ဓက၌ ဟောတော်မူသည်။ ။(၁)။

ထိုလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက် ထင်ထင် မြင်ကြားစဉ်သာလျှင် အစိတ္တကပက္ခ အကြောင်းအရာ ဝတ္ထုကို လွန်ကျူးပြီးသည်ဖြစ်လျက် နောက်အခါ ကံပြုအံ့သည်မှ ကြောက်သောကြောင့် လွန်ကျူးခြင်းအမှုကို မပြုပါဟု မုသားဆို၍ အာပတ်မသင့်ခြင်း၊အပြစ်မရှိခြင်း အနာပတ္တိက အနဝဇ္ဇ ဒေါသာ

ပဂမ ပဋိညာဉ်ကို ပေးသည်ဖြစ်အံ့၊ ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်၌ လွန်ကျူးခြင်းကို ပြုခြင်းသည်ပင် ဒေါ်သောပဂမ ပဋိညာဉ် မည်သင့်သောကြောင့်ရင်း, အဟုတ်အမှန် ယထာဘူတ တထတစ္စအားဖြင့် သိခြင်းအကျိုးငှါသာလျှင် ဒေါ်သောပဂမ ပဋိညာဉ်ဖြင့် ကံပြုခြင်းကို မြတ်စွာဘုရားခွင့်ပြုတော်မူသောကြောင့် ရင်း, ယုံမှားသံသယ ဝေမတိက သန္ဒေဟဖြစ်ရာ ဝတ္ထုအာပတ်ကို သာ ဝန်ခံစေပြီးမှ ကံပြုအပ်သောကြောင့်ရင်း, ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မြင်ကြားခြင်း ဒိဋ္ဌသုတဝီတိက္ကမ ကိုပင် ဒေါ်သောပဂမ ပဋိညာဉ်အကြောင်းရင်း အကြောင်းခံပြု၍ ထိုလဇ္ဇီပုဂ္ဂိုလ်အား ဓမ္မဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် အလို ရှိသည်ရှိသော် တဇ္ဇနီယစသော ကံကိုပြုအပ်၏။ ထိုကြောင့်–

အပဋိညာယကတန္တိ ဝတ္ထုံဝါ အာပတ္တိံဝါ အသမ္မုခါ ပေတွာ ကတံ။ ယောပန သမ္မုခါ ပဿန္တာနံဧဝ ဝတ္ထု ဝီတိက္ကမံ ကတွာ ကမ္မကရဏဘာယေန နံကရောမီတိ မုသာ ဝဒတိ။ တဿ ဘိက္ခူနံ သံမုခေ ဝီတိက္ကမကရဏမေဝ ပဋိညာ။ တထတော ဇာနနတ္ထမေဝ ပဋိညာယကရဏံ အနုညာတံ။ ယတ္ထ ပန သန္ဒေဟော ဟောတိ၊ တတ္ထ သမ္မုခါ ပေတွာဝ ကာတဗ္ဗန္တိ ဂဟေတဗ္ဗံ–

ဟု စူဠဝါ ကမ္မက္ခန္ဓက ဝိမတိဝိနောဒနီဋီကာ၌ မိန့်ဆိုတော် မူသည်။ ။(၂)။

ထိုလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက် ထင်ထင် မကြားမမြင်သောအရာပင် ဖြစ်သော်လည်း အာပတ် သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ သတေကိစ္ဆဒေါ်သော ပဂမ ပဋိညာဉ်ကို ပေးသည်ဖြစ်အံ့၊ ရှေ့စကား နောက်စကား အစဉ်ဖြင့်သာလျှင် အာပတ်သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ အပြစ်ဒေါ်သ ဖြစ်သော်လည်း ထင်ရှားစွာ ထိုပေးတိုင်း ပေးတိုင်းသော ဒေါ်သောပဂမ ပဋိညာဉ်ဖြင့်သာလျှင် ထိုလဇ္ဇီ

ပုဂ္ဂိုလ်အား ဓမ္မဝိနိစ္ဆကဝိနယဓရပုဂ္ဂိုလ်သည် အလိုရှိသည်ရှိသော် တဇ္ဇနီယစသော ကံကိုပြုအပ်၏။ ထိုကြောင့်-

သောစေ ဘိက္ခဝေ စုဒိတော ဘိက္ခု သံဃာဗိဒေသံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ။ပ။ယထာဓမ္မံ ကာရာပေတဗ္ဗော သံဃေန ပဝါရေတဗ္ဗ။

ဟု ဝိနည်းမဟာဝါပါဠိတော် ပဝါရဏာခန္ဓကဌ် ဟောတော်မူသည်။ ။(၃)။

ထိုလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မကြားမမြင်သောအရာပင် ဖြစ်သော်လည်း ဓမ္မဝိနိစ္ဆကဝိနယဓရပုဂ္ဂိုလ်တို့ အကြိမ်ကြိမ်အဘန်ဘန် အတန်တန်အထပ်ထပ်ထပ်ခါထပ်ခါ မေးစစ်ဘန်များသောကြောင့် အာပတ်သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ ပါရာဇိက ပါရာဇိက သာမန္တဒေါသောပဂမ် ပဋိညာဉ်ကိုပေးပြီးမှ ထိုဒေါသောပဂမ ပဋိညာဉ်ကိုပေးသော စကား၏ အခြားမဲ့၌ပင် ယခုအခါ ငါ့ကိုဖျက်ဆီးကြကုန်လတ္တံ့ဟု နှလုံးပြု၍ ကံပြုအံ့သည်မှ ကြောက်သောကြောင့် မြူးတူးချော်ချွတ်သော အားဖြင့် ထိုဒေါသောပဂမ ပဋိညာဉ်ကိုပေးမိပါသတည်း၊ ဤသို့ သဘောရှိသော အာပတ်ကို မလွန်မကျူးဘူးပါဟု လျှောက်ထား ပြောဆိုပြန်သည် ဖြစ်အံ့၊ ထိုလဇ္ဇီပုဂ္ဂိုလ်သည် သီလဝန္တဖြစ်အံ့၊ ကျင့်ဝတ်တရားကို ဖြည့်ကျင့်၍ ကံငြိမ်းခြင်းသို့ ရလတ္တံ့။ သီလဝန္တ မဟုတ်သည်ဖြစ်အံ့၊ အတေကိစ္ဆ မူလစ္ဆိဇ္ဇ ပါရာဇိကအာပတ်ဖြင့်သာလျှင် ဖျက်ဆီးအပ်သည်ဖြစ်လတ္တံ့ဟု နှလုံးပြု၍ ထိုလဇ္ဇီပုဂ္ဂိုလ်အား ဓမ္မဝိနိစ္ဆကဝိနယဓရပုဂ္ဂိုလ်တို့သည် အလိုရှိသည်ရှိသော် တဿပါပိယျသိက ကံကိုပြုအပ်၏။ ထိုကြောင့်-

သော စေ ဝဒေတိ သရာမိခေါ အဟံ အာဝုသော ဧဝရူပိံ ဂရုကံ အာပတ္တိံ အာပဇ္ဇိတာ ပါရာဇိကံဝါ ပါရာဇိကသာမန္တံဝါ။ပ။ တဿခေါ တံ ဘိက္ခဝေ ဘိက္ခုနော တဿပါပိယျသိကကမ္မံ ကာတဗ္ဗံ-

ဟု စူဠဝါပါဠိတော် သမထက္ခန္ဓက တဿပါပိယျသိက ကံ၌ ဟောတော်မူသည်။ ၎င်းစူဠဝါ အဋ္ဌကထာ၌လည်း-

သရာမိစ ခေါ အဟံ အာဝုသောတိ ပါရာဇိက ပဋိစ္ဆာဒနတ္ထာယ ဧဝံ ပဋိဇာနာတိ။ပ။ လဇ္ဇိဿတိ။ နော စေ တထာနုသာသိတဗ္ဗော ဘဝိဿတိ-

ဟု မိန့်ဆိုတော်မူသည်။ ။(၄)။

ထိုလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက် ထင်ထင် မကြားမမြင်သော အရှာပင် ဖြစ်သော်လည်း ဓမ္မဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် အကြိမ်ကြိမ် အဘန်ဘန် အတန်တန် အထပ်ထပ် ထပ်ခါထပ်ခါ မေးစစ်ဘန်များသောကြောင့် အာပတ် သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိကသာဝဇ္ဇပါရာဇိက ပါရာဇိကသာ မန္တဒေါသောပဂမပဋိညာဉ်ကို ပေးခြင်းမှာ ထိုဒေါသောပဂမပဋိ ညာဉ်ကိုပေးသောစကား၏ အခြားမဲ့မဟုတ်၊ နောက်နောင်အခါ ကာလ အတော် ကြီးကြာမှ တွေးတွေး ဆဆ အကြံ ရပြန်သော ကြောင့် ယခုအခါငါ့ကိုဖျက်ဆီးကြကုန်လတ့ံဟု နှလုံးပြု၍ ကံပြုအံ့ သည်မှ ကြောက်သောကြောင့် မြဲတူးချော်ချွတ်သော အားဖြင့် ထိုဒေါသော ပဂမပဋိညာဉ်ကို ပေးမိပါသတည်း၊ ဤသို့သဘော ရှိသော အာပတ်ကို မလွန်ကျူးဘူးပါဟု လျောက်ထား ပြောဆို ပြန်သည့် ဖြစ်အံ့၊ ထိုလဇ္ဇီပုဂ္ဂိုလ်အား တဿပါပိယျသိက ကံကို မပြုဘဲ ရှေး ဝန်ခံ ပြီးသော အာပတ် သင့်ခြင်း အပြစ် ရှိခြင်း သာပတ္တိကသာဝဇ္ဇ ဒေါသောပဂမပဋိညာဉ်ဖြင့်သာလျှင် ထိုလဇ္ဇီ ပုဂ္ဂိုလ်အား အတေကိစ္ဆ မူလစ္ဆေဇ္ဇ ပါရာဇိကပဋိညာဉ်ကို ရသည် ဖြစ်အံ့၊ ဓမ္မဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် ရဟန်းအသွင်ကို ဖျက် ဆီးခြင်း လိင်္ဂနာသန အသုဒ္ဓဝိနိစ္ဆယကို ပေးအပ်၏။ သတေကိစ္ဆ အာပတ္တိပဋိညာဉ်ကို ရသည်ဖြစ်အံ့၊ ထိုစုဒိတက လဇ္ဇီပုဂ္ဂိုလ်အား ဓမ္မဝိနိစ္ဆကဝိနယဓရပုဂ္ဂိုလ်တို့သည် အလိုရှိသည်ရှိသော် တဇ္ဇနီယ စသော ကံကို ပြုအပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ ပဝါရဏာ ခန္ဓက ပါဠိတော်၌-

> သောစေ ဘိက္ခဝေ စုဒိတော ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ နာသေတွာ သံဃေန ပဝါရေတဗ္ဗံ၊ သော စေ ဘိက္ခဝေ စုဒိတော ဘိက္ခု သံဃာဒိသေသံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ။ သံဃာဒိသေသံ အာရောပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သောစေဘိက္ခဝေ စုဒိတော ဘိက္ခု ထုလ္လစ္စယံ ,ပါစိတ္တိယံ ပါဋိဒေသနီယံ ဒုက္ကဋံ ဒုဗ္ဘာသိတံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ။ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ။

ဟု ဟောတော်မူသည်။ ။(၅)။

ထိုလဇ္ဇီပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက်ထင်ထင် မကြား မမြင်သောအရာ ဖြစ်သောကြောင့် စောဒကပုဂ္ဂိုလ်တို့ မြင်တိုင်း ကြားတိုင်း တွေးဆတိုင်းသော တခုသော ပဋိညာဉ် ဌာနမှ တယောက်သော မာတုဂါမနှင့် အတူတကွ တယောက်ချင်းချင်း ထွက်လာ ဝင်လာသော အခြင်းအရာ အမှုအရာကိုသာဝန်ခံ၍ ပါရာဇိကစသော အာပတ်ကိုဝန်မခံ၊ အာပတ်မသင့်ခြင်း အပြစ်မရှိခြင်း အနာပတ္တိက အနဝဇ္ဇ ဒေါသာပဂမ ပဋိညာဉ်ကို ပေးသည် ဖြစ်၍ ထို ပေးတိုင်းသော ဒေါသာပဂမ ပဋိညာဉ်အားလျော်စွာ ဟုတ်,မဟုတ် ယုတ္တာယုတ္တိ ရှိ,မရှိကို မွေဝိနည်းက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် ရှေ့နောက် အမှုအရာ အခြင်းအရာ အလုံးစုံကို စုံထောက်နှိုင်းယှဉ် တိုင်းထွာလျှင် ဤစုဒိတကပုဂ္ဂိုလ်ကား သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသား ပေတည်း။ တစုံတရာ သတေကိစ္စ အတေကိစ္စ အာပတ်ကို မုချ ဆတ်ဆတ် အတပ်ပင် မကျူးမလွန်ရာသတည်းဟု သုဒ္ဓသညာဖြစ်သောကြောင့် ထိုစုဒိတက ပုဂ္ဂိုလ်သည် ဒိဋ္ဌသုတ ပရိသင်္ကိတမူလ ကင်းသော အသုဒ္ဓပရိသင်္ကိတ အမူလကပရိသင်္ကိတ ဖြစ်သည်ဖြစ်၍ မွေဝိနည်းက ဝိနယဓရပုဂ္ဂိုလ်သည် ယုံမှားသံသယ ဝေမတိက ကင်းပျောက်သည်ဖြစ်အံ့၊ထိုစုဒိတကပုဂ္ဂိုလ်၏အကျွန်ုပ်စင်ကြယ်ပါ၏ဟူသော သုဒ္ဓေါအဟံ ဒေါသာပဂမပဋိညာဉ်ဖြင့် ထိုစုဒိတက ပုဂ္ဂိုလ်

အားဓမ္မဝိနိစ္ဆယကဝိနယဓရပုဂ္ဂိုလ်တို့သည်အာမိသသံဘောဂဓမ္မသံဘောဂ ဥပုသ်ပဝါရဏာ စသော ကံကြီး ကံငယ် ပေါင်းဘော်စပ်ယှက်ပေါင်းသင်းခြင်း သုဒ္ဓဝိနိစ္ဆယကိုပေးအပ်၏။ ထိုကြောင့်-

ဒိဋ္ဌံဒိဋ္ဌေန သမေတိ၊ ဒိဋ္ဌေနသံသန္ဒတေဒိဋ္ဌံ။
ဒိဋ္ဌံပဋိစ္စ နဉပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရဏာ။
သုတံ သုတေနသမေတိ၊ သုတေန သံသန္ဒတေသုတံ။
သုတံပဋိစ္စ န ဉပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယကာရေတဗ္ဗော တေနုပေါသထော။
မုတံမုတေနသမေတိ၊ မုတေနသံသန္ဒတေမုတံ။
မုတံပဋိစ္စ န ဉပေတိ၊ အသုဒ္ဓ ပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေနုပေါသထော။
ဒိဋ္ဌံဒိဋ္ဌေနသမေတိ၊ ဒိဋ္ဌေနသံသန္ဒတေဒိဋ္ဌံ။
ဒိဋ္ဌံပဋိစ္စ န ဉပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရဏာ။
သုတံသုတေနသမေတိ၊ သုတေနသံသန္ဒတေသုတံ။
သုတံပဋိစ္စ နဉပေတိ၊ အသုဒ္ဓပရိသင်္ကိတော။
သောပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရဏာ။
မုတံမုတေနသမေတိ၊ မုတေနသံသန္ဒတေမုတံ။
မုတံပဋိစ္စ နဉပေတိ၊ အသုဒ္ဓပရိသင်္ကိတော။

သော ပုဂ္ဂလော ပဋိညာယ ကာရေတဗ္ဗော တေန ပဝါရဏာ။ ဟူ၍ဖြင်း ပရိဝါပါဠိတော်၌ ဟောတော်မူသည်။ ၎င်းပရိဝါ အဋ္ဌကထာ၌လည်း။

တတ္ထ ဒိဋ္ဌံဒိဋ္ဌေနာတိ ဂါထာယ အယမတ္ထော၊ ဧကော နေကော မာတုဂါမေန သဒ္ဓိံ ဧကဒ္ဓာနတော နိက္ခမန္တော ဝါ ပဝိသန္တော ဝါ ဒိဋ္ဌော။ သော တံ ပါရာဇိကေန စောဒေတိ။ ဣတရော တဿ ဒဿနံ အနုဇာနာ

တိ။ တံ ပန ဒသနံ ပဋိစ္စ ပါရာဇိကံ နဥပေတိ နုပဋိ ဇာနာတိ။ ဧဝ မေတ္တ ယံ တေန ဒိဋ္ဌံ၊ တံ တဿ ဒိဋ္ဌော မယာတိ ဇာနိတွာ ဒိဋ္ဌဝစနေန သမေတိ။ ယသ္မာ ပန ဇာနာတော တံ ဒဿနံ ပဋိစ္စ ဒေါသံ နပဋိဇာနာတိ။တသ္မာ အသုဒ္ဓပရိသင်္ကိတော ဟောတိ၊ အမူလကပရိသင်္ကိတော တိ အတ္ထော။ တဿ ပုဂ္ဂလဿ သုဒ္ဓေါ အဟန္တိ ပဋိညာယ တေန သဒ္ဓိံ ဥပေါသထော ကာရေတဗ္ဗော။ သေသ ဂါထာဒ္ဓယေပိ ဧသေဝနယော။

ဟု မိန့်ဆိုတော်မူကုန်သည်။ ။(၆)။

ထိုလဇ္ဇီ ပုဂ္ဂိုလ်သည် ခပ်သိမ်းသော ရဟန်းတို့၏ မျက်မှောက် ထင်ထင် မကြား မမြင်သော အရာ ဖြစ်သောကြောင့် စောဒက ပုဂ္ဂိုလ်တို့ မြင်တိုင်း ကြားတိုင်း တွေးဆတိုင်းသော တခုသော ပဋိစ္စနုဋ္ဌာနမှ တယောက်သော မာတုဂါမနှင့် အတူ တကွ တယောက်ချင်းချင်း ထွက်လာ ဝင်လာသော အမူအရာ အခြင်း အရာကို ဝန်ခံ၍ ပါရာဇိက စသော အာပတ်ကို ဝန်မခံ။အာပတ် မသင့်ခြင်း အပြစ် မရှိခြင်း အနာပတ္တိက အနဝဇ္ဇ ဒေါသာပဂမ ပဋိညာဉ်ကို ပေးသည် ဖြစ်၍ ထို ပေးတိုင်းသော ဒေါသာပဂမ ပဋိညာဉ်အားလျော်စွာ ဟုတ် မဟုတ် ယုတ္တာ ယုတ္တိ ရှိ မရှိကို မမြဲဝိနိစ္ဆက ဝိနယဓရ ပုဂ္ဂိုလ်တို့သည် ရှေးနောက်အမူအရာ အခြင်း အရာ အလုံးစုံကို စုံထောက်နိုင်းယှဉ် တိုင်းထွာလျှင် ၌ စုဒိတက ပုဂ္ဂိုလ်သည် ပကတိ နဂိုရ် သဘောရင်းက သဒ္ဓါတရားနှင့် ပြည့်စုံ သော အမျိုးကောင်းသားပင်ဖြစ်သော်လည်း ကိလေသာ တဏှာ ရာဂ အလျောက် သတေကိစ္ဆ အတေကိစ္ဆ အာပတ်ကို မုချ ဆတ်ဆတ် အတတ်ပင် ကျူးလွန်ရာသတည်းဟု အသုဒ္ဓ သညာ ဖြစ်သောကြောင့် ယုံမှား သံသယ ဝေမတိက မပျောက်နိုင်သည် ဖြစ်အံ့၊ယုံမှား သံသယ ဝေမတိက မပျောက်သမျှ ကာလပတ်လုံး ထိုစုဒိတကလဇ္ဇီပုဂ္ဂိုလ်အား မမြဲဝိနိစ္ဆက ဝိနယဓရပုဂ္ဂိုလ်တို့သည်

အာမိသသံဘောဂ ဓမ္မသံဘောဂ ဥပုသ်ပဝါရဏာစသော ကံကြီး ကံငယ် ပေါင်းဘော် စပ်ယှက် ပေါင်းသင်းခြင်း သုခဝိနိစ္ဆယကို မပေးအပ်။ ထိုကြောင့်-

လဇ္ဇိနော အလဇ္ဇိနာ သဒ္ဓိံ ယာဝ နစ္စာနာတိ၊ တာဝ ဝဋ္ဋတိ။ အာဒိတော ပဋ္ဌာယ ဟိ အလဇ္ဇိနာမ နတ္ထိ။ တသ္မာ ယဒါဿ အလဇ္ဇိဘာဝံ ဇာနာတိ။ တဒါ ဝတ္တဗ္ဗော တုမှေ ကာယဒွါရေစ ဝစီဒွါရေစ ဝီတိက္ကမံ ကရောထ၊ တံ အပတိရူပံ၊ မာ ဧဝမကတ္ထာတိ။ သစေ အနာဒိယိတွာ ကရောတိယေဝ။ ယဒိ တေန သဒ္ဓိံ ပရိဘောဂံ ကရောတိ၊ သောပိ အလဇ္ဇီယေဝ ဟောတိ။ ယောပိ အတ္တနော ဘာရဘူတေန သဒ္ဓိံ ပရိဘောဂံ ကရောတိ၊ သောပိ နိဝါရေတဗ္ဗော။ သစေ နဩရမတိ၊ အယံပိ အလဇ္ဇီယေဝ ဟောတိ။ ဧဝံ ဧကော အလဇ္ဇီသတံပိ ကရောတိ။

ဟု ဇာတရူပရဇတ သိက္ခာပုဒ် အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။ ၎င်းအဋ္ဌကထာ၏ အဘွင့် ဝိမတိဝိနောဒနီဋီကာ၌လည်း-

အာဒိတော ပဋ္ဌာယ အလဇ္ဇိနာမ နတ္ထီတိ ဣမိနာ ဝိဋ္ဌဝိဋ္ဌေသု အာသင်္ကာနာမ နကာတဗ္ဗာ၊ ဒိဋ္ဌသုတာဒိကာရဏေ သတိဧဝ ကာတဗ္ဗာတိ ဒဿေတိ။

ဟု မိန့်ဆိုတော်မူသည်။ ။(၇)။

ထိုလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ချင်းတို့စောဒနာရာ၌စောဒက စုဒိတက ဖြစ်သော လဇ္ဇီပုဂ္ဂိုလ်နှစ်ယောက်တို့အား များပြားသော အကြောင်း အရာ ပြစ်ဆာ ဒေါသ ပြောပ လောက်အောင် မရှိ။ တစုံတခုသော အကြောင်းအရာ အစိတ္တက ပဏ္ဏတ္တိဝဇ္ဇ သာလျှင် အနည်းငယ်သော ငြင်းခုံခြင်း ဖြစ်ကြသည် ဖြစ်အံ့၊ နေရာ ကျကျ သဘော ရအောင် သိစေပြီးမှ ဤသို့ မပြု မကျင့်ကြ ကုန်လင့်ဟု ပြောဆို ဆုံးမအပ်၏။ ထိုအစိတ္တကပဏ္ဏတ္တိ အပြစ်ဒေါသကို ဒေသနာ ကြားစေပြီးမှ လွှတ်လိုက် အပ်၏။ ထိုကြောင့်-

အထ လဒ္ဓိ လဒ္ဓိံ ဓောဒေတိ။ ဝိဝါဒေ ဝါဒိဧ နေ့သံ ကိံ သို့ဗုဒ္ဓိ ဒေဝ အပ္ပမတ္တကော ဟောတိ။ သညာပေတွာ မာ ဝေံ ကရောထာတိ အစ္စယံ ဒေသာပေတွာ ဥပေက္ခာဓေတဗ္ဗာ။

ဟု ဒုဋ္ဌဒေါသ သိက္ခာပုဒ် အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။ (၁)။

ထိုစုဒိတက လဒ္ဓိပုဂ္ဂိုလ်သည် ငါပြုအပ်သော အပြစ်ဒေါသကို အကယ်၍ငါဆိုသည်ဖြစ်အံ့၊ ငါသို့အစဉ်တစိုက် လိုက်ကြကုန်သော တပည့် တပန်း ရဟန်း သာမဏေ တို့သည် ကွဲပြား ပျက်စီး ကြကုန်လတ္တံ့ဟု နှလုံးပြု၍။ တပည့် တပန်း ရဟန်း သာမဏေ အပင်း အသင်း ကွဲပြား ပျက်စီး ခြင်းကို စောင့်ရှောက်ခြင်း အကျိုးငှါ ငါပြုအပ်ပါ၏ဟူသော သာပတ္တိက သာဝဇ္ဇ ဒေါသော ပဂမ ပဋိညာဉ်ကို မပေး။ မိမိပြုအပ်သော အပြစ် ဒေါသကို ဖုံးလွှမ်းခြင်း အကျိုးငှါ တစုံတရာ မုသားဆို၍ ချွတ်ယွင်းခဲ့သည် လည်း ဖြစ်အံ့၊ သီတင်းသုံးဖော် ရဟန်း များတို့ကလည်း ငါတို့ ယုံကြည်ပါကုန်၏။ ငါတို့ယုံကြည်ပါကုန်၏ဟုပြောဆို၍ ထကြွမြို့မြ ပေါ်ထွက်ကြကုန်သည်လည်း ဖြစ်အံ့၊ ဓမ္မဝိနိစ္ဆယက ဝိနယဓရပုဂ္ဂိုလ် တို့သည် ယုံမှားသံသယဝေမတိက မကင်းပျောက်ငြားသော်လည်း ထိုယုံကြည်လေးမြတ်ပေါ်ထွက်ကြသော သီတင်းသုံးဖော်ရှဟန်း များတို့၏ ဒေါသာပဂမ ပဋိညာဉ်ဖြင့် သာလျှင် သံဃသုဒ္ဓ၊ သံဃ ဖာသု သမဂ္ဂသမ္မောဒမာန အဝိဝဒမာန ဖြစ်စေခြင်းငှါ ထိုစုဒိတက လဒ္ဓိ ပုဂ္ဂိုလ်အား တကြိမ် နှစ်ကြိမ် သုဒ္ဓဝိနိစ္ဆယကို ပေးအပ်၏။ ထို့ကြောင့်–

အထပနေတ္ထ စုဒိတကေန သဟာယာ ဝိရဒ္ဓံ ဟောတိ။ အာဒိတော ပဋ္ဌာယ အလဇ္ဇိနာမ နတ္ထိ။ သောစ ပဂ္ဂှာ နုရက္ခဏတ္ထာယ ပဋိညံ နဒေတိ။ မယံ သဒ္ဒဟာမ မယံ သဒ္ဒဟာမာတိ ဗဟူစ ဥဿဟန္တိ။ သော တေသံ ပဋိညာ ကေဝါရီ ဒွေဝါရီ သုဒ္ဓေါ ဟောတု–

ဟု ဒုဋ္ဌဒေါသ သိက္ခာပုဒ် အဋ္ဌကထာ၌ ဆိုတော်မူသည်။ ရင်းအဋ္ဌ ကထာ အဘွင့် သာရတ္ထဒီပနီဋီကာ၌လည်း–

ဝိရုဒ္ဓံ ဟောတီတိ အတ္တနာ ကတဒေါသပဋိစ္ဆာဒနတ္ထံ ကိဉ္စိ မုသာဝါဒံ ကတွာ ဝိရုဒ္ဓံ ဟောတိ။ ပဋိညံ န ဒေတီတိ သစေ မယံ ကတဒေါသံ ဝက္ခာမိ၊ မယှံ အနုဝတ္တကာ ဘိဇ္ဇိဿတီ တိ ကတံ မယာ ပဋိညံ န ဒေတိ။ သုဒ္ဓေါ ဟောတီတိ တေသံ ဝစနေန သုဒ္ဓေါ နာမ ဟောတု။ တေသံ ဝစနေန ဇိက္ကွေဝါရိမဿ ဝိနိစ္ဆယော ဒါတဗ္ဗော တိ အဓိပ္ပါယော–

ဟု မိန့်ဆိုတော်မူသည်။ ပရိဝါပါဠိတော်၌လည်း–

သစေ ဥပါလိ သံဃော သမဂ္ဂကရဏီယာနိ ကရောတိ။ တတြ စေ ဥပါလိ ဘိက္ခုနော နက္ခမတိ၊ အပိ ဒိဋ္ဌာဝိကမ္မံ ကတွာ ဥပေတဗ္ဗာ သာမဂ္ဂီ၊ တံ ကိဿ ဟေတု၊ မာဟံ သံဃေန နာနတ္တော အဿန္တိ–

ဟု ဟောတော်မူသည်။ ၎င်း အဘွင့် ပရိဝါအဋ္ဌကထာ၌လည်း–

သစေ ဥပါလိ သံဃော သမဂ္ဂ ကရဏီယာနိ ကမ္မာနိ ကရောတီတိ သစေ သမဂ္ဂေဟိ ကရဏီယာနိ ဥပေါသထာ ဒီနိ ကမ္မာနိ ကရောတိ။ ဥပေါသထပဝါရဏာဒီသု ဟိ ဋ္ဌိတာသု ဥပဿန္နော နူဒါတဗ္ဗော။ သစေ ဟိ သံဃော အစ္စယံ ဒေသာပေတွာ သံဃသာမဂ္ဂိံ ကရောတိ။ တိဏ ဝတ္ထာရကသမထံ ဝါ ကတွာ ဥပေါသထပဝါရဏံ ကရောတိ။ ဧဝရူပံ သမဂ္ဂကရဏီယံ နာမ ကမ္မံ ဟောတိ။ တတြ စေတိ သစေ တာဒိသေ ကမ္မေ ဘိက္ခုနော နက္ခမတိ။ ဒိဋ္ဌာဝိကမ္မံပိ ကတွာ တထာရူပါ သာမဂ္ဂီ ဥပေတဗ္ဗာတိ ဝိလောမဂါဟော နဂဏှိတဗ္ဗော။ ယတြ ပန ဥဒ္ဒမ္မံ ဥဗ္ဗိနယံ သတ္ထုသာသနံ ဒီပေန္တိ၊ တတ္ထ ဒိဋ္ဌာဝိကမ္မံ နဝဋ္ဋတိ။ ပဋိဗာဟိတွာ ပက္ကမိတဗ္ဗံ–

ဟု မိန့်ဆိုတော်မူသည်။ ၎င်း ပရိဝါ အဋ္ဌကထာ အဘွင့် ဝိမတိ ဝိနောဒနီ ဋီကာ၌လည်း–

ဘိက္ခုနော နုက္ခမတီတိ ကေသုစိ ပုဂ္ဂလေသု အပ္ပမတ္တက ဒေါသဒဿနေန နရုစ္စတိ။ ဒိဋ္ဌာဝိကမ္မံပိ ကတွာတိ နမေတံ ခမတီတိ သဘာဂဿ ဘိက္ခုနော အတ္တနော ဒိဋ္ဌိံ အာဝိ ကတွာ ဥပေတဗ္ဗာတိ သာသနဟာနိယာ အဘာဝါ သာမဂ္ဂီ အကောပေတွာ ကာယသာမဂ္ဂီ ဒါတဗ္ဗာ။ ဤ ဒိသေ ဌာနေ အလဇ္ဇီပရိဘောဂေါ အာပတ္တိကရော န ဟောတိ၊ ဝဋ္ဋတိယေဝ။ ယေ ပန သာသနဝိနာသာယ ပဋိပန္နာ၊ တေဟိ သဟ နဝဋ္ဋတိ၊ အာပတ္တိဧဝ ဟောတိ၊ သာသနဝိနာသောစ။ တေနာဟ ယေတြ ပန ဥဒ္ဓမ္မုဗ္ဗိနယ အာဒိ။ ဒိဋ္ဌာဝိကမ္မံ နဝဋ္ဋတီတိ ဧဝမိနာ ဒိဋ္ဌာယ အာဝိကတာယပိ အာပတ္တိ ဒေသေတီ-ဟု မိန့်ဆိုတော်မူသည်။ ။(၆)။

ထို စုဒိတကလဇ္ဇီပုဂ္ဂိုလ်သည် ထို မုသာဝါဒဖြင့် ချုတ်ယွင်းပြီး သောအခါကာလ သမယမှစ၍ ရှေးပကတိ နှင့်ဂိုရ် သဘောရင်း ဖြစ်သော လဇ္ဇီပုဂ္ဂိုလ် အရာ၌ မတည်။ ကိုယ် နှုတ် အမှု အရာတို့၌ လွန်ကျူးခြင်း ဗီတိက္ကမ ဖြစ်သည်သာလျှင် ဖြစ်ပြန်အံ့၊ ထိုစုဒိတက လဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီ ပုဂ္ဂိုလ်၏ အဖြစ်ကြောင့်ဖြင်း ရှေးအခါ အပင်းအသင်း သီတင်းသုံးဘော် ရဟန်းများစွာတို့၏ ဒေါသာ ပဂမ ပဋိညာဉ်ဖြင့် ငြိမ်းလေပြီးသော်လည်း ထို ငြိမ်းလေပြီးသော အဓိကရဏ်း၏ ဒုဝူပသန္တ မကောင်းသောအားဖြင့် ငြိမ်းခဲ့လေ သည်၏ အဖြစ်ကြောင့်ဖြင်း အသစ် တဖန် တထာနုသိတက အဖြစ်ဖြင့် ဆုံးဖြတ်အပ်၏။ တထာ နာသိတက ဟူသည်လည်း လိင်နာသနကဲ့သို့ သံဃာတော်တို့ အပေါင်းအဘော် မပြုကြရ။ သင်္ဃာတော်မှ ကင်းကွာ ရှောင်ကြဉ်ခြင်းသင်္ဃာဝိယောဇန ဖြစ် သော တခုသော နာသနကမ္မ ပကာရသာလျှင်တည်း။

ထိုကြောင့် အထ ပန ဝိရဒ္ဓကာလတော ပဋ္ဌာယ ဌာနေန တိဋ္ဌတိ၊ ဝိနိစ္ဆယော နဒါတဗ္ဗော-ဟု- ဒုဋ္ဌဒေါသ သိက္ခာပုဒ် အဋ္ဌ ကထာ၌ မိန့်ဆိုတော်မူသည်။ ၎င်း အဋ္ဌကထာ အဘွင့် သာရတ္ထ ဒီပနီ ဋီကာ၌လည်း ဌာနေန္န တိဋ္ဌတီတိ လဇ္ဇီ ဌာနေန တိဋ္ဌတိ၊

ဝိနိစ္ဆယော နုဒါတဗ္ဗောတိ အလဇ္ဇိဘာဝ မာပန္နတ္တာ န ဒါတဗ္ဗော ဟု မိန့်ဆိုတော်မူသည်။ ၎င်း အဋ္ဌကထာ အဘွင့် ဝိမတိဝိနောဒနီ ဋီကာ၌လည်း-ဥာနေနနတိဋ္ဌတီတိ လဇ္ဇီ ဥာနေန တိဋ္ဌတိ၊ ကာယ ဝါစာသု ဝီတိက္ကမော ဟောတိ ဧဝါတိ အဓိပ္ပါယော၊ တေနာဟ ဝိနိစ္ဆယော နုဒါတဗ္ဗောတိ။ ပုဗ္ဗေ ပက္ခိကာနံ ပဋိညာယ ဝူပသမိ တဿာပိ အဓိကရဏဿ ဒုဝူပသန္တတာယ အယံပိ ယထာနာသိ တကောဝ ဘာဝိဿတီတိ အဓိပ္ပါယော-ဟု မိန့်ဆိုတော်မူသည်။ ဤကား လဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ချင်းကို စောဒနာရာနှိုက် ဆုံးဖြတ်ရန် နည်းဥပဒေသ အမြွက်တည်း။ ။(၃)။

တ်ဖြြ စေ အလဇ္ဇီ လဇ္ဇိံ စောဒေတိ။ပ။လဇ္ဇိဿေဝ ပဋိညာယ ကမ္မံ ကာတဗ္ဗံ-အစရှိသော ဒုဋ္ဌဒေါသသိက္ခာပုဒ် အဋ္ဌကထာ၌ အလဇ္ဇီပုဂ္ဂိုလ်သည် လဇ္ဇီပုဂ္ဂိုလ်ကို စောဒနာသောအရာ အစ ရှိသည်တို့၌ တဇ္ဇနီယစသော ကံကိုပြုအပ်၏ဟု သာမညအားဖြင့် ဆိုသော်လည်း တိဏ္ဏံ ဘိက္ခဝေ ဘိက္ခူနံ အာကင်္ခမာနော သံဃော တဇ္ဇနီယကမ္မံ ကရေယျ-အစရှိသည်ဖြင့် ရုဋ္ဌဝါ ကမ္မ က္ခန္ဓက၌ ဟောတော်မူသောကြောင့် အာယတိံ သံဝရဋ္ဌာနေ အဒန္တဒမနအကျိုးကို ရှိခိုးမျှော်ထောက်၍ ဓမ္မဝိနိစ္ဆက ဝိနယမရေ သဃာတော်တို့ တဇ္ဇနီယစသော ကံကိုပြုခြင်း၌ အလိုရှိသော် သာလျှင် ထိုတဇ္ဇနီယစသော ကံကိုပြုအပ်၏။ ဓမ္မဝိနိစ္ဆက ဝိနယ မရုံသဃာတော်တို့သည် ထိုတဇ္ဇနီယစသော ကံကိုပြုသော်လည်း အာယတိံ သံဝရဋ္ဌာန အဒန္တဒမန အကျိုးတိုးပွါး၍ မဖွံ့ဖြိုးရာပြီဟု ထင်မှတ်ကြံစည် ရည်ရော်၍ ထိုတဇ္ဇနီယစသော ကံကိုပြုခြင်း၌ အလိုမရှိသည်ဖြစ်အံ့၊ ထိုသံဃာဒိသိသ် အစရှိသော သတေကိစ္ဆ အာပတ်ကို ပညတ်တော်မူအပ်သော ဓမ္မဝိနယအား ဈော်စွာ ဒေသနာဂါမိ ဝုဋ္ဌာနဂါမိ အခြင်းအရာတို့ဖြင့် ထိုစုဒိတကပုဂ္ဂိုလ် အား ကုစားစေအပ်၏။ ထိုကြောင့် ဝိနည်းမဟာဝါ ပဝါရဏာ ခန္ဓကပါဠိတော်၌-

သော စေ ဘိက္ခဝေ စောဒကော ဘိက္ခုံ အမူလကေန ပါရာဇိကေန အနုဒ္ဓံ သိတံ ပဋိဇာနာတိ၊ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စောဒကော ဘိက္ခုံ အမူလကေန သံဃာဒိသေသေန အနုဒ္ဓံသိတံ ပဋိဇာနာတိ၊ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စောဒကော ဘိက္ခုံ အမူလကေန ထုလ္လစ္စယေန ပါစိတ္တိယေန ဒုက္ကဋေန ဒုဗ္ဘာသိတေန အနုဒ္ဓံသိတံ ပဋိဇာနာတိ၊ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စုဒိတော ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ နာသေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စုဒိတော ဘိက္ခု သံဃာဒိသေသံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ သံဃာဒိသေသံ အာရောပေတွာ သံဃေန ပဝါရေတဗ္ဗံ။ သော စေ ဘိက္ခဝေ စုဒိတော ဘိက္ခု ထုလ္လစ္စယံ ပါစိတ္တိယံ ပါဋိဒေသနီယံ ဒုက္ကဋံ ဒုဗ္ဘာသိတံ အဇ္ဈာပန္နောတိ ပဋိဇာနာတိ၊ ယထာဓမ္မံ ကာရာပေတွာ သံဃေန ပဝါရေတဗ္ဗံ-

ဟု ဟောတော်မူသည်။ ၎င်းအဘွင့် ပဝါရဏာခန္ဓက အဋ္ဌကထာ၌လည်း-

ယထာဓမ္မန္တိ ပါရာဇိကေန အနုဒ္ဓံသနေ သံဃာဒိသေသံ၊ သံဃာဒိသေသေန အနုဒ္ဓံသနေ ပါစိတ္တိယံ၊ ဧတရေဟိ ဒုက္ကဋံ။ နာသေတွာတိ လိင်္ဂနာသနာယ နာသေတွာ-

ဟု မိန့်ဆိုတော်မူသည်။ ထိုသတေက်စ္ဆ အာပတ်သည်လည်း တဇ္ဇနီယစသော ကံကို ပြုသောကြောင့် အနာပတ္တိကသုဒ္ဓဖြစ်၍ ထင်သည်မဟုတ်။ ဒေသနာဂါမိ ဝုဋ္ဌာနဂါမိအားလျော်စွာ ကုစားမှသာလျှင် အနာပတ္တိကသုဒ္ဓဖြစ်၍ ထင်၏။ ထိုကြောင့်-ဝိနည်းမဟာဝါ ကောသမ္ဗကက္ခန္ဓက အဋ္ဌကထာ၌ ဥက္ခိတ္တကကံ ပြုအပ်ပြီးသော ဥက္ခိတ္တကရဟန်းတို့၏။ ထိုဥက္ခိတ္တကကံ ပြုကြောင်းဖြစ်

သော သန္တာန်သက်ရေကြွင်း ထားခြင်းကြောင့် သင့်သော အာစမနုဒ္ဒကာဝသေသအာပတ်ကို ထိုဥက္ခိတ္တကကံ မငြိမ်းမီ ရှေးဦးစွာ ဒေသနာကြားစေရာ အစီအရင်ကို တံ ဥက္ခိတ္တကံ ဘိက္ခုံ ဩသာရေတွာတိ တံ ဂဟေတွာ သီမံ ဂန္တွာ အာပတ္တိံ ဒေသာပေတွာ ကမ္မဝါစာယ ဩသာရေတွာ-ဟု မိန့်ဆိုတော်မူသည်။

အလဇ္ဇီ ပုဂ္ဂိုလ်သည် 'အလဇ္ဇီ ပုဂ္ဂိုလ်ချင်းကို စောဒနာသော အရာ၌ကား ဓမ္မဝိနိစ္ဆယ ဝိနယဓရ ဖြစ်သော မိမိတို့ အထံမှ လွတ်စေခြင်းအကျိုးငှါ စောဒက စုဒိတက နှစ်ယောက်တို့သည် အတူတကွ ပေါင်းဘော် စပ်ယှက် သုံးဆောင်၍ အသက်မွေးကြလေကုန်ဟု ဆိုဆုံးမ၍ လွှတ်လိုက်အပ်၏။ ထိုစောဒက စုဒိတက ဖြစ်သော အလဇ္ဇီပုဂ္ဂိုလ်တို့သည် ဓမ္မဝိနိစ္ဆက ဝိနယဓရဖြစ်သော ငါတို့ဆုံးမပဲ့ပြင် သွန်သင်မစသော ဩဝါဒ အနုသာသနီ စကား၌ ယခုအခါ မုချကေန် အမှန်ပင် တည်ရာဖြစ်သော သဘောရှိ၏ဟု မုချဆတ်ဆတ်အတပ်ပင်ထင်မှတ်သိမြင်သည်ဖြစ်အံ့၊ထိုဓမ္မဝိနိစ္ဆက ဝိနယဓရပုဂ္ဂိုလ်တို့သည် ထိုစောဒက စုဒိတကဖြစ်သော အလဇ္ဇီ ပုဂ္ဂိုလ်တို့အား သီလတရားပြည့်စုံ ပြန်နွှားခြင်းအကျိုးငှါတစုံတရာ ဒေသနာဂါမိတို့ဖြင့် ကုစားခြင်း အဆုံးအဖြတ် ဝိနိစ္ဆယကိုပြုအပ်၏။ ထိုစောဒက စုဒိတကဖြစ်သော အလဇ္ဇီပုဂ္ဂိုလ်တို့သည် ဓမ္မဝိနိစ္ဆက ဝိနယဓရဖြစ်သော ငါးတို့ဆုံးမပဲ့ပြင် သွန်သင်မစသော ဩဝါဒ အနုသာသနီစကား၌ မုချကေန် အမှန်တည်ရာသော သဘောရှိ၏ဟု မုချဆတ်ဆတ် အတပ်ပင် ထင်မှတ် သိမြင်သည် ဖြစ်အံ့၊ ထိုဓမ္မဝိနိစ္ဆကဝိနယဓရပုဂ္ဂိုလ်တို့သည်ထိုစောဒကစုဒိတက ဖြစ်သော အလဇ္ဇီပုဂ္ဂိုလ်တို့အား သီလတရား ပြည့်စုံပြန်နွှါးခြင်း အကျိုးငှါ တစုံတရာ အဆုံးအဖြတ် ဝိနိစ္ဆယကို မပြုအပ်။ သပိတ် သင်္ကန်း ပရိက္ခရာစသည်တို့၏ အကျိုးငှါကား လျှောက်ပတ်သော ပဋိရူပသက္ခိတမှ သက်သေသက်ရပ်တို့ကို ရသည်ရှိသော် အဆုံးအဖြတ် ဝိနိစ္ဆယကို ပြုအပ်၏။ ထိုကြောင့်-

သစေပနုံ အလဇ္ဇီယေဝ အလဇ္ဇီ စောဒေတိ။ပ။ ဥဘော
ကေသမ္ဘောဂပရိဘောဂံ ဟုတွာ ဇီဝထာတိ ဝတွာ
ဥဘယောဇေတဗ္ဗာ၊ သီလတ္ထာယ နေသံ ဝိနိစ္ဆယော နကာ
တဗ္ဗော။ ပတ္တစီဝရ ပရိဝေဏာဒိအတ္ထာယ ပန ပဋိရူပံ
သက္ခိံ လဘိတွာ ကာတဗ္ဗောတိ–

ဟု ဒုဋ္ဌ ဒေါသ သိက္ခာပုဒ် အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။
၎င်းအဘွင့် တေရသကဏ်ဋီကာ၌လည်း–

ကေသမ္ဘောဂပရိဘောဂါတိဣဒံ အတ္တနော သန္တိကာ
တေသံ မောစနတ္ထံ ဝုတ္တံ၊ န်ပန တေသံ အညမညသမ္ဘော
ဂေ ရောစနတ္ထံ။ ဝိနိစ္ဆယော နကာတဗ္ဗောတိ အမှာကံ
ဝစနေ အတိဋ္ဌာတဗ္ဗသဘာဝါ ဧတေ အလဇ္ဇီနောတိ
ဇာနန္တေန ဝိနိစ္ဆယော နကာတဗ္ဗော–

ဟု မိန့်ဆိုတော်မူသည်။ဤကား အလဇ္ဇီပုဂ္ဂိုလ်သည် အလဇ္ဇီပုဂ္ဂိုလ်
ချင်းကို စောဒနာရာ၌ ဆုံးဖြတ်ရန် နည်းဥပဒေသ အမြွက်တည်း။

ထိုစောဒက စုဒိတက ဖြစ်သော လဇ္ဇီ အလဇ္ဇီ ပုဂ္ဂိုလ်တို့၏
ပဋိညာဉ်သည် ဒေါသောပဂမပဋိညာဉ် ဒေါသာပဂမပဋိညာဉ်
အားဖြင့် နှစ်ပါးအပြားရှိ၏။ ထိုနှစ်ပါးတို့တွင် အာပတ်သင့်ခြင်း
အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ ပဋိညာဉ်သည် ဒေါသောပဂမ
ပဋိညာဉ်မည်၏။ အာပတ်မသင့်ခြင်း အပြစ်မရှိခြင်း အနာပတ္တိက
အနဝဇ္ဇ ပဋိညာဉ်သည် ဒေါသာပဂမ ပဋိညာဉ်မည်၏။ထိုနှစ်ပါး
တို့တွင် အာပတ်မသင့်ခြင်း အပြစ်မရှိခြင်း အနာပတ္တိက အနဝဇ္ဇ
ဒေါသာပဂမပဋိညာဉ်ကို ရမှသာလျှင် သုဒ္ဓဝိနိစ္ဆယကို ပေးအပ်
၏။အာပတ်သင့်ခြင်း အပြစ်ရှိခြင်း သာပတ္တိက သာဝဇ္ဇ ဒေါသော
ပဂမ ပဋိညာဉ်ကိုရမူကားအသုဒ္ဓဝိနိစ္ဆယကိုပေးအပ်၏။ထိုအသုဒ္ဓ
ဝိနိစ္ဆယသည် ဓမ္မိကပဋိညာတကရဏ, အဓမ္မိကပဋိညာတကရဏ
အားဖြင့် နှစ်ပါးအပြားရှိ၏။ထိုနှစ်ပါးတို့တွင် ပါရာဇိက အာပတ်
အစရှိသောသင့်ပြီးသော အာပတ်ခုနစ်ပုံအားလျော်စွာဝန်ခံတိုင်း
ပြုခြင်းဆုံးဖြတ်ခြင်းသည် ဓမ္မိကပဋိညာတကရဏမည်၏။သင့်တိုင်း

သော အာပတ်မှ တပါးသော အာပတ် ခုနစ်ပုံဖြင့် ဝန်ခံတိုင်း ပြုခြင်း ဆုံးဖြတ် ခြင်းသည် အဓမ္မိက ပဋိညာတ ကရဏ မည်၏။ ထိုကြောင့်-

ကထဉ္စ ဘိက္ခဝေ အဓမ္မိကံ ဟောတိ ပဋိညာတ ကရဏံ။ ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နော ဟောတိ၊ တမေနံ စော ဒေတိ သံဃော ဝါ သမ္ဗဟုလာ ဝါ ဧကပုဂ္ဂလော ဝါ ပါရာ ဇိကံ အာယသ္မာ အဇ္ဈာပန္နောတိ။ သော ဧဝံ ဝဒေတိ၊ နခေါ အဟံ အာဝုသော ပါရာဇိကံ အဇ္ဈာပန္နော၊ သံဃာ ဒိသေသံ အဇ္ဈာပန္နောတိ။ တံ သံဃော သံဃာဒိသေသေန ကာရေတိ။ အဓမ္မိကံ ပဋိညာတကရဏံ။ပ။ ကထဉ္စ ဘိက္ခ ဝေ ဓမ္မိကံ ဟောတိ ပဋိညာတကရဏံ။ ဘိက္ခု ပါရာဇိကံ အဇ္ဈာပန္နော ဟောတိ။ တမေနံ စောဒေတိ သံဃော ဝါ သမ္ဗဟုလာ ဝါ ဧကပုဂ္ဂလော ဝါ ပါရာဇိကံ အာယသ္မာ အဇ္ဈာပန္နောတိ။ သော ဧဝံ ဝဒေတိ အာမ အာဝုသော ပါရာဇိကံ အဇ္ဈာပန္နောတိ။ တံ သံဃော ပါရာဇိကေန ကာရေတိ ဓမ္မိကံ ပဋိညာတကရဏံ။ပ။ ဧဝံ ခေါ ဘိက္ခဝေ ဓမ္မိကံ ဟောတိ ပဋိညာတကရဏံ-

ဟု စူဠဝါသမထက္ခန္ဓကပါဠိတော်၌ ဟောတော်မူသည်။ ထိုအဓမ္မိက ပဋိညာတ ကရဏသည် တရားနှင့်မလျော်သော ပဋိညာဉ်ဖြင့် ပြုခြင်း ဆုံးဖြတ်ခြင်း ဖြစ်သောကြောင့် ဓမ္မဝိနိစ္ဆယ ဝိနယဓရ ပုဂ္ဂိုလ် တို့အား ဒုက္ကဋ် အာပတ် သင့်၏။ ထိုကြောင့်-

အတ္ထာပတ္တိ ပစ္စန္တိမေသု ဇနပဒေသု အာပဇ္ဇတိ၊ နော မဇ္ဈိ မေသု။ အတ္ထာပတ္တိ မဇ္ဈိမေသု ဇနပဒေသု အာပဇ္ဇတိ၊ နော ပစ္စန္တိမေသု။ အတ္ထာပတ္တိ ပစ္စန္တိမေသု စေဝ ဇန ပဒေသုစ အာပဇ္ဇတိ မဇ္ဈိမေသုစ။ အတ္ထာပတ္တိ နေဝ ပစ္စန္တိမေသု ဇနပဒေသု အာပဇ္ဇတိ၊ နော မဇ္ဈိမေသု။ အတ္ထိ ပစ္စန္တိမေသု ဇနပဒေသု ကပ္ပတိ၊ နော မဇ္ဈိမေသု။ အတ္ထိ မဇ္ဈိမေသု ဇနပဒေသု ကပ္ပတိ၊ နော ပစ္စန္တိမေသု။

အတ္ထိ ပစ္စုပ္ပန္နံ့မေသုံစေဝ ဇနပဒေသု ကပ္ပတိ မဇ္ဈိမေသုစ။
အတ္ထိ နေဝ ပစ္စန္တိမေသု ဇနပဒေသု ကပ္ပတိ၊ နော မဇ္ဈိမေသု-

ဟု ပရိဝါပါဠိတော်၌ ဟောတော် မူသည်။ ၎င်း အဘွင့် အဋ္ဌကထာ၌လည်း-

ပစ္စန္တိမစတုတ္ထေ သမုဒ္ဒေ သီမံ ဗန္ဓိတွာ ပစ္စန္တိမေသု ဇနပဒေသု အာပဇ္ဇတိ၊ နော မဇ္ဈိမေသု။ ပဉ္စဝဂ္ဂေန ဂဏေန ဥပသမ္ပဒါနံ ဂဏင်္ဂဏုပါဟန ဓုဝန္ဟာနစမ္မတ္ထရဏာနိ စ မဇ္ဈိမေသု ဇနပဒေသု အာပဇ္ဇတိ၊ နော ပစ္စန္တိမေသု။ ဓမ္မာနိ စတ္တာရိ ဓမ္မ နကပ္ပတိတိ ဝဒန္တော ပိ ပစ္စန္တိမေသု အာပဇ္ဇတိ၊ ဓမ္မကပ္ပတိတိ ဝဒန္တော ပန မဇ္ဈိမေသု အာပဇ္ဇတိ။ သေသာ အာပတ္တိ ဥဘယတ္ထ အာပဇ္ဇတိ။ အသံဝါသကံ န ကတ္တစိ အာပဇ္ဇတိ။ ဒုတိယစတုက္ကေ ပဉ္စဝဂ္ဂေန ဂဏေန ဥပသမ္ပဒါဒိ စတုဗ္ဗိဓံပိ ဝတ္ထု ပစ္စန္တိမေသု ဇနပဒေသု ကပ္ပတိ။ ဓမ္မကပ္ပ တိတိ ဒီပေတုံပိ တတ္ထေဝ ကပ္ပတိ၊ နော မဇ္ဈိမေသု။ ဓမ္မန ကပ္ပတိတိ ဒီပေတုံပိပန မဇ္ဈိမေသု ဇနပဒေသု ကပ္ပတိ၊နော ပစ္စန္တိမေသု။သေသံ အနုဇာနာမိ ဘိက္ခဝေ ပဉ္စ လောဏာ နီတိအာဒိ အနုညာတကံ ဥဘယတ္ထ ကပ္ပတိ။ယံပန အကပ္ပိယန္တိ ပဋိက္ခိတ္တံ၊ တံ ဥဘယတ္ထာပိ နကပ္ပတိ-

ဟု မိန့်ဆိုတော် မူသည်။ ၎င်း ပရိဝါ အဋ္ဌကထာ အဘွင့် ဝဇိရဗုဒ္ဓိဋီကာ၌လည်း-

ဓမ္မပန ကပ္ပတီတိ ဝဒန္တောပီတိ ပစ္စန္တိမဇနပဒေသု ဌတွာ ဓမ္မ ပန ကပ္ပတိတိ ဝဒန္တော ဝိနယာတိသာရဒုက္ကဋံ အာပဇ္ဇတိ။ ကပ္ပိယံ ဟိ နကပ္ပတီတိ ဝဒန္တော ပညတ္တံ သမုစ္ဆိန္ဒတိ နာမ။ တထာ ဓမ္မကပ္ပတီတိ အာဒီသု ဌတွာ ဓမ္မကပ္ပတီတိ ဝဒန္တော-

ဟု မိန့်ဆိုတော် မူသည်။ ၎င်း ပရိဝါအဋ္ဌကထာ အဘွင့် တေရသကဏ် ဋီကာ၌လည်း-

ဣမေကပ္ပတိတိ ဝဒန္တော ပိတိပစ္စန္တိမေသု ဇနပဒေသု ဧတ္တ
ဣမေကပ္ပတိတိ ဝဒန္တော ဝိနယာတိသာရဒုက္ကဋံ အာပဇ္ဇ
တိ၊ ကပ္ပိယံဟိ နကပ္ပတိတိ ဝဒန္တော ပညတ္တံ သမုစ္ဆိန္ဒတိ
နာမ။ ဣဓ ကပ္ပတိတိ အာဒိသု ဧသေဝနယော-

ဟု မိန့်ဆိုတော်မူသည်။ ဤကား ပဋိညာယကတံ ဟောတိဟူသော ပါဠ်၌ ဓမ္မဝိနိစ္ဆယ ဝိနယခံရှေ့ ပုဂ္ဂိုလ်တို့ မုခမတ္တ အမြွက်မျှဖြင့်သိရာ သိကြောင်း ပါဠိ အဋ္ဌကထာ ဋီကာတို့ကိုပြဆိုသောအဆုံးအဖြတ် ဝိနိစ္ဆယ စကားရပ်ကား ပြီး၏။

* ဘိက္ခဝေ၊ တို့။ ဓေါ၊စစ်။တီဟိ၊ ကုန်သော။ ဣမေဟိ အင်္ဂဟိ၊ ဤ အင်္ဂါတို့နှင့်။ သမန္နာဂတံ၊ ပြည့်စုံသော။ တဇ္ဇနီယ ကမ္မံ၊ သည်။ အဓမ္မကမ္မဉ္စ။ သည်လည်း။ဟောတိ၊ ဖြစ်၏။အဝိနယကမ္မဉ္စ၊ သည်လည်း။ ဟောတိ၊ဖြစ်၏။ဒုဝူပသန္တဉ္စ၊ သည်လည်း။ဟောတိ၊ ၏။ ဘိက္ခဝေ၊တို့။ အပရေဟိပိ၊ တပါး လည်းဖြစ်ကုန်သော။တီဟိ၊ ကုန်သော။အင်္ဂေဟိ၊ တို့နှင့်။လ။အနာပတ္တိယာ၊ အာပတ်မရှိခြင်း ဖြင့်။ ဝါ၊အာပတ်မသင့်ခြင်းဖြင့်။ဝါ။ အာပတ်မရှိဘဲ။ဝါ၊အာပတ် မသင့်ဘဲ။ကတံ၊သည်။ ဟောတိ၊ ဖြစ်၏။ အဒေသနာဂါမိနိယာ၊ ဒေသနာဂါမိမဟုတ်သော။ အာပတ္တိယာ၊သံဃာဒိသိသ်အာပတ် ဖြင့်။ကတံ၊သည်။ဟောတိ၊ဖြစ်၏။ဒေသိတာယ၊ ဒေသနာကြားအပ် ပြီးသော။ အာပတ္တိယာ၊ဖြင့်။ ကတံ၊ သည်။ ဟောတိ၊ ဖြစ်၏။

အမှာ ဒေသနာကြား ဆိုသည့် အရာသည် သဥဿာဟ ကြားခြင်း နိရုဿာဟကြားခြင်းဟူ၍နှစ်ပါးအပြား ရှိ၏။ ထိုနှစ်ပါးတို့တွင် နောင်တဖန် လွန်ကျူးဦးအံ့ဟု အသုဒ္ဓ စိတ်ဖြင့် ကြားခြင်းသည် သဥဿာဟ ကြားခြင်းမည်၏။ နောင် တဖန် မလွန်မကျူးအံ့ဟု သုဒ္ဓစိတ်ဖြင့်ကြားခြင်းသည် နိရုဿာဟ ကြားခြင်းမည်၏။ ထို နှစ်ပါးတို့တွင် သဥဿာဟ ကြားခြင်းဖြင့် အာပတ် မထဟူသော စကားကို ဘိက္ခုနိမတို့၏ အဋ္ဌဝတ္ထုက ပါရာဇိက အာပတ်ဟူသော ဝိသေသ အရာဌာန၌ အစွမ်းဖြင့် ဆိုအပ်သည်။ ဘိက္ခုနိမတို့၏ တပါးသော ,အာပတ်, ရဟန်း

ယောကျ်ားတို့၏ အလုံးစုံသော အာပတ်ဟူသော သာမညအရာ ၌သာနတ်၏ အစွမ်းဖြင့် မဆိုအပ်။ ထိုကြောင့် ၀ဇိရဗုဒ္ဓိ ဋီကာ၌-

ပုနပိ အာပတ္တိသာမိတိသဉသာဟေနေ၀ စိတ္တေန အယံ ဘိက္ခုနိယာ၀ေါတိ လိခိတံ။ ပါရာဇိကမေ၀ါတိ ဧဒိသံ ဘူတဝသေန ဒသ္သေတုံ ၀ုတ္တံ။ ဝံ ဒေသိတေပန ယာကာစိ အာပတ္တိ နဝုဋ္ဌာတိတိ အပရေ။ တံ န ၀ဟေတဗ္ဗန္တိ ၀ုတ္တံ-

ဟူ၍ ဆိုသည်။ သာရတ္ထဒီပနီဋီကာ၌လည်း-

သဉသာဟေနေ၀ စိတ္တေနာတိ ပုနပိ အာပတ္တိသာမိတိ သဉသာဟေနေ၀ စိတ္တေန ဘိက္ခုနီနံ အဋ္ဌ၀တ္ထုကာယ ၀သေန စေတံ ၀ုတ္တံ။ ဧတေနေ၀ါဟ အဋ္ဌမေ ၀တ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေ၀ ဟောတီတိ-

ဟု ဆိုသည်။ ဝိမတိ ဝိနောဒနီ ဋီကာ ဆရာကား အလုံးစုံသော ရဟန်း ယောကျ်ား ရဟန်း မိန်းမတို့၏ အာပတ် ဟူသမျှသည် သဉသာဟဒေသနာကြားခြင်းဖြင့် ကြားသည်ရှိသော် အာပတ် မထဟု ဒုတိယပါရာဇိက ပိန္ဓိသ္သယများကို ထောက်ထားနိုင်းယှဉ်၍ ဆိုတော်မူ၏။ ထိုနှစ်ဦးသော ဋီကာ၀ါဒတို့တွင် ဝိမတိဝိနောဒနီ ဋီကာဆရာ စကားသည် မသင့်။ အဘယ်ကြောင့်နည်း ဟူမူကား မိမိ ဆောင်ပြသော ဒုတိယပါရာဇိက ပိန္ဓိသ္သယ၏ အာပတ်မထ သည်ကို ပြဆိုသော စကား မဟုတ်သောကြောင့်တည်း။ ၀ဇိရဗုဒ္ဓိ ဋီကာဆရာ သာရတ္ထဒီပနီ ဋီကာဆရာတို့ စကားသည်သာလျှင် သင့်၏။ အဘယ်ကြောင့်နည်းဟူမူကား ထိုဋီကာဆရာ နှစ်ဦးတို့ ဆောင်ပြသော အဋ္ဌမေ ၀တ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိကမေ၀ ဟောတိ-ဟူသော ပရိ၀ါ ကေက အဋ္ဌကထာ စကား၏ ဘိက္ခုနီမ၏ အဋ္ဌ၀တ္ထုက ပါရာဇိက၌သာ လာသောကြောင့်ရင်း အရာ ၌သာ ဝိသေသ အားဖြင့် မယူဘဲ သာမည အရာ၌သာ အားဖြင့် ယူစေလိုသည်ရှိသော် ဤအဋ္ဌမေ ၀တ္ထုသ္မိံ ဘိက္ခုနိယာ ပါရာဇိက မေ၀ ဟောတိ-ဟူသော စကားကို ပရိ၀ါ ကေက အဋ္ဌကထာ၌ မပြ မဆိုသင့်သောကြောင့်ရင်းတည်း။

* ။လ။ အစောဒေတွာ၊အကြိမ်တည်းမျှ မစောဒနာမူ၍။ကတံ၊ သည်။ ဟောတိ၊ ဖြစ်၏။ အသာရေတွာ၊ နှစ်ကြိမ် သုံးကြိမ်စသည် ဖြင့် မအောက်မေ့စေမူ၍။ကတံ၊သည်။ဟောတိ၊ ဖြစ်၏။အာပတ္တိံ၊ သို့။အရောပေတွာ၊မတင်မူ၍။ဝါ၊မတက်မူ၍။ဝါ၊မတက်ဘဲ။ကတံ၊ သည်။ဟောတိ၊ဖြစ်၏။လ။အဓမ္မေန၊ ဓမ္မမဟုတ်သဖြင့်။ဝါ၊တရား မဟုတ်သဖြင့်။ဝါ၊ဓမ္မကံမဟုတ်ဘဲ။ ကတံ၊သည်။ ဟောတိ၊ဖြစ်၏။ ဝဂ္ဂေန၊ ဝဂ်ဖြစ်သဖြင့်။ ဝါ၊ ဝဂ္ဂကံဖြင့်။ ဝါ၊ သိမ်တွင်းရှိ ရဟန်း အလုံးစုံကို ဟတ္ထပါသ်သို့ မဆောင်ဘဲ။ ဆန္ဒ မဆောင်ဘဲ။ ကတံ၊ သည်။ ဟောတိ၊၏။လ။

တဇ္ဇနီယကမ္မေ၊ ၌။ အဓမ္မကမ္မဒွါဒသကံ၊ သည်။နိဋ္ဌိတံ၊ပြီ။

---

၅။ ဘိက္ခဝေ၊တို့။တီဟိ၊ ကုန်သော။ အင်္ဂေဟိ၊တို့နှင့်။။လ။ ဓမ္မ ကမ္မဥ္စ၊ ဓမ္မကံသည်လည်း။ဟောတိ၊၏။ဝိနယကမ္မဥ္စ၊သည်လည်း။ ဟောတိ၊၏။ သုဝူပသန္တဥ္စ၊ကောင်းစွာငြိမ်းသည်လည်း။ဟောတိ၊ ဖြစ်၏။ သံမုခါ၊ ကံထိုက်သော ပုဂ္ဂိုလ်တို့ မျက်မှောက်၌။ ကတံ၊ သည်။ဟောတိ၊၏။ပဋိပုစ္ဆာ၊ ကံထိုက်သော ပုဂ္ဂိုလ်ကိုမေးမြန်း၍။ ကတံ၊သည်။ဟောတိ၊၏။ပဋိညာယ၊ ကံယိုက်သောပုဂ္ဂိုလ်ဝန်ခံ၍။ ကတံ၊သည်။ဟောတိ၊၏။လ။ အာပတ္တိယာ၊ အာပတ်သင့်သဖြင့်။ ကတံ၊သည်။ ဟောတိ၊၏။ ဒေသနာဂါမိနိယာ၊ ဒေသနာဂါမ် ဖြစ်သော။ အာပတ္တိယာ၊ ဖြင့်။လ။ အဒေသိတာယ၊ ဒေသနာ မကြားအပ်သေးသော။အာပတ္တိယာ၊ဖြင့်။လ။စောဒေတွာ၊တကြိမ် စောဒနာ၍။ ကတံ၊သည်။ ဟောတိ၊၏။ သာရေတွာ၊ နှစ်ကြိမ် သုံးကြိမ် စသည်ဖြင့် အောက်မေ့စေ၍။လ။ အာပတ္တိံ၊ သို့။ ရော ပေတွာ၊၍။လ။ဓမ္မေန၊ ဓမ္မကံဖြင့်။ဝါ၊ဟုတ်မှန်သော သဘောဖြင့်။ ။လ။သမဂ္ဂေန၊ ညီညွတ်သဖြင့်။ဝါ၊ သိမ်တွင်းရှိ ရဟန်းအလုံးစုံကို ဟတ္ထပါသ်သို့ အရောက် ဆောင်ခြင်း ဆန္ဒဆောင်ခြင်းဖြင့်။လ။

တဇ္ဇနီယကမ္မေ၊ ၌။ ဓမ္မကမ္မဒွါဒသကံ၊သည်။နိဋ္ဌိတံ၊ပြီးပြီ။

---

၆။ ဘိက္ခဝေ။ တို့။ တီဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတဿ၊ သော။ ဘိက္ခုနော၊ အား။ အာကင်္ခမာနော၊ အလိုရှိသည်ရှိသော်။ သံဃော၊ သည်။ တဇ္ဇနီယကမ္မံ၊ ကို။ ကရေယျ၊ ၏။ ဘဏ္ဍနကာရကော၊ သည်။ ဟောတိ၊ ၏။ ကလဟကာရကော၊ သည်။ ဟောတိ၊ ၏။ ဝိဝါဒကာရကော၊ သည်။ ဟောတိ၊ ၏။ ဘဿကာရကော၊ သည်။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ ၌။ အဓိကရဏကာရကော၊ သည်။ ဟောတိ၊ ၏။ ဗာလော၊ မိုက်သည်။ ဟောတိ၊ ၏။ အဗျတ္တော၊ မလိမ္မာသည်။ အာပတ္တိဗဟုလော၊ အာပတ် များသည်။ အနပဒါနော၊ အာပတ် အပိုင်းအခြား မရှိသည်။ ဟောတိ၊ ၏။ အနနုလောမိကေဟိ၊ မလျော်ကုန်သော။ ဂိဟိသံသဂ္ဂေဟိ၊ လူတို့နှင့်ရောနှောခြင်းတို့ဖြင့်။ ဂိဟိသံသဋ္ဌော၊ လူတို့နှင့်ရောနှောသည် ဖြစ်၍။ ဝိဟရတိ၊ ၏။ ဘိက္ခဝေ၊ တို့။ တီဟိ၊ ကုန်သော။ ခေါ၊ စင်စစ်။ ဣမေဟိ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတဿ။ သော။ ဘိက္ခုနော၊ အား။ သံဃော၊ သည်။ အာကင်္ခမာနော၊ သော်။ တဇ္ဇနီယကမ္မံ၊ ကို။ ကရေယျ၊ ၏။ လ။ အဓိသီလေ၊ အဓိသီလ၌။ ဝါ၊ အဓိသီလတွင်။ သီလဝိပန္နော၊ သည်။ ဟောတိ၊ ၏။ အဇ္ဈာစာရေ၊ လွန်ကျူးသောအကျင့်၌။ ဝါ၊ အဇ္ဈာစာရတွင်။ အာစာရဝိပန္နော၊ အကျင့်ပျက်သည်။ ဟောတိ၊ ၏။ အတိဒိဋ္ဌိယာ၊ လွန်သော အယူ၌။ ဝါ၊ လွန်သောအယူတွင်။ ဒိဋ္ဌိဝိပန္နော၊ အယူပျက်သည်။ ဟောတိ၊ ၏။ ။လ။ ဗုဒ္ဓဿ၊ ၏။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။ ဓမ္မဿ၊ ၏။ အဝဏ္ဏံ၊ ကို၊ ဘာသတိ၊ ၏။ သံဃဿ၊ ၏။ အဝဏ္ဏံ၊ ကို။ ဘာသတိ၊ ၏။လ။ ဘိက္ခဝေ၊ တို့။ တိဏ္ဏံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။လ။ ဧကော၊ သည်။ ဘဏ္ဍနကာရကော၊ သည်။ ဟောတိ၊ ၏။လ။ ဧကော၊ သည်။ ဗာလော၊ သည်။ ဟောတိ၊ ၏။လ။ ဧကော၊ သည်။ အနနုလောမိကေဟိ၊ ကုန်သော။ ဂိဟိသံသဂ္ဂေဟိ၊ တို့ဖြင့်။ ဂိဟိသံသဋ္ဌော၊ ၍။ ဝိဟရတိ၊ ၏။လ။

အာကင်္ခမာနသုတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

**အမှာ** ဤခန္ဓကဥ် အာကင်္ခမာနှ ဆက္ကစသည်ဖြင့် သာပတ္တိက ရဟန်းပင် ဖြစ်သော်လည်း အာပတ်ကို ထင်စေခြင်းငှါ တဇ္ဇနီယ စသောကံကိုပြုအပ်သည်မဟုတ်။ အာယတိ သံဝရ အရာ၌ တည်သဖြင့် မယဉ်ကျေးသေးသော ပုဂ္ဂိုလ်တို့ကို ယဉ်ကျေးအောင် ဆုံးမခြင်းအကျိုးငှါသာ တဇ္ဇနီယစသောကံကို ပြုအပ်သည်ဟူသော အနက်ကို ပြတော်မူသည်။ အာပတ်မှုကား ဒေသနာဂါမိ ဝုဋ္ဌာနဂါမိ အလျောက်သာ ထသည်။ တဇ္ဇနီယ စသောကံကို ပြုသောကြောင့်ထသည်မဟုတ်။ ထိုတဇ္ဇနီယစသော ကံခုနစ်ပါးကိုပြုကုန်သောကမ္မိကကမ္မပတ္တကာရကသံဃာတို့သည် လည်း ထိုကမ္မာရဟရဟန်းတို့၏ အဒန္တဒမန အကျိုးကို ရိုးရိုး မတ်မတ် ကြပ်ကြပ်သတိထား၍ ခုနစ်ပါးသော ကံကို ပြုကုန်ရာ သည်။ ထိုကမ္မာရဟရဟန်းတို့၏ ဤလောက၌ ဂရဟပတ္တနိန္ဒာဖလ အကိတ္တိအယသ စသော အနိဋ္ဌဖလအကျိုးကို ရိုးကိုး ရိုးရန်း၍ အားသန် အားသစ်ခြင်းကြောင့် ဖြစ်သော သြမသဝါဒ ပါဠိတ် ဒုက္ကဋ်စသောအာပတ်ကိုလွတ်လပ်ဝေးကွာအောင်အပတ်တကုတ် အားထုတ်ကုန်ရာသည်။ ထိုကြောင့် ဝိမတိဝိနောဒနီဋီကာ၌-

တေနေဝ နိယသကမ္မေ အပိဿု ဘိက္ခုပကတာ ပရိဝါသံ
ဒေန္တာတိ အာဒိနာ သံဝရေ အဋ္ဌာနမေဝ ကမ္မနိမိတ္တ
ဘာဝေန ဝုတ္တံ။ အဒန္တဒမနတ္ထမေဝ ဟိ တဇ္ဇနီယာဒိ
ကမ္မာနိ အနုညာတာနိ-

ဟု ဆိုတော်မူသည်။ ထိုတဇ္ဇနီယစသော ကံပြုအပ်သော ရဟန်း တို့သည်လည်း ငါးရက်ဖြစ်စေ ဆယ်ရက်ဖြစ်စေ မိမိတို့ကျင့်ဝတ် ကို ဖြည့်ကျင့်လျှင် ဝတ်ပြည့်စုံသည်။ ထိုကြောင့် စူဠဝါကမ္မက္ခန္ဓက အဋ္ဌကထာ၌-

ကိတ္တကံကာလံဝတ္တံပူရေတဗ္ဗန္တိ ဒသဝါ ပဉ္စဝါဒိဝသာနိ။
ဣမသ္မိံ ဟိ ကမ္မက္ခန္ဓကေ ဧတ္တကေန ဝတ္တံ ပူရိတမေဝ
ဟောတိ-ဟူ၍ ဆိုတော်မူသည်။

၇။ ဘိက္ခဝေ၊ တို့။ တဇ္ဇနီယကမ္မကတေန၊ တဇ္ဇနီယကံပြုအပ်ပြီးသော။ ဝါ၊ ပြုအပ်ပြီးသော တဇ္ဇနီယကံ ရှိသော။ ဘိက္ခုနာ၊ သည်။ သမ္မာဝတ္တိတဗ္ဗံ၊ ကောင်းစွာ ကျင့်အပ်၏။ တတြ၊ ထိုသို့ ကျင့်ရာ၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ သမ္မာဝတ္တနာ၊ ကောင်းစွာ ကျင့်ပုံတည်း။ နဥပသမ္ပာဒေတဗ္ဗံ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းမခံအပ်။ နိဿယော၊ နိဿယည်းကို။ နဒါတဗ္ဗော၊ မပေးအပ်။ သာမဏေရော၊ ကို။ နဥပဋ္ဌာပေတဗ္ဗော၊ ဥပဇ္ဈာယ်ပြု၍ မလုပ်ကျွေးစေအပ်။ ဝါ၊ သာမဏေအား ဥပဇ္ဈာယ်မပေးအပ်။

အမှာ

ထိုကြောင့်-သာရတ္ထဒီပနီ မဟာဝါ မဟာခန္ဓက ဆက္ကအဘွင့်၌- နသာမဏေရောဥပဋ္ဌာပေတဗ္ဗောတိ ဥပဇ္ဈာယေန ဟုတွာ သာမဏေရော န ဂဟေတဗ္ဗော။ အယမေဝ အဂ်ုတ္တရနိကာယ အဋ္ဌကထာယံ ဝုတ္တောယေဝ-ဟု ဘွင့်ဆိုတော်မူသည်။

* ဘိက္ခုနောဝါဒကသမ္မုတိ၊ ဘိက္ခုနောဝါဒက သမ္မုတိကို။ နသာဒိတဗ္ဗာ၊ မသာယာအပ်။ သမ္မတေနပိ၊ သမုတ်အပ်ပြီးဖြစ်သော်လည်း။ ဝါ၊ သမ္မုတိရသော်လည်း။ ဘိက္ခုနိယော၊ တို့ကို။ နဩဝဒိတဗ္ဗာ၊ မဆုံးမအပ်ကုန်။ ယာယအာပတ္တိယာ၊ အကြင်အာပတ်ဖြင့်။ သံဃေန၊ သည်။ တဇ္ဇနီယကမ္မံ၊ ကို။ ကတံ၊ ပြုအပ်သည်။ ဟောတိ၊ ၏။ သာအာပတ္တိ၊ သို့။ နအာပဇ္ဇိတဗ္ဗာ၊ မရောက်အပ်။ အညာ၊ သော။ တာဒိသိကာ၊ ထိုသို့သဘောရှိသော။ အာပတ္တိ ဝါ၊ သို့မူလည်း။ နအာပဇ္ဇိတဗ္ဗာ၊ မရောက်အပ်။ တတော၊ ထိုအာပတ်ထက်။ ပါပိဋ္ဌတရာ၊ အလွန်ယုတ်မာသော။ အာပတ္တိ ဝါ၊ သို့မူလည်း။ နအာပဇ္ဇိတဗ္ဗာ၊ အပ်။ ကမ္မံ၊ တဇ္ဇနီယကံကို။ နဂရဟိတဗ္ဗံ၊ မကဲ့ရဲ့အပ်။ ကမ္မိကာ၊ တဇ္ဇနီယကံပြုသော ပုဂ္ဂိုလ်တို့ကို။ နဂရဟိတဗ္ဗာ၊ ကုန်။ ပကတတ္တဿ၊ ပကတတ်ဖြစ်သော။ ဘိက္ခုနော၊ အား။ ဥပေါသထော၊ ကို။ နဌပေတဗ္ဗော၊ မထားအပ်။ ဝါ၊ မတန့်စေအပ်။ ပဝါရဏာ၊ ကို။ နဌပေတဗ္ဗာ၊ မထားအပ်။ ဝါ၊ မတန့်စေအပ်။ သဝစနီယံ၊ ဆိုအပ်သောစကားနှင့် တကွဖြစ်သည်ကို။ ဝါ၊ ဆုံးမ

ကံမြစ်ခြင်း အမှုကို။ နကာတဗ္ဗံ၊အပ်။ အနုဝါဒေါ၊ အကြီး အရာ ထားခြင်းကို။ နပဋ္ဌပေတဗ္ဗော၊ မဖြစ်စေအပ်။ဩကာသော၊အခွင့် တောင်းခြင်းကို။ နကာရေတဗ္ဗော၊ မပြုစေအပ်။နစောဒေတဗ္ဗော၊ ရှေးဦးစွာ မစောဒနာအပ်။ နသာရေတဗ္ဗော၊ နှစ်ကြိမ် သုံးကြိမ် စသည်ဖြင့် မအောက်မေ့စေအပ်။ ဘိက္ခူဟိ၊ ရဟန်းတို့နှင့်။ နသမ္ပယောဇေတဗ္ဗံ၊ မယှဉ်စေအပ်။ဝါ၊ကုန်းမချောအပ်။ ဣတိ၊ဤသည် လျှင်။ သမ္မာဝတ္တနာ၊ ကောင်းစွာ ကျင့်ပုံတည်း။

တဇ္ဇနီယကမ္မေ၊၌။အဋ္ဌာရသဝတ္တံ၊သည်။ နိဋ္ဌိတံ၊ပြီးပြီ။

---

၈။ အထခေါ၊ ထိုအခါ၌၊ သံဃော၊သည်။ ပဏ္ဍုကလောဟိတကာနံ၊ ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့အား။ တဇ္ဇနီယကမ္မံ၊ကို။ အကာသိ၊ ပြုပြီ။ တေ၊ တို့သည်။ သံဃေန၊ သည်။ တဇ္ဇနီယ ကမ္မကတာ၊ တဇ္ဇနီယကံ ပြုအပ်ကုန်သည် ဖြစ်၍။ သမ္မာ၊ ကောင်းစွာ။ ဝတ္တန္တိ၊ ကျင့်ကြကုန်၏။ လောမံ၊ မာနမာန် တည်းဟူသော အမွေး ကို။ ပါတေန္တိ၊ချကြကုန်၏။ နေတ္ထာရံ၊ တဇ္ဇနီယကံမှ ထွက်မြောက် ကြောင်း ဖြစ်သော အကျင့်ကို။ ဝတ္တန္တိ၊ ကျင့်ကြ ကုန်၏။ ဘိက္ခူ၊ တို့သို့။ ဥပသင်္ကမိတွာ၊ ၍။ ဧဝံ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ကိံ ဝဒန္တိ၊ ကား။ အာဝုသော၊တို့။ မယံ၊ တို့သည်။ သံဃေန၊သည်။တဇ္ဇနီယ ကမ္မကတာ၊ ကုန်သည် ဖြစ်၍။ သမ္မာ၊စွာ။ ဝတ္တာမ၊ ကျင့်ပါကုန် တော့၏။ လောမံ၊ ကို။ ပါတေမ၊ ကုန်တော့၏။ နေတ္ထာရံ၊ ကို။ ဝတ္တာမ၊ ကုန်တော့၏။ ကထံနုခေါ၊ အဘယ်သို့လျှင်။ အမှေဟိ၊ တို့သည်။ ပဋိပဇ္ဇိတဗ္ဗံ၊ ကျင့်အပ်ပါတော့အံ့နည်း။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ကုန်၏။ ။ဘဂဝတော၊ အား။ ဧတမတ္ထံ၊ ဤသို့သော အကြောင်းကို။ အာရောစေသုံ၊ ကုန်၏။ ဘိက္ခဝေ၊တို့။ တေနဟိ၊ ထိုသို့ ကောင်းစွာ ကျင့်သောကြောင့် သာလျှင်။ သံဃော၊ သည်။ ပဏ္ဍုကလောဟိတကာနံ၊ ကုန်သော။ ဘိက္ခူနံ၊တို့အား။တဇ္ဇနီယ ကမ္မံ၊ကို။ ပဋိပဿမ္ဘေတု၊ ငြိမ်းစေလော့။ ဘိက္ခဝေ၊တို့။ ပဋ္ဌဟိ၊ ကုန်သော။ အင်္ဂေဟိ၊တို့နှင့်။ သမန္နာဂတဿ၊သော။ ဘိက္ခုနော၊

အား။ တဇ္ဇနီယကမ္မံ၊ကို။ နပဋိပဿမ္ဘေတဗ္ဗံ၊ မငြိမ်းစေအပ်။ ဥပသမ္ပာဒေတိ၊ ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းခံ၏။ နိဿယံ၊ကို။ ဒေတိ၊ ၏။ သာမဏေရံ၊ ကို။ ဥပဋ္ဌာပေတိ၊ ဥပဇ္ဈာယ်ပြု၍ လုပ်ကျွေးစေ၏။ ဝါ၊ ဥပဇ္ဈာယ်ပေး၏။ ဘိက္ခုနောဝါဒကသမ္မုတိံ၊ ကို။ သာဒိယတိ၊သာယာ၏။ သမ္မတောပိ၊သော်လည်း။ ဘိက္ခုနိယော၊ တို့ကို။ဩဝဒတိ၊၏။လ။ယာယအာပတ္တိယာ၊ဖြင့်။သံဃေန၊သည်။ တဇ္ဇနီယကမ္မံ၊ကို။ ကတံ၊ သည်။ ဟောတိ၊၏။ တံအာပတ္တိံ၊ သို့။ အာပဇ္ဇတိ၊ရောက်၏။ အညံ၊သော။တာဒိသိကံ၊သော။အာပတ္တိံ ဝါ၊ သို့မှုလည်း။အာပဇ္ဇတိ၊၏။တတော၊ထက်။ပါပိဋ္ဌတရံ၊သော။ အာပတ္တိံ ဝါ၊သို့မှုလည်း။အာပဇ္ဇတိ၊၏။ ကမ္မံ၊ကို။ ဂရဟတိ၊ ၏။ ကမ္မိကေ၊ တဇ္ဇနီယကံပြုသော ရဟန်းတို့ကို။ ဂရဟတိ၊ ၏။လ။ ပကတတ္တဿ၊သော။ဘိက္ခုနော၊အား။ဥပေါသထံ၊ကို။ထပေတိ၊ ၏။ပဝါရဏံ၊ကို။ ထပေတိ၊၏။ သဝစနီယံ၊ကို။ ကရောတိ၊ ၏။ အနုဝါဒံ၊ကို။ ပဋ္ဌပေတိ၊ ဖြစ်စေ၏။ ဩကာသံ၊ ကို။ ကာရေတိ၊ စေ၏။ စောဒေတိ၊၏။သာရေတိ၊၏။ဘိက္ခူဟိ၊တို့နှင့်။ သမ္ပယောဇေတိ၊ ယှဉ်စေ၏။ ဝါ၊ကုန်းချော၏။လ။

တဇ္ဇနီယကမ္မေ၊၌။ နပဋိပဿမ္ဘေတဗ္ဗအဋ္ဌာရသကံ၊
သည်။နိဋ္ဌိတံ၊ပြီးပြီ။

---

၉။ ဘိက္ခဝေ၊တို့။ပဉ္စဟိ၊ ကုန်သော။အင်္ဂေဟိ၊တို့နှင့်၊သမန္နာဂတဿ၊သော။ဘိက္ခုနော၊အား။တဇ္ဇနီယကမ္မံ၊ကို။ ပဋိပဿမ္ဘေတဗ္ဗံ၊ငြိမ်းစေအပ်၏။ နဥပသမ္ပာဒေတိ၊ဥပဇ္ဈာယ်ပြု၍ ပဉ္စင်းမခံ။ပ။ ဘိက္ခူဟိ၊ တို့နှင့်။ နသမ္ပယောဇေတိ၊မယှဉ်စေ။ ဝါ၊အချင်းချင်း ကုန်းမတိုက်။ ။(ဤပဋိပဿမ္ဘေတဗ္ဗ အဋ္ဌာရသကဉ္စကား အထူး မရှိ။ ပဋိသေဓ လောင်းစွက်ရုံမျှသာထူး၏။)။

တဇ္ဇနီယကမ္မေ၊၌။ ပဋိပဿမ္ဘေတဗ္ဗအဋ္ဌာရသကံ၊
သည်။နိဋ္ဌိတံ၊ပြီးပြီ။

---

၁၀။ ဘိက္ခဝေ၊ တို့။ ဝေဠုပန၊ ၌သို့လည်း။ (ပနသဒ္ဒါကား ဝစနာလင်္ကာရတည်း)။ ပဋိပဿမ္ဘေတဗ္ဗ၊ ၏။ ကိံ ပဋိပဿမ္ဘေတဗ္ဗံ၊ ကား။ဘိက္ခဝေ၊ တို့။ ပဏ္ဍုကလောဟိတကေဟိ၊ ကုန်သော။ တေဟိဘိက္ခူဟိ၊ တို့သည်။ သံဃံ၊ သို့။ ဥပသင်္ကမိတွာ၊ ၍။ ဧကံသံ၊ လက်ဝဲတဘက် ပခုံးထက်၌။ ဥတ္တရာသင်္ဂံ၊ ကိုယ်ဝတ်စမွယ်တင်သည့်ကို။ကရိတွာ၊ ၍။ ဝုဍ္ဎာနံ၊ သီတင်းကြီးဖြစ်ကုန်သော။ဘိက္ခူနံ၊ တို့၏။ ပါဒေ၊ ကို။ ဝန္ဒိတွာ၊ ၍။ ဥက္ကုဋိကံ၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ၍။ အဉ္ဇလိံ၊ လက်အုပ်ကို။ ပဂ္ဂဟေတွာ၊ ချီ၍။ ဧဝံ၊ ၌သို့။ ဝစနီယော၊ သည်။အဿ၊ ၏။ ကိံ ဝစနီယော၊ ကား။ ဘန္တေ၊ တို့။ မယံ၊ တို့သည်။ သံဃေန၊ သည်။ တဇ္ဇနီယကမ္မကတာ၊ ကုန်သည်ဖြစ်၍။ သမ္မာ၊ စွာ။ ဝတ္တာမ၊ ကုန်၏။ လောမံ၊ ကို။ ပါတေမ၊ ကုန်၏။ နေတ္ထာရံ၊ ကို။ ဝတ္တာမ၊ ကုန်၏။ တဇ္ဇနီယဿ၊ သော။ ကမ္မဿ၊ ၏။ ပဋိပဿဒ္ဓိံ၊ ငြိမ်းခြင်းကို။ ယာစာမ၊ ကုန်၏။ ဣတိ၊ ၌သို့။ ဝစနီယော၊ သည်။အဿ၊ ၏။ ဒုတိယမ္ပိ၊ လည်း။ယာစိတဗ္ဗ၊ တောင်းပန်အပ်၏။ တတိယမ္ပိ၊ လည်း။ ယာစိတဗ္ဗ၊ ၏။ပ။ ပဋိပဿမ္ဘေယျ၊ ငြိမ်းစေရာ၏။သော၊ ကား။ဉတ္တိ၊ တည်း။ ဝါ၊ သိစေခြင်းတည်း။ပ။ ပဋိပဿဒ္ဓိ၊ ငြိမ်းစေခြင်းကို။ ခမတိ၊ ၏။ပ။ တဇ္ဇနီယကမ္မံ၊ ကို။ ပဋိပဿမ္ဘေတိ၊ ငြိမ်းစေအပ်၏။ပ။ ဓာရယာမိ၊ ၏။ ဣတိ၊ ၌သို့။ဉာပေတဗ္ဗော၊ ၏။ ဣတိ၊ ၌သို့။ ပဋိပဿမ္ဘေတဗ္ဗံ ၏။

ပဌမံ၊ သော။တဇ္ဇနီယကမ္မံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

၁၁။ တေန ခေါ ပန သမယေန၊ ၌။ အာယသ္မာ သေယျသကော၊ အရှင်သေယျသကသည်။ ဗာလော။ သည်။ အဗျတ္တော၊ သည်။ အာပတ္တိဗဟုလော၊ သည်။ ဝါ၊ များသောအာပတ်ရှိသည်။ အနပဒါနော၊ အာပတ်အပိုင်းအခြားမရှိသည်။ ဟောတိ၊ ဖြစ်၏။ အနနုလောမိကေဟိ၊ ရဟန်းတို့နှင့်မလျော် ကုန်သော။ ဂိဟိသံသဂ္ဂေဟိ၊ လူတို့နှင့် ရောနှောခြင်းတို့ဖြင့်။ ဂိဟိသံသဋ္ဌော၊ လူတို့နှင့် ရောနှောသည်ဖြစ်၍။ ဝိဟရတိ၊ ၏။ အပိ၊ စင်စစ်။ဘိက္ခူ၊ တို့သည်။

ပရိဝါသံ၊ပရိဝါသ်ကို။ ဒေန္တာ၊ ပေးကြကုန်သည်။ ဟုတ္တာ၊ ဖြစ်၍လည်းကောင်း။ မူလာယ၊အရင်းသို့။ ပဋိကဿန္တာ၊ငင်ကြရကုန်သည်။ဟုတ္တာ၊ ၍လည်းကောင်း။ မာနတ္တံ၊ မာနတ်ကို။ ဒေန္တာ၊ ပေးကြရကုန်သည်။ဟုတ္တာ၊၍လည်းကောင်း။ အဗ္ဘေန္တာ၊အဗ္ဘာန်သွင်းကြရကုန်သည်။ ဟုတ္တာ၊ ၍လည်းကောင်း။ ပကတာ၊ အမြဲလို့လပ္ပကြရကုန်သည်။အသုံ၊ဖြစ်ကုန်၏။လ။ဘိက္ခဝေ၊တို့။တေနဟိ၊ထိုသို့ဆိုအပ်ပြီးသော အမှုအခင်းကြောင့်သာလျှင်။ သံဃော၊သည်။သေယျသကဿ၊ သော။ ဘိက္ခုနော၊အား။ နိယဿကမ္မံ၊ နိယဿကံကို။ ကရောတု၊ ပြုလေ၏။ ကိံကရောတိ၊ ကား။ တေ၊ သင်သည်။နိဿာယ၊၍။ ဝတ္တဗ္ဗံ၊နေရာ၏။ ဣတိ၊ဤသို့။ကရောတု၊လော။လ။နိယဿကမ္မံ၊ကို။ ကရေယျ၊ရာ၏။ ကိံကရေယျ၊ကား။တေ၊သည်။နိဿာယ၊၍။ဝတ္တဗ္ဗံ၊နေရာ၏။ဣတိ၊သို့။ကရေယျ၊၏။ ။လ။နိယဿကမ္မံ၊ကို။ကတံ၊ပြုအပ်ပြီ။ကိံကတံ၊ကား။တေ၊သည်။ နိဿာယ၊ ၍။ ဝတ္တဗ္ဗံ၊ ၏။ ဣတိ၊ သို့။ ကတံ၊ ပြုအပ်ပြီ။လ။ ။ ပဌမံ၊ပဌမဖြစ်သော တဇ္ဇနီယကံကို။ ဝိတ္ထာရေတဗ္ဗံယထာ၊ ချဲ့အပ်သကဲ့သို့။တထာ၊ထိုအတူ။ဝိတ္ထာရေတဗ္ဗံ၊ချဲ့အပ်၏။လ။

နိယဿကမ္မေ၌။အဓမ္မကမ္မဒွါဒသကံ၊သည်။နိဋ္ဌိတံ၊ပြီးပြီ။

---

၁၄။ လ။ ဟေဋ္ဌာ၊ အောက်ဖြစ်သော တဇ္ဇနီယကံကို။ ဝိတ္ထာရေတဗ္ဗံယထာ၊ ချဲ့အပ်သကဲ့သို့။ တထာ၊ထိုအတူ။ ဝိတ္ထာရေတဗ္ဗံ၊ ချဲ့အပ်၏။ ။(အဓမ္မဒွါဒသကကမ္မဒွါဒသက အာကင်္ခမာနဆက္က အဋ္ဌာရသဝတ္တတို့ကို ဆိုပြီးသောနည်းဖြင့်သိလေ)။ ။အထခေါ၊ ၌။ သံဃော၊သည်။ပ။ အကာသိ၊ ပြီ။ သော၊ ထိုရှင်သေယျသကသည်။သံဃေနနိယဿကမ္မကတော၊သံဃာတော်သည်နိယဿကံပြုအပ်ပြီးသည်ဖြစ်၍။ ပရိပုဏ္ဏာပေန္တော၊ အဋ္ဌကထာကို သင်စေသည်ဖြစ်၍။ ဗဟုဿုတော၊ များသော အကြားအမြင် ရှိသည်။ ဟောတိ၊ဖြစ်၏။အာဂတာဂမော၊ရောက်အပ်ပြီးသောသုတ္တန်ပါဠိရှိသည်။ဓမ္မဓရော၊အဘိဓမ္မာကို ဆောင်သည်။ဝိနယဓရော၊ဝိနည်း

ကိုဆောင်သည်။ မာတိကာဓရော၊ ဒွေမာတိကာကိုဆောင်သည်။ ပဏ္ဍိတော၊ ပညာရှိသည်။ ဗိယတ္တော၊ လိမ္မာသည်။ မေဓာဝီ၊ ပညာရှိသည်။ လဇ္ဇီ၊ မကောင်းမှုမှ ရှက်တတ်သည်။ ကုက္ကုစ္စကော၊ အလိုလို ရှိတတ်သည်။ သိက္ခာကာမော၊ သိက္ခာသုံးပါးကို အလို ရှိသည်။ ဟုတွာ၊ ၍။ သမ္မာ၊ စွာ။ ဝတ္တတိ၊ ကျင့်၏။ ပ။

ဒုတိယံ၊ သော။ နိယဿကမ္မံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

---

၂၁။ တေန ခေါ ပန သမယေန၊ ၌။ အဿဇိပုနဗ္ဗသုကာ နာမ၊ အဿဇိပုနဗ္ဗသုက အမည်ရှိကုန်သော။ ကီဋာဂိရိသ္မိံ၊ ကီဋာဂိရိ ဇနပုဒ်၌။ အာဝါသိကာ၊ ကျောင်းနေဖြစ်ကုန်သော။ အလဇ္ဇိနော၊ မကောင်းမှုကို မရှက်တတ်ကုန်သော။ ပါပဘိက္ခူ၊ ယုတ်မာသော ရဟန်းတို့သည်။ ဟောန္တိ၊ ရှိသည် ဖြစ်ကုန်၏။ တေ၊ ထိုအဿဇိ ပုနဗ္ဗသုက ရဟန်း တို့သည်။ ဧဝရူပံ၊ ဤသို့ သဘော ရှိသော။ အနာစာရံ၊ မကျင့်အပ်သောအကျင့်ကို။ အာစရန္တိ၊ ကျင့်ကြကုန်၏။ မာလာဝစ္ဆံ၊ ပန်းပင်ငယ်ကို။ ရောပေန္တိပိ၊ အကပ္ပိယမြေ၌ ကိုယ်တိုင် လည်းစိုက်ကြကုန်၏။ ရောပါပေန္တိပိ၊ သူတပါးကိုလည်းအကပ္ပိယ ဝေါဟာရဖြင့် စိုက်စေကြကုန်၏။ သိဉ္စန္တိပိ၊ ကိုယ်တိုင်လည်း ရေ သွန်းကြကုန်၏။ သိဉ္စာပေန္တိပိ၊ သူတပါးကိုလည်း အကပ္ပိယ ဝေါဟာရဖြင့် ရေသွန်းစေကြကုန်၏။ ဩစိနန္တိပိ၊ ကိုယ်တိုင်လည်း ဆွတ်ကြကုန်၏။ ဩစိနာပေန္တိပိ၊ သူတပါးကိုလည်း အကပ္ပိယ ဝေါဟာရဖြင့် ဆွတ်စေကြကုန်၏။ ဂန္ထေန္တိပိ၊ ကိုယ်တိုင်လည်း ကုံးကြကုန်၏။ ဂန္ထာပေန္တိပိ၊ သူတပါးကိုလည်း အကပ္ပိယ ဝေါဟာရဖြင့် ကုံးစေကြကုန်၏။ ဧကတောဝဏ္ဋိကမာလံ၊ တဘက် အညှာဆိုင်သော ပန်းကုံးကို။ ကရောန္တိပိ၊ ကိုယ်တိုင်လည်း ပြုကြ ကုန်၏။ ကာရာပေန္တိပိ၊ သူတပါးကိုလည်း အကပ္ပိယဝေါဟာရဖြင့် ပြုစေကြကုန်၏။ ဥဘတောဝဏ္ဋိကမာလံ၊ နှစ်ဘက်အညှာဆိုင်သော ပန်းကုံးကို ကရောန္တိပိ၊ ကိုယ်တိုင်လည်း ပြုကြကုန်၏။ ကာရာ ပေန္တိပိ၊ သူတပါးကိုလည်း အကပ္ပိယ ဝေါဟာရဖြင့် ပြုစေကြ

ကုန်၏။ မဥ္စရိကံ၊ ပန်းခိုင်ကို။ ဝိရုတိကံ၊ ပန်းလက်နှောက်ကို။ ဝဋံသကံ၊ ဦးဆောက်ပန်းကို။ အာဝေဠံ၊ နားသွယ် ပန်းကို။ဝါ၊ နားပေ ပန်းကို။ ဥရစ္ဆဒံ၊ ရင်လွှား ပန်းကုံးကို။ တော၊ ထိုအဿဇိ ပုနဗ္ဗသုက ရဟန်းတို့သည်။ ကုလိတ္ထီနံ၊ အိမ်ရှင် ဖြစ်သော အမျိုး မိန်းမတို့အား။ ကုလဓီတာနံ၊ အရွယ်ရောက်ပြီးသော အမျိုး သတို့ သမီးတို့အား။ ကုလကုမာရီနံ၊ အရွယ် မရောက်သေးသော အမျိုး သတို့သမီးတို့အား။ ကုလသုဏှာနံ၊ အမျိုး ချွေးမတို့အား။ ကုလ ဒါသီနံ၊ အမျိုး ကျွန်မ တို့အား။ ပေသေတ ဝဏ္ဍိက မာလံ၊ ကို။ ဟရန္တိပိ၊ ကိုယ်တိုင်လည်း ပို့ကြကုန်၏။ ဟရာပေန္တိပိ၊ သူတပါးကို လည်း ပို့စေကြ ကုန်၏။ပ။ တော၊ ထိုအဿဇိ ပုနဗ္ဗသုက ရဟန်း တို့သည်။ ကုလိတ္ထီဟိ၊ အိမ်ရှင် အမျိုး မိန်းမတို့နှင့်။ကုလဓီတာဟိ၊ အရွယ် ရောက်ပြီးသော အမျိုး သတို့သမီးတို့နှင့်။ကုလကုမာရီဟိ၊ အရွယ်မရောက်သေးသော အမျိုး သတို့သမီးတို့နှင့်။ကုလသုဏှာ ဟိ၊ အမျိုးချွေးမတို့နှင့်။ကုလဒါသီဟိ၊အမျိုးကျွန်မတို့နှင့်။သဒ္ဓိံ၊ကွ။ ဧကဘာဇနေပိ၊ တခွက်တည်း၌လည်း။ ဝါ၊ တလင်ပန်းတည်း၌ လည်း။ ဘုဉ္ဇန္တိ၊ စားကြကုန်၏။ ဧကထာလကေပိ၊ တခွက်တည်း၌ လည်း။ပိဝန္တိ၊သောက်ကြကုန်၏။ဧကာသနေပိ၊ တနေရာတည်း၌ လည်း။ နိသီဒန္တိ၊ ထိုင်ကြကုန်၏။ ဧကမဉ္စေပိ၊ တညောင်စောင်း တည်း၌လည်း။ တုဝဋ္ဋေန္တိ၊အိပ်ကြကုန်၏။ ဧကတ္ထရဏာပိ၊တခင်း တည်း ရှိကုန်သည် ဖြစ်၍လည်း။ တုဝဋ္ဋေန္တိ၊ ကုန်၏။ ဧကပါဝု ရဏာပိ၊တရုံတည်းရှိကုန်သည်ဖြစ်၍လည်း။ တုဝဋ္ဋေန္တိ၊၏။ဧကတ္ထ ရဏပါဝုရဏာပိ၊ တခင်းတည်း တရုံတည်း ရှိကုန်သည် ဖြစ်၍ လည်း။ တုဝဋ္ဋေန္တိ၊၏။ ဝိကာလေပိ၊ နေလွဲသော အခါ၌လည်း။ ဘုဉ္ဇန္တိ၊ ကုန်၏။ မဇ္ဇံပိ၊ သေရကိုလည်း။ ပိဝန္တိ၊ကုန်၏။ မာလာဂန္ဓ ဝိလေပနံပိ၊ ပန်းနံ့သာမှုန့် နံ့သာပြောင်း ကိုလည်း။ ဓာရေန္တိ၊ ဆောင်ကြကုန်၏။ နစ္စန္တိ၊ က, လည်း က, ကြကုန်၏။ ဂါယန္တိပိ၊ သီလည်း သီကြကုန်၏။ ဝါဒေန္တိပိ၊ တီးလည်း တီးကြကုန်၏။ လာ သေန္တိပိ၊ စမွယ်လည်း စမွယ်ကြ ကုန်၏။ ဝါ၊ ကနည်း ပြုကြ

ကုန်၏။ နစ္စန္တိယာပိ၊ ကသောမိန်းမအထံ၌လည်း။ နစ္စန္တိ၊ ကကြကုန်၏။ နစ္စန္တိယာပိ၊၌လည်း။ ဂါယန္တိ၊သီကြကုန်၏။နစ္စန္တိယာပိ၊၌လည်း။ ဝါဒေန္တိ၊ တီးမှုတ်ကြကုန်၏။ နစ္စန္တိယာပိ၊ ၌လည်း။ လာသေန္တိ၊ စပ္ပါယ်ကြကုန်၏။ဝါ၊ ကနည်း ပြုကြကုန်၏။ပ။ အဋ္ဌပဒေပိ၊ တကျစ်ရေးကစားခြင်း၌လည်း။ ဝါ၊ ရှစ်ကွက်ကျားကစားခြင်း၌လည်း၊ ကီဠန္တိ၊ကစားကြကုန်၏။ဒသပဒေပိ၊ဆယ်ပုဒ်ရေးကစားခြင်း၌လည်း။ဝါ၊ ဆယ်ကွက်ကျားကစားခြင်း၌လည်း။ကီဠန္တိ၊ကုန်၏။ အာကာသေပိ၊ ကောင်းကင်ဆယ်မြောက် ကစားခြင်း၌လည်း။ကီဠန္တိ၊ကုန်၏။ပရိဟာရပထေပိ၊ခရီးရေးဖွက်ကစားခြင်း၌လည်း။ ကီဠန္တိ၊ကုန်၏။သန္တိကာယပိ၊လှည်းငယ်ကစားခြင်းဖြင့်လည်း။ဝါ၊ဆယ့်ခတ်၍ကစားခြင်းဖြင့်လည်း။ကီဠန္တိ၊ ကုန်၏။ပလိကာယပိ၊ မှုံ့ညက်ကစား ခြင်းဖြင့်လည်း။ဝါ။ ကစီရေကစားခြင်းဖြင့်လည်း။ ဝါ၊ အန်လက်ပစ် ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ဃဋိကေနပိ၊ ကျည်းသားတောက်၍ ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ကုန်၏။ သလာကဟတ္ထေနပိ၊ ဝါးခြမ်းစိတ် ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ အက္ခေနပိ၊ ကြွေအန် ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ ပင်္ဂစီရေနပိ၊ ထန်းရွက်တပိုးမှုတ်၍ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ ဝင်္ကေနပိ၊ ထွန်ငယ် ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ မောက္ခစိကာယပိ၊ ဦးခေါက်ဆောက်ကစားခြင်းဖြင့်လည်း။ဝါ၊တုံးတမ်းကစားခြင်းဖြင့်လည်း။ ဝါ၊ငေါင်းသွားဒေါင်းသွားကစားခြင်းဖြင့်လည်း။ကီဠန္တိ၊ကုန်၏။ စိင်္ဂုလကေနပိ၊ထန်းရွက် စကြာခွေ လွှတ်၍ ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ ပတ္တာဠှကေနပိ၊ ထန်းရွက်ဘက်ခန့် ငယ်ကစားခြင်းဖြင့်လည်း။ ဝါ၊ ဘက်ခွက်ငယ် ကစားခြင်း ဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ ရထကေနပိ၊ ရထားငယ်ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ ဓနုကေနပိ၊ လေးငယ် ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ အက္ခရိကာယပိ၊ အက္ခရာဖွက် ကစားခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ မနေသိကာယပိ၊ စိတ်ပုန်းတမ်း ကစား

ခြင်းဖြင့်လည်း။ ကီဠန္တိ၊ ကုန်၏။ ယထာဝဇ္ဇကေနပိ၊ ကုန်းယောင်
ကာန်းယောင် ကွယောင် စသော မကောင်းသော အမူအရာဖြင့်
လည်း၊ကီဠန္တိ၊ ကုန်၏။ ဟတ္ထိသ္မိံပိ၊ ဆင်ကျမ်း အတတ်ကိုလည်း။
သိက္ခန္တိ၊ သင်ကြကုန်၏။ အဿသ္မိံပိ၊မြင်းကျမ်းအတတ်ကိုလည်း။
သိက္ခန္တိ၊ကုန်၏။ရထသ္မိံပိ၊ရထားကျမ်းအတတ်ကိုလည်း၊သိက္ခန္တိ။
ကုန်၏။ ဓနုသ္မိံပိ၊ လေးအတတ်ကိုလည်း။ သိက္ခန္တိ၊ ကုန်၏။ထရု
သ္မိံပိ၊ ထားဆောက်ချတ် အတတ်ကိုလည်း။ သိက္ခန္တိ၊ ကုန်၏။
ဟတ္ထိဿပိ၊ ဆင်၏လည်း။ ပုရတော၊ ရှေ့မှ။ ဓာဝန္တိ၊ ပြေးကြ
ကုန်၏။အဿဿပိ၊မြင်း၏လည်း။ ပုရတော၊မှ။ ဓာဝန္တိ၊ကုန်၏။
ရထဿပိ။ ရထား၏လည်း။ ပုရတော၊ မှ။ ဓာဝန္တိ၊ ကုန်၏။ အာ
ဓာဝန္တိပိ၊ ဆင်မြင်းရထား ရှေ့သို့ တူရူလည်း ပြေးကြ ကုန်၏။
ဥဿေဠေန္တိပိ၊ လေလည်း ချွန်ကြကုန်၏။ ဝါ. ဒေါက်ပိုးလည်း
ကျိုက်ကြကုန်၏။ ဝါ၊ ခါးတောင်းလည်း ကျိုက်ကြကုန်၏။ အပ္ပေါ
ဋေန္တိပိ၊ မလန်းပေါက်လည်းခတ်ကြကုန်၏။ ဝါ၊လက်ပန်းပေါက်
လည်း ခတ်ကြကုန်၏။ ဝါ၊ လက်ခမောင်းလည်း ခတ်ကြကုန်၏။
နိဗ္ဗုဇ္ဈန္တိပိ၊လက်ပန်းလည်းလုံးကြကုန်၏။ဝါ၊နပန်းလည်း ကိုင်ကြ
ကုန်၏။ဝါ၊ခေတင်ကျော်လည်းကိုင်ကြကုန်၏။မုဋ္ဌိဟိပိ၊ လက်ဆုပ်
တို့ဖြင့်လည်း။ ယုဇ္ဈန္တိ၊ ထိုးကြကုန်၏။ဝါ၊လက်ဝှေ့လည်း သတ်ကြ
ကုန်၏။ရင်္ဂမဇ္ဈေပိ၊ ပွဲသဘင်အလယ်၌လည်း။သံဃာဋိံ၊ဒုကုဋ်ကို။
ပတ္ထရိတွာ၊ ဖြန့်၍။ နစ္စကိံ၊ ကချေသည်မကို။ ဘဂိနိ၊ နှမ။ဧတ္ထ၊ဤ
သင်္ကန်းကြီးထက်၌လည်း။ နစ္စဿု၊ ကလှည့်လော့။ဣတိဝေါ၊ဤသို့။
ဝဒန္တိ၊ဆိုကြကုန်၏။နလာဋိကံပိ၊နဖူးတို့ခြင်းအမှုကိုလည်း။ဒေန္တိ၊
ပေးကြကုန်၏။ ဝိဝိဓမ္ပိ၊ အထူးထူး အပြားပြားလည်း ဖြစ်သော။
အနာစာရံ၊မကျင့်အပ်သောအကျင့်ကို။အာစရန္တိ၊ကျင့်ကြကုန်၏။
တေန ခေါ ပန သမယေန၊ ၌။အညတရော၊အမှတ်မရှိသော။ဘိက္ခု၊
သည်။ ကာသီသု၊ ကာသိတိုင်းတို့၌။ ဝဿံဝုတ္ထော၊ ဝါကျွတ်သည်
ဖြစ်၍။ ဘဂဝန္တံ၊ ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ သာဝတ္ထိံ၊သို့။
ဂစ္ဆန္တော၊သွားသည်ရှိသော်။ယေန၊၌။ကီဋာဂိရိ၊သည်။အတ္ထိ၊၏။

နှင့်သာ အကပ္ပိယ အဖြစ်ဖြင့် ဆက်ဆံသောကြောင့် ဘိက္ခုနီ သာဓာရဏ သိက္ခာပုဒ် မည်၏။ နဘိက္ခဝေ ဘိက္ခုနိယာ ဝဓိ ပယောဇေတဗ္ဗာ။ ယာ ပယောဇေယျ အာပတ္တိ ဒုက္ကဋဿ-စသော သိက္ခာပုဒ်သည် ရဟန်းမိန်းမကို အကြောင်းပြု၍ ပညတ်သော သိက္ခာပုဒ်ပင် ဖြစ်သော်လည်း ရဟန်း ယောကျ်ား၊ ရဟန်း မိန်းမ နှစ်ပါးစုံတို့အား အကပ္ပိယ အဖြစ်ဖြင့် ဆက်ဆံခြင်းကို ဗုဒ္ဓ မတည္ အဋ္ဌကထာ ဆရာတို့ ပြဆိုတော် မူသောကြောင့် ဥဘယ သာဓာရဏ သိက္ခာပုဒ်မည်၏။ ထိုသိက္ခာပုဒ် အပေါင်းတို့တွင် ဘိက္ခု သာဓာရဏ သိက္ခာပုဒ်သည် ရဟန်း ယောကျ်ားကို အကြောင်းပြု၍ ပညတ်သောသိက္ခာပုဒ်ပင်ဖြစ်သော်လည်း သာမဏေအား အပ်၏ဟု ပါဠိအဋ္ဌကထာ တခုခုတရာရာ သိက္ခာပုဒ်၌ အသီးအခြား ကွဲပြားစွာ ထုတ်ဘော်၍ မလာသမျှ သိက္ခာပုဒ်တို့သည် ရဟန်းအား မအပ်လျှင် သာမဏေအားလည်း မအပ်သင့်သောကြောင့် ရဟန်းနှင့်သာမဏေ သိသာခြားနားကွဲပြားအောင် မလာသည့် သိက္ခာပုဒ်ဖြစ်လျှင် ရဟန်းသာမဏေ နှစ်ဦးပင် ကျင့်အပ်သော သိက္ခာပုဒ်ဖြစ်သည်။ရဟန်းမှာ အာပတ်,သာမဏေမှာ လိင်ဒါဏ်မျှသာ ကွဲပြားထူးခြားသည်။ ပထဝီခဏနသိက္ခာပုဒ်၊ ဘူတဂါမ သိက္ခာပုဒ်စသည်တို့ကဲ့သို့ ရဟန်းနှင့်သာမဏေ သိသာ ခြားနား ကွဲပြားအောင် ပါဠိအဋ္ဌကထာ လာသည့် သိက္ခာပုဒ် ဖြစ်လျှင် ရဟန်းသာ ကျင့်အပ်သောသိက္ခာပုဒ်ဖြစ်သည်။ထိုကြောင့် ဝဇီရဗုဒ္ဓိဋီကာ ဘေသဇ္ဇက္ခန္ဓကဋ္ဌ-

နဘိက္ခဝေ ပဗ္ဗဇိတာ အကပ္ပိယေ သမာဒပေတဗ္ဗာတိ ဝုတ္တတ္တာ အနုပသမ္ပန္နေဿပိ န ကေဝလံ ဒသသုဝေသိက္ခာပဒေသု။ အထခေါ ဘိက္ခုဿ နကပ္ပတိ တသ္မိံ ဝီတိ အမိပ္ပါယောတိ ဝုတ္တံ-

ဟု ဘွင့်ဆိုတော် မူကုန်သည်။ ဘိက္ခုနီ သာဓာရဏ သိက္ခာပုဒ်၌ လည်း ဤနည်းအတူပင် မှတ်ယူအပ်၏။ ထိုထို ပြဆိုအပ်ခဲ့ပြီးသော အကြောင်းအရာ သဘာဝကြောင့် ယသ္မာပန္န သတ္တဟာပတ္တိတိ

မုတ္တံ ကေသိကုဒ္ဒါပဒံပိ နုတ္တိ၊ တသ္မာ သဗ္ဗာနိ အာပတ္တိယာ သင်္ဂဟိတာနိတိ ဝေ့ အာပတ္တိသင်္ဂဟော ဝေဒိတဗ္ဗော-ဟူသော ပရိဝါနေဝသင်္ဂဟဝဂ္ဂအဋ္ဌကထာ၌ အာပတ်ခုနစ်ပုံမှ လွတ်သော တခုသောသိက္ခာပုဒ်မျှ မရှိ ဟူသော အကြောင်း စကားကို ယေဘုယျနည်း၊ သန္တာယဘာသိတနည်း၊ ယထာလာဘနည်း၊ ယထာရဟနည်း အားဖြင့် မှတ်ယူအပ်၏။

* ။ပ။ဝိရူပက္ခေဟိ၊ ဝိရူပက္ခအမည်ရှိသော နဂါးမင်းမျိုးတို့နှင့်။ သဟ၊ တကွ။ မေ၊ ငါ၏။ မေတ္တံ၊ အဆွေခင်ပွန်း၏ အဖြစ်သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဧရာပထေဟိ၊ ဧရာပထအမည်ရှိသော နဂါး မင်းမျိုး တို့နှင့်။ ဆဗျာပုတ္တေဟိ၊ ဆဗျာပုတ္တ အမည်ရှိသော နဂါးမင်းမျိုးတို့နှင့်။ ကဏှာဂေါတမကေဟိစ၊ ကဏှာဂေါတမ အမည်ရှိသော နဂါးမင်းမျိုးတို့နှင့်။အပါဒကေဟိ၊ အခြေမရှိသော သတ္တဝါတို့နှင့်။ ဒွိပါဒကေဟိ၊ အခြေ နှစ်ချောင်းရှိသော သတ္တဝါ တို့နှင့်။ စတုပ္ပဒေဟိ၊ အခြေ လေးချောင်း ရှိသော သတ္တဝါ တို့နှင့်။ ဗဟုပ္ပဒေဟိ၊ များသော အခြေ ရှိသော သတ္တဝါ တို့နှင့်။ ။ပ။ မံ၊ ငါ့ကို။ အပါဒကော၊ အခြေ မရှိသော သတ္တဝါသည်။ မာဟိံသိ၊ မညှဉ်းဆဲစေသတည်း။ပ။ သဗ္ဗေ၊ ကုန်သော။ သတ္တာ၊ တို့သည်။ သဗ္ဗေ၊ ကုန်သော။ ပါဏာ၊ ထွက်သက်ဝင်သက်ရှိသော သတ္တဝါတို့သည်။ သဗ္ဗေ၊ ကုန်သော။ ဘူတာစ၊ ကိုယ်ထင်ရှား ဖြစ်ကုန်သော ဩပပါတ်သတ္တဝါ တို့သည်။ သဗ္ဗေ၊ ကုန်သော။ ဘဒြာနိ၊ ကောင်းသော အာရုံတို့ကို။ ပဿန္တု၊ မြင်စေကုန် သတည်း။ ကိဉ္စိ၊ တစုံ တယောက်သော သတ္တဝါသို့။ ပါပံ၊ ယုတ်မာသော အမှုအရာသည်။ မာအဂမာ၊ မရောက်စေသတည်း။ဗုဒ္ဓေါ၊ဘုရားဂုဏ်တော်သည်။အပ္ပမာဏော အတိုင်းအရှည်မရှိ။ ဓမ္မော၊ တရားတော်ဂုဏ်တော်သည်။ အပ္ပမာဏော၊ မရှိ။ သံဃော၊ သံဃာတော် ဂုဏ်သည်။ အပ္ပမာဏော၊ မရှိ။ သရီသပါနိ၊ ရွေ့၍ သွားတတ် ကုန်သော။ ဝါ၊ တွား၍ သွားတတ်ကုန်သော ကင်းသန်းတို့သည် လည်းကောင်း။ အဟိ၊

မြွေသည် လည်းကောင်း။ ဝိစ္ဆိကာ၊ ကင်းမြီးကောက်သည် လည်းကောင်း။ သတပဒီ၊ ကင်းခြေများ သည်လည်းကောင်း။ ဥဏ္ဏာနာဘိ၊ ပင့်ကူ သည်လည်းကောင်း။ သရဗူ၊ တက်တူ သည်လည်းကောင်း။ ဝါ၊ အိမ်မြှောင် သည်လည်းကောင်း။ မူသိကာ၊ ကြွက်တို့သည်လည်းကောင်း။ ပမာဏဝန္တာနိ၊ အတိုင်း အရှည် ရှိကုန်၏။ မေ၊ ငါသည်။ ရက္ခာ၊ အစောင့်အရှောက်ကို။ ကတာ၊ ပြုအပ်ပြီ။ မေ၊ ငါသည်။ ပရိတ္တာ၊ အရံအတားကို။ ကတာ၊ ပြီ။ ဘူတာနိ၊ သတ္တဝါ တို့သည်။ ပဋိက္ကမန္တု၊ ဖဲကြလေကုန်။ သောအဟံ၊ ထို ငါသည်။ ဘဂဝတော၊ အား။ နမော၊ ရှိခိုးခြင်းကို။ ကရောမိ၏။ သတ္တန္နံ၊ ခုနစ်ဆူကုန်သော။ သမ္မာသမ္ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ နမော၊ ကို။ ကရောမိ၊ ၏။ ဣတိ၊ ဤသို့။ ကာတဗ္ဗံ၊ ပြုအပ်၏။ ပ။ အနဘိရတိယာ၊ မမွေ့လျော်ခြင်းသည်။ ပီဠိတော၊ နှိပ်စက်အပ်သည် ဖြစ်၍။ အတ္တနော၊ ၏။ အင်္ဂဇာတံ၊ အင်္ဂါဇာတ်ကို။ ဆိန္ဒိ၊ ဖြတ်၏။ ပ။ ဘိက္ခဝေ၊ တို့။ သောမောဃပုရိသော၊ ထို မဂ်ဖိုလ်မှ အချည်းနှီး ဖြစ်သော ယောကျ်ားသည်။ အညမှိ၊ တပါးသော ရာဂအစရှိသော ကိလေသာကို။ ဆေတဗ္ဗမှိ ဖြတ်သင့်လျက်။ အညံ၊ တပါးသောအင်္ဂါဇာတ်ကို။ ဆိန္ဒိ၊ ဖြတ်ဘိ၏။ ဘိက္ခဝေ၊ တို့။ အတ္တနော၊ ၏။ အင်္ဂဇာတံ၊ ကို။ နဆေတဗ္ဗံ၊ မဖြတ်အပ်။ ယော၊ အကြင်ရဟန်းသည်။ ဆိန္ဒေယျ၊ ဖြတ်ငြားအံ့။ အဿ၊ ထို ရဟန်းအား။ ထုလ္လစ္စယာ၊ ထုလ္လစ္စည်း အမည်ရှိသော။ အာပတ္တိ၊ အာပတ်သည်။ ဟောတိ၊ ၏။ ပ။

၂၅၂။ ရာဇဂဟကဿ၊ ရာဇဂြိုဟ်ပြည်၌ နေသော။ သေဋ္ဌိကဿ၊ သူဌေးအား။ မဟဂ္ဃဿ၊ အဘိုး များစွာ ထိုက်သော။ စန္ဒနဿ၊ စန္ဒကူးနံ့သာပင်၏။ စန္ဒနဂဏ္ဌိ၊ စန္ဒကူးနံ့သာတုံးသည်။ ဥပ္ပန္နော၊ ဖြစ်သည်။ ဝါ၊ ရသည်။ ဟောတိ၊ ၏။ ပ။ ယံနူန၊ စင်စစ်။ အဟံ၊ သည်။ ဣမာယ စန္ဒနဂဏ္ဌိယာ၊ ဤစန္ဒကူးနံ့သာတုံးဖြင့်။ ပတ္တံ၊ သပိတ်ကို။ လေခါပေယျ၊ ပွတ်စေအံ့။ လေခဉ္စ၊ ပွတ်စာသည်လည်း။ မေ၊ အား။ ပရိဘောဂံ၊ အသုံးအဆောင်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပတ္တဉ္စဒါနံ၊ သပိတ် အလှူကိုလည်း။ ဒဿာမိ၊ လှူရ ပေတော့အံ့။

ဇုတိ၊ ဤသို့။ ဧတံသော ပရိဝိတက္ကာ၊ သည်။ အဟောသိ၊ ၏။ ပ။ တာယစန္ဒနဂဏ္ဌိယာ၊ ဖြင့်။ ပတ္တံ၊ ကို။ လိခါပေတွာ၊ ပွတ်စေ၍။ သိက္ကာယ၊ ဆိုင်းနှဲ့။ ဥဍ္ဍိတွာ၊ ထည့်၍။ ဝေဠုဂ္ဂေ၊ ဝါးဖျားနှဲ့။ အာလဂ္ဂေတွာ၊ ဆွဲ၍။ ဝေဠုပရံပရာယ၊ ဝါးအဆက်ဆက်ဖြင့်။ ဗန္ဓိတွာ၊ ဘွဲ့ချည်၍။ ဧဝံ၊ ဤသို့။ အာဟ၊ ဆို၏။ ကိံ အာဟ၊ အဘယ်သို့ ဆိုသနည်း ဟူမူကား။ ယော သမဏော ဝါ၊ အကြင်ရဟန်းသည်လည်းကောင်း။ ယော ဗြာဟ္မဏော ဝါ၊ အကြင်ပုဏ္ဏားသည်လည်းကောင်း။ အရဟာ စေဝ၊ ရဟန္တာလည်းဖြစ်၏။ ဣဒ္ဓိမာ စ၊ တန်ခိုးလည်းရှိ၏။ တဿ၊ ထိုရဟန်း ပုဏ္ဏားအား။ ဒိန္နံယေဝ၊ လှူအပ်သည် သာလျှင်တည်း။ ပတ္တံ၊ ကို။ ဩတရတု၊ တန်ခိုးဖြင့်ချ၍ ဆောင်ယူစေသတည်း။ ဇုတိ၊ ဤသို့။ အာဟ၊ ၏။ ။ (ထိုကြောင့် သာရတ္ထဒီပနီဋီကာ၌ ဩတရတူတိ ဣဒ္ဓိယာ ဩတရေတွာ ဂဏှာတု–ဟူ၍ ဖွင့်ဆိုသည်)။ ။ အထခေါ၊ ၌။ ပူရဏော ကဿပေါ၊ ပူရဏကဿပသည်။ ပ။ ဂဟပတိ၊ သူကြွယ်။ အဟံဟိ အဟံဧဝ၊ ငါသည် သာလျှင်။ အရဟာ စေဝ၊ ရဟန္တာလည်း ဖြစ်၏။ ဣဒ္ဓိမာ စ၊ တန်ခိုး လည်းရှိ၏။ မေ၊ အား။ ပတ္တံ ကို။ ဒေဟိ၊ လှူပါလော့။ ဇုတိ၊ ဤသို့။ အဝေါစ၊ ၏။ ဘန္တေ၊ အရှင်ဘုရား။ သစေ၊ အကယ်၍။ အာယသ္မာ၊ အရှင်ဘုရားသည်။ အရဟာ စေဝ၊ ရဟန္တာလည်းဖြစ်အံ့။ ဣဒ္ဓိမာ စ၊ တန်ခိုးလည်း ရှိအံ့။ ဒိန္နံယေဝ၊ လှူအပ်သည်သာလျှင်တည်း။ ပတ္တံ၊ ကို။ ဩတရတု၊ တန်ခိုးဖြင့်ချ၍ ဆောင်ယူတော်မူလော့။ ဇုတိ၊ ဤသို့၊ အဝေါစ၊ ၏။ အထခေါ၊ ၌။ မက္ခလိဂေါသာလော၊ မက္ခလိဂေါသာလသည်။ အဇိတောကေသကမ္ဗလော၊ အဇိတကေသကမ္ဗလသည်။ ပကုဓော ကစ္စာယနော၊ ပကုဓကစ္စာယနသည်။ ဗေလဋ္ဌပုတ္တော၊ ဗေလဋ္ဌ၏ သားဖြစ်သော။ သဉ္စယော၊ သိဉ္စည်းသည်။ နာဋပုတ္တော၊ နာဋ၏ သားဖြစ်သော။ နိဂဏ္ဌော၊ နိဂဏ္ဌတက္ကတွန်းသည်။ ပ။ အာယသ္မာ မဟာမောဂ္ဂလ္လာနော၊ သည်။ ခေါ၊ စင်စစ်။ အရဟာ စေဝ၊ ရဟန္တာ လည်း ဖြစ်ပါ၏။ ဣဒ္ဓိမာ စ၊ လည်းရှိ၏။ အာဝုသော မောဂ္ဂလ္လာန၊ ငါ့ရှင်မောဂ္ဂလ္လာန်။ ဂစ္ဆ၊ သွားတည့်ပါချေ။ ဧတံ ပတ္တံ၊ ကို။ ဩတရ

တု၊ ဆောင်ယူ ပါချေ။ သော၊ ထိုသပိတ် သည်ကား။ တုယံ၊ ၏။ ပတ္တော၊တည်း။ ဣတိ၊ဤသို့။ အဝေါစ၊၏။ပ။ဝေဟာသံ၊ ကောင်းကင်သို့။ အဗ္ဘုဂ္ဂန္တွာ၊ ပျံတက်၍။ တံပတ္တံ၊ ကို။ ဂဟေတွာ၊ ၍။ တိက္ခတ္တုံ၊ သုံးကြိမ်။ဝါ၊ သုံးပတ်။ ရာဇဂဟံ၊ ကို။ အနုပရိယာယိ၊ လှည့်လည်လိုက်၏။

**အမှာ** ဤတွင် ငိုကာ၌ တိက္ခတ္တုံ ရာဇဂဟ အနုပရိယာယိ တိ တိက္ခတ္တုံ ရာဇဂဟံ အနုဂန္တွာ ပရိဗ္ဘမိ-ဟူ၍ ဖွင့်၏။ ပါဠိတော်တို့၌ကား အနုပရိဝတ္တေသိ ဟူ၍ အရှိများ၏။ အနက်ကား တူ၏။

။ပ။သေဋ္ဌိ၊ သည်။ သပုတ္တဒါရော၊ သားမယား နှင့် တကွ။ အဉ္ဇလိကော၊ လက်အုပ် ချီလျက်။ နမဿမာနော၊ ရှိခိုးလျက်။ ဘန္တေ၊ ဘုရား။ အယျော ဘာရဒ္ဒါဇော၊ သည်။ အမှာကံ၊ တို့၏။ ဃရေ ဝေနိဝေသနေ၊ ဤအိမ်၌သာလျှင်။ ပတိဋ္ဌာတု၊တည်တော်မူပါလော့။ ဣတိ၊ ဤသို့။ ဝတွာ၊၍။ သကေနိဝေသနေ၊ မိမိအိမ်၌။ ဋ္ဌိတော၊တည်သည်။ဟောတိ၊ဖြစ်၏။ပ။မဟာဇနသ၊ အဘိုးများစွာ ထိုက်သော။ ခါဒနီယဿ၊ဖြင့်။ ပူရေတွာ၊ ပြည့်စေ၍။ပ။အယျော ပိဏ္ဍောလ ဘာရဒ္ဒါဇေန၊ သည်။ ရာဇဂဟဿ သေဋ္ဌိဿ၊ ၏။ ပတ္တော၊ကို။ ဩဟာရိတောကိရ၊ ချအပ်သတတ်။ ဝါ၊ ချသတဲ့။ ဣတိ၊ ဤသို့။ အဿောသုံခေါ၊ တည်း။ တေစမနုဿာ၊ တို့သည် လည်း။ ဥစ္စာသဒ္ဒါ၊ မြင့်သော အသံရှိကုန်သည်ဖြစ်၍။မဟာသဒ္ဒါ၊ ကျယ်သော အသံရှိကုန်သည်ဖြစ်၍။ အာယသ္မန္တံ ပိဏ္ဍောလဘာရဒ္ဒါဇံ၊သို့။ပိဋ္ဌိတောပိဋ္ဌိတော၊နောက်မှနောက်မှ။အနုဗန္ဓိံသု၊အစဉ်တစိုက်လိုက်ကြကုန်၏။ဘဂဝါ၊သည်။ဥစ္စာသဒ္ဒံ၊မြင့်သောအသံကို။ မဟာသဒ္ဒံ၊ကျယ်သောအသံကို။အဿောသိခေါ၊ကြားတော်မူလေသလျှင်ကတည်း။ပ။အာနန္ဒ၊ အာနန္ဒာ။ သောဥစ္စာသဒ္ဒေါ၊ ထိုမြင့်သော အသံသည်။သောမဟာသဒ္ဒေါ၊ထိုကျယ်သော အသံသည်။ ကိံနုခေါ၊ ဘယ်နှယ်အသံနည်း။ ဣတိ၊ ဤသို့။အာမန္တေသိ၊၏။ပ။

ဘန္တေ၊ ဘုရား။ တေမနုဿာ၊ ထိုသည်။ ဥစ္စာသဒ္ဒါ၊ ၍။ အနုဗန္ဓာ၊
အစဉ်တစိုက် လိုက်ကြပါကုန်၏။ ဘဂဝါ၊ သော။ ဘန္တေ၊ ဘုရား။
သောဥစ္စာသဒ္ဒေါ၊ ထိုမြင့်သောအသံသည်။ သောမဟာသဒ္ဒေါ၊ ထို
ကျယ်သော အသံသည်။ ဧသော၊ ဤလူတို့ အစဉ်တစိုက် လိုက်ကြ
သော အသံပါတည်း။ ဣတိ၊ ဤသို့။ အဝေါစ၊ နားတော် လျှောက်
၏။ ပ။ ဆဝဿ၊ ယုတ်သော။ ဒါရုပတ္တဿ၊ သစ်သားသပိတ်၏။ ကာရ
ဏာ၊ အကြောင်းကြောင့်။ ဂိဟီနံ၊ တို့အား။ မနုဿဓမ္မာ၊ လူတို့၏
ကုသိုလ် ကမ္မပထတရား ဆယ်ပါးထက်။ ဥတ္တရိ၊ လွန်မြတ်သော။
ဣဒ္ဓိပါဋိဟာရိယံ၊ တန်ခိုးပြာဋိဟာကို။ ဒဿေဿတိ၊ ပြလေဘိ
သနည်း။ ဘာရဒွါဇ၊ ဇ။ မာတုဂါမော၊ သည်။ ဆဝဿ၊ ယုတ်သော။
မာသကရူပဿ၊ ပဲရုပ်၏။ ကာရဏာ၊ ကြောင့်။ ကောပိနံ၊ အရှက်
အင်္ဂါကြောင်ကို ဖျက်ဆီးတတ်သော မိမိအင်္ဂါဇာတ်ကို။ ဒဿေတိ
သေယျထာပိ၊ ပြလေဘိသကဲ့သို့။ ဧဝမေဝ၊ အတူလျှင်။ ပ။ ဘိက္ခဝေ၊
ရဟန်းတို့။ ဂိဟီနံ၊ တို့အား။ မနုဿဓမ္မာ၊ ထက်။ ဥတ္တရိ၊ သော။
ဣဒ္ဓိပါဋိဟာရိယံ၊ ကို။ နဒဿေတဗ္ဗံ၊ မပြအပ်။ ပ။ ဘိက္ခဝေ၊ တို့။
တံဒါရုပတ္တံ၊ ထို သစ်သား သပိတ်ကို။ ဘိန္ဒိတွာ၊ ဖျက်ဆီးကြကုန်
လော့။ သကလိကံ သကလိကံ၊ အစိပ်အစိပ်ကို။ ကတွာ၊ ၍။ ဘိက္ခူနံ၊
တို့အား။ အဉ္ဇနုပပိသနံ၊ မျက်စဉ်းကြိတ်စရာကို။ ဒေထ၊ ပေးကြ
ကုန်လော့။ ဘိက္ခဝေ၊ တို့။ ဒါရုပတ္တော၊ သစ်သားသပိတ်ကို။ နစ
ဓာရေတဗ္ဗော၊ မဆောင်အပ်။ ။ဥစ္စာဝစေ၊ ယုတ်ယုတ်မြတ်မြတ်
ကုန်သော။ ပတ္တေ၊ သပိတ်တို့ကို။ ဓာရေန္တိ၊ ဆောင်ကြကုန်၏။
သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော သပိတ်ကို။ ရူပိယမယံ၊ ငွေဖြင့်
ပြီးသော သပိတ်ကို။ ဓာရေန္တိ၊ ကုန်၏။ ပ။ ဘိက္ခဝေ၊ ရဟန်းတို့။
သောဝဏ္ဏမယော၊ ရွှေဖြင့်ပြီးသော။ ပတ္တော၊ ကို။ နဓာရေတဗ္ဗော၊
မဓာဆောင်အပ်။ ရူပိယမယော၊ ငွေဖြင့် ပြီးသော။ ပ။ မဏိမယော၊
ပတ္တမြားဖြင့် ပြီးသော။ ပ။ ဝေဠုရိယမယော၊ ကျောက်မျက်ရွဲဖြင့်
ပြီးသော။ ပ။ ဖလိကမယော၊ ဖလ်စစ်ဖြင့်ပြီးသော။ ပ။ ကံသမယော၊
ကြေးကြမ်းဖြူဖြင့် ပြီးသော။ ပ။ ကာစမယော၊ စဉ့်ဖြင့်ပြီးသော။ ပ။

တိပုမယော၊သလွဲဖြူဖြင့်ပြီးသော။ ဝါ၊ ခဲမဖြူဖြင့်ပြီးသော။ပ။သီသမယော၊သလွဲမည်းဖြင့်ပြီးသော။ ဝါ၊ခဲမပုတ်ဖြင့်ပြီးသော။ပ။ တမ္ဗလောဟမယော၊ကြေးနီဖြင့်ပြီးသော။ပတ္တော၊ကို။နခာရေတဗ္ဗော၊အပ်။ပ။ဘိက္ခဝေ၊တို့။ အယောပတ္တံ၊ သံသပိတ်ကိုလည်းကောင်း။ မတ္တိကပတ္တံ၊မြေသပိတ်ကိုလည်းကောင်း။ ဠတိ၊ဤသို့။ ဒွေပတ္တေ၊ နှစ်လုံးသောသပိတ်တို့ကို။ အနုဇာနာမိ၊ ၏။ပ။

၂၅၃။ ပတ္တမူလံ၊သပိတ်အရင်းသည်။ ဃံသိယတိ၊ ပွန်းခဲ့၏။ ။ပ။ဘိက္ခဝေ၊ရဟန်းတို့။ပတ္တမဏ္ဍလံ၊ သပိတ်၏အနှီးခြေအဝန်းကို။ အနုဇာနာမိ၊ ၏။ပ။ ဥစ္စာဝစာနိ၊ ယုတ်ယုတ်မြတ်မြတ်ကုန်သော။ ပတ္တမဏ္ဍလာနိ၊သပိတ်၏အနှီးခြေအဝန်းတို့ကို။ ဓာရေန္တိ၊ ကုန်၏။ သောဝဏ္ဏမယံ၊ ရွှေဖြင့် ပြီးသော သပိတ်၏ အနှီးခြေအဝန်းကိုလည်းကောင်း။ ရူပိယမယံ၊ ငွေဖြင့် ပြီးသော သပိတ်၏ အနှီးခြေအဝန်းကို လည်းကောင်း။ ဓာရေန္တိ၊ ကုန်၏။ပ။ ဥစ္စာဝစာနိ၊ ကုန်သော။ ပတ္တမဏ္ဍလာနိ၊ တို့ကို။နဓာရေတဗ္ဗာနိ၊မဆောင်အပ်ကုန်။ပ။ဘိက္ခဝေ၊ရဟန်းတို့။ တိပုမယံ၊သလွဲဖြူဖြင့်ပြီးသောသပိတ်ခြေအဝန်းကိုလည်းကောင်း။ သီသမယံ၊ သလွဲမည်းဖြင့်ပြီးသော သပိတ်၏ခြေအဝန်းကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ဒွေပတ္တမဏ္ဍလာနိ၊နှစ်ခုသော သပိတ်ခြေအဝန်းတို့ကို။ အနုဇာနာမိ၊ ၏။ဗဟလာနိ၊ထူကုန်သော။ ပတ္တမဏ္ဍလာနိ၊ သပိတ်ခြေအဝန်းတို့သည်။ နအစ္ဆုပိယန္တိ၊မထိနိုင်ကုန်။ပ။ဘိက္ခဝေ၊တို့။လိခိတုံ၊ပွတ်ခြင်းငှါ။ အနုဇာနာမိ၊၏။ ဝလီ၊ လှုပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ မကရဒန္တကံ၊ မကန်းသွားကို။ ဆိန္ဒိတုံ၊ ဖြတ်ခြင်းငှါ။ပ။ စိတြာနိ၊ ဆန်းကြယ်ကုန်သော။ ပတ္တမဏ္ဍလာနိ၊ တို့ကို။ ဓာရေန္တိ၊ ကုန်၏။ ရူပကာကိဏ္ဏာနိ၊ မိန်းမရုပ်စသော အရုပ်တို့ဖြင့် ပွမ်းကုန်သော သပိတ်ခြေအဝန်းတို့ကိုလည်းကောင်း။ ဘိတ္တိကမ္မကတာနိ၊ နံရံ အမှုဖြင့်ပြုအပ်ကုန်သော သပိတ်ခြေ အဝန်းတို့ကိုလည်းကောင်း။ ဓာရေန္တိ၊ကုန်၏။တာနိ၊ ထိုသပိတ်ခြေအဝန်းတို့ကို။ရထိကာယပိ၊ ခရီးလမ်းမ၌လည်း။ ဒဿေန္တာ၊ ပြကုန်လျက်။ အာဟိဏ္ဍန္တိ၊

လှည့်လည်ကြကုန်၏။ ပ။ ပကတိမဏ္ဍလံ၊ ပကတိခွေးသွားထုံသော
သပိတ်နှီးခံခြေအဝန်းကို။ အနုဇာနာမိ၊ ၏။ ပ။
၂၅၄။ သောဒကံ၊ ရေရှိသော။ ပတ္တံ၊ ကို။ ပဋိသာမေန္တိ၊ သိုမှီး
ကြကုန်၏။ ပတ္တော၊ သည်။ ဒုဿတိ၊ ပျက်စီးခဲ့၏။ ဝါ၊ သိုးခဲ့၏။ ပ။
သောဒကော၊ သော။ ပတ္တော၊ ကို။ နပဋိသာမေတဗ္ဗော၊ မသိုမှီး
အပ်။ ပ။ ဩတာပေတွာ၊ နေပူလှမ်း၍။ ပတ္တံ၊ ကို။ ပဋိသာမေတုံ၊
သိုမှီးခြင်းငှါ။ အနုဇာနာမိ၊ ၏။ ပ။ သဥဒကံ၊ သော။ ပတ္တံ၊ ကို။
ဩတာပေန္တိ၊ နေပူလှမ်းကြကုန်၏။ ပ။ ဒုဂ္ဂန္ဓော၊ မကောင်းသော
အနံ့ရှိသည်။ ဟောတိ၊ ၏။ ပ။ သဥဒကော၊ သော။ ပတ္တော၊ ကို။
နဩတာပေတဗ္ဗော၊ နေပူမလှမ်းအပ်။ ပ။ ဝေါဒကံ၊ ရေမရှိသည်ကို။
ကတွာ၊ ၍။ ဩတာပေတွာ၊ နေပူလှမ်း၍။ ပတ္တံ၊ ကို။ ပဋိသာမေတုံ၊
သိုမှီးခြင်းငှါ။ ပ။ ဥဏှေ၊ နေပူ၌။ ပတ္တံ၊ ကို။ နိဒဟန္တိ၊ ထားကြကုန်၏။
ဝါ၊ သိုမှီးကြကုန်၏။ ပတ္တဿ၊ ၏။ ဝဏ္ဏော၊ အဆင်းသည်။ ဒုဿတိ၊
ပျက်စီးခဲ့၏။ ပ။ ဥဏှေ၊ ၌။ ပတ္တော၊ ကို။ နနိဒဟိတဗ္ဗော၊ မထား
အပ်။ ပ။ မုဟုတ္တံ၊ တမုဟုတ်မျှ။ ဥဏှေ၊ ၌။ ဩတာပေတွာ၊ နေပူ
လှမ်း၍။ ပတ္တံ၊ ကို။ ပဋိသာမေတုံ၊ သိုမှီးခြင်းငှါ။ ပ။ သမ္ဗဟုလာ၊
များစွာကုန်သော။ ပတ္တာ၊ တို့ကို။ အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။
အနာဓာရာ၊ တည်ရာမရှိကုန်ဘဲ။ ဝါ၊ ခြေမရှိကုန်ဘဲ။ နိက္ခိတ္တာ၊
ထားအပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဝါတမဏ္ဍလိကာယ၊
လေပွေခတ်သဖြင့်။ အာဝဋ္ဋေတွာ၊ လိမ့်၍။ ပတ္တာ၊ တို့သည်။ ဘိဇ္ဇိံသု၊
ကွဲခဲ့ကုန်၏။ ပ။ ပတ္တာဓာရကံ၊ သပိတ်ခြေကို။ အနုဇာနာမိ၊ ၏။ ပ။
မိဍ္ဎန္တေ၊ အတွင်းနံရံ အကျည်စွန်း၌။ ပတ္တံ၊ ကို။ နိက္ခိပန္တိ၊ ထားကြ
ကုန်၏။ ပ။ ပရိပတိတွာ၊ လိမ့်ကျ၍။ ပတ္တော။ သည်။ ဘိဇ္ဇတိ၊ ကွဲခဲ့၏။
။ ပ။ မိဍ္ဎန္တေ၊ အတွင်းနံရံအကျည်စွန်း၌။ ပတ္တော၊ ကို။ နနိက္ခိပိတဗ္ဗော၊
မထားအပ်။ ပ။ ပရိဘဏ္ဍန္တေ၊ အပနံရံအကျည်စွန်း၌။ ပ။ ဆမာယံ၊
မြေ၌။ ပတ္တံ၊ ကို။ နိက္ကုဇ္ဇန္တိ၊ မှောက်ကြကုန်၏။ ဩဋ္ဌော၊ သပိတ်
နှုတ်ခမ်းသည်။ ဃံသိယတိ၊ ပွန်းခဲ့၏။ ပ။ တိဏသန္ထာရကံ၊ မြက်
အခင်းကို။ အနုဇာနာမိ၊ ၏။ ပ။ တိဏသန္ထာရကော၊ ကို။ ဥပစိကာ

ဟိ၊ခြတ္တိသည်။ ခဇ္ဇတိ၊ ခဲခဲ့၏။ပ။စောဠကံ၊ပုဆိုးအနှီးကို။ အနုဇာနာမိ၊၏။ပ။ပတ္တမာလကံ၊ သပိတ်စင်ကို။အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ပ။ပတ္တမာဠကော၊ သည်။ ပရိပတိတွာ၊ ပြို၍။ ပတ္တော၊သည်။ ဘိဇ္ဇတိ၊ကွဲခဲ့၏။ပ။ပတ္တကုဏ္ဍောလိကံ၊ သပိတ်ထားစရာအဝကျယ်သော အိုးကို။ အနုဇာနာမိ၊ ၏။ ပတ္တကုဏ္ဍောလိကာယ၊ ၌။ ပတ္တော။ သည်။ ဃံသိယတိ၊ ပွန်းခဲ့ပြန်၏။ပ။ ပတ္တထဝိကံ၊သပိတ်အိပ်ကို။ပ။အံသဝဒ္ဓကော၊ လွယ်သည်၊ ဝါ၊ အနွယ်သည်။ ဝါ၊ အတောင်သည်။နဟောတိ ရှိသည် မဖြစ်။ အံသဝဒ္ဓကံ၊ ကိုလည်းကောင်း။ ဗန္ဓနသုတ္တကံ၊ သပိတ်အိပ်နှင့် သပိတ်အတွဲကို ဖွဲ့စရာကြိုးကို လည်းကောင်း။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ပ။ ဘိတ္တိခိလေပိ၊နံရံတံသင်း၌လည်းကောင်း။နာဂဒန္တကေပိ၊သစ်ကောက်၌လည်းကောင်း။ ဝါ၊ ဆင်စွယ်၌လည်းကောင်း။ပတ္တံ၊ သပိတ်ကို။ လဂ္ဂန္တိ၊ ဆွဲကြကုန်၏။ ပရိပတိတွာ၊ ၍။ပ။ ပတ္တော၊ကို။ နလဂ္ဂေတဗ္ဗော၊မဆွဲအပ်။ပ။ မဉ္စေ၊ညောင်စောင်း၌။ ပတ္တံ၊ ကို။နိက္ခိပန္တိ၊ကုန်၏။ သတိသမ္မောသာ၊ သတိ မေ့လျော့သဖြင့်။ နိသီဒန္တာ၊ ထိုင်ကြကုန်သည်ရှိသော်။ ဩတ္ထရိတွာ၊ ဖိ၍။ ပတ္တံ၊ ကို။ ဘိန္ဒန္တိ၊ ကွဲစေကြကုန်၏။ပ။ မဉ္စေ၊၌။ ပတ္တော၊ကို။ နနိက္ခိပိတဗ္ဗော၊ မထားအပ်။ပ။ပီဌေ၊ အင်းပျဉ်၌။ပ။အင်္ကေ၊ရင်ခွင်၌။ ဝါ၊ တင်ထက်၌။ပ။ ဥဋ္ဌဟန္တိ၊ ထကြကုန်၏။ပ။ ဆတ္တေ၊ထီး၌။ပ။ ဝါတမဏ္ဍလိကာယ၊ လေပွေသည်။ ဆတ္တံ၊ ကို။ ဥက္ခိပိယတိ၊ လွှင့်အပ်၏။ပ။ ဆတ္တေ၊၌။ ပတ္တော၊ ကို။ နနိက္ခိပိတဗ္ဗော၊ မထားအပ်။ပ။

၂၅၅။ ပတ္တဟတ္ထာ၊သပိတ်လက်စွဲကုန်လျက်။ ကဝါဋံ၊တံခါးရွက်ကို။ ပဏာမေန္တိ၊ တွန်းကြကုန်၏။ ဝါ၊ ဖွင့်ကြကုန်၏။ကဝါဋော၊သည်။ အာဝဋ္ဋိတွာ၊ လည်၍။ ပတ္တော၊ သည်။ဘိဇ္ဇတိ၊ ကွဲခဲ့၏၊ပ။ပတ္တဟတ္ထေန၊ သပိတ်လက်စွဲသဖြင့်။ ကဝါဋံ၊ကို။နပဏာမေတဗ္ဗံ၊ မတွန်းအပ်။ ဝါ၊ မဖွင့်အပ်။ တုမ္ဗကဋာဟေ၊ ဗူးအိုး၌။ ။ (ဖက်ခွက် ပျပ် ဒေါင်းလန်းစသည်တို့၌လည်း။ ဗူးအိုးနှင့်အတူပင်

ကပ္ပိယ အကပ္ပိယ နှစ်ပါးကို ယထာရဟ မှတ်ယူလေ။ ထိုကြောင့် ဝိမတိဝိနောဒနီ ဋီကာ၌ ပဏ္ဏပုပ္ဖာဒီသုပိ ဧသေဝနယော-ဟူ၍ ဆိုတော်မူသည်။)။ ။ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရန္တိ၊ သွားကြကုန်၏။ပ။တိတ္ထိယာသေယျထာပိ၊ တိတ္ထိတို့ကဲ့သို့တကား။ပ။ ဃဋိကမ္ဗာဟော၊ အိုးအုံ၌။ပ။သဗ္ဗပံသုကူလိကော၊အလုံးစုံပံ့သကူဓုတင်ဆောက်တည်သောရဟန်းသည်။ ယောတိ၊၏။ သော၊ ထိုရဟန်းသည်။ဆဝသီသဿ၊ဦးခေါင်းခွံ၏။ပတ္တံ၊ကို။ဓာရေတိ၊ ဆောင်၏။ အညတရာ၊ တယောက်သော။ ဣတ္ထီ၊ သည်။ ပဿိတွာ၊ မြင်၍။ ဘီတာ၊ကြောက်သည်ဖြစ်၍။ ဝိဿရံ၊ ကျည်ကျည်လောင်လောင်သောအသံကို။ ဝါ၊ ဘောက်ပြန်သော အသံကို။ ဝါ၊ လန့်သောအသံကို။ အကာသိ၊ ပြု၏။ ကိံ အကာသိ၊ အဘယ်သို့ပြုသနည်းဟူမူကား။ မေ၊အား။ အဘုံ၊ ပျက်စီးခဲ့၏။ အယံ၊ ဤသူသည်။ဝတကေန္တေန၊ စင်စစ်သဖြင့်။ ပိသာစော၊ မြေဘုတ် ဘီလူးပါတည်း။ ဣတိ၊ဤသို့။အကာသိ၊၏။ပ။ ဆဝသီသဿ၊၏။ ပတ္တံ၊ကို။ဓာရေဿန္တိ၊ ဆောင်ကြကုန်ဘိသနည်း။ ပိသာစိလ္လိကာသေယျထာပိ၊ မြေဘုတ်ဘီလူးတို့ကဲ့သို့တကား။ သဗ္ဗပံသုကူလိကေန၊ အလုံးစုံပံ့သကူဓုတင်ဆောက်တည်သောရဟန်းသည်။ နဓာရိတဗ္ဗံ၊ မဖြစ်ရာ။ပ။စလကာနိပိ၊ စားဖတ်တို့ကို လည်းကောင်း။ အဋ္ဌိကာနိပိ၊ အရိုးတို့ကိုလည်းကောင်း။ ဥစ္ဆိဋ္ဌောဒကံပိ၊ လုပ်ဆေးရေကိုလည်းကောင်း။ ပတ္တေန၊ဖြင့်။ နီဟရန္တိ၊ ဆောင်ကြကုန်၏။ပ။သကျပုတ္တိယာ၊ သာကီဝင်မင်းသား ဘုရားသားတော် ဖြစ်ကုန်သော။ ဣမေ သမဏာ၊တို့သည်။ယသ္မိံယေဝ၊အကြင်သပိတ်၌သာလျှင်။ဘုဉ္ဇန္တိ၊ ကုန်၏။ သောဝ၊ ထိုသပိတ်သည်လျှင်။ နေသံ၊ ထိုရဟန်းတို့၏။ ပဋိဂ္ဂဟော၊ ပြွတ်တို့တည်း။ ဝါ၊ လက်ဆေးခံတည်း။ ဣတိ၊ ဤသို့။ ဥဇ္ဈာယန္တိ၊ ကုန်၏။ပ။ ဘိက္ခဝေ၊တို့။ စလကာနိဝါ၊စားဖတ်တို့ကိုလည်းကောင်း။အဋ္ဌိကာနိဝါ၊အရိုးတို့ကိုလည်းကောင်း။ဥစ္ဆိဋ္ဌောဒကံဝါ၊လုပ်ဆေးရေကိုလည်းကောင်း။ပတ္တေန၊ဖြင့်။ နနီဟရိတဗ္ဗံ၊ မဆောင်အပ်။ပ။ပဋိဂ္ဂဟံ၊ ပြွတ်ကို။ ဝါ၊လက်ဆေးခံကို။ပ။

၂၅၆။ ဟတ္ထေန၊ ဖြင့်။ ပိဋ္ဌိ၊ ငွေတွာ၊ ဆုတ်၍ ဆုတ်၍။ စီဝရံ၊
သင်္ကန်းကို။ သိဗ္ဗန္တိ၊ ချုပ်ကြကုန်၏။ စီဝရံ၊ သည်။ ဝိလောမိကံ၊
အနားမညီသည်။ ဟောတိ၊ ၏။ ပ။ သတ္ထကံ၊ သင်္ကန်းလှီးစရာ ထား
ငယ်ကိုလည်းကောင်း။ နမတကံ၊ သင်္ကန်းလှီးထားငယ်ရစ်စရာပုဆိုး
ကြမ်းကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ ပ။ သံဃဿ၊ အား။ ဒဏ္ဍ
သတ္ထကံ၊ အရိုးတပ်သော ထားငယ်သည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဝါ၊
ရသည်။ ဟောတိ၊ ဖြစ်၏။ ပ။ ဒဏ္ဍသတ္ထကံ၊ အရိုးတပ်သော ထား
ငယ်ကို။ အနုဇာနာမိ၊ ၏။ ပ။ ဥစ္စာဝစေ၊ ယုတ်ယုတ် မြတ်မြတ်
ကုန်သော။ သတ္ထကဒဏ္ဍေ၊ ထားငယ်ရိုးတို့ကို။ ဓာရေန္တိ၊ ဆောင်ကြ
ကုန်၏။ သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသော ထားငယ်ရိုး ကိုလည်း
ကောင်း။ ရူပိယမယံ၊ ငွေဖြင့်ပြီးသော ထားငယ်ရိုးကို လည်းကောင်း။
ဓာရေန္တိ၊ ကုန်၏။ ပ။ ဥစ္စာဝစာ၊ ကုန်သော။ သတ္ထကဒဏ္ဍာ၊ တို့ကို။
နဓာရေတဗ္ဗာ၊ မဆောင်အပ်ကုန်။ ပ။ အဋ္ဌိမယံ၊ အရိုးဖြင့်ပြီးသော
ထားငယ်ရိုးကိုလည်းကောင်း။ ဒန္တမယံ၊ ဆင်စွယ်ဖြင့် ပြီးသော
ထားငယ်ရိုးကို လည်းကောင်း။ ဝိသာဏမယံ၊ ဦးချိုဖြင့်ပြီးသော
ထားငယ်ရိုးကို လည်းကောင်း။ နဠမယံ၊ ကျူဖြင့် ပြီးသော ထား
ငယ်ရိုးကို လည်းကောင်း။ ဝေဠုမယံ၊ ဝါးဖြင့်ပြီးသော ထား
ငယ်ရိုးကို လည်းကောင်း။ ကဋ္ဌမယံ၊ သစ်သားဖြင့် ပြီးသော ထား
ငယ်ရိုးကို လည်းကောင်း။ ဇတုမယံ၊ ချိပ်ဖြင့် ပြီးသော ထား
ငယ်ရိုးကိုလည်းကောင်း။ ဖလမယံ၊ သစ်သီးဖြင့်ပြီးသော ထား
ငယ်ရိုးကိုလည်းကောင်း။ လောဟမယံ၊ ကြေး သံဖြင့် ပြီးသော
ထားငယ်ရိုးကို လည်းကောင်း။ သံခနာဘိမယံ၊ ခရုသင်းချက်ဖြင့်
ပြီးသော ထားငယ်ရိုးကိုလည်းကောင်း။ အနုဇာနာမိ၊ ခွင့်ပြုတော်
မူ၏။ ပ။ ကုက္ကုဋပတ္တေနပိ၊ ကြက်တောင်ဖြင့် လည်းကောင်း။
ဝေဠုပေသိကာယပိ၊ ဝါးခြမ်းဖြင့် လည်းကောင်း။ စီဝရံ၊ ကို။
သိဗ္ဗန္တိ၊ ချုပ်ကြကုန်၏။ စီဝရံ၊ သည်။ ဒုသိဗ္ဗိတံ၊ အချုပ်မကောင်း
သည်။ ဟောတိ၊ ဖြစ်၏။ သူစိံ၊ အပ်ကို။ အနုဇာနာမိ၊ ၏။ ပ။
သူစိယော၊ အပ်တို့သည်။ ကဏ္ဍကိတာယော၊ သံချေးတက်ကုန်

သည်။ဟောန္တိ၊ကုန်၏။ သူစိနာဠိကံ၊ အပ်ကျည်တောက်ကို။အနု
ဇာနာမိ၊၏။ သူစိနာဠိကာယပိ၊၌လည်း။ ကဏ္ဍကိတာ၊ သံချေး
တက်ပြန် ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ကိဏ္ဏေန၊တဆေးဖြင့်။
ပူရေတုံ၊ငှါ။ပ။ကိဏ္ဏေနပိ၊၌လည်း။ ကဏ္ဍကိတာ၊ ကုန်သည်။ပ။
သတ္တုယာ၊ နနွင်းနှင့်ရောသော မှုံ့မှုန့်ဖြင့်။ ပူရေတုံ၊ငှါ၊ပ။ သတ္တု
ယာပိ၊၌လည်း။ ကဏ္ဍကိတာ၊ကုန်သည်။ပ။ သရိတကံ၊ ကျောက်
မှုန့်ကို။ပ။သရိတကေပိ၊ ၌လည်း။ပ။မဓုသိတ္ထကေန၊ပျားဖယောင်း
ဖြင့်။ သာရေတုံ၊ လိမ်းကျံစိမ့်သောငှါ။ပ။ သရိတကံ၊ကျောက်မှုန့်
သည်။ ဘိဇ္ဇတိ၊ ပျက်စီးခဲ့၏။ သရိတကသိပါဋိကံ၊ ကျောက်မှုန့်
ထည့်စရာအိတ်ကို။ အနုဇာနာမိ၊၏။ပ။တတ္ထတတ္ထ၊ ထိုထိုအရပ်၌။
ခိလံ၊ တံသင်းကို။နိခဏိတွာ၊စိုက်၍။သမ္ဗန္ဓိတွာ၊ဖွဲ့ချည်၍။ စီဝရံ၊
ကို။သိဗ္ဗေန္တိ၊ချုပ်ကြကုန်၏။စီဝရံ၊သည်။ဝိကဏ္ဏံ၊အနားမညီသည်။
ဝါ၊ ထောင့်မညီသည်။ ဟောတိ၊ ဖြစ်၏။ပ။ ကထိနံ၊ ကားကို
လည်းကောင်း။ ဝါ၊ ကန်ရင်းပေါင်ကို လည်းကောင်း။ ကထိန
ရဇ္ဇုံ၊ ကားဖွဲ့ချည်စရာကြိုးကို လည်းကောင်း။ ဝါ၊ ကန်ရင်း
ပေါင်ဖွဲ့ချည်စရာကြိုးကိုလည်းကောင်း။ အနုဇာနာမိ၊ခွင့်ပြုတော်
မူ၏။ တတ္ထတတ္ထ၊၌။ ဩဗန္ဓိတွာ၊ ဖွဲ့၍။ ဝါ၊ကားကြက်၍။ စီဝရံ၊
ကို။သိဗ္ဗေတုံ၊ငှါ။ပ။ဝိသမေ၊ မညီမညွတ်သော အရပ်၌။ ကထိနံ၊
ကားကို။ပတ္ထရန္တိ၊ ဖြန့်ခင်းကြကုန်၏။ ကထိနံ၊ သည်။ ဘိဇ္ဇတိ၊
ပျက်စီးခဲ့၏။ပ။ဆမာယံ၊ မြေ၌။ ကထိနံ၊ကို။ ပတ္ထရန္တိ၊ ကုန်၏။
ကထိနံ၊ သည်။ ပံ့သုကိတံ၊ မြေမှုန့် အလိမ်းလိမ်း ကပ်သည်။
ဟောတိ၊ ဖြစ်၏။ပ။တိဏသန္ထာရကံ၊ မြက်အခင်းကို။ပ။ ကထိ
နဿ၊ ကား၏။ဝါ၊ ကား၌ဖွဲ့သောသင်္ကန်း၏။ အန္တော၊ အတွင်း
သည်။ဇီရတိ၊ ဆွေးခဲ့၏။ အနုဝါတံ၊ အလျားအနားပတ်ကိုလည်း
ကောင်း။ ပရိဘဏ္ဍံ၊ အနံ့အနားပတ်ကို လည်းကောင်း။ အာရော
ပေတုံ၊တင်စိမ့်သောငှါ။ပ။ကထိနံ၊သည်။နပ္ပဟောတိ၊မလောက်ခဲ့။
ဝါ၊မမှီခဲ့။ပ။ဒဏ္ဍကထိနံ၊ အတံအရိုးတပ်သောကားငယ်ကိုလည်း
ကောင်း။ ဝိဒလကံ၊ ထပ်လိပ်၍ ခေါက်စိမ့်သည်ကို လည်း

ကောင်း။ သလာကံ၊ ဝါးခြမ်းစိတ်ကိုလည်းကောင်း။ ဝိနန္ဓကရဇ္ဇုံ၊ ဘွဲ့ချည်စရာကြိုးကို လည်းကောင်း။ ဝိနန္ဓကသုတ္တံ၊ ဘွဲ့ချည်စရာချည်ကို လည်းကောင်း။ ဝိနန္ဓိတွာ၊ ဘွဲ့ချည်၍။ စီဝရံ၊ ကို။ သိဗ္ဗေတုံ၊ ချုပ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။ သုတ္တန္တရိကာယော၊ စနစ်ကြားတို့သည်။ ဝိသမာ၊ မညီညွတ်ကုန်သည်။ ဝါ၊ ကျဉ်းကျယ် ဖြစ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။ ကဠိမ္ဗကံ၊ ထန်းရွက်စသည်ဖြင့် စနစ်တိုင်းသောအမှုကို။ အနုဇာနာမိ၊ ၏။ပ။ သုတ္တာ၊ ချည်တို့သည်။ ဝါ၊ စနစ်ကြောင်းတို့သည်။ ဝင်္ကာ၊ ကောက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ မောဃသုတ္တကံ၊ နန္ဒင်းစသည်တို့ဖြင့် တမျဉ်းပစ်သော အမှုကို။ အနုဇာနာမိ၊ ၏။ပ။ အဓောတေဟိ၊ မဆေးကုန်သော။ ပါဒေဟိ၊ ခြေတို့ဖြင့်။ ကထိနံ၊ ကားကို။ အက္ကမန္တိ၊ နင်းကြကုန်၏။ ကထိနံ၊ သည်။ ဒုဿတိ၊ ပျက်စီး၏။ပ။ အလ္လေဟိ၊ စိုကုန်သော။ ပါဒေဟိ၊ တို့ဖြင့်။ပ။ သဥပါဟနာ၊ ဘိနပ်နှင့်တကွ။ ဝါ၊ ဘိနပ်စီးကုန်လျက်။ ကထိနံ၊ ကို။ပ။ စီဝရံ၊ ကို။ သိဗ္ဗန္တာ၊ ချုပ်ကုန်သည်ရှိသော်။ အင်္ဂုလိယာ၊ လက်ချောင်းဖြင့်။ ပဋိဂ္ဂဏှန္တိ၊ ခုကြကုန်၏။ ဝါ၊ ခံကြကုန်၏။ အင်္ဂုလိယော၊ တို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ ပဋိဂ္ဂဟံ၊ လက်ခုလက်ခံကို။ အနုဇာနာမိ၊ ၏။

၂၅၇။ ဥစ္စာဝစေ၊ ယုတ်ယုတ်မြတ်မြတ်ကုန်သော။ ပဋိဂ္ဂဟေ၊ လက်ခုလက်ခံတို့ကို။ ဓာရေန္တိ၊ ဆောင်ကြကုန်၏။ သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသောလက်ခုလက်ခံကိုလည်းကောင်း။ ရူပိယမယံ၊ ငွေဖြင့်ပြီးသော လက်ခုလက်ခံကိုလည်းကောင်း။ ဓာရေန္တိ၊ ကုန်၏။ပ။ အဋ္ဌိမယံ၊ အရိုးဖြင့်ပြီးသော လက်ခုလက်ခံကိုလည်းကောင်း။ပ။ သင်္ခနာဘိမယံ၊ ခရုသင်းချက်ဖြင့်ပြီးသော လက်ခုလက်ခံကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ပ။ သူစိယောပိ၊ အပ်တို့သည်လည်းကောင်း။ သတ္ထကာပိ၊ ထားငယ်တို့သည် လည်းကောင်း။ ပဋိဂ္ဂဟာပိ၊ လက်ခုလက်ခံတို့သည်လည်းကောင်း။ နဿန္တိ၊ ပျောက်ခဲ့

ကုန်၏။ပ။အာဝေသနံထပိကံ၊အပ်,ထားငယ်,လက်ခုံလက်ခံထည့်စရာအိတ်ကို။ အနုဇာနာမိ၊၏။

အမှာ ဤ၌ အာဝေသနဝိတ္ထကံဟု ပါဠိတော်၌ရှိ၏။ အဋ္ဌကထာ၌လည်း အာဝေသနဝိတ္ထကံ နာမ ယံကိဉ္စိ ပါတိစင်္ကောဋကာဒိဟု ရှိ၏။ သူစိသတ္ထကာနံ ပုဗ္ဗေ အာဝေသနထဝိကာယ အနုညာတတ္တာ အနုဇာနာမိ ဘိက္ခဝေ ဘေသဇ္ဇထဝိကန္တိ ဝုတ္တံ-ဟု ဝဇီရဗုဒ္ဓိဋီကာ၌ ဆိုသောကြောင့် အိတ်ဟောထဝိကာသဒ္ဒါနှင့်အာဝေသနထဝိကံဟူ၍သာ မှတ်ယူအပ်သည်။ဥပလက္ခဏနည်းအားဖြင့် ထဝိကသဒ္ဒါကို ဟောတော်မူသတည်းဟု သိစေတော်မူလိုသောကြောင့်သာ အဋ္ဌကထာဆရာသည် ပါတိစင်္ကောဋကာဒိဟု ဖွင့်သည်ယူ။

အာဝေသနထဝိကေ၊ ၌။ ဩမာကုလာ၊ နှောက်ရှက်ကုန်သည်။ဟောန္တိ၊ကုန်၏။ပ။ပဋိဂ္ဂဟထဝိကံ၊လက်ခုံလက်ခံထည့်စရာအိတ်ကို။ အနုဇာနာမိ၊၏။ပ။ အဇ္ဈောကာသေ၊လွင်တီးခေါင်၌။ စီဝရံ၊ ကို၊ သိဗ္ဗန္တာ၊ ကုန်သည်ရှိသော်။ သီတေနပိ၊ အချမ်းဖြင့်လည်းကောင်း။ ဥဏှေနပိ၊ အပူဖြင့်လည်းကောင်း။ ကိလမန္တိ၊ ပင်ပန်းခဲ့ကုန်၏။ပ။ ကထိနသာလံ၊ကားထားစရာ ဇရပ်ကိုလည်းကောင်း။ ကထိနမဏ္ဍပံ၊ကားထားစရာမဏ္ဍပ်ကိုလည်းကောင်း။

။ပ။ကထိနသာလာ၊သည်။နီစဝတ္ထုကာ၊နိမ့်သောအကျည်ရှိသည်။ဟောတိ၊ဖြစ်၏။ ဥဒကေန၊သည်။ ဩတ္ထရိယျတိ၊ လွှမ်းမိုးအပ်၏။ ။ပ။ဥစ္စဝတ္ထုကံ၊မြင့်သောအကျည်ကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ပ။ စယော၊အကျည်သည်။ ပရိပတတိ၊ပြိုပြန်ခဲ့၏။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ဣဋ္ဌကာစယံ၊အုတ်စီခြင်းကိုလည်းကောင်း။ သိလာစယံ၊ကျောက်စီခြင်းကို လည်းကောင်း။ ဒါရုစယံ၊ သစ်သားစီခြင်းကိုလည်းကောင်း။ ဣတိ၊ဤသို့။ တယော စယေ၊ သုံးပါးသော စီခြင်းတို့ကို။ စိနိတုံ၊ စီစီမှုသောငှါ။ အနုဇာနာမိ၊ ၏။ အာရောဟန္တာ၊ တက်ကုန်သော ရဟန်းတို့သည်။ ဝိဟညန္တိ၊ ပင်ပန်းခဲ့ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဋ္ဌကာသောပါဏံ၊ အုတ်စောင်းတန်းကို

လည်းကောင်း။ သိလာသောပါဏံ၊ ကျောက်စောင်းတန်းကို
လည်းကောင်း။ ဒါရုသောပါဏံ၊ သစ်သားစောင်းတန်းကိုလည်း
ကောင်း။ ဇုတိ၊ ဤသို့။ တယောပါသာဏော၊ သုံးပါးသော
စောင်းတန်းတို့ကို။ အနုဇာနာမိ၊ ၏။ အာရောဟန္တာ၊ တို့သည်။
ပရိပတန္တိ၊ ကျပြန်ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ အာလမ္ဗဏဗာဟံ၊
ဆွဲစရာလက်ကသုံးကို။ အနုဇာနာမိ၊ ၏။ ပ။ ကထိနသာလာယ၊
ကားထားစရာဇရပ်၌။ တိဏစုဏ္ဏံ၊ မြက်မှုန့်သည်။ ပရိပတတိ၊
ကျပြန်ခဲ့၏။ ပ။ ဩဂုမ္ဗေတွာ၊ သုင်၍။ ဝါ၊ ခါ၍။ ဥလ္လိတ္တာဝလိတ္တံ၊
အတွင်းအပ လိမ်းကျံခြင်းကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။
သေတဝဏ္ဏံ၊ ဖြူသော အဆင်းကို လည်းကောင်း။ ကာဠဝဏ္ဏံ၊
မည်းသော အဆင်းကို လည်းကောင်း။ ဂေရုကပရိကမ္မံ၊ မြေ
သဘော်ဖြင့် အပြေအပြစ်ပြုသော အမှုကိုလည်းကောင်း။ မာလာ
ကမ္မံ၊ ခြူးပန်းကို လည်းကောင်း။ လတာကမ္မံ၊ နွယ်ပန်းကို
လည်းကောင်း။ ဝါ၊ ခြူးနွယ်ကိုလည်းကောင်း။ မကရ ဒန္တကံ၊
မကန်းသွား ထုစိမ့်သည်ကို လည်းကောင်း။ ဝါ၊ ခွေးသွားထုစိမ့်
သည်ကိုလည်းကောင်း။ပဉ္စပဋိကံ၊သက်တင်ရေးကိုလည်းကောင်း။
စီဝရဝံသံ၊ သင်္ကန်းတန်းဝါး ကြိမ်ကိုလည်းကောင်း။ စီဝရရဇ္ဇုကံ၊
သင်္ကန်းလှမ်းစရာကြိုးကိုလည်းကောင်း။ အနုဇာနာမိ၊၏။ပ။စီဝရံ၊
ကို။ သိဗ္ဗေတွာ၊ ချုပ်၍။ တတ္ထေဝ၊ ထိုချုပ်ရာ အရပ်၌သာလျှင်။
ကထိနံ၊ ကို။ ဥဇ္ဈိတွာ၊ စွန့်၍။ ပက္ကမန္တိ၊ ဖဲသွားကြကုန်၏။ ဥန္ဒူရေ
ဟိပိ၊ ကြွက်တို့သည် လည်းကောင်း။ ဥပစိကာဟိပိ၊ ခြတို့သည်
လည်းကောင်း။ ခဇ္ဇတိ၊ ခဲအပ်၏။ ပ။ ကထိနံ၊ ကို။ သံဃရိတုံ၊
ခေါက်လိပ်စိမ့်သောငှါ။ အနုဇာနာမိ၊၏။ ပ။ ကထိနံ၊ သည်။ ပရိ
ဘိဇ္ဇတိ၊ ပျက်စီးခဲ့၏။ ဂေါဃံသိကာယ၊ ဝါးလုံးလှံတံကို အတွင်း၌
ထား၍လိပ်သဖြင့်။ ကထိနံ၊ ကို။ သံဃရိတုံ၊ ခေါက်လိပ်စိမ့်သောငှါ။
။ပ။ကထိနံ၊သည်။ဝိဝေဌိယတိ၊ပြည်ပြန်ခဲ့ပြန်၏။ပ။ဗန္ဓနရဇ္ဇုံ၊ဘွဲ့စရာ
ကြိုးကို။အနုဇာနာမိ၊ ၏။ပ။ကုဋ္ဋေပိ၊နံရံ၌လည်းကောင်း။ထမ္ဘေပိ၊
တိုင်၌လည်းကောင်း။ ကထိနံ၊ ကို။ ဥဿာပေတွာ၊ ထောင်၍။

ပက္ကမန္တိ၊ ကုန်၏။ ပရိပတိတွာ၊ လည်း၍။ ကထိနံ၊ သည်။ ဘိဇ္ဇတိ၊ ၏။ ပ။ ဘိက္ခုဒိလေဝ ါ၊ နံရံတံသင်း၌လည်းကောင်း။ နာဂဒန္တေဝ ါ၊ ဆင်စွယ်၌ လည်းကောင်း။ ဝ ါ၊ သစ်ကောက်၌ လည်းကောင်း။ လဂ္ဂေတုံ၊ ဆွဲစိမ့်သောငှ ါ။ အနုဇာနာမိ၊ ၏။ ပ။

၂၅၈။ သူစိကမ္မံ၊ အပ်ကိုလည်းကောင်း။ သတ္တကံပိ၊ ထားငယ်ကိုလည်းကောင်း။ ဘေသဇ္ဇံပိ၊ ဆေးကိုလည်းတောင်း။ ပတ္တေန၊ သပိတ်ဖြင့်။ အာဒါယ၊ ယူ၍။ ဂစ္ဆန္တိ၊ ကုန်၏။ ပ။ ဘေသဇ္ဇထဝိကံ၊ ဆေးထည့်စရာအိတ်ကို။ အနုဇာနာမိ၊ ၏။ ပ။ ဥပါဟနာယော၊ ဘိနပ်တို့ကို။ ကာယဗန္ဓနေန၊ ခါးပန်းဖြင့်။ ဗန္ဓိတွာ၊ ဖွဲ့၍။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှ ါ။ ပါဝိသိ၊ ၏။ အညတရော၊ သော။ ဥပါသကော၊ ဒါယကာသည်။ တံဘိက္ခုံ၊ ကို။ အဘိဝါဒေန္တော၊ ရှိခိုးသည်ရှိသော်။ ဥပါဟနာယော၊ တို့ကို။ သီသေန၊ ဦးခေါင်းဖြင့်။ ဃဋ္ဋေတိ၊ ထိပါး၏။ သော ဘိက္ခု၊ သည်။ မင်္ကု၊ မျက်နှာ မသာယာသည်။ ဝ ါ၊ မျက်မှောင် တကြုတ်ကြုတ်သည်။ အဟောသိ၊ ၏။ ပ။ ဥပါဟန ထဝိကံ၊ ဘိနပ်ထည့်စရာအိတ်ကို။ အနုဇာနာမိ၊ ၏။ ပ။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ ဥဒကံ၊ သည်။ အကပ္ပိယံ၊ မအပ်သည်။ ဟောတိ၊ ၏။ ပရိဿာဝနံ၊ ရေစစ်သည်။ နှ ဟောတိ၊ မဖြစ်။ ဝ ါ။ မပါ။ ပ။ ပရိဿာဝနံ၊ ကို။ အနုဇာနာမိ၊ ၏။ ပ။ စောဠကံ၊ ပုဆိုးကြမ်းသည်။ နပ္ပ ဟောတိ၊ မလောက်ခဲ့။ ပ။ ကဋစ္ဆုပရိဿာဝနံ၊ လှံတံသုံး ချ၍ထိုး၍ ပြုအပ်သော ရေစစ်ကို။ ပ။ ဓမ္မကရဏံ၊ ဓမ္မကရိဏ်းရေစစ်ကို။ အနု ဇာနာမိ၊ ၏။ ပ။

၂၅၉။ ဒွေဘိက္ခူ၊ တို့သည်။ ကောသလေသု၊ ကောသလတိုင်း ဖြစ်ကုန်သော။ ဇနပဒေ၊ ဇနပုဒ်၌။ ။(ဤ၌ ဇနပုဒ် ဟောသဒ္ဒါ ဖြစ်သောကြောင့် ဝိသေသျသို့မလိုက်ဘဲ ဗဟုဝုစ်နေလေသည်)။ ။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နာ၊ အဓွန့်ရှည်သော ခရီးသို့ သွားကြကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဧကော၊ သော။ ဘိက္ခု၊ သည်။ အနာစာရံ၊ မကျင့်အပ်သောအကျင့်ကို။ အာစရတိ၊ ၏။ ဒုတိယော၊ အဘော် ဖြစ်သော။ ဘိက္ခု၊ ရဟန်းသည်။ တံဘိက္ခုံ၊ ထိုမကျင့်အပ်သော

အကျင့်ကို ကျင့်သော ရဟန်းကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံ အဝေါစ၊ မှုကား။ အာဝုသော၊ ရှင်။ ဝေရူပံ၊ ဤသို့ သဘော ရှိသော အမှုကို။ မာအကာသိ၊ မပြုပါလင့်။ တံ၊ ဤသင်ပြုသော အမှုသည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။ အဝေါစ၊ ၏။ သော၊ ထိုပြုသော ရဟန်းသည်။ တသ္မိံ၊ ထိုအဘော်ဖြစ်သော ရဟန်း၌။ ဥပနန္ဓိ၊ ရန်ငြိုး ဖွဲ့၏။ အထခေါ၊ ၌။ သောဘိက္ခု၊ ထို အဘော် ဖြစ်သော ရဟန်းသည်။ ပိပါသာယ၊ ရေသိပ်ခြင်းသည်။ ဝါ၊ ရေငတ်ခြင်းသည်။ ပီဠိတော၊ နှိပ်စက်အပ်သည် ဖြစ်၍။ ဥပနန္ဓိံ၊ ရန်ငြိုးဖွဲ့သော။ ဘိက္ခုံ၊ ကို။ ဧတံဝစနံ၊ ကို။ အဝေါစ၊ ၏။ ကိံ အဝေါစ၊ မှုကား။ အာဝုသော၊ ရှင်။ မေ၊ အား။ ပရိဿာဝနံ၊ ရေစစ်ကို။ ဒေဟိ၊ ပေးပါလော့။ ပါနီယံ၊ ရေကို။ ပိဝိဿာမိ၊ သောက်ပါအံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ ဥပနဒ္ဓော၊ ရန်ငြိုး ဖွဲ့သော။ ဘိက္ခု၊ သည်။ နအဒါသိ၊ မပေး။ သောဘိက္ခု၊ ထို အဘော် ဖြစ်သော ရဟန်းသည်။ ပီဠိတော၊ ၍။ ကာလံ၊ သေခြင်းကို။ အကာသိ၊ ပြုလေ၏။

အမှာ ဤရေစစ်တောင်းသော ပရိဿာဝန ယာစနဝတ္ထု၌ ရန်ငြိုးဖွဲ့သော ရဟန်းသည် အလဇ္ဇီပင် ဖြစ်သော်လည်း မူလစ္ဆေဇ္ဇ ထာဝရ သကသန္တကအားဖြင့် ထိုလဇ္ဇီရဟန်း၏ ရေစစ်ကို မတောင်း မယူ၊ ဇင်္ဂမ တာဝကာလိက တခဏ အခိုက် အတန့် အားဖြင့် ထိုအလဇ္ဇီ ရဟန်း၏ ရေစစ်ကို တောင်းယူသော ကြောင့် ထိုတောင်းယူသော အဘော် လဇ္ဇီရဟန်းအားလည်း ဓမ္မိယ ရေစစ် ဖြစ်ခဲ့သော် အပ်သည်။ အဓမ္မိယရေစစ်ဖြစ်မူကား အချင်း ခပ်သိမ်း မအပ်။ ထိုကြောင့် ဝဇီရဗုဒ္ဓိဋီကာ၌- သစေပိ ဥပနဒ္ဓော ဘိက္ခု အလဇ္ဇီ တထာပိ သန္တကမေတံ အမူလစ္ဆေဒကတ ဘိက္ခုနော လဇ္ဇီနောပိ သမာနဿ ကပ္ပတီတိ ယုဇ္ဇတိ-ဟူ၍ လည်းကောင်း- အညတရံ အာသနံ ဂဟေတွာ နိသီဒီတိ ဝစနတော ဝိသဘာဂ ဋ္ဌာနံ ဂတဿ ပေသလဿပိ ဘိက္ခုနော တေသံ အာသနေ နိသီဒိတုံ ဝဋ္ဋတီတိ သိဒ္ဓံ-ဟူ၍ လည်းကောင်း ဆိုတော်မူသည်။ ဘိက္ခု ဝိဘင်း အကတာနုဓမ္မ သိက္ခာပုဒ် စသည် တို့၌လည်း

မူလန္တေ့ဝ ထာဝရဲ့ သကာသန္တကာ အဖြစ်ကို ပြလျက်–အာမိသပရိ ဘောဂေါနာမ် အာမိသံ ဒေတိဝါ ပဋိဂ္ဂဏှာတိဝါ အာပတ္တိ ပါစိတ္တိယဿ–ဟု ဒေတိပဋိဂ္ဂဏှာတိသဒ္ဒါဖြင့်ဟောတော်မူသည်။ ဘိက္ခုပါဘင်း ဇာတရူပ ရဇတ သိက္ခာပုဒ် အဋ္ဌကထာ၌လည်း မူလန္တေ့ဝ ထာဝရ သကာသန္တကာ အဖြစ်ကိုပင် ပြတော်မူလိုသည် ဖြစ်၍–ပုဂ္ဂလော် အလဇ္ဇီ ပိဏ္ဍပါတော့ ခမ္မိယော ပုဂ္ဂလံ ဇိဂုစ္ဆိတွာ ပိဏ္ဍပါတော နုဂဟေတဗ္ဗော–ဟူ၍ လည်းကောင်း–ပုဂ္ဂလောလဇ္ဇီ ပိဏ္ဍပါတော အခမ္မိယော ပိဏ္ဍပါတော ဇေဂုစ္ဆော နုဂဟေ တဗ္ဗော–ဟူ၍ လည်းကောင်း မိန့်ဆိုတော်မူသည်။

* ။ပ။အာဝုသော၊ငါ့ရှင်။တွံ၊သင်သည်။ပရိဿာဝနံ၊ကို။ယာစိ ယမာနော၊ တောင်းအပ်ပါလျက်။ နအဒါသိကိံ ပန၊မပေးလေဘိ သလော။ ဣတိ၊ဤသို့။ ပုစ္ဆိ သု၊ကုန်၏။ အာဝုသော၊တို့။ဇော်၊ဤသို့ မပေးသည် မှန်ပေ၏။ ဣတိ၊ ဤသို့။ အဝေါစ၊၏။ပ။ ဘိက္ခဝေ၊တို့။ အဒ္ဓါနမဂ္ဂပ္ပဋိပန္နေန၊အမွန့်ရှည်သောခရီးသို့သွားသော။ပရိဿာဝ နံ၊ရေစစ်ကို။ယာစိယမာနေန၊တောင်းအပ်သော၊ဘိက္ခုနာ၊သည်။ နဒါတဗ္ဗံ၊မပေးအပ်သည်ကား။န၊မဟုတ်။ပ။အပရိဿာဝနကေန၊ ရေစစ်မပါသော ရဟန်းသည်။အဒ္ဓါနော၊အခွန့်ရှည်သောခရီးသို့။ နပဋိပဇ္ဇိတဗ္ဗော၊ သွားလည်း မသွားအပ်။ပ။ ပရိဿာဝနံဝါ၊ ရေစစ် သည်လည်းကောင်း။ ဓမ္မကရဏောဝါ၊ ဓမ္မကရိုဏ်းသည် လည်းကောင်း။ သစေနဟောတိ၊ အကယ်၍ ရှိသည် မဖြစ်ခဲ့အံ့။ ဝါ၊ အကယ်၍ မပါခဲ့ပါအံ့။ သံဃာဋိကဏ္ဍောပိ၊ သင်္ကန်းစွန်းကို လည်း။ ဝါ၊ ဒုကုဋ်စွန်းကိုလည်း။ ဣမိနာ၊ ဤဒုကုဋ်စွန်းဖြင့်။ ပရိ ဿာဝေတွာ၊ စစ်၍။ ပိဝိဿာမိ၊ သောက်ပါအံ့။ ဣတိ၊ ဤသို့။ အဓိဋ္ဌာတဗ္ဗော၊ ဆောက်တည်အပ်၏။ပ။ ဘိက္ခူ၊ ရဟန်းတို့သည်။ နဝကမ္မံ၊ အမှုသစ်ကို။ကရောန္တိ၊ပြုကြကုန်၏။ ပရိဿာဝနံ၊ရေစစ် သည်။ နသမ္ဘတိ၊မလောက်နိုင်။ ဝါ၊မစွေနိုင်။ပ။ ဒဏ္ဍပရိဿာဝနံ၊ လှံတံ လေးချောင်း စိုက်၍ ကြက်၍ပြုအပ်သော ရေစစ်ကို။ အနုဇာ နာမိ၊ ၏။ ပ။ ဩတ္ထရကံ၊ နှစ်၍ စစ်အပ်သော ရေစစ်ကို။ အနုဇာ

နာမိ၊၏။ပ။ မကသေဟိ၊ မှက်ခြင်တို့သည်။ ဥဗ္ဗာဠ္ဟာ၊ နှိပ်စက်အပ်ကုန်သည်။ဟောန္တိ၊ ဖြစ်ကုန်၏။ပ။ မကသကုဋိကံ၊ ခြင်ထောင်ကို။ အနုဇာနာမိ၊ ၏။ပ။

၂၆၀။ ဝေသာလိယံ၊ ၌။ ပဏီတာနံ၊ မွန်မြတ်ကုန်သော။ ဘတ္တာနံ၊ဆွမ်းတို့၏။ဘတ္တပဋိပါဋိ၊ ဆွမ်းကျွေးသောအစဉ်သည်။ အဋ္ဌိတာ၊ မတည်သည်။ဝါ၊ မတန့်သည်။ ဝါ၊ မပြတ်သည်။ ဟောတိ၊ ဖြစ်၏။

**အမှာ** ဤ၌ အဋ္ဌိတာ-ဟု များစွာ ပေတ်၌ရှိ၏။ အဋ္ဌိတာ ဟူ၍သာ ပါဌ်ဟောင်း ဖြစ်သည်။ ထိုကြောင့် သာရတ္ထ ဒီပနီ ဋီကာ ပရိပရဘောဇနေ သိက္ခာပုဒ်၌ကုလာပဋိပါဋိယာ အဓိဝါသိန္တိ ကတွာ နိရန္တရံ ဒိယျမာနတ္တာ ဘတ္တပဋိပါဋိ အဋ္ဌိတာ ဟောတိတိ ပါဠိယံ ဝုတ္တံ၊အန္တရာ အဌတွာ နိရန္တရံဝ ပဝတ္တတိ ဝုတ္တံ ဟောတိ-ဟူ၍ ဆိုတော်မူသည်။

* ဘိက္ခူ၊ ရဟန်းတို့သည်။ ပဏီတာနိ၊ မွန်မြတ်ကုန်သော။ ဘောဇနာနိ၊ဘောဇဉ်တို့ကို။ဘုဉ္ဇိတွာ၊စား၍။အဘိသန္နကာယာ၊ သလိပ်သည်းခြေ ပြောသောကိုယ်ရှိ၍။ ဗဟွာဗာဓာ၊ များသော အနာရှိကြကုန်သည်။ဟောန္တိ၊ ကုန်၏။ အထခေါ၊ ၌။ ကောမာရဘစ္စော၊ အဘယ မင်းသားသည် မွေးမြူအပ်သော။ ဇီဝကော၊ ဇီဝကသည်။ဝေသာလိံ၊သို့။ ကေနစိဒေဝကရဏီယေန၊တစုံတခု ပြုဘွယ် ကိစ္စဖြင့်သာလျှင်။ အဂမာသိ၊ ၏။ ကောမာရဘစ္စော၊ သော။ ဇီဝကော၊ ဇီဝကသည်။ အဘိသန္နကာယေ၊ သလိပ်သည်းခြေပြောသော ကိုယ်ရှိကုန်သော။ ဗဟွာဗာဓေ၊ များသော အနာရှိကုန်သော။ ဘိက္ခူ၊ တို့ကို။ အဒ္ဒသခေါ၊ မြင်လေသလျှင် ကတည်း။ ဒိသွာန၊ ၍။ပ။ ဘန္တေ၊ဘုရား။ထေရပိ၊ ယခုအခါ၌။ ဘိက္ခူ၊တို့သည်။အဘိသန္နကာယာ၊ ပြောသောကိုယ်ရှိကြကုန်၏။ ဗဟွာဗာဓာ၊ ကုန်၏။ ဘန္တေ၊ ဘုရား။ သာဓု၊ ကောင်းပန်ပါ၏။ ဘဂဝါ၊ သည်။ ဘိက္ခူနံ၊ တို့အား။ စင်္ကမဉ္စ၊ စင်္ကြံသွားခြင်းကို လည်းကောင်း။ ဇန္တာဃရဉ္စ၊ ဇရုံးအိမ်ကို လည်းကောင်း။ ဝါ။

မိုးလုံ့စရာအိမ်ကိုလည်းကောင်း။အနုဇာနာတု၊ လော့။ ဝေံ၊ဤသို့
ခွင့်ပြုသည်ရှိသော်။ ဘိက္ခူ၊ တို့သည်။ အပ္ပါဗာဓာ၊ နည်းသော
အနာရှိကြကုန်သည်။ဘဝိဿန္တိ၊ကုန်လတ့်။ပ။ဘိက္ခဝေ၊ရဟန်းတို့။
စင်္ကမဋ္ဌ၊စင်္ကြံသွားခြင်းကိုလည်းကောင်း။ဇန္တာဃရဋ္ဌ၊ဇရုံးအိမ်ကို
လည်းကောင်း ။ဝါ၊မိုးလုံ့စရာအိမ်ကိုလည်းကောင်း။အနုဇာနာမိ၊
၏။ပ။ဘိက္ခူ၊တို့သည်။ဝိသမေ၊မညီမညွတ်သော။ စင်္ကမေ၊စင်္ကြံ၌။
စင်္ကမန္တိ၊ စင်္ကြံသွားကြကုန်၏။ ပါဒါ၊ခြေတို့သည်။ ဒုက္ခာ၊ ဆင်းရဲ
ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ပ။ သမံ၊ အညီအညွတ်။ ကာတုံ၊
ငှါ။ပ။စင်္ကမော၊သည်။ နီစဝတ္ထုကော၊ နိမ့်သောအကျည်ရှိသည်။
ဟောတိ၊ဖြစ်၏။ဥဒကေန၊ရေသည်။ဩတ္ထရိယျတိ၊လွှမ်းမိုးအပ်၏။
။ပ။ဥစ္စဝတ္ထုကံ၊ မြင့်သောအကျည်ကို။ ကာတုံ၊ငှါ။ အနုဇာနာမိ၊
ခွင့်ပြုတော်မူ၏။ပ။ ဘိက္ခူ၊တို့သည်။ စင်္ကမန္တာ၊ စင်္ကြံသွားကြကုန်
သည်ရှိသော်။ ပရိပတန္တိ၊ ကျခဲ့ကုန်၏။ပ။ စင်္ကမနဝေဒိကံ၊ စင်္ကြံ
ကာရံစရာပွတ်တိုင်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ပ။ ဇန္တာဃ
ရဿ၊ အိမ်အား။ ကဝါဋံ၊ တံခါးရွက်သည်။ နဟောတိ၊ ရှိသည်
မဖြစ်။ ဘိက္ခဝေ၊ရဟန်းတို့။ကဝါဋံ၊တံခါးရွက်ကို လည်းကောင်း။
ပိဋ္ဌသံဃာတံ၊ တံခါးပေါင်ကိုလည်းကောင်း။ ဝါ၊ တံခါးရွက်
မင်းတုံးပိတ်ကို လည်းကောင်း။ ဥဒုက္ခလိကံ၊ ဆုံယင်ကိုလည်း
ကောင်း။ဝါ၊အောက်ပရစ်တွင်းကိုလည်းကောင်း။ဥတ္တရပါသကံ၊
အထက် လက်ကောက်ကွင်းကိုလည်းကောင်း။ အဂ္ဂဠဝဋ္ဋိကံ၊မင်း
တုံးတပ်စရာတိုင်ကို လည်းကောင်း။ ကပိသီသကံ၊သံကွင်းမြောက်
လက်ကိုလည်းကောင်း။သူစိကံ၊ကျည်ယင်ကိုလည်းကောင်း။ ဝါ၊
မင်းတုံးကိုလည်းကောင်း။ ဃဋိကံ၊ ကျည်မကို လည်းကောင်း။
တာဠစ္ဆိဒ္ဒံ၊ သံကောက်ပေါက်ကို လည်းကောင်း။ အာဝိဉ္ဆနစ္ဆိဒ္ဒံ၊
ငင်စရာအပေါက်ကိုလည်းကောင်း။အာဝိဉ္ဆနရဇ္ဇုံ၊ ငင်စရာကြိုးကို
လည်းကောင်း။အနုဇာနာမိ၊၏။ပ။ဇန္တာဃရဿ၊၏။ ကုဋ္ဋပါဒေါ၊
နံရံခြေသည်။ ဇီရတိ၊ ဆွေးမြေ့ပြန်ခဲ့၏။ပ။ မဏ္ဍလိကံ၊ဝန်းသော
ငယ်သောအကျည်ကို။ ကာတုံ၊ ငှါ။ပ။ ဇန္တာဃရဿ၊ အား။မှုမ

နေဝွတ္တံ၊ အခိုးထွက်စရာ အပေါက်သည်။နဟောတိ၊ရှိသည်မဖြစ်ခဲ့။ ။ပ။ဓူမနေတ္တံ၊ အခိုးထွက်စရာ အပေါက်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ပ။ခုဒ္ဒကေ၊ ငယ်သော။ဇန္တာဃရေ၊ ၌။ မဇ္ဈေ၊ ၌။ အဂ္ဂိဋ္ဌာနံ၊ မီးထားစရာ အရပ်ကို။ ကရောန္တိ၊ ကုန်၏။ ဥပစာရော၊ဥပစာသည်။ နဟောတိ၊ရှိသည်မဖြစ်ခဲ့။ပ။ခုဒ္ဒကေ၊ငယ်သော။ ဇန္တာဃရေ၊ ၌။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌။ မဟလ္လကေ၊ ကြီးသောဇရုံးအိမ်၌၊ မဇ္ဈေ၊ ၌။ အဂ္ဂိဋ္ဌာနံ၊ မီးထားစရာ အရပ်ကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊၏။ပ။ဇန္တာဃရေ၊ ၌။ အဂ္ဂိ၊ သည်။ မုခံ၊မျက်နှာကို။ ဍဟတိ၊ လောင်ပြန်ခဲ့၏။ပ။မုခမတ္တိကံ၊ မျက်နှာ၌ လိမ်းကျံစရာမြေကို။အနုဇာနာမိ၊၏။ပ။ဟတ္ထေ၊လက်၌။ မတ္တိကံ၊မြေကို။ တေမေန္တိ၊ ရေဆွတ်ကြကုန်၏။ပ။မတ္တိကာဒေါဏိကံ၊ မြေထည့်စရာကျင်းကို။ အနုဇာနာမိ၊၏။မတ္တိကာ၊ မြေသည်။ ဒုဂ္ဂန္ဓာ၊ မကောင်းသော အနံ့ရှိသည်။ ဟောတိ၊၏။ ဝါသေတုံ၊ ထုံစိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။ဥဒကံ၊ကို။ အဘိဟရိတုံ၊ ဆောင်စိမ့်သောငှါ။ပ။ပါတိယာပိ၊ခွက်ဖြင့်လည်းကောင်း။ပတ္တေနပိ၊ဖြင့်လည်းကောင်း။ဥဒကံ၊ကို။ အတိဟရန္တိ၊ ဆောင်ကြကုန်၏။ ။ပ။ဥဒကဋ္ဌာနံ၊ ရေထားရာအရပ်ကို လည်းကောင်း။ ဥဒကသရာဝကံ၊ရေခွက်ကိုလည်းကောင်း။ပ။ဇန္တာဃရံ၊ကို။တိဏဆာဒနေန၊ မြက်အမိုးဖြင့်။ ဆာဒေတိ၊ မိုး၏။ပ။ဇန္တာဃရံ၊ သည်။ စိက္ခလ္လံ၊ ညွန်ပေါက်သည်။ ဝါ၊ ရွံ့ပေါက်သည်။ ဟောတိ၊၏။ဘိက္ခဝေ၊ တို့။ ဇမ္ဗုကာသန္ထရံ၊ အုတ်အခင်းကို လည်းကောင်း။ သိလာသန္ထရံ၊ ကျောက်အခင်းကိုလည်းကောင်း။ဒါရုသန္ထရံ၊ သစ်သားအခင်းကို လည်းကောင်း။ ဣတိ၊ ဤသို့။ တယောသန္ထရေ၊ သုံးပါးသော အခင်းတို့ကို။ အနုဇာနာမိ၊၏။ စိက္ခလ္လံယေဝ၊ ရွံ့ပေါက်သည် သာလျှင်။ ဟောတိ၊ဖြစ်ခဲ့ပြန်အံ့။ပ။ဓောဝိတုံ၊ဆေးစိမ့်သောငှါ။ပ။ ဥဒကံ၊သည်။ သန္တိဋ္ဌတိ၊ တည်ခဲ့ပြန်အံ့။ပ။ဥဒကနိဒ္ဓမနံ၊ ရေထုတ်စရာ ပြွန်ကို။ အနုဇာနာမိ၊၏။ပ။ဆမာယံ၊မြေ၌။နိသီဒန္တိ၊ထိုင်ကြကုန်၏။ ဂတ္တာနိ၊ ကိုယ်တို့သည်။ ကဏ္ဍုဝန္တိ၊ ယားပြန်ကုန်၏။ပ။

ဇန္တာဃရပီဌံ၊ ဇရုံးအိမ်၌ထိုင်စရာအင်းပျဉ်ကို။ပ။ဇန္တာဃရံ၊သည်။
အပရိက္ခိတ္တံ၊ အရံမရှိသည်။ဟောတိ၊၏။ ဘိက္ခဝေ၊ ရဟန်းတို့။
ဣဋ္ဌကာပါကာရံ၊ အုဋ္ဌ်အရံကို လည်းကောင်း။ သိလာပါကာရံ၊
ကျောက်တံတိုင်းအရံကိုလည်းကောင်း။ ဒါရုပါကာရံ၊ သစ်သား
တံကိုင်းအရံကို လည်းကောင်း။ ဣတိ၊ဤသို့။ တယောပါကာရေ၊
သုံးပါးသောတံတိုင်းအရံတို့ကို။ အနုဇာနာမိ၊၏။ ကောဋ္ဌကော၊
တံခါးမုတ်သည်။ နဟောတိ၊ ရှိသည်မဖြစ်ခဲ့ပြန်အံ့။ပ။ကောဋ္ဌကံ၊
တံခါးမုတ်ကို။အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ပ။ဘိက္ခဝေ၊ ရဟန်း
တို့။ မရုမ္ဗံ၊ ရှံ့ကျောက်ကို။ ဝါ၊ကျောက်ပွတ်ကို။ဥပကိရိတုံ၊ ကြဲစိမ့်
သောငှါ။ပ။နပရိယာပုဏန္တိ၊ မမှီနိုင်ကုန်။ ဝါ၊ မပြည့်နိုင်ကုန်။ပ။
ပဒသိလံ၊ ကျောက်ပြင်ကို။ ဝါ၊ ကျောက်ချပ်ကို။ ဝါ၊ ကျောက်ဖျာ
ကို။ နိက္ခိပိတုံ၊ထားစိမ့်သောငှါ။ ဝါ၊ စီစိမ့်သောငှါ။အနုဇာနာမိ၊
၏။ပ။

၂၆၁။ နဂ္ဂါ၊ အချည်းနှီး ဖြစ်ကုန်သော။ ဝါ၊ အဝတ်မကပ်
ကုန်သော။ ဘိက္ခူ၊တို့သည်။ နဂ္ဂံ၊ အချည်းနှီး အဝတ်မကပ်သော
ရဟန်းကို။ အဘိဝါဒေန္တိ၊ရှိခိုးကြကုန်၏။ပ။အဘိဝါဒါပေန္တိ၊ရှိခိုး
စေကြကုန်၏။ ဝါ၊ ရှိခိုးကြကုန်၏။ပ။နဂ္ဂဿ၊ အား။ ပရိကမ္မံ၊
ချေးတွန်းသောအမှုကို။ ကရောန္တိ၊ ကုန်၏။ပ။ ကာရာပေန္တိ၊ပြုစေ
ကြကုန်၏။ ဝါ၊ အပြုခံကြကုန်၏။ပ။ဒေန္တိ၊ ကုန်၏။ပ။ပဋိဂ္ဂဏှန္တိ၊
အကပ်ခံကြကုန်၏။ပ။ခါဒန္တိ၊ ခဲကြကုန်၏။ပ။ဘုဉ္ဇန္တိ၊ စားကြကုန်
၏။ပ။သာယန္တိ၊ လျက်ကြကုန်၏။ ပိဝန္တိ၊ သောက်ကြ ကုန်၏။ပ။
နဂ္ဂေန၊ အချည်းနှီးအဝတ်မကပ်သော ရဟန်းသည်။ နဂ္ဂေါ၊ ကို။
နအဘိဝါဒေတဗ္ဗော၊ရှိမခိုးအပ်။ နဂ္ဂေန၊သည်။ နအဘိဝါဒေတဗ္ဗံ၊
ရှိမခိုးအပ်။ နဂ္ဂေန၊ သည်။ နဂ္ဂေါ၊ ကို။ နအဘိဝါဒါပေတဗ္ဗော၊
ရှိမခိုးစေအပ်။ ဝါ၊ ရှိခိုးမခံအပ်။ နဂ္ဂေန၊ သည်။နအဘိဝါဒါပေ
တဗ္ဗံ၊ ရှိမခိုးစေအပ်။ဝါ၊ ရှိခိုးမခံအပ်။ပ။ဆမာယံ၊မြေ၌။စီဝရံ၊ကို။
နိက္ခိပန္တိ၊ ထားကြကုန်၏။ စီဝရံ၊ သည်။ ပံ့သုကိတံ၊ မြေမှုန့်
အလိမ်းလိမ်းကပ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ဒေဝေ၊ မိုးသည်။

ဝသဲသင်္ဂြိုဟ်၊ ရှာသည်ရှိသော်။ စီဝရံ၊ ကို။ သြဝသဿတိ၊ မိုးလုံးစွတ်ခဲ့၏။ ။ပ။ ဇန္တာဃရသာလံ၊ ဇရုံးအိမ်ဇရပ်ကို။ အနုဇာနာမိ၊ ၏။ပ။ ဇန္တာဃရေပိ၊ ၌လည်းကောင်း။ ဥဒကေပိ၊ ရေချိုးရာ၌လည်းကောင်း။ ပရိကမ္မံ၊ ချေးတွန်းသောအမှုကို။ ကာတုံ၊ ငှါ။ ကုက္ကုစ္စာယန္တိ၊ အလိုလိုရှိကြကုန်၏။ပ။ ဇန္တာဃရပဋိစ္ဆာဒိ၊ ဇရုံးအိမ်ဖြင့် ဖုံးလွှမ်းခြင်းလည်းကောင်း။ ဥဒကပဋိစ္ဆာဒိ၊ ရေဖြင့် ဖုံးလွှမ်းခြင်းလည်းကောင်း။ ဝတ္ထပဋိစ္ဆာဒိ၊ အဝတ်ဖြင့် ဖုံးလွှမ်းခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တိဿော၊ ကုန်သော။ ပဋိစ္ဆာဒိယော၊ ဖုံးလွှမ်းခြင်းတို့ကို။ အနုဇာနာမိ၊ ၏။ပ။ ဥဒပါနံ၊ ရေတွင်းကို။ အနုဇာနာမိ၊ ၏။ ဥဒပါနဿ၊ ၏။ ကူလံ၊ ကမ်းသည်။ ဘိဇ္ဇတိ၊ ပျက်စီးခဲ့၏။ပ။

၂၆၂။ ဝလ္လိယာပိ၊ နွယ်ဖြင့်လည်းကောင်း။ ကာယဗန္ဓနေနပိ၊ ခါးပန်းကြိုးဖြင့်လည်းကောင်း။ ဥဒကံ၊ ရေကို။ ဝါဟန္တိ၊ ဆောင်ကြကုန်၏။ ဝါ၊ ငင်ကြကုန်၏။ပ။ ဥဒကဝါဟနရဇ္ဇုံ၊ ရေဆောင်စရာကြိုးကို။ ဝါ၊ ရေငင်စရာကြိုးကို။ အနုဇာနာမိ၊ ၏။ပ။ ဟတ္ထာ၊ တို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။ ဝါ၊ စဝ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဘိက္ခူဝေ၊ ရဟန်းတို့။ တုလံ၊ ရေငင်စရာမောင်းကိုလည်းကောင်း။ ကရကဋကံ၊ လက်ငင်ယန္တရားကို လည်းကောင်း။ စက္ကဝဋ္ဋကံ၊ ရဟတ်ဆင်သောယန္တရားကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ပ။ ဘာဇနာ၊ အိုးတို့သည်။ ဗဟု၊ များစွာ။ ဘိဇ္ဇန္တိ၊ ကွဲခဲ့ကုန်၏။ပ။ လောဟဝါရကံ၊ ကြေးသံအင်တွဲကို လည်းကောင်း။ ဝါ၊ ကြေးသံအိုးကို လည်းကောင်း။ ဒါရုဝါရကံ၊ သစ်သားအင်တွဲကို လည်းကောင်း။ ဝါ၊ သစ်သားအိုးကို လည်းကောင်း။ စမ္မခဏ္ဍံ၊ သားရေနယ်ပိုင်းကိုလည်းကောင်း။ ဝါ၊ သားရေနယ် အင်တွဲကို လည်းကောင်း။ ဝါ၊ သားရေနယ်အိုးကို လည်းကောင်း။ ဣတိ၊ ဤသို့။ တယော ဝါရကေ၊ သုံးပါးသောအင်တွဲတို့ကို။ ဝါ၊ သုံးပါးသော အိုးတို့ကို။ အနုဇာနာမိ၊ ၏။ ဥဒကံ၊ ကို။ ဝါဟန္တာ၊ ငင်ကုန်သည် ရှိသော်။ သီတေနပိ၊ အချမ်းဖြင့်လည်းကောင်း။ ဥဏှေနပိ၊ အပူဖြင့်

လည်းကောင်း။ ကိလမန္တိ၊ ပင်ပန်းခဲ့ကုန်၏။ ပ။ ဥဒပါနသာလံ၊ ရေတွင်းစရပ်ကို။ အနုဇာနာမိ၊ ၏။ ပ။ ဥဒပါနော၊ ရေတွင်းသည်။ အပါရုတော၊ အပိတ်မရှိသည်။ ဟောတိ၊ ဖြစ်၏။ တိဏစုဏ္ဏေဟိပိ၊ မြက်မှုန့်တို့ဖြင့် လည်းကောင်း။ ပံသုကေဟိပိ၊ မြေမှုန့်တို့ဖြင့်လည်းကောင်း။ ဩကိရိယျတိ၊ ကြဲဘိ၏။ ပ။ အပိဓာနံ၊ ရေတွင်းအပိတ်ကို။ အနုဇာနာမိ၊ ၏။ ပ။ ဥဒကဘာဇနံ၊ ရေအိုးသည်။ နသံဝိဇ္ဇတိ၊ မရှိပြန်ခဲ့။ ပ။ ဥဒကဒေါဏိံ၊ ရေထည့်စရာကျင်းကို လည်းကောင်း။ ဝါ၊ ရေထည့်စရာအင်ပေါကို လည်းကောင်း။ ဥဒကကဋာဟံ၊ ရေထည့်စရာဖျဉ်းကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ ပ။ အာရာမေ၊ အရာမ်၌။ တဟံတဟံ၊ ထိုထိုအရပ်၌။ နဟာယန္တိ၊ ရေချိုးကြကုန်၏။ အာရာမော၊ သည်။ စိက္ခလ္လော၊ ညွန်စီးရှိသည်။ ဝါ၊ ရွံ့ပေါက်သည်။ ဟောတိ၊ ဖြစ်၏။ ပ။ စန္ဒနိကံ၊ ပျဉ်အခင်းကို။ အနုဇာနာမိ၊ ၏။ ပ။ စန္ဒနိကာ၊ သည်။ ပါကဋာ၊ ထင်ရှားသည်။ ဝါ၊ အကာအရံမရှိသည်။ ဟောတိ၊ ၏။ ဘိက္ခူ၊ တို့သည်။ နဟာယိတုံ၊ ရေချိုးခြင်းငှါ။ ဟိရိယန္တိ၊ ရှက်ပြန်ခဲ့ကုန်၏။ ပ။ ဘိက္ခူနံ၊ တို့၏။ ဂတ္တာနိ၊ ကိုယ်တို့သည်။ သီတိကတာနိ၊ အချမ်းဖြင့် ပြုအပ်ကုန်သည်။ ဝါ၊ အချမ်းနှိပ်စက်အပ် ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပ။ ဥဒကပုဉ္ဆနိံ၊ ရေသုတ်ကို။ ဝါ၊ ရေသပ်ကို။ အနုဇာနာမိ၊ ၏။ စောဠကေနပိ၊ ပုဆိုးကြမ်းဖြင့်လည်း။ ပစ္စုဒ္ဓရိတုံ၊ သုတ်စိမ့်သောငှါ။ ဝါ၊ ထုတ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ ပ။

၂၆၃။ ပေါက္ခရဏိံ၊ ရေကန်ကို။ ကာရေတုကာမော၊ ပြုစေခြင်းငှါ အလိုရှိသည်။ ဟောတိ၊ ဖြစ်၏။ ပ။ ဥဒကံ၊ သည်။ ပူရာဏံ၊ ပြည့်သည်။ ဟောတိ၊ ၏။ ဥဒကမာတိကံ၊ ရေသွင်းစရာမြောင်းကို လည်းကောင်း။ ဥဒကနိဒ္ဓမနံ၊ ရေထုတ်စရာပြွန်ကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ ပ။ နိလ္လေခံ၊ အရေးအသား မရှိသော။ ဝါ၊ အပြောက်မထုသော။ ဝါ၊ စကြောခြင်ပိတ်တပ်သော။ ဇန္တာဃရံ၊ ကို။ ကတ္တုကာမော၊ သည်။ ဟောတိ၊ ၏။ ပ။ စာတုမာသံ၊ လေးလပတ်လုံး။ နိသီဒနေန၊ နိသီဒိုင်နှင့်။ ဝိပ္ပဝသန္တိ၊ ကင်း၍နေကြကုန်၏။

အမှာ ထိုနို့သီဒိုင် ဟူသည် ရတနဝဂ် နိ့သီဒနသိက္ခာပုဒ်၌ လာသော နိသီဒိုင် သက်န်း ပင်တည်း။ ထိုနိ့သီဒိုင် သက်န်းကို ပရိက္ခာရစောဠသက်န်း အဖြစ်ဖြင့် အဓိဋ္ဌာန် မတင်ဘဲ နိ့သီဒိုင်သက်န်း၏ အဖြစ်ဖြင့် အဓိဋ္ဌာန်တင်လိုသော ရဟန်းသည်။ ဣမံနိသီဒနံ အဓိဋ္ဌာမိ-ဟု အဓိဋ္ဌာန်တင်၍ သုံးဆောင်အပ်၏။ ထိုနို့သီဒိုင် အဓိဋ္ဌာန်တင်ပြီးသော နိ့သီဒိုင်သက်န်း နှစ်တောင့်ထွာ ဟတ္ထပါသ်မှအပကင်း၍နေသော ရဟန်းအား ထိုနိ့သီဒိုင် အဓိဋ္ဌာန် တင်သော နေ့မှစ၍ လေးလတင်းတင်း ပြည့်၍ အရုဏ်တက်သော အခါ၌ နဝဂ္ဂေ စာတုမာသံ နိသီဒနေန ဝိပ္ပဝသိတဗ္ဗံ၊ ယော ဝိပ္ပဝသေယျ အာပတ္တိ ဒုက္ကဋဿ-ဟူသော သိက္ခာ ပုဒ်ဖြင့် ဒုက္ကဋ် အာပတ် သင့်သော နေ့ကစ၍ တဘန် လေးလ တင်းတင်းပြည့်၍ အရုဏ်တက်သော အခါ၌ ထိုသိက္ခာပုဒ်ဖြင့် ပင်လျှင် ဒုက္ကဋ် အာ ပတ် တဘန် သင့်ပြန်၏။ထိုအတူ လေးလလေးလပြည့်ပြီးသောနေ့ အရုဏ် တက်သော အခါတို့၌ ထိနို့သီဒိုင် အဓိဋ္ဌာန် မကင်းသမျှ ကာလပတ်လုံးကို သိက္ခာပုဒ်ဖြင့် ဒုက္ကဋ်အာပတ်သင့်၏။ ထိုသိက္ခာ ပုဒ်၌ စာတုမာသံ ဟူသော စကားကို ဆောင်းလ နွေလ ဟူ၍ ဝိသေသ အမှတ်အသားမရှိ။ သာမည စာတုမာသ ဟူ၍ သာလျှင် မှတ်ယူအပ်၏။ ထို့ကြောင့် စူဠဝါခုဒ္ဒကအဋ္ဌကထာ၌- စာတုမာသံ နိ့သီဒနေနာတိ နိသီဒနေန စတ္တာရော မာသေ နဝိပ္ပဝသိတဗ္ဗံ-ဟု သာမည အားဖြင့် ဘွင့်ဆိုတော်မူသည်။

၂၆၄။ ။ပ။ပုပ္ဖါဘိကိဏ္ဏေသု၊ ပန်းပွင့်တို့ဖြင့် ပြွမ်းကုန်သော။ ဝါ၊ပန်းပွင့်တို့ဖြင့်ခင်းကုန်သော။သယနေသု၊အိပ်ရာတို့၌။သယန္တိ၊ အိပ်ကြကုန်၏။ပ။ ဂန္ဓံ၊ နံ့သာကို။ ဂဟေတွာ၊၍။ ကဝါဋေ၊ တံခါး ရွက်၌။ပဉ္စင်္ဂုလိကံ၊လက်ငါးချောင်းဖြင့်လိမ်းကျံခြင်းကို။ ဒါတုံ၊ငှါ။ အနုဇာနာမိ၊၏။ ပုပ္ဖံ၊ ပန်းပွင့်ကို။ ဂဟေတွာ၊ ယူ၍။ ဝိဟာရေ၊၌။ ဧကမန္တံ၊၌။ နိက္ခိပိတုံ၊ ထားစိမ့်သောငှါ။ အနုဇာနာမိ၊၏။ပ။ နမတကံ၊ သိုးမွေးဖြင့် ပြီးသော မယက်သော အခင်းသည်။ ဥပ္ပန္နံ၊ ဖြစ်သည်။ ဝါ၊ ရသည်။ ဟောတိ၊ ဖြစ်၏။ပ။ နမတကံ၊ကို။

အဓိဋ္ဌာတဗ္ဗံနုခေါ၊ အဓိဋ္ဌာန် တင်အပ်သလော။ ဥဒါဟု၊ ထိုသို့ မဟုတ်။ ဝိကပ္ပေတဗ္ဗံနုခေါ၊ ဝိကပ္ပနာ ပြုအပ်သလော။ ဣတိ၊ သို့။ ဧတံသော ပရိဝိတက္ကော၊ ဤသို့သော အကြံသည်။ အဟောသိ၊ ၏။ နမတကံ၊ ကို။ နာဓိဋ္ဌာတဗ္ဗံ၊ အဓိဋ္ဌာန် မတင်အပ်။ နဝိကပ္ပေတဗ္ဗံ၊ ဝိကပ္ပနာ မပြုအပ်။ အာသိတ္တကူပဓာနေ၊ ကြေးနီ ငွေဖြင့် ပြီးသော ပအုပ်၌။ ဘုဉ္ဇိတုံ၊ ကုန်၏။ ယ။

အမှာ ဤအရာ၌ ရှစ်မြှောင့် တဆဲ့ ခြောက်မြှောင့် အစ ရှိသော အခြင်းအရာ သဏ္ဌာန် အထူး အားဖြင့် ပြုအပ်သော တည်ရာ အခြင်းအရာ ရှိသောကြောင့် သာလျှင် ထိုအာသိတ္တကူပဓာန ပအုပ်သည် အကပ္ပိယ ဖြစ်သည်။ ဝတ္ထုဖြစ် ကေန်စင်စစ် မအပ်သောကြောင့် အကပ္ပိယ ဖြစ်သည် မဟုတ်။ ထိုအာသိတ္တကူပဓာန ပအုပ်သည် သုံးဆောင်အပ်သော ဘောဇဉ် တို့၏ တည်ရာ ဖြစ်စေခြင်းငှါ ရည်၍ ပြုအပ်သော ဝတ္ထုဖြစ်လည်း မဟုတ်။ ဘောဇဉ်နှင့်တကွသော ကပ္ပိယ ထာလကတို့၏ တည်ရာ ပရံပရအဆင့်ဆင့် အကျိုးငှါသာရည်၍ ပြုအပ်သော တည်ရာဝတ္ထု ဖြစ်ဖြစ်သည်။ အကယ်၍ ဝတ္ထုဖြစ်၏ ကေန်စင်စစ် မအပ်သော ကြောင့် အကပ္ပိယ ဖြစ်သည်ဖြစ်အံ့။ ကေန်စင်စစ် ကပ္ပိယ ထာလက အဖြစ်ကို ပြတတ်သော တမ္ဗလောဟေန၀ါ ဟူသော စကားကို အဋ္ဌကထာဆရာ မဆိုတန်ရာ–အာသိတ္တကူပဓာနံနာမ တမ္ဗလော ဟေန၀ါ ရဇတေန၀ါ ကတာယပေဠာယ ဧတံအဓိဝစနံ။ ပဋိက္ခိ တ္တတ္တာပနဒါရုမယာပိနဝဋ္ဋတီဟူ၍ ဆိုတော်မူပြန်ဘိ၏။ ထိုကြောင့် ဝတ္ထုဖြစ် အပ်သည်ဖြစ်စေ မအပ်သည်ဖြစ်စေ အခြင်းအရာသဏ္ဌာန် အထူးပြုအပ်သောကြောင့်သာ ထိုအာသိတ္တကူပဓာနသည် အကပ္ပိ ယ ဖြစ်သည်။ ထိုကြောင့် အာသိတ္တကူပဓာနဝတ္ထု၌ သေယျထာပိ ဂိဟီ ကာမဘောဂိနောတိ–ဟူ၍ လူတို့ ကဲ့ရဲ့သော အခြင်းအရာကို ပြဆိုတော်မူသည်။ ထိုအာသိတ္တကူပဓာန သရုပ်ကို ပြဆိုရာ အဋ္ဌ ကထာပါဠိ၌လည်း ရဇတေန၀ါ ဟူသောပုဒ်ဖြင့် နိဿဂ္ဂိယဝတ္ထုကို ပြတော် မူသည်။ တမ္ဗလောဟေန၀ါ–ဟူသော ပုဒ်ဖြင့် ကပ္ပိယ

ဝတ္ထုကိုပြတော်မူသည်။ ထိုနှစ်ပါးစုံသောပုဒ်ဖြင့် ဝတ္ထုဒြဗ်ပဓာနနှင့် မဟုတ်၊ ပြုအပ်သောအခြင်းအရာ သဏ္ဌာန်အထူးသာလျှင် ပဓာန ဖြစ်ကြောင်းကို ပြတော်မူသည်။ ထိုကြောင့် ပဋိက္ခိတ္တတ္တာပန ဒါရု မယာပိ နဝဋ္ဋတိ-ဟု နေ့ရာကျ ပိဋ္ဌတ္ထ အဓိပ္ပါယ်ကို အရှင်ဗုဒ္ဓ ဃောသ အဋ္ဌကထာ ဆရာ ပြဆိုတော်မူသည်။

ထို အာသိတ္တကူပဓာန အကပ္ပိယ ဖြစ်ရာ၌လည်းသပိတ်ခွက်တို့ ၏ တည်ရာသပိတ်ခြေအဖြစ်ဖြင့် သုံးဆောင်ရာ၌သာအကပ္ပိယမှုချ စင်စစ် ဖြစ်သည်။ဆွမ်းဘောဇဉ်တို့၏တည်ရာထာလကခွက်အဖြစ် ဖြင့်သုံးဆောင်ရာ၌ကား ထိုအာသိတ္တကူပဓာနပအုပ်သည် ကပ္ပိယ အကပ္ပိယနှစ်ပါးနှင့်ပင်ဆက်ဆံ၏။အဘယ်သို့ဆက်ဆံသနည်းဟူမူ ကား နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့နှင့် မဆက်ဆံ ကုမ္ဘကဋ္ဋာဟ သိက္ခာပုဒ်၊ဃဋိကဋ္ဋာဟသိက္ခာပုဒ်နှစ်ပါးတို့နှင့်လည်း မဆက်ဆံ၊ ကြွင်းကျန်သော အကပ္ပိယဝတ္ထုတို့ဖြင့် ပြုလုပ်အပ်သော အာသိတ္တ ကူပဓာနပအုပ်ကိုကား ထာလက ပရိဘောဂအတိုင်း သုံးဆောင် အပ်သောကြောင့် ကပ္ပိယနှင့် ဆက်ဆံ၏။ ကုမ္ဘကဋ္ဋာဟသိက္ခာပုဒ် ဃဋိကဋ္ဋာဟ သိက္ခာပုဒ်တို့နှင့် ဆက်ဆံသော အာသိတ္တကူပဓာန ပအုပ်ကိုကား ထိုသိက္ခာပုဒ်နှစ်ပါးနှင့်အညီ ထာဝရအားဖြင့်မသုံး ဆောင်အပ်။ ဇင်္ဂအားဖြင့်သာ သုံးဆောင်အပ်သည်။

နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ်ဝတ္ထုတို့ဖြင့် ပြုအပ်သော အာသိတ္တကူ ပဓာနပအုပ်ကိုကား-သံဃသဒေမ၊ ဂဏသဒေမ၊ ပုဂ္ဂလသဒေမ၊ စေတိယသ ဒေမ၊ နဝကမ္မသ ဒေမ-ဟူ၍လှူအပ်သော အာသိတ္တ ကူပဓာန ပအုပ်ဖြစ်မှုကား သုံးသပ်ခြင်းငှါ မအပ်သောကြောင့် ထာလက ပရိဘောဂ အားဖြင့် မသုံးဆောင်အပ်။ ထိုကြောင့်- သုဝဏ္ဏ ရဇတ ဟာရကူဋ ဇာတိဖလိက ဘာဇနာနိ ဂိဟိဝိကဋ္ဋာ နိပိ နဝဋ္ဋန္တိ။ ပနဂဝ သံဃိကပရိဘောဂေန ဝါ ပုဂ္ဂလိကပရိဘော ဂေန ဝါ-ဟု သေနာသနက္ခန္ဓက အဋ္ဌကထာ၌ မိန့်ဆိုတော်မူသည်။ ခုဒ္ဒကက္ခန္ဓက အဋ္ဌကထာ၌လည်း- န ဘိက္ခဝေ သောဝဏ္ဏ မယော ပတ္တောတိ အာဒိသု သစေပိ ဂိဟိဘတ္တဂ္ဂေ သုဝဏ္ဏ တနူ

ဂ္ဂာဒီသု ဗျဉ္ဇနံ ကတွာ ဥပနှာမေန္တိ။ အာမသိတုံပိ နှ ဝဋ္ဋတိ-ဟု မိန့်တော်မူကုန်သည်။ ပါသာဒဿဒေမ၊ ဝိဟာရဿ ဒေမ၊ သေနာသနဿ ဒေမ-ဟူ၍လှူအပ်သော အာသိတ္တကူပဓာနပအုပ် နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋ် ဝတ္ထုကိုကား သုံးသပ်ခြင်းငှါ အပ်သောကြောင့် ထာလက ပရိဘောဂအားဖြင့် သုံးဆောင်အပ်၏။ ထိုကြောင့်သေနာသနက္ခန္ဓကအဋ္ဌကထာ၌ သေနာသနပရိဘောဂေပန အာမာသမ္ပိ အနာမာသမ္ပိ သဗ္ဗံ ဝဋ္ဋတိ-ဟူ၍ဆိုင်း ဝိမတိဝိနောဒနီ ဋီကာ၌ အနာမာသံပီတိ သုဝဏ္ဏာဒိမယံပိ သဗ္ဗံ တံ အာမသိတွာပိ ပရိဘုဉ္ဇိတုံ ဝဋ္ဋတိ-ဟူ၍ဆိုင်း ဘူတဂါမဝဂ် သေနာသန သိက္ခာပုဒ် အဋ္ဌကထာ၌ သေနာသနံပိ သောဝဏ္ဏမယံပိ ဝဋ္ဋတိ- ဟူ၍ဆိုင်း ပါရာဇိကကဏ် အဋ္ဌကထာ ကာယသံသဂ္ဂ သိက္ခာပုဒ်၌-

သေနာသနပရိဘောဂေ ပန သဗ္ဗ ကပ္ပိယော။ တသ္မာ ဇာတရူပ ရဇတမယာ သဗ္ဗေပိ သေနာသန ပရိက္ခာရာ အာမာသာ ဘိက္ခူနံ မဉ္စပီဌာဒီနိ ရတနမယာပိ ဝဋ္ဋန္တိ။ ဖလိကထမ္ဘေ ရတနဒါမပဋိမဏ္ဍိတေ၊ တတ္ထ သဗ္ဗုပကရဏာနိ ဘိက္ခူနံ ပဋိဇဂ္ဂိတုံ ဝဋ္ဋတိ-

ဟူ၍ဆိုင်း, သေနာသနက္ခန္ဓက အဋ္ဌကထာ ပါသာဒ ပရိဘောဂ သိက္ခာပုဒ်၌-

သဗ္ဗပါကာရပရိဘောဂန္တိ သုဝဏ္ဏ ရဇတာဒိ ဝိစိတြာနိ ကဝါဋာနိ မဉ္စပီဌာနိ တာလဝဏ္ဋာနိ သုဝဏ္ဏရဇတမယ ပါနီယဃဋပါနီယသရာဝါနိ ယံကိဉ္စိ စိတ္တကမ္မကတံ၊ သဗ္ဗံ ဝဋ္ဋတိ။ ပါသာဒဿ ဒါသီ ဒါသံ ခေတ္တံ ဝတ္ထုံ ဂေါမဟိံသံ ဒေမာတိ ဝဒန္တိ။ ပါဋေက္ကံ ပဟာနကိစ္စံ နတ္ထိ ပါသာဒေ ပဋိဂ္ဂဟိတမေဝ ဟောတိ-

ဟူ၍ဆိုင်း, ဒုတိယပါရာဇိကအဋ္ဌကထာ၌-

သေနာသနေပန ဒွါရကဝါတဝါတပါနကဝါဋာဒီသု သဗ္ဗံ ရတနမယံပိ ဝဏ္ဏမဋ္ဌကမ္မံ ဝဋ္ဋတိ။ သေနာသနေ ကိဉ္စိ ပဋိ မေ့သေမေတဗ္ဗံ နတ္ထိ။ အညတြ ဝိရုဒ္ဓသေနာသနာ-

ဟူ၍လည်းကောင်း, ခုဒ္ဒကက္ခန္ဓက အဋ္ဌကထာ၌-

ဖလိကမယကာစကံသမယာနိ ပန တဋ္ဋကာဒီနိ ဘာဇနာနိ, ပုဂ္ဂလိက ပရိဘောဂေန န ဝဋ္ဋန္တိ။ သံဃိကပရိဘောဂေ နဝါ ဂိဟိဝိကဋာနိ ဝါ ဝဋ္ဋန္တိ။ တမ္ဗလောဟ မယောပိ ပတ္တော န ဝဋ္ဋတိ။ ထာလကံပန ဝဋ္ဋတီတိ ဣဒံသဗ္ဗံ ကုရုန္ဒိယံ ဝုတ္တံ-

ဟူ၍လည်းကောင်း, ကံသမယောတိ ဧတ္ထ ဝဋ္ဋလောဟမယောပိ သင်္ဂဟိတော-ဟူ၍ လည်းကောင်း, သေနာသနက္ခန္ဓကဋ္ဌ အဋ္ဌကထာ၌-

ကံသလောဟ ဝဋ္ဋလောဟ ဘာဇနဝိကတိ သံဃိကဘောဂေနဝါ ဂိဟိဝိကဋာဝါ ဝဋ္ဋတိ။ ပုဂ္ဂလိကပရိဘောဂေန န ဝဋ္ဋတိ၊ ကံသလောဟာဒိ ဘာဇနံ သံဃဿ ဒိန္နံပိ ပါရိဟာရိယံ နဝဋ္ဋတိ။ ဂိဟိဝိကဋာ နီဟာရေနေဝ ပရိဘုဉ္ဇိတဗ္ဗန္တိ မဟာပစ္စရိယံ ဝုတ္တံ-

ဟူ၍လည်းကောင်း,

အတ္တနော လဒ္ဓါနိပိ ပရိဟာရိတွာ ပုဂ္ဂလိကပရိဘောဂေန နပရိဘုဉ္ဇိတဗ္ဗာနိ။ သံဃိက ပရိဘောဂေနဝါ ဂိဟိဝိကဋာနိဝါ ဝဋ္ဋန္တိ။ တိပုဘဏ္ဍေပိ ဧသေဝနယော-

ဟူ၍လည်းကောင်း မိန့်ဆိုတော်မူကုန်သည်။ ဤပြဆိုအပ်ပြီးသော အဋ္ဌကထာဋီကာ အရပ်ရပ်တို့ဖြင့် ရွှေငွေစသော နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထု၊ တို့ဖြင့် ပြီးသော ကျောင်းကိုကား သဒ္ဓါတရား အားကြီးရာ ဒါယကာတို့အလိုဆန္ဒရှိရာ-သံဃဿဒေမ၊ ဂဏဿ ဒေမ၊ ပုဂ္ဂလဿဒေမ-ဟူ၍ လှူဒါန်းပူဇော်သည့်အတိုင်း သင်္ဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့ ခံအပ် သုံးဆောင်အပ်သည့် အဖြစ်ကို မှတ်ယူအပ်၏။ ထိုကျောင်းကို လှူဒါန်းပူဇော်သည်နှင့် အတူတကွ ပါရှိသော ရွှေအိုး ရွှေခွက်စသော နိဿဂ္ဂိယဝတ္ထု၊ ဒုက္ကဋဝတ္ထုတို့ကိုလည်း ပါသာဒပရိဘောဂ သေနာသနပရိဘောဂ ဖြစ်သောကြောင့် ထိုခံယူအပ်ပြီးသော ကျောင်းနှင့်အတူ ခံယူသုံးဆောင်

အပ်၏။ ပါသာဒသဒ္ဒမှိ၊ သေနာသနသဒ္ဒမှိ၊ ဝိဟာရသဒ္ဒမှိ-ဟူ၍ လှူအပ်သော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထု ရွှေအိုး ရွှေခွက် အစရှိသည်တို့ကိုလည်း ပါသာဒသေနာသနဝိဟာရသဒ္ဒါ၏ ကပ္ပိယဝေါဟာရ ကပ္ပိယဝစန သဒ္ဒါဖြစ်သောကြောင့် ဒါယကာတို့ စိတ်စေတနာ သဒ္ဒါရည်မှတ်ရင်းအတိုင်း သင်္ဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့ ခံအပ် သုံးဆောင်အပ်သည်အဖြစ်ကို မှတ်ယူအပ်၏။ ထို့ကြောင့် နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုတို့ဖြင့် ပြီးသောကျောင်း ထိုကျောင်းနှင့်အတူတကွ လှူဒါန်းစဉ်အခါ ပါရှိသော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုဖြင့်ပြီးသော ရွှေအိုးရွှေခွက်စသော သေနာသန ပရိဘောဂနှစ်ပါးတို့ကို တစုံတခုသော အခြင်းအရာဖြင့် အကပ္ပိယ အဖြစ်၌ မလျှဉ်းပါးအပ်။ နောက်မှ အသီးအခြား သေနာသနသဒ္ဒမဟူ၍ လှူအပ်သော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုဖြင့်ပြီးသော သေနာသန ပရိဘောဂကိုလည်း ထိုလှူဒါန်းသော ဒါယကာတို့ စိတ်စေတနာ စိတ်ဖြာသည့် အားလျော်စွာ ထိုကျောင်းရှင်ဖြစ်သော သင်္ဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့ တစုံတခုသော အခြင်းအရာဖြင့် ကပ္ပိယအဖြစ်၌ မလျှဉ်းပါးအပ်။ သင်္ဃာဂိုဏ်းပုဂ္ဂိုလ်တို့ကို မသုံးသပ်ဘဲ ပရိယာယ်စကားဖြင့် သေနာသနသဒ္ဒမဟူ၍ လှူအပ်သော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုဖြင့်ပြီးသော ရွှေအိုးရွှေခွက် အစရှိသည်တို့ကိုလည်း ထိုလှူဒါန်းသော အခြင်းအရာစကား၏ ကပ္ပိယဝေါဟာရစကား ဖြစ်သောကြောင့် ထိုလှူဒါန်းသော ဒါယကာတို့ ရည်မှတ်ရင်းအတိုင်း သေနာသန ဝေါဟာရရသော သင်္ဃာ ဂိုဏ်း ပုဂ္ဂိုလ်တို့ တစုံတခုသော အခြင်းအရာဖြင့် ကပ္ပိယအဖြစ်၌ မလျှဉ်းပါးအပ်။ သင်္ဃာဂိုဏ်းပုဂ္ဂိုလ်တို့ကို မသုံးသပ်ဘဲ ထိုအတူ စေတိယသဒ္ဒမ၊ နဝကမ္မသဒ္ဒမဟူ၍ လှူအပ်သော နိဿဂ္ဂိယဝတ္ထု ဒုက္ကဋဝတ္ထုဖြင့် ပြီးသော ရွှေအိုးရွှေခွက် စသည်တို့ကိုကား ထိုလှူဒါန်းသော အခြင်းအရာစကား၏ ကပ္ပိယ ဝေါဟာရစကား အဖြစ်ယူသော်လည်း သေနာသနသဒ္ဒမဟူ၍ လှူအပ်သော ရွှေအိုး ရွှေခွက် စသည်တို့ကဲ့သို့ အာမာသပရာမာသစသည်ဖြင့် မသုံးဆောင်အပ်။

ကပ္ပိယဝေါဟာရ စကားဖြစ်သည့် အားလျော်စွာ သာလျှင် ကပ္ပိယကာရကတို့အား ကပ္ပိယစကားကို ပြောကြားသော အရာဖြင့် ကပ္ပိယဝတ္ထုကိုသာလျှင်သုံးဆောင်အပ်သည်အဖြစ်ကိုမှတ်ယူအပ်၏၊ ထိုကြောင့် ဘုတဂါမဝဂ်စသည်တို့၌ သေနာသနံ ဟိသောဝဏ္ဏမယံပိ ဝဋ္ဋတိ-ဟု သာမညအားဖြင့် ဆိုသော်လည်း ဆိုခဲ့တိုင်းသော အခြင်းအရာဖြင့် ကပ္ပိယဖြစ်လေအောင် လျှုဒါန်းသော် သာလျှင် အာမာသ,ပရာမာသအပ်သည် အဖြစ်ကိုမှတ်ယူအပ်၏။

သံဃဿ ဒေမ၊ ဂဏဿဒေမ၊ ပုဂ္ဂလဿဒေမ၊ စေတိယဿ ဒေမ၊နဝကမ္မဿဒေမ-ဟူ၍လှူဒါန်းသောအရာငါးဌာနတို့၌ကား အာမာသ,ပရာမာသမအပ်သည်အဖြစ်ကို မုချဆတ်ဆတ် မှတ်ယူအပ်၏။ ထိုအာသိတ္တကူပဓာနဟူသည် ပူသော နို့ဂဏာဆွမ်းစသည်ကိုထည့်၍ဆွမ်း၏ ပူသည်၏ အဖြစ်မကင်းစေခြင်းအကျိုးငှါ အထက်၌ ဆွမ်းစားခွက်ကို ထားရာခွက်သဏ္ဍာန်ရှိသော တည်ရာအထူးပင်တည်း။ ဤအာသိတ္တကူပဓာနပအုပ်ကိုလည်း ပစ္စန္တရစ်တို့၌ ပြုခြင်းငှါ မသိကုန်။မဇ္ဈိမဒေသ၌သာ ပြုကြကုန်သည်။ ကေစိဆရာတို့သည်ကား လူတို့အသုံးအဆောင် ဖြစ်သော သံခွက်အစရှိသော အလုံးစုံသောတည်ရာသည်လည်း အာသိတ္တကူပဓာနသို့ သာလျှင်လျော်ကုန်သည်ဟု ဆိုကြကုန်သည်။ ဧကေဆရာတို့ကား ကပ္ပိယလောဟဖြင့်ပြီးသော သပိတ်ခြေသည်မဋ္ဌောရိကမည်သော သပိတ်ခြေသို့သာလျှင် လျော်သည်ဟု ဆိုကုန်သည်။ ထိုကြောင့်-

ပေဋ္ဌာယာတိ အင်္ဂသသောဋ္ဌသံသာဒိအာကာရေနကတာယ ဘာဇနာဓာရာယ ပေဠာယ၊ ယတ္ထဥဏှပါယာသာဒိံ ပက္ခိပေတွာ ဥပရိ ဘောဇနပါတိံ ထပေန္တိ၊ ဘတ္တဿ ဥဏှဘာဝါ ပိဓနတ္ထံ။ တာဒိသဿ ဘာဇနာဓာရဿ အာဓာရဿေတံ အဓိဝစနံ၊ တေနေဝ ပါဠိယံ အာသိတ္တကူပဓာနန္တိ ဝုတ္တံ။ တဿစ ပါယာသာဒီဟိ အာသိတ္တကာဓာရောတိ အတ္ထော။ဣဒဉ္စ အာသိတ္တကူပဓာနံ ပစ္စန္တေ

သု နစ္စာနန္တိ ကာတုံ၊ မဇ္ဈိမဒေသေယေဝ ကရောန္တိ။ ကေစိ ပန ဂိဟိပရိဘောဂေ ဝါ အယောမယာဒိ သဗ္ဗောပိ အာဓာရော အာသိတ္တကူပမာနမေဝ အနုလောမေတီတိ ဝဒန္တိ။ ဧကေ ပန ကပ္ပိယလောဟမယော အာဓာရော မဠောရိကမေဝ အနုလောမေတီတိ ဝဒန္တိ။ ဝိမံသိတွာ ဂဟေတဗ္ဗံ။ ပုဗ္ဗေ ပဏ္ဏတ္တိယာ အာဓာရော အနုညာတော။ ဣဒါနိ ဘုဉ္ဇိတုံ မဠောရိကာ အနုညာတာ-

ဟူ၍ ဝိမတိဝိနောဒနီဋီကာ၌ ဆိုတော်မူကုန်သည်။ ခုဒ္ဒသိက္ခာဋီကာသစ်၌လည်း-ပေဋ္ဌာယပီတိ ယတ္ထ ပါတိံ ဌပေတွာ သုခိနော ဘုဉ္ဇန္တိ၊ တမ္ဗလောဟေန ရဇတေန ဝါ ကတာယ အာသိတ္တကူပမာန သဏ္ဌိတာယ ပေဋ္ဌာယ ဌပေတွာ-ဟူ၍သာ ဆိုတော်မူသည်။ ဌပေတွာ-ဟူသော ပါဌ်သေသကိုရှိယာကံကို တိုက်ရိုက်အားဖြင့် ဆိုတော်မမူ။ ခုဒ္ဒသိက္ခာဋီကာဟောင်း ဝိနည်းသင်္ဂြိုဟ်ဋီကာဟောင်း ဝိနယာလင်္ကာရဋီကာဆရာတို့ကား မုချာဓာရ,ပရိ ပရာဓာရနှင့် စပ်လျဉ်းသော စကားကိုပင် ဆိုတော်မမူ။ ဝိနယဝိနိစ္ဆယဋီကာဆရာကား-

ယတ္ထ ကတ္တစိ ပေဋ္ဌာယန္တိ တမ္ဗလောဟ၊ ဝဋ္ဋလောဟ၊ ကံသလောဟ၊ ကာဠလောဟ၊ သုဝဏ္ဏ ရဇတာဒိဟိ ကတာယ ဝါ ဒါရုမယာယ ဝါ ယာယကာယစိ ပေဠာယ အာသိတ္တကူပမာနေ ဘုဉ္ဇိတုံ၊ နစဝဋ္ဋတီတိ ဘာဇနံ ဌပေတွာ ဘုဉ္ဇိတုံ နဝဋ္ဋတိ၊ ယထာဟ အာသိတ္တကူပမာနန္တိ တမ္ဗလောဟေန ဝါ ရဇတေန ဝါ ကတာယ ပေဋ္ဌာယ ဧတံ အဓိဝစနံ၊ နဘိက္ခဝေ အာသိတ္တကူပမာနေ ဘုဉ္ဇိတဗ္ဗန္တိ သာမညေန ပဋိက္ခိတ္တတ္တာ ပန ဒါရုမယာပိ နဝဋ္ဋတီတိ၊ အနုဇာနာမိ ဘိက္ခဝေ မဠောရိကန္တိ အနုညာတတ္တာ မဠောရိကာယ ဌပေတွာဝ ဘုဉ္ဇိတုံ ဝဋ္ဋတိ၊ မဠောရိကာတိ စ ဒဏ္ဍာဓာရကော ဝုစ္စတိ။ ယံ တယော စတ္တာရော ဗဟူ ဝါ ဒဏ္ဍေ ဥပရိ စ ဟေဋ္ဌာ စ ဝိတ္ထတံ မဇ္ဈေ

> သံကုစိတံ ကတွာ ဗန္ဓိတွာ အာဓာရကံ ကရောန္တိ ယဋ္ဌိ အာဓာရက၊ ပတ္တာဓာရက၊ မဏ္ဍိကပိဋ္ဌ၊ ဿဠကကာဝါဋ္ဌကာဒိ ဘာဇနမုခ၊ ဒုက္ကလာဒီနိပိ ဧတ္ထေဝ သင်္ဂဟံ ဂစ္ဆန္တိ၊ ယဋ္ဌိ အာဓာရကောတိ ယဋ္ဌိယေဝ ဥဇုကံ ထပေတွာ ဗန္ဓကတ အာဓာရကော-

ဟု ဆိုတော်မူ၏။ ထိုပိနိယပိဋိန္တိယဋ္ဌိကာဆရာ၏ စကားကိုကား ဝိနယမရေပုဂ္ဂိုလ်တို့ထုံးစံအတိုင်းစုံစမ်းဆင်ခြင်၍မှတ်ယူအပ်သည်။ အဘယ်သို့ စုံစမ်းဆင်ခြင်အပ်သနည်း ဟူမူကား- နဘိက္ခဝေ တုမ္ဗကဋ္ဌာဟေ ပိဏ္ဍာယ စရိတဗ္ဗံ၊ ယော စရေယျ အာပတ္တိ ဒုက္ကဋဿ၊ နဘိက္ခဝေ ဃဋိကဋ္ဌာဟေ ပိဏ္ဍာယ စရိတဗ္ဗံ၊ ယော စရေယျ အာပတ္တိ ဒုက္ကဋဿ-ဟူသော ရှေးသိက္ခာပုဒ်တို့၌ ဆွမ်းခံစဉ် အခါ ဆွမ်းစားစဉ်အခါနှစ်ဌာနတို့၌ပင် ထာဝရအားဖြင့်မအပ်ကြောင်း ဇင်္ဂမတာဝကာလိကအားဖြင့် အပ်ကြောင်းကို ခွဲခြမ်း ဝေဘန်၍ ဆိုတော်မူသကဲ့သို့ နဘိက္ခဝေ အာသိတ္တကူပဓာနေ ဘုဉ္ဇိတဗ္ဗံ၊ ယော ဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ-ဟူသော အာသိတ္တကူပဓာန သိက္ခာပုဒ်၌လည်း- ဘုဉ္ဇိတဗ္ဗံ-ဟူသော ကြိယာ အားလျော်စွာ ဆွမ်းစားစဉ်အခါ အာသိတ္တကူပဓာနမည်သောပအုပ်၌ ထာဝရ အားဖြင့်မအပ်ကြောင်းဇင်္ဂမတာဝကာလိကအားဖြင့်အပ်ကြောင်း ကို အဋ္ဌကထာဆရာ ဝေဘန်၍ ဆိုသင့်လျက် မဆို။ အာသိတ္တ ကူပဓာနမည်သောပအုပ်၏ သရုပ်မျှကိုသာ အဋ္ဌကထာဆရာ ဆိုတော်မူသည်။အာသိတ္တကူပဓာနမည်သော ပအုပ်၌ထားသော ဆွမ်းကိုမစားအပ်ဟူ၍ လည်းကောင်း, အာသိတ္တကူပဓာနမည် သော ပအုပ်၌ထားသော သပိတ်ခွက်၌ရှိသောဆွမ်းကိုမစားအပ် ဟူ၍လည်းကောင်း အသေအချာ အဋ္ဌကထာဆရာ ဝေဘန်၍ လည်း ဆိုတော်မမူ။ဝဏ္ဏနာ၌လည်း-တေနခေါ ပန သမယေန ဘိက္ခူ အာသိတ္တကူပဓာနေ ဘုဉ္ဇန္တိ။ မနုဿာ ဥဇ္ဈာယန္တိ သေယျထာပိ ဂိဟီကာမဘောဂိနောတိ-ဟူ၍သာ လာသည်။ သိက္ခာပုဒ်တော် ၌လည်း နဘိက္ခဝေ အာသိတ္တကူပဓာနေ ဘုဉ္ဇိတဗ္ဗံ-ဟူ၍သာ

လာသည်။ န ဘိက္ခဝေ အာသိတ္တကူပဓာနေ ပတ္တံ ထပေတွာ ဘုဉ္ဇိတဗ္ဗံဟူ၍မလာ။ ထို့ကြောင့် အာသိတ္တကူပဓာနေ ဘာဇနံ ထပေတွာ ဘုဉ္ဇိတုံ နဝဋ္ဋတိ-ဟူသော ဝိနယဝိနိစ္ဆယဋီကာဆရာ၏ စကားကို ဝိနယဓရ်ပုဂ္ဂိုလ်တို့ လက္ခဏာဖြစ်သော သုတ္တ သုတ္တာနုလောမ အာစရိယဝါဒ အတ္တနောမတိ ဟူသော ဝိနယ ဩတရဏလက္ခဏာ လေးပါး၏ ဝတ္ထုံ ဩလောကေတဗ္ဗံ မာတိကာ ဩလောကေတဗ္ဗာ-စသော ဝိနယ ဩလောကန ဌာနခြောက်ပါးတို့ဖြင့် စုံစမ်းဆင်ခြင်၍ ပညာရှင်တို့ သတိ သမ္ပဇဉ်ယှဉ်သဖြင့် ထိုဝိနယဝိနိစ္ဆယဋီကာဆရာ ဆုံးဖြတ်ပြဆိုခဲ့သည့်အတိုင်း မှတ်ယူသင့်သော အရာဌာန အထူးဝိသေသပင်ဖြစ်သည်။ အဘယ်ကြောင့်နည်းဟူမူကား ထိုဝိနယ ဝိနိစ္ဆယဋီကာဆရာ အဆုံးအဖြတ်သည်—

> အတ္တနောမတိနာမ သုတ္တသုတ္တာနုလောမအာစရိယဝါဒေ မုဉ္စိတွာ အနုမာနေန အတ္တနော အနုဗုဒ္ဓိယာ နယဂ္ဂါဟေန ဥပဋ္ဌိတာကာရကထနံ၊ အပိစ သုတ္တန္တာဘိဓမ္မဝိနယဋ္ဌကထာသု အာဂတော ထေရဝါဒေါ အတ္တနောမတိနာမ—

ဟူသော ဘိက္ခုဝိဘင်း အဋ္ဌကထာလာသည်နှင့် အညီ ပါဠိအဋ္ဌကထာတိုက်ရိုက် နီတတ္ထအားဖြင့် မလာသည်ဖြစ်၍အတ္တနောမတိဖြစ်လျှင်မူလည်း-တံပန အတ္တနောမတိံ ဂဟေတွာ ကထေန္တေန ဒဠှဂ္ဂါဟံ ဂဟေတွာ ဝေါဟရိတဗ္ဗံ၊ ကာရဏံ သလ္လက္ခေတွာ အတ္ထေန ပါဠိံ ပါဠိယာစ အတ္ထံ သံသန္ဒိတွာ ဂဟေတဗ္ဗ-ဟူသော ဘိက္ခုဝိဘင်း အဋ္ဌကထာလာသည်နှင့်အညီ ပကတိ အခါကာလတို့၌ သပိတ်ကို လုံခြုံစေခြင်းငှါ သပိတ်တို့၏ ထားရာ အပ်သော သပိတ်ခြေကို ခွင့်ပြုတော်မူခြင်းငှါ အနုဇာနာမိ ဘိက္ခဝေ ပတ္တာဓာရကံ-ဟု ခွင့်ပြုတော်မူသကဲ့သို့ ဆွမ်းစားစဉ်အခါ ကာလ၌ ဆွမ်းစားခြင်း အကျိုးငှါ-န ဘိက္ခဝေ အာသိတ္တကူပဓာနေ ဘုဉ္ဇိတဗ္ဗံ၊ ယော ဘုဉ္ဇေယျ အာပတ္တိ ဒုက္ကဋဿ—ဟူသော ရှေးသိက္ခာပုဒ်ဖြင့် သပိတ်ခွက်တို့၏ တည်ရာ မအပ်သော သပိတ်ခြေကို

ပယ်တော်မူပြီးလျှင် သပိတ်ခွက်တို့၏တည်ရာ အပ်သော သပိတ်ခြေကို ခွင့်ပြုတော်မူလိုသောကြောင့် ထိုအာသိတ္တကူပဓာနသိက္ခာပုဒ်၏ အခြားမဲ့၌ အနုဇာနာမိ ဘိက္ခဝေ မဠောရိကန္တိ-ဟု ဟောတော်မူသတည်းဟု အနုမာနဆ၍ သိအပ်သောကြောင့်လည်းကောင်း ဝိနယသင်္ဂဟအဋ္ဌကထာ၌-

နဘိက္ခဝေ အာသိတ္တကူပဓာနေ ဘုဉ္ဇိတဗ္ဗံ။ ယော ဘုဉ္ဇေယျ အာပတ္တိဒုက္ကဋဿာတိ ဝစနတော အာသိတ္တကူပဓာနေ ယပေတွာ န ဘုဉ္ဇိတဗ္ဗံ။ အာသိတ္တကူပဓာနန္တိ တမ္ဗလောဟေနဝါ ရဇတေနဝါ ကတာယပေဠာယ ဧတံ အဓိဝစနံ။ ပဋိက္ခိတ္တတ္တာပန ဒါရုမယာပိ နဝဋ္ဋတိ။

အနုဇာနာမိ ဘိက္ခဝေ မဠောရိကန္တိ ဝစနတော မဠောရိကာယ ထပေတွာ ဘုဉ္ဇိတုံ ဝဋ္ဋတိ။ မဠောရိကာတိ ဒဏ္ဍာဓာရကော ဝုစ္စတိ။ ယဋ္ဌိအာဓာရကပဏ္ဏာရက မဏ္ဍိ ကပိဋ္ဌာဒီနိပိ ဧတ္ထေဝ ပဝိဋ္ဌာနိ အာဓာရက သင်္ခေပ ဂမနတော ဟိ ပဋ္ဌာယ ဆိဒ္ဒါပိ ဝိဒ္ဓါပိ အဝိဒ္ဓါပိ ဝဋ္ဋတိယေဝ-

ဟု တိုက်ရိုက် နီတတ္ထအားဖြင့် ပြဆိုတော်မူသောကြောင့်ရင်း ဝဇိရဗုဒ္ဓိဋီကာ၌-ပုဗ္ဗေ ပတ္တသံဂေါပနတ္ထံ ဣဒါနိ ဘုဉ္ဇိတုံ အာဓာရကော အနုညာတော-ဟု ပြဆိုတော်မူသောကြောင့်ရင်း၊ သာရတ္ထဒီပနီဋီကာ၌-ပုဗ္ဗေ ပတ္တသံဂေါပနတ္ထံ အာဓာရကော အနုညာတော ဣဒါနိ ဘုဉ္ဇနတ္ထံ-ဟု ပြဆိုတော်မူသောကြောင့်ရင်း၊ ဝိမတိ ဝိနောဒနီဋီကာ၌-ပုဗ္ဗေပတ္တဂုတ္တိယာ အာဓာရကော အနုညာတော။ ဣဒါနိ ဘုဉ္ဇိတုံ မဠောရိကာ အနုညာတာ-ဟု ပြဆိုတော်မူသောကြောင့်ရင်း၊ အာသိတ္တကူပဓာန မည်သော ပအုပ်၌ သပိတ်ခွက်ကိုထား၍ စားခြင်းငှါ မအပ်။ မဠောရိကမည်သော သပိတ်ခြေ၌သာ သပိတ်ခွက်ကိုထား၍ စားခြင်းငှါအပ်၏ဟု မုချ ဆတ်ဆတ် မှတ်အပ်သောကြောင့်တည်း။ ထိုကြောင့် ဓမ္မပဒ အဋ္ဌကထာ ဒသမ ဒဏ္ဍဝဂ် ဧကာဒသမ သုခသာမဏေရဝတ္ထု၌ အစ္ဆရိယ အဗ္ဘုတ ဖြစ်သော ကာမဂုဏ်စည်းစိမ် ချမ်းသာကို

သုံးဆောင်ခံစားသည်ဖြစ်၍ ကာမဘောဂီဖြစ်သော ဂန္ထသူဌေး၏ ထမင်းဘောဇဉ်ကို သုံးဆောင် ခံစားသည့် အခန်းတွင်-

> သတသဟဿံ ဒတွာ ဘောဇနပါတိံ ကာရေသိ။ သတ သဟဿမေဝ ဒတွာ ဘောဇနဋ္ဌာနေ မဏ္ဍပံ ကာရေသိ။ သတသဟဿံ ဒတွာ ဘောဇနပါတိယာ အာသိတ္တကူပဓာနံ ကာရေသိ။လ။အထဿ တသ္မိံ အာသိတ္တကူပ ဓာနေ တံပါတိံ ထပေတွာ သတသဟဿဂ္ဃနိကံ ဘောဇနံ ဝဍ္ဎေတုံ-

ဟု ထမင်းဘောဇဉ်၏တည်ရာ ထမင်းစားခွက် ဘောဇနပါတိကို အာသိတ္တကူပဓာန မည်သော ပအုပ်၌တင်ထား၍ ထမင်းပွဲဖြင့် ခင်းထားကြောင်းကို ပြဆိုတော်မူသည်။

ထိုအာသိတ္တကူပဓာန,မဥ္စောရိက နှစ်ပါးတို့တွင် ကြေးနီ, ကြေးဝါ, ကြေးဖြူ, သံ, ရွှေ, ငွေ, သစ်သား, နှီး, ထန်းပတ်, ကြိမ်အစရှိသည် ဖြင့်ပြီးသော ပအုပ်သည် အာသိတ္တကူပဓာနမည်၏။ လှံတံသပိတ်ခြေ, တောင်ဝှေးသပိတ်ခြေ, သစ်ရွက်သပိတ်ခြေ, တောင်းအပြင်, ကြာသွတ်အိုး, အိုးလယ်ပင်း, ဆုံငယ်အစရှိသည်တို့သည် မဥ္စောရိကသပိတ်ခြေမည်၏။ ဤသို့အာသိတ္တကူပဓာန မဥ္စောရိကနှစ်ပါးတို့၏ အထူးကို သိအပ်၏။ ထိုကြောင့် ဝိနယပိဋကဋ္ဌကထာ၌- ယတ္တကတ္တစိ ပဉ္စာယန္တိ တမ္ဗလောဟ ဝဋ္ဋလောဟကံသလောဟ ကာဠလောဟ သုဝဏ္ဏရဇတာဒီဟိ ကတာယဝါ ဒါရုမယာယ ယာယကာယစိ ပဉ္စာယ အာသိတ္တကူပဓာနေ-ဟူ၍၎င်း၊ ဝိနယာ လင်္ကာရဋီကာ၌- ဒါရုမယာပိတိဣ ပိသဒ္ဒေါ သမ္ပိဏ္ဍနတ္ထော။ တေန ဝိလီဝမယ တာလပတ္တမယ ဝေတ္တမယာဒိကံ သမ္ပိဏ္ဍေတိ ဟူ၍၎င်း မိန့်ဆိုတော်မူကုန်သည်။ ထိုမဥ္စောရိက သိက္ခာပုဒ်၏ ဝတ္ထု၌- တေန ခေါပန သမယေန အညတရော ဘိက္ခုဂိလာနော ဟောတိ၊ သော ဘုဉ္ဇမာနော နသက္ကောတိ ဟတ္ထေန ပတ္တံသန္ဓာရေတုံ၊ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ ဟု ဂိလာနပုဂ္ဂိုလ် အားသာ အကြောင်းဝတ္ထု ဖြစ်လျှင်မူလည်း သိက္ခာပုဒ်၌ အန

ဇာနာမိ ဘိက္ခဝေ မဓုရာရိကံ-ဟုသာမညအားဖြင့် ဟောတော်မူသောကြောင့် ဂိလာန အဂိလာန နှစ်ယောက်သော ပုဂ္ဂိုလ်တို့အားပင် ထိုမဓုရာရိကသပိတ်ခြေကို သုံးဆောင်ခြင်းငှါအပ်သည်။ အကယ်၍ဝတ္ထုအားလျော်စွာ ဂိလာနပုဂ္ဂိုလ်အားသာ သုံးဆောင်ခြင်းငှါ အပ်သည်ဖြစ်အံ့၊ အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿယာနံ ဟူသော ယာနသိက္ခာပုဒ်ကဲ့သို့ ဂိလာနသဒ္ဒါနှင့် 'တက္က အနုဇာနာမိ ဘိက္ခဝေ ဂိလာနဿ မဓုရာရိကံ-ဟု ဟောတော်မူရာ၏။ ဟောလည်း ဟောတော် မမူခဲ့။ ထိုကြောင့် ဂိလာနအဂိလာန နှစ်ယောက်သော ပုဂ္ဂိုလ်တို့အား ဤမဓုရာရိက သပိတ်ခြေကို သုံးဆောင်ခြင်းငှါ အပ်သည့်အဖြစ်ကို မုချဆတ်ဆတ် မှတ်အပ်၏။ ဤနည်းကိုမှီး၍ ဝတ္ထု,သိက္ခာပုဒ် နှစ်ရပ် မစပ်မိသောအရာတို့၌ ဤနည်းအတူမှတ်ယူအပ်၏။ ထိုအာသိတ္တကူပဓာန,မဓုရာရိကနှစ်ပါးတို့၏ ဝေါဟာရပညတ်အနက်ကိုကား အဋ္ဌကထာဋီကာဆရာတို့ ပြဆိုအပ်ပြီးသော ဒြဗ်သဏ္ဍာန်လက္ခဏာအခြင်းအရာဖြင့် ညီညွတ်စွာ ထိုထိုတိုင်းခရိုင်တို့၌ သမုတ်ခေါ်ဝေါ်အပ်သော ဒေသဝေါဟာရအလျောက် မှတ်ယူအပ်၏။

* သော၊ ထိုရဟန်းသည်။ ဘုဉ္စမာနော၊ ဆွမ်းစားသည်ရှိသော်။ ဟတ္ထေန၊ လက်ဖြင့်။ပတ္တံ၊ ကို။ သန္ဓာရေတုံ၊ ဆောင်ခြင်းငှါ။ဝါ၊ တည်စေခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်။ပ။ မဓုရာရိကံ၊ လှံတံသပိတ်ခြေကို။ ဝါ၊ ကရားခြေကျစ်သဏ္ဍာန် ပြုအပ်သော သပိတ်ခြေကို။ အနုဇာနာမိ၊ ၏။ပ။ ကေဘာဇနေပိ၊ တခွက်တည်း၌လည်း။ဘုဉ္ဇန္တိ၊ ကုန်၏။ ကေထာလကေပိ၊ တခွက်တည်း၌လည်း။ ပိဝန္တိ၊ သောက်ကြကုန်၏။ ကေမဉ္စေပိ၊ တညောင်စောင်းတည်း၌လည်း။ တုဝဋ္ဋေန္တိ၊ အိပ်ကြကုန်၏။ ကေတ္ထရဏာပိ၊ တခုတည်းသော အခင်းရှိကုန်သည် ဖြစ်၍လည်း။ပ။ ကေပါဝုရဏာပိ၊ တခုတည်းသော အရုံရှိကုန်သည်ဖြစ်၍လည်း။ပ။ ကေတ္ထရဏပါဝုရဏာပိ၊ တခုတည်းသောအခင်း, တခုတည်းသောအရုံရှိကုန်သည် ဖြစ်၍လည်း။ တုဝဋ္ဋေန္တိ၊ အိပ်ကြကုန်၏။ပ။

၂၆၅။ ဝနော၊ ဝနံအမည်ရှိသော။ လိစ္ဆဝီ၊ လိစ္ဆဝီမင်းသည်။
မေတ္တိယဘူမဇကာနံ၊ မေတ္တိယဘူမဇကအမည်ရှိကုန်သော။ ဘိက္ခူ
နံ၊ တို့၏။ သဟာယော၊ အဆွေခင်ပွန်းသည်။ ဟောတိ၊ ၏။ ပ။ အယျာ၊
အရှင်ဘုရားတို့။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။
ဧဝံ၊ ဤသို့။ ဝုတ္တေ၊ ဆိုအပ်သည်ရှိသော်။ မေတ္တိယဘူမဇကာ၊
ကုန်သော။ ဘိက္ခူ၊ တို့သည်။ နာလပိံသု၊ စကားမဆိုကြကုန်။
ဒုတိယံပိခေါ၊ နှစ်ကြိမ်မြောက်လည်း။ တတိယမ္ပိခေါ၊ သုံးကြိမ်
မြောက်လည်း။ ပ။ အဟံ၊ အကျွန်ုပ်သည်။ အယျာနံ၊ အရှင်ဘုရား
တို့အား။ ကိံ၊ အဘယ်ကြောင့်။ အပရဇ္ဈာမိ၊ ပြစ်မှားအံ့နည်း။ ကိဿ၊
အဘယ်ကြောင့်။ မံ၊ အကျွန်ုပ်ကို။ အယျာ၊ အရှင်တို့သည်။ နာလပန္တိ၊
စကားမဆိုကြကုန်သနည်း။ ဝါ၊ စကားမပြောကြ ကုန်သနည်း။
ဣတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ အာဝုသော ဝနု၊ ငါ့ရှင်ဝနံ။ တွံ၊ သည်။
အမှေ၊ ငါတို့ကို။ မလ္လပုတ္တေန၊ မလ္လာမင်းသားဖြစ်သော။ ဒဗ္ဗေန၊
ဒဗ္ဗသည်။ ဝိဟေဋ္ဌိယမာနေ၊ ညှဉ်းဆဲအပ်သည်တို့ကို။ အဇ္ဈုပေက္ခသိ၊
လျစ်လျူရှုဘိ၏။ တထာဟိ တတောဝေ၊ ထိုကြောင့် သာလျှင်။
မယံ၊ ငါတို့သည်။ နာလပိမှာ၊ စကားမဆိုကြကုန်။ ဣတိ၊ ဤသို့။
အဝေါစုံ၊ ဆိုကြကုန်၏။ အယျာ၊ အရှင်ဘုရားတို့။ ကိံ၊ အဘယ်
အမှုကို။ အဟံ၊ အကျွန်ုပ်သည်။ ကရောမိ၊ ပြုရအံ့နည်း။ ဣတိ၊ ဤသို့။
အဝေါစ၊ ၏။ အာဝုသော ဝနု၊ ငါ့ရှင်ဝနံ။ တွံ၊ သည်။ ခေါ၊ စင်စစ်။
သစေဣစ္ဆေယျာသိ၊ အကယ်၍အလိုရှိသည်ဖြစ်အံ့။ အဇ္ဇေဝ၊ ယနေ့ပင်
ပင်လျှင်။ ဘဂဝါ၊ သည်။ မလ္လပုတ္တံ၊ သော။ ဒဗ္ဗံ၊ ကို။ နာသာပေယျ၊
ဖျက်ဆီးစေချင်၏။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ ပ။ ကိံ၊ ကို။
မယာ၊ အကျွန်ုပ်သည်။ ကာတုံ၊ ငှါ။ သက္ကာ၊ တတ်ကောင်းသနည်း။
ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ အာဝုသော ဝနု၊ ဝနံ။ တွံ၊ သင်သည်။
ဧဟိ၊ လာခဲ့လော့။ယေန၊ ၌။ ဘဂဝါ၊ သည်။ အတ္ထိ၊ ၏။ တေန၊
သို့။ ဥပသင်္ကမ၊ ကပ်လေလော့။ ဥပသင်္ကမိတွာ၊ ကပ်လေပြီး၍။
ဘဂဝန္တံ၊ ကို။ ဧဝံ၊ ဤသို့။ ဝဒေဟိ၊ လျှောက်လေလော့။ ကိံ ဝဒေတိ၊
အဘယ်သို့ လျှောက်ရအံ့နည်း ဟူမူကား။ ဘန္တေ၊ မြတ်စွာ

ဘုရား။ရုဒ်ံ၊သည်။နန္ဒန္တံ၊ မငေျ့ာက်ပတ်။ နပ္ပတိရူပံ၊ မသင့်တင့်။
ဘန္တေ၊ ဘုရား။ ယာယံဒိသာ၊ သည်။ အဘယာ၊ ဘေးမရှိ။
အနီတိကာ၊ နှိပ်စက်ခြင်းမရှိ။ အနုပဒ္ဒဝါ၊ ဥပဒ္ဒဝေါမရှိ။ သာယံ
ဒိသာ၊ သည်။ သဘယာ၊ ဘေးရှိခဲ့၏။ သဤတိကာ၊နှိပ်စက်ခြင်း
ရှိခဲ့၏။ သဥပဒ္ဒဝါ၊ ဥပဒ္ဒဝေါရှိခဲ့၏။ ယတော၊. အကြောင်းအရပ်၌။
နိဝါတံ၊လေမရှိ။ဝါ၊ လေမတိုက်။တတော၊ ၌။ သဝါတံ၊ လေ
ရှိခဲ့၏။ ဝါ၊ လေတိုက်ခဲ့၏။ ဥဒကံ၊သည်။ အာဒိတ္တံမည္ဇေ၊မီးကဲ့သို့
တောက်၏။ မလ္လပုတ္တေနု၊သော။ အယျေနဒဗ္ဗေန၊ အရှင်ဒဗ္ဗသည်။
မေ၊ အကျွန်ုပ်၏။ ပဇာပတိ၊ မယားကို။ ဒူသိတာ၊ ဖျက်ဆီးအပ်
ပါ၏။ ဣတိ၊ သို့။ ဝဒေဟိ၊ လျှောက်လေလော့။ ဣတိ၊ ဤသို့။
အဝေါစုံ၊ ကုန်၏။ အယျာ၊ တို့။ ဧဝံသာဓု၊ ကောင်းပြီ။
ဣတိခေါ၊ ဤသို့လျှင်။ ဝဍ္ဎော၊ သော။ လိစ္ဆဝိ၊သည်။ပ။ဒဗ္ဗ၊ ဒဗ္ဗ။
တုံ။သည်။သရသိ၊အောက်မေ့လော့။ယထာ၊ အကြောင်းအခြင်းအရာ
ဖြင့်။ အယံဝဍ္ဎော၊ဤဝဍ္ဎသည်။ အာဟ၊၏။ ဧဝရူပံ၊ ဤသို့သဘော
ရှိသောအမှုကို။ ကတ္တာ၊ ပြုမိလေသလော။ဣဒံ၊ဤသို့။ အဝေါစ၊
မိန့်တော်မူ၏။ ဘန္တေ၊ ဘုရား။ ယထာ၊ အကြောင်းအခြင်းအရာဖြင့်။
မံ၊အကျွန်ုပ်ကို။ဘဂဝါ၊သည်။ဇာနာတိ၊သိတော်မူပါ၏။ တထာ၊
ဖြင့်။ဓာရေတု၊မှတ်တော်မူပါလော့။ဣတိ၊သို့။အဝေါစ၊နားတော်
လျှောက်၏။ပ။ဒဗ္ဗ၊ဒဗ္ဗ။ ခေါ၊စင်စစ်။ ဒဗ္ဗာ၊ ပညာရှိတို့သည်။ဧဝံ၊
ဤသို့။ နနိုဗ္ဗေဌေန္တိ၊ မဖြည်ကြကုန်။ တယာ၊ သည်။ သစေကတံ၊
အကယ်၍ ပြုအပ်သည်ဖြစ်အံ့။ ကတန္တိ၊ ပြုအပ်၏ဟူ၍။ ဝဒေဟိ၊
လျှောက်ပါတော့လော့။ တယာ၊သည်။သစေအကတံ၊ အကယ်၍
မပြုအပ်သည်ဖြစ်အံ့။ အကတန္တိ၊ မပြုအပ်ပါဟူ၍။ဝဒေဟိ၊လော့။
ဣတိ၊သို့။အဝေါစ၊၏။ဘန္တေ၊ ဘုရား။ ယတော၊အကြောင်းအခါမှ။
ပဌာယ၊၍။ အဟံ၊ သည်။ ဇာတော၊ မွေးဘွား၏။ တတော၊ မှ။
ပဌာယ၊၍။ သုပိနန္တေနပိ၊ အိပ်မက်၌သော်လည်း။ မေထုနဓမ္မံ၊
မေထုန်အကျင့်ကို။ ပဋိသေဝိတာ၊မှီဝဲသည်။ ဟုတွာ၊ဖြစ်၍။ နာဘိ
ဇာနာမိ၊မသိစဘူး။ဇာဂရောနိုးကြားစဉ်အခါဖြစ်မှုကား။ပဂေဝ၊

အဘာယ်မှာ ဆိုဘွယ်ရာရှိပါတော့အံ့နည်း။ ဇာတိ၊ သို့။ အဝေါစ၊ ၏။ပ။ဘိက္ခဝေ၊ရဟန်းတို့။ တေနဟိ၊ထိုသို့ ရှင်ဒဗ္ဗမေတ္တိယနှင့်ဝဲသော ကြောင့်သာလျှင်။ သံဃော၊ သည်။ ဝဍ္ဎ၊ သော။ လိစ္ဆဝိဿ၊ အား။ပတ္တံ၊ကို။ နိက္ကုဇ္ဇတု၊ မှောက်ကြလော့။ သံဃေန၊ သည်။ အသမ္ဘောဂံ၊မသုံးဆောင်အပ်သည်ကို။ဝါ၊ မသုံးဆောင်ကောင်း သည်ကို။ ကရောတု၊ ပြုကြလော့။ပ။ ဘိက္ခူနံ၊ ရဟန်းတို့အား။ အလာဘာယ၊ လာဘ်မရစေခြင်းငှါ။ ပရိသက္ကတိ၊ လုံ့လပြု၏။ပ။ အနတ္ထာယ၊အကျိုးစီးပွါးမရှိစေခြင်းငှါ။ပ။ အနာဝါသာယ၊နေရာ မရှိစေခြင်းငှါ။ပ။ဘိက္ခူ၊ကို။အက္ကောသတိ၊ဆဲရေး၏။ပရိဘာသတိ၊ ခြိမ်းခြောက်၏။ ဘိက္ခူ၊ တို့ကို။ ဘိက္ခူဟိ၊ တို့နှင့်။ ဘေဒေတိ၊ကွဲပြား စေ၏။ ဗုဒ္ဓဿ၊၏။အဝဏ္ဏံ၊ ကျေးဇူးမဲ့သောစကားကို။ဘာသတိ၊ ဆို၏။ပ။

၂၆၆။ ဘန္တေ၊ တို့။ သံဃော၊ သည်။ မေ၊ ၏။ ဝစနံ၊ ကို။ သုဏာတု၊လော့။ ဝဍ္ဎော၊သော။ လိစ္ဆဝီ၊သည်။မလ္လပုတ္တံ၊ သော။ အာယသ္မန္တံဒဗ္ဗံ၊ကို။ အမူလိကာယ၊ မြင်ခြင်း ကြားခြင်း ရှိရှာခြင်း အရင်းမရှိသော။ သီလဝိပတ္တိယာ၊ သီလ၏ ပျက်ခြင်းဖြင့်။ အနုဒ္ဓံ သေတိ၊စွပ်စွဲ၏။ သံဃဿ၊ အား။ ပတ္တကလ္လံ၊သည်။ယဒိသိယာ၊ ငြားအံ့။ ဝေံသတိ၊ ဤသို့ဖြစ်သည်ရှိသော်။ သံဃော၊ သည်။ ဝဍ္ဎဿ၊ သော။ လိစ္ဆဝိဿ၊အား။ပတ္တံ၊ကို။ နိက္ကုဇ္ဇေယျ၊ မှောက် ရာ၏။ သံဃေန၊ သည်။ အသမ္ဘောဂံ၊ ကို။ ကရေယျ၊ ပြုရာ၏။ ဧသော၊ဤသည်လျှင်။ ဉတ္တိ၊ဉတ်တည်း။ ဝါ၊ သိစေခြင်းတည်း။ပ။ ပတ္တံ၊ကို။ နိက္ကုဇ္ဇတိ၊မှောက်၏။ အသမ္ဘောဂံ၊ကို။ ကရောတိ၊ ၏။ ဝဍ္ဎဿ၊ သော။ လိစ္ဆဝိဿ၊ အား။ ပတ္တဿ၊ ကို။ နိက္ကုဇ္ဇနာ၊ မှောက်ခြင်းကို။သံဃေန၊သည်။ အသမ္ဘောဂံ၊ကို။ ကရဏံ၊ ပြုခြင်း ကို။ ယဿအာယသ္မတော၊ အကြင်အရှင်သည်။ ခမတိ၊ နှစ်သက် အပ်၏။သော၊ထိုအရှင်သည်။တုဏှီ၊ဆိတ်ဆိတ်နေသည်။ အဿ၊ ဖြစ်ရာ၏။ ယဿ၊သည်။နက္ခမတိ၊ မနှစ်သက်အပ်။ သော၊ သည်။ ဘာသေယျ၊ ဆိုရာ၏။သံဃေန၊သည်။ ဝဍ္ဎဿ၊သော။ လိစ္ဆဝိဿ၊

အာဒါ။ ပဟ္ဟော၊ ကို။ နိက္ခမိတွာ၊ မှောက်အပ်ပြီ။ သံဃေန၊ သည်။ အသမ္မောဂေ၊ မသုံးဆောင်အပ်ပြီ။ ဝါ၊ မသုံးဆောင်အပ်သည်ကို။ ကတော၊ ပြုအပ်ပြီ။ (ဤ နောက်နည်းကား ကတော သဒ္ဒါကို ပါဌ်ကြွင်းကြံ)။ ၀။ ဝနော၊သော။ လိစ္ဆဝီ၊လိစ္ဆဝီမင်းသည်။ သံဃေန၊ သည်။ မေ၊ အာဒါ။ ပဟ္ဟော၊ ကို။ နိက္ခမိတွာကိရ၊ မှောက်အပ်ပြီ သတတ်။ ဝါ၊ မှောက်အပ်ပြီတဲ့။ သံဃေန၊ သည်။ အသမ္မောဂေ၊ သည်။ အမှိကိရ၊ ဖြစ်ပြီသတတ်။ ဝါ၊ ဖြစ်ပြီတဲ့။ ဉာတိမနသိကတွာ၊ ဤသို့ နှလုံးပိုက်၍။ တတ္ထေဝ၊ ထိုအရပ်၌သာလျှင်။ မုစ္ဆိတော၊ မိန်းမောသည်ဖြစ်၍။ ပပတော၊လည်းလေ၏။ ပ။ မိတ္တာမစ္စာ၊အဆွေ ခင်ပွန်းတို့သည် လည်းကောင်း။ ဉာတိသာလောဟိတာ၊ မိဘ ဆွေမျိုးတို့သည်လည်းကောင်း။ပ။ အာဝုသော၀ဍ္ဎ၊ ဝဍ္ဎ။ အလံ၊ မသင့်။ မာသောစိ၊ မစိုးရိမ်လင့်။ မာပရိဒေဝိ၊ မငြည်တမ်းလင့်။ မယံ၊ တို့သည်။ ဘဂဝန္တံ၊ ကိုလည်းကောင်း။ ဘိက္ခုသံဃဉ္စ၊ ကိုလည်း ကောင်း။ ပသာဒေဿာမ၊ ကြည်ညိုစေကုန်အံ့။ ဉာတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ ပ။ သပုတ္တဒါရော၊သားမယားနှင့်တကွ။ သမိတ္တာ မစ္စော၊ အဆွေခင်ပွန်းနှင့် တကွ။ သ ဉာတိ သာလောဟိတော၊ မိဆွေဘမျိုးနှင့်တကွ။ အလ္လဝတ္ထော၊ စိုသောအဝတ်ရှိသည်ဖြစ်၍။ အလ္လကေသော၊ စိုသောဆံရှိသည်ဖြစ်၍။ ပ။ ပါဒေသု၊ ၌။ သိရသာ၊ ဦးဖြင့်။ နိပတိတွာ၊ဝပ်၍။ ပ။ ဘန္တေ၊ဘုရား။ ယထာဗာလံ၊မိုက်သည် အလျောက်။ ယထာမူဠံ၊ တွေဝေသည့်အလျောက်။ ယထာအကုသလံ၊ မလိမ္မာသည့် အလျောက်။ အစ္စယော၊ အပြစ်သည်။ မံ၊ အကျွန်ုပ်ကို။ အစ္စာဂမာ၊ လွှမ်းမိုးပါ၏။ ယောအဟံ၊ အကြင် အကျွန်ုပ်သည်။ ပ။ အနုဒ္ဓံသေမိ၊ စွပ်စွဲပြီ။ ဘန္တေ၊ အရှင်ဘုရား။ ဘဂဝါ၊ သည်။ တဿမေ၊ ထိုအကျွန်ုပ်၏။ အစ္စယံ၊ အပြစ်ကို။ အာယတိံ၊ နောင်အခါ၌။ သံဝရာယ၊ စောင့်စည်းခြင်းငှါ။ အစ္စယ တော၊ အပြစ်အားဖြင့်။ ပဋိဂ္ဂဏှာတု၊ သည်းခံတော်မူပါလော့။ ဉာတိ၊ ဤသို့။ အဝေါစ၊ ၏။ အာဝုသော၀ဍ္ဎ၊ ဝဍ္ဎ။ ယံ ယေနကာရဏေန၊ အကြင်သို့သော အကြောင်းဖြင့်။ တွံ၊သည်။ မလ္လပုတ္တံ၊

သော။ ဒဗ္ဗံ၊ ကို။အမှုလိကာယ၊သော။ သီလဝိပ္ပတ္တိယာ၊ဖြင့်။အနုဒ္ဓံ သေသိ၊ စွပ်စွဲပြီ။ တေနကာရဏေန၊ ဖြင့်။ယထာဗာလံ၊လျော်။ ယထာမူဠ္ဌံ၊ လျော်။ ယထာအကုသလံ၊ လျော်။ တွံ၊ ကို။ ။ (ဤပုဒ်၌ ဥပယောဂတ္ထ၌ ပစ္စတ္တဝိဘတ်သက်၊ အချို့ပေတို့၌ကား တံ-ဟူ၍ပင် ဒုတိယန္တရှိ၏။ ထိုသို့ရှိလျှင် ဥဇုကတ္တပင်တည်း)။ ။ အစ္စယော၊သည်။တဿ၊စ်။အစ္စာဂမာ၊လွှမ်းမိုးဘိ၏။ အာဝုသော ဝန္န၊ ဝနို။ ယတော၊ အကြင်အခါ၌။ ခေါ၊ စင်စစ်။ တွံ၊ သည်။ အစ္စယံ၊ကို။ အစ္စယတော၊ အားဖြင့်။ ဒိသွာ၊ ၍။ ယထာဓမ္မံ၊ သဘောအလျောက်။ ပဋိကရောသိ၊ ကုစားဘိ၏။ တဒါ၊၌။တေ၊ သင်၏။တံ၊ထိုအပြစ်ကို။မယံ၊ တို့သည်။ပဋိဂ္ဂဏှာမ၊ သည်းခံပါကုန်၏။အာဝုသောဝနု၊ဝနု။ယော၊အကြင်သူသည်။အစ္စယံ၊ကို။အစ္စယ တော၊အားဖြင့်။ ဒိသွာ၊ ၍။ ယထာဓမ္မံ၊ သဘော အလျောက်။ ပဋိကရောတိ၊ ကုစား၏။ အာယတိံ၊ ၌။ သံဝရံ၊ သို့။ အာပဇ္ဇတိ၊ ရောက်၏။ ဧသ၊ ထိုပုဂ္ဂိုလ်၏။ သော၊ ဤသို့ကုစားခြင်း စောင့် စည်းခြင်းသို့ ရောက်ခြင်းသည်။ အရိယဿ၊ မြတ်စွာဘုရား၏။ ဝိနယေ၊ ဝိနည်း၌။ ဝါ၊ သာသနာတော်၌။ ဝုဒ္ဓိ-ဝုဒ္ဓိဝေါ၊ ပွါးစီး ခြင်းမည်သည်သာလျှင်တည်း။ပ။ ဘိက္ခဝေါ၊တို့။တေနဟိ၊ထိုသို့ဝနု လိစ္ဆဝိမင်းသား ကန့်တော့သောကြောင့်သာလျှင်။ပ။ ပတ္တံ၊ ကို။ ဥက္ကုဇ္ဇတု၊ လှန်ကြလော့။ သံဃော၊ သည်။ သံမ္မောဂံ၊ သုံးဆောင် အပ်သည်ကို။ ဝါ၊သုံးဆောင်ကောင်းသည်ကို။ ကရောတု၊လော့။ ။ပ။ပတ္တော၊ကို။ဥက္ကုဇ္ဇိတဗ္ဗော၊လှန်အပ်၏။ပ။ နပရိသက္ကတိ၊လို့လ မပြု။ပ။နအဓက္ကောသတိ၊မဆဲရေး။ နပရိဘာသတိ၊ မရေရွတ်။ပ။ နဘေဒေတိ၊ မကွဲပြားစေ။ပ။ နဘာသတိ၊ မဆို။ပ။ ဘန္တေ၊အရှင် ဘုရားတို့။သေယျံ၊ထိုအကျွန်ုပ်သည်။သမ္မာ၊ကောင်းစွာ။ဝတ္တာမိ၊ ကျင့်ပါတော့၏။ လောမံ၊ မာန်မာန တည်းဟူသော အမွေးကို။ ပါတေမိ၊ချပါတော့၏။ နေတ္ထာရံ၊ ကံမှ ထွက်မြောက်ကြောင်း ဖြစ်သောအကျင့်ကို။ ဝတ္တာမိ၊၏။ သံဃံ၊ကို။ ပတ္တုက္ကုဇ္ဇနံ၊သပိတ် လှန်ခြင်းကို။ ယာစာမိ၊ တောင်းပန်ပါ၏။ပ၊

အမှာ ဤအရာ၌ အင်္ဂဟိ ဘိက္ခုဝေ အင်္ဂေဟိ သမန္နာဂတဿ ဥပါသကဿ ပဌွော နိုက္ကုဇ္ဇိတဗ္ဗော-အစရှိသည်ဖြင့် အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော ဒါယကာယောကျ်ား ဒါယိကာ မိန်းမအား သပိတ် မှောက်သင့်ကြောင်းကို တိုက်ရိုက် နီတတ္ထ ယထာရုတအားဖြင့် သဗ္ဗညု မြတ်စွာဘုရား ဟောငြား သော်လည်း တပါးပါးသော အင်္ဂါပြည့်စုံသော ဒါယကာ ယောကျ်ား ဒါယိကာ မိန်းမအားလည်း သပိတ်မှောက်ခြင်း ပတ္တ နိက္ကုဇ္ဇနကံကို ပြုအပ်သည်။ ထို့ကြောင့် သိက္ခာပုဒ်အဘွင့် စူဠဝါ ခုဒ္ဒကက္ခန္ဓက အဋ္ဌကထာ၌-အဋ္ဌဟင်္ဂေဟိတိ ဧတ္ထ ဧကေကေနပိ အင်္ဂေန သမန္နာဂတဿ အန္တောသီမာယဝါ နိသီဒိ ဂန္တွာ နဒီ အာဒိသုဝါ နိက္ကုဇ္ဇိတုံ ဝဋ္ဋတိယေဝ-ဟု မိန့်ဆိုတော်မူကုန်သည်။ ထိုတပါးပါးသော အင်္ဂါအကြောင်းအရာ ပြည့်စုံသော ဒါယကာ ယောကျ်ား ဒါယိကာ မိန်းမပင် ဖြစ်သော်လည်း-

ဣမေဟိစ ပန တီဟိလက္ခဏေဟိ သမန္နာဂတေန ဝိနယ ဓရေန ဝတ္ထု ဝိနိစ္ဆယတ္ထံ သန္နိပတိတေ သံဃေ ဩတိဏ္ဏေ ဝတ္ထုသ္မိံ စောဒကေန စုဒိတကေနစ ဝုတ္တေဝတ္တဗ္ဗေ သဟ သာ အဝိနိစ္ဆိတွာဝ ဆဋ္ဌာနာနိ ဩလောကေ တဗ္ဗာနိ။ ကတမာနိ ဆ။ ဝတ္ထု ဩလောကေတဗ္ဗံ။ မာတိကာ ဩလောကေတဗ္ဗာ။ ပဒဘာဇနီယံ ဩလောကေ တဗ္ဗံ။ တိက္ကပရိစ္ဆေဒေါ ဩလောကေတဗ္ဗော။ အန္တရာပတ္တိ ဩလောကေတဗ္ဗာ။ အနာပတ္တိ ဩလောကေတဗ္ဗာတိ-

ဟူသောပါရာဇိကကဏ် အဋ္ဌကထာ ပဌမပါရာဇိက သိက္ခာပုဒ် အဘွင့်နှင့်အညီ ပတ္တနိက္ကုဇ္ဇန ဝတ္ထုနိဒါန်းကို ကြည့်ရှုဆင်ခြင်လျှင် သပိတ်ကိုမှောက်လိုသောဒါယကာယောကျ်ား,ဒါယိကာမိန်းမ၌ အမနာပအနုတ္တ အကျိုးမဲ့ အကျိုးယုတ်နှင့် စပ်လျဉ်းသော အကြောင်းအရာ ကာယပယောဂ,ဝစီပယောဂ, ကိုယ်အမူအရာ, နှုတ်အမူအရာကိုပြုကျင့်ပြောဆိုသော ရဟန်းဖြစ်၍ ထိုရဟန်းအား အကြောင်းနှင့် လျော်စွာ လက်ခေါက်လက်ပြန် အမနာပအနုတ္တ

အကျိုးမဲ့ အကျိုးယုတ်နှင့် စပ်လျဉ်းသောအကြောင်းအရာ ကာယပယောဂ, ဝစီပယောဂ ကိုယ်အမူအရာ, နှုတ်အမူအရာဖြင့်ဆဲရေး ရေရွတ်ကဲ့ရဲ့ပြစ်တင်သော ဒါယကာယောကျ်ား, ဒါယိကာမိန်းမအားကား သပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံကို မပြုအပ်။ ဝန်အမှည့်ရှိသော လိစ္ဆဝီမင်းသား၌ အမနာပအနတ္ထအကျိုးမဲ့အကျိုးယုတ်နှင့် စပ်လျဉ်းသော အကြောင်းအရာ ကာယပယောဂ, ဝစီပယောဂ ကိုယ်အမူအရာ, နှုတ်အမူအရာကို ပြုကျင့်ပြောဆိုသော အကြောင်းအရာတစုံတရာမျှမရှိဘဲ အဝတ္ထု အကာရဏ အနုဝဇ္ဇ အပြစ်မရှိသော မလ္လာမင်း၏သား အရှင်ဒဗ္ဗကိုဆဲရေး ရေရွတ်ကဲ့ရဲ့ပြစ်တင်သော ဝန်လိစ္ဆဝီမင်းသား ကဲ့သို့ သပိတ်ကို မှောက်လိုသော ဒါယကာယောကျ်ား, ဒါယိကာမိန်းမ၏ အမနာပ အနတ္ထ အကျိုးမဲ့အကျိုးယုတ်နှင့် စပ်လျဉ်းသောအကြောင်းအရာ ကာယပယောဂ, ဝစီပယောဂ ကိုယ်အမူအရာ, နှုတ်အမူအရာကို ပြုကျင့်ပြောဆိုသောအကြောင်းအရာ တစုံတရာမျှမရှိဘဲ အဝတ္ထုအကာရဏ အနုဝဇ္ဇအပြစ်မရှိသော အရှင်ကောင်း အရှင်မြတ် သီလဝန်ဂုဏဝန်ပုဂ္ဂိုလ်မွန်ပုဂ္ဂိုလ်မြတ် လဇ္ဇီပေသလသိက္ခာကာမရဟန်းကိုအပြစ်တခုခုပြုလုပ်ပြောဆိုသော ဒါယကာယောကျ်ား,ဒါယိကာမိန်းမအား သာလျှင် နောက်နောင်အခါ လိမ္မာ ယဉ်ကျေးစောင့်ရှောက်ခြင်း အာယတိံ သံဝရဋ္ဌာန အဒန္တဒမန အကျိုးကိုရှိုးကိုးမျှော်ထောက်၍သပိတ်မှောက်ခြင်းပတ္တနိက္ကုဇ္ဇနကံကိုပြုအပ်သည်။ထိုသပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံကိုလည်း သပိတ်ကို အောက်သို့ မျက်နှာထားသော အားဖြင့် သပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံကို ပြုအပ်သည်မဟုတ် မုချဆတ်ဆတ် အတတ်နိတတ္ထအားဖြင့်ကား ဉတ္တိဒုတိယကံအပလောကကံနှစ်ပါးတို့တွင် တပါးပါးဖြင့်သာ သပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံကို ပြုအပ်သည်။ ထို့ကြောင့်တေရသကဏ်ဋီကာ၌-

နိက္ကုဇ္ဇိတဗ္ဗောတိ တေန ဒိန္နဿ ဒေယျဓမ္မဿ အပဋိဂ္ဂဟဏတ္ထံ ပတ္တနိက္ကုဇ္ဇနကမ္မဝါစာယ နိက္ကုဇ္ဇိတဗ္ဗော၊ နအဓော

မုခင္မပနေန၊ တေနေဝါဟ ဝေဠုပန ဘိက္ခဝေ နိဂ္ဂုဏ္ဍိ တမ္ဗောတိ အာဒိ-ဟု ဘွင့်ဆိုတော်မူကုန်သည်။

ထိုသပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံ ကိုလည်း ပရိဝါအဋ္ဌကထာကမ္မဝဂ်အသံမုခါကာရဏီယကံ ရှစ်ပါး၌ ပြအပ်သော ပရံမုခကံ အဝင်အပါဖြစ်၍ နှစ်တောင့်တွာ ဟတ္ထပါသ်မှအပ ပရံမုခ ဒူရဌာနၥ၌တည်သော ဒါယကာယောက်ျား, ဒါယိကာမိန်းမအား သာပြုအပ်သည်။ ထိုသပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံကိုပြုသော ရဟန်းသံဃာတော် တို့သည် ထိုသပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇန ကံကို ပြုအပ်ပြီးသော ဒါယကာယောက်ျား,ဒါယိကာမိန်းမ တို့၏ လှူဘွယ်ဝတ္ထု ဒေယျဓမ္မ ပစ္စည်းလေးပါးကို ရဟန်းမျိုးတော် သိတင်းသုံးဘော် ရဟန်းတိုင်း မသုံးဆောင်စေခြင်း အကျိုးငှါ ဓမ္မဒီပါလကျော်တပိုက် သောင်းတိုက် အလုံးဖြစ်သော ကျောင်း တပါးသို့လည်း စာတိုစာရှည် ရေးလည်ကြောင်ပတ်စေလွှတ်အပ် သည်။ ထိုသပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံ အကြောင်းအရာ သဘာဝကိုမှချဆတ်ဆတ်နိတ္တထသိပြီးသောရဟန်းသံဃာ အလုံး စုံတို့သည် ကိုယ်စိတ်နှစ်ဖြာ လိမ်မာယဉ်ကျေး၍ သုံးကြိမ်တိုင်တိုင် ဘောင်းပန်တိုးလျှိုးလာသောကြောင့် နှစ်တောင့်ထွာဟတ္ထပါသ်မှ အပပြုလျက်သပိတ်လှန်ခြင်းပတ္တနိက္ကုဇ္ဇနကံကိုမပြုသေးသမျှကာလ ပတ်လုံး ထိုသပိတ်မှောက်ခြင်း ပတ္တနိက္ကုဇ္ဇနကံကို ပြုအပ်ပြီးသော ဒါယကာယောက်ျား,ဒါယိကာမိန်းမတို့၏လှူဘွယ်ဝတ္ထု ဒေယျဓမ္မ ပစ္စည်းလေးပါးကို သုံးဆောင်ပရိဘုတ်ခြင်းငှါ မအပ်။ ထိုကြောင့် စူဠဝါခုဒ္ဒကက္ခန္ဓပတ္တနိက္ကုဇ္ဇန သိက္ခာပုဒ်အဘွင့် အဋ္ဌကထာ၌-

ဧဝံ နိက္ကုဇ္ဇိတေပန ပတ္တေ တဿ ဂေဟေ ကောစိ ဒေယျ ဓမ္မော နဂဟေတဗ္ဗော၊ အသုကဿ ဂေဟေ ဘိက္ခံ မာ ဂဏှထာတိ အညေသု ဝိဟာရေသုပိ ပေသေတဗ္ဗံ-

ဟု ဘွင့်ဆိုတော်မူကုန်သည်။

၂၆ဂ။ ယထာဘိရန္တံ၊ မွေလျော်တော်မူသည့် အလျောက်။ ဝိဟရိတွာ၊ ၍။ ယေန၊ ၌။ ဘဂ္ဂါ၊ ဘဂ္ဂတိုင်းသည်။ အတ္ထိ၊ ၏။ ပ။ တတြ

ဘဂ္ဂေသု၊ တိုင်း၌။ သုံသုမာရဂိရေ၊ သုံသုမာရဂိရိ အမည် ရှိသော
တောင်၌။ ဘေသကဠာဝနေ၊ ဝဲစင်းခုံတော၌။ မိဂဒါယေ၊
မိဂဒါဝုန်တော၌။ပ။ ဗောဓိဿ၊ ဗောဓိ အမည်ရှိသော။ ရာဇကုမာ
ရဿ၊ မင်းသားအား။ ကောကနုဒေါနာမ၊ ကောကနုဒ အမည်
ရှိသော။ ပါသာဒေါ၊ ပြာသာဒ်သည်။ အစိရကာရိတော၊ ပြု၍
မကြာသေးသည်။ ဟောတိ၊ ဖြစ်၏။ သမဏေနဝါ၊ သည်လည်း
ကောင်း။ ဗြာဟ္မဏေနဝါ၊ သည်လည်းကောင်း။ ကေနစိ၊ တစုံ
တယောက်သော။ မနုဿဘူတေနဝါ၊ လူဖြစ်၍ဖြစ်သောသူသည်
လည်းကောင်း။ အနဇ္ဈာဝုတ္ထော၊ မနေဘူးသေး။ပ။သဉ္ဇိကာပုတ္တံ၊
သဉ္ဇိကပုန်ဏေးမ၏ သားဖြစ်သော။ မာဏဝံ၊ လုလင်ကို။ အာ
မန္တေသိ၊ခေါ်၍ဆို၏။ ကိံ အာမန္တေသိ၊ ဟူမူကား။သမ္မ သဉ္ဇိကာ
ပုတ္တ၊ အချင်းသဉ္ဇိကပုန်ဏေးမ၏သား။ ကွံ၊ သည်။ ဧဟိ၊ လာခဲ့
လော့။ပ။ ဥပသင်္ကမ၊ ကပ်ပါလေလော့။ ဥပသင်္ကမိတွာ၊ ၍။ မမ၊
ငါ၏။ ဝစနေန၊ ဖြင့်။ ဘဂဝတော၊ ၏။ ပါဒေ၊ တို့ကို။ သိရသာ၊
ဖြင့်။ဝန္ဒ၊ ရှိခိုးပါလေလော့။အပ္ပါဗာဓံ၊ အနာကင်းသည်ကို။ အပ္ပါ
တင်္ကံ၊ဆင်းရဲကင်းသည်ကို။လဟုဋ္ဌာနံ၊လျင်စွာထကြွနိုင်သည်ကို။
ဗလံ၊ ခွန်အားရှိသည်ကို။ ဖာသုဝိဟာရံ၊ ချမ်းချမ်းသာသာ နေရ
သည်ကို။ ပုစ္ဆ၊မေးလျှောက်ပါလေလော့။ ကိံ ပုစ္ဆတိ၊အဘယ်သို့
မေးလျှောက်ရအံ့နည်းဟူမူကား။ ဘန္တေ၊ ဘုရား။ ဗောဓိရာဇ
ကုမာရော၊ သည်။ ဘဂဝတော၊ ၏။ပါဒေ၊တို့ကို၊သိရသာ၊ဖြင့်။
ဝန္ဒတိ၊ရှိခိုးပါ၏။ အပ္ပါဗာဓံ၊ ကို။ အပ္ပါတင်္ကံ၊ ကို။ လဟုဋ္ဌာနံ၊
ကို။ဗလံ၊ ကို။ ဖာသုဝိဟာရံ၊ကို။ပုစ္ဆတိ၊မေးလျှောက်လိုက်ပါ၏။
ဧဝံ၊ ဤသို့။ ပုစ္ဆ၊ လော့။ ဧဝဉ္စ၊ ဤသို့လည်း။ဝဒေဟိ၊လျှောက်ဆို
ပါလေဦး။ ကိံ ဝဒေဟိ၊ဟူမူကား။ဘန္တေ၊ဘုရား။ ဘဂဝါ၊သည်။
ဗောဓိဿ ရာဇကုမာရဿ၊ ၏။ ဘတ္တံ၊ ဆွမ်းကို။ သွာတနာယ၊
နက်ဖြန်ကောင်းမှုအလို့ငှါ။ ဘိက္ခုသံဃေန၊ နှင့်။ သဒ္ဓိံ၊ တကွ။
အဓိဝါသေတုကိရ၊ သည်းခံတော်မူပါလေသတတ်။ ဣတိ၊ဤသို့။
ဝဒေဟိ၊ လော။ ဣတိ၊ ဤသို့။ အာမန္တေသိ၊ ၏။ ဧဝံ၊ အရှင်

မင်းသား။ ဧဝံ၊ ကောင်းလှပါပြီ။ ဇူတိခေါ၊ ဤသို့လျှင်။ပ။
ဘောဘတော၊အရှင်မင်းသား၏။ ဝစနေန၊ဖြင့်။တံဘံဝန္တံဂေါတမံ၊
ထိုအရှင်ဂေါတမကို။ မေဝမိ၊ သော။ ရာဇဂ္ဂုမာရော၊ သည်။
ဘောဘတောဂေါတမဿ၊ ၏။ပါဒေ၊တို့ကို။ သိရသာ၊ ဖြင့်။ဝန္ဒတိ၊
ရှိခိုးပါ၏။ပ။ ဇူတိ၊ ဤသို့။ ဝဒေတိ၊ လျှောက်လိုက်ပါ၏။ ဇူတိ၊
ဤသို့။ မယံ၊တို့သည်။အဝေါစိုံမှာ၊လျှောက်ခဲ့ပါကုန်ပြီ။သမဏော
ဂေါတမေန၊ ရဟန်း ဂေါတမသည်။ အမိဝုတ္တံဥ၊ သည်းလည်း
ခံတော်မူအပ်ပါ၏။ ဇူတိ၊ ဤသို့။ အဝေါစ၊ ဆို၏။ပ။ တဿာရတ္တိ
ယာ၊၏။ အစ္စယေန၊လွန်သောအခါ၌။ပ။ပရိယာဒါပေတွာ၊ စီရင်
စေ၍။ ကောကနုဒံ၊ သော။ ပါသာဒဥ္စ၊ကိုလည်း။ သြဒါတေဟိ၊
ဖြူကုန်သော။ ဒုဿေဟိ၊ ပုဆိုးတို့ဖြင့်။ ယာဝ ပစ္ဆိမသောပါဏ
ကဠေဝရာ၊ နောက်ဆုံး ဖြစ်သော စောင်းတန်း လှေကားထစ်
တိုင်အောင်။ သန္ထရာပေတွာ၊ ခင်းစေ၍။ သဥ္ဇိကာပုတ္တံ၊ သော။
မာဏဝံ၊ ကို။ အာမန္တေသိ၊ ခေါ်၍ဆို၏။ ကိံ အာမန္တေတိ၊ ဟူမူ
ကား။ သမ္မသဥ္ဇိကာပုတ္တ၊ အချင်းသဥ္ဇိကာ ပုဏ္ဏားမ၏သား။ တွံ၊
သည်။ ဧဟိ၊ လာခဲ့လော့။ပ။ ဥပသင်္ကမိ၊ ကပ်ပါလေလော့။ပ။
ကာလံ၊ ကို။ အာရောစေဟိ၊ ကြားလျှောက်ပါလေလော့။ ကိံ
အာရောစေတိ၊ ဟူမူကား။ ဘန္တေ၊ ဘုရား။ ကာလော၊ အချိန်
တန်ပါပြီ။ ဘတ္တံ၊ သည်။ နိဋ္ဌိတံ၊ ပြီးပါပြီ။ ဝါ၊ကျက်ပါပြီ။ ဇူတိ၊
ဤသို့။ အာရောစေဟိ၊ လော့။ ဇူတိ၊ သို့။ အာမန္တေသိ၊၏။ပ။ ဗဟိ
ဒွါရကောဋ္ဌကေ၊ တံခါးမုတ်၏အပ၌။ ဘဂဝန္တံ၊ ကို။ အာဂမယ
မာနော၊ ငံ့လင့်လျက်။ ဝါ၊ မျှော်လင့်လျက်။ ဋ္ဌိတော၊ သည်။
ဟောတိ၊ ၏။ပ။ ဒိသွာန၊ ပြီး၍။တတော၊ ထိုအရပ်မှ။ ပစ္စုဂ္ဂန္တွာ၊
ခရီးဦး ကြိုဆို၍။ ဘဂဝန္တံ၊ ကို။အဘိဝါဒေတွာ၊ ၍။ ပုရေက္ခတွာ၊
ရှေးသွားပြု၍။ဝါ၊ရှေးရှုပြု၍။ဝါ၊ ရှေးညွှန်ပြု၍။ပ။ဘန္တေ၊ ဘုရား။
ယံအတ္တမနံ၊ အကြင်နင်းခြင်းသည်။ မမ၊ အကျွန်ုပ်၏။ ဒီဃရတ္တံ၊
ရှည်စွာသောနေ့ညဉ့်ပတ်လုံး။ ဟိတာယ၊စီးပွါးခြင်းငှါ။ သုခါယ၊
ချမ်းသာခြင်းငှါ။ အဿ၊ ဖြစ်ရာ၏။ တေန၊ ထို နင်းခြင်းဖြင့်။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဒုဿာနိ၊ ပုဆိုးတို့ကို။ အဂ္ဂဟေတွာ၊ နှင်းတော်မူပါလော့။ သုဂတော၊ မြတ်စွာဘုရားသည်။ ဒုဿာနိ၊ တို့ကို။အဂ္ဂဟေတွာ၊ လော့။ဣတိ၊ဤသို့။ အဝေါစ၊ ၏။ပ။အာနန္ဒ၊ ကို။ အပလောကေသိ၊ လည်း၍ကြည့်၏။ပ။ ရာဇကုမာရ၊ မင်းသား။ ဒုဿာနိ၊ တို့ကို။ သံဟရတု၊ ရုပ်သိမ်းလော့။ ဘဂဝါ၊ သည်။ စေလပဋိကံ၊ ပုဆိုးအခင်းကို။ ဝါ၊ ခင်းအပ်သောပုဆိုးကို။ နအက္ကမိဿတိ၊ မနင်းလတ္တံ့။ ပစ္ဆိမံ၊ နောက်နောက်၌ဖြစ်သော။ ဇနတံ၊ ရဟန်းအပေါင်းကို။ တထာဂတော၊ သည်။ အနုကမ္ပတိ၊ အစဉ်သနားတော်မူ၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ၏။ပ။ သဟတ္ထာ၊ မိမိလက်ဖြင့်။ သန္တပေ့တွာ၊ ရောင့်ရဲစေ၍။ သမ္ပဝါရေတွာ၊ တန်ပြိုဟုမြစ်စေ၍။ ဘဂဝန္တံ၊ ကို။ ဘုတ္တာဝိံ၊ ဆွမ်းစားပြီးစဉ်။ ဩနီတပတ္တပါဏိံ၊ သပိတ်တော်မှ ချအပ်ပြီးသော လက်တော် ရှိသည့်ကို။ သလ္လက္ခေတွာ၊ ၍။ ။(ဤ သလ္လက္ခေတွာ ကား ထည့်ပါ၍)။ ။ ဧကမန္တံ၊ တင့်အပ်လျောက်ပတ်သော အရပ်၌။ နိသီဒိ၊ ၏။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ စေလပဋိကာ၊ ပုဆိုးအခင်းကို။ဝါ၊ခင်းအပ်သောပုဆိုးကို။ နအက္ကမိတဗ္ဗာ၊ နင်းအပ်။ပ။အညတရာ၊ သော။ ဣတ္ထီ၊ သည်။အပဂတဂဗ္ဘာ၊ကင်းပြီးသောကိုယ်ဝန် ရှိသည်ဖြစ်၍။ ဝါ၊ ဘွားပြီးသောကိုယ်ဝန်ရှိသည်ဖြစ်၍။ ဘိက္ခူ၊ ကို။ နိမန္တေတွာ၊ ပင့်ဘိတ်၍။ ဒုဿံ၊ ပုဆိုးကို။ ပညပေတွာ၊ ခင်း၍။ တေံဝစနံ၊ ကို။ အဝေါစ၊ လျှောက်၏။ ကိံ အဝေါစ၊ ဟူမူကား။ ဘန္တေ၊ အရှင်ဘုရားတို့။ ဒုဿံ၊ ကို။ အဂ္ဂမထ၊ နင်းတော်မူပါကုန်လော့။ ဣတိ၊ သို့။ အဝေါစ၊ ၏။ ဘိက္ခူ၊ တို့သည်။ ကုက္ကုစ္စာယန္တာ၊ အလိုလို ရှိကြကုန်သည်ဖြစ်၍။ နအက္ကမန္တိ၊ မနင်းဝံ့ကြကုန်။ ဘန္တေ၊ တို့။ မင်္ဂလတ္ထာယ၊ မင်္ဂလာအလို့ငှါ။ ဒုဿံ၊ ကို။ အဂ္ဂမထ၊ ကုန်လော့။ ။ပ။ကာထဉ္စနာမ၊ အဘယ်ကြောင့်လျှင်။ အယျာ၊ တို့သည်။ မင်္ဂလတ္ထာယ၊ ငှါ။ ယာစိယမာနာ၊ တောင်းပန်အပ်ပါကုန်လျက်။ စေလပဋိကံ၊ ကို။နအက္ကမိဿန္တိ၊ မနင်းကြကုန်ဘိသနည်း။ဣတိ၊ ဤသို့။ ဝိပါစေန္တိ၊ ကုန်၏။ ဘိက္ခူ၊ တို့သည်။ ဥဇ္ဈာယန္တိယာ၊

သော။ပ။ ဝိပါစေန္တိယာ။ သော။ တဿာဇုတ္တိယာ၊၏။ ဝစနံ၊ကို။ အဿောသုံခေါ၊ ကြားလေကုန်သလျှင်ကတည်း။ပ။ ဘိက္ခဝေ၊တို့။ ဂိဟီ၊ လူတို့သည်။ မင်္ဂလိကာ၊ မင်္ဂလာကို အလိုရှိကြ ကုန်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဂိဟီနံ၊ တို့သည်။မင်္ဂလတ္ထာယ၊ငှါ။ ယာစိယမာနေန၊ တောင်းပန်အပ်သောရဟန်းသည်။ ခေဠလပင္ဂိကံ၊ ကို။ အက္ကမိတုံ၊ငှါ။အနုဇာနာမိ၊၏။ပ။ဓောတပါဒကံ၊ ဆေးအပ်သော ခြေဖြင့် နင်းအပ်သော ပုဆိုးအခင်းကို။ အက္ကမိတုံ၊ နင်းခြင်းငှါ။ ကုက္ကုစ္စာယန္တိ၊ အလိုလိုရှိကြကုန်၏။ပ။

ဒုတိယဘာဏဝါရံ။

---

၂၆၄။ မိဂါရမာတာ၊ မိဂါရ သူဌေး၏ အမိ ဖြစ်သော။ ဝိသာခါ၊ ဝိသာခါသည်။ ဃဋကဥ္စ၊ ရေချိုးစရာ ရေအိုးကိုလည်းကောင်း။ ကတကဥ္စ၊ ကြာချပ်သဏ္ဍာန် အဆူးပွူးရှန်းထစေ၍ ပြုအပ်သော ခြေပွတ်အိုးခြမ်းကိုလည်းကောင်း။သမ္မဇ္ဇနိဥ္စ၊ တံမြက်ဆုပ်ကိုလည်းကောင်း။ အာဒါယ၊ယူ၍။ပ။ဘန္တေ၊မြတ်စွာဘုရား။ ယံပဋိဂ္ဂဟဏံ၊ အကြင်ခံခြင်းသည်။ မမ၊ အကျွန်ုပ်၏။ ဒီဃရတ္တံ၊ လုံး။ ဟိတာယ၊ ငှါ၊ သုခါယ၊ ငှါ။ အဿ၊ ဖြစ်ရာပါ၏။ တေန၊ ထိုခံခြင်းဖြင့်။ဘဂဝါ၊သည်။ မေ၏။ ဃဋကဥ္စ၊ ကိုလည်းကောင်း။ ကတကဥ္စ၊ ကိုလည်းကောင်း။သမ္မဇ္ဇနိဥ္စ၊ ကိုလည်းကောင်း။ပဋိဂ္ဂဏှာတု၊ ခံတော်မူပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊၏။ဘဂဝါ၊ သည်။ ဃဋကဥ္စ၊ ကိုလည်းကောင်း။ သမ္မဇ္ဇနိဥ္စ၊ကိုလည်းကောင်း။ ပဋိဂ္ဂဟေသိ၊ ခံတော်မူ၏။ ဘဂဝါ၊ သည်။ ကတကံ၊ ကို။ နပဋိဂ္ဂဟေသိ၊ ခံတော်မမူ။ ဘိက္ခဝေ၊ တို့။ ဃဋကဥ္စ၊ကိုလည်းကောင်း။ သမ္မဇ္ဇနိဥ္စ၊ ကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။ ကတကံ၊ ကို။ နပရိဘုဉ္ဇိတဗ္ဗံ၊ မသုံးဆောင်အပ်။ပ။ ဘိက္ခဝေ၊တို့။ သက္ခရံ၊ ကျောက်စရစ်ကိုလည်းကောင်း။ ကထလံ၊ အိုးခြမ်းကိုလည်းကောင်း။ သမုဒ္ဒဖေဏကံ၊ သမုဒ္ဒရာ ရေမြှုပ်ကျောက်ကိုလည်းကောင်း။ ဝါ၊ ပင်လယ်ရေမြှုပ်ကျောက်ကို လည်းကောင်း။

ဇာတိ၊ ဤသို့။တိဿော၊ကုန်သော။ပါဒဏ်သနိယော၊ခြေပွတ်တို့ကို။ အနုဇာနာမိ၊ ၏။ ဝိဇ္ဇပနဉ္စ၊ လေးထောင့်ယပ်ကို လည်းကောင်း။ တာလဝဏ္ဋဉ္စ၊ ထပ်းရွက် ယပ်ဝန်းကိုလည်းကောင်း။ အာဒါယ၊ ယူ၍။ပ။ သံဃဿ၊ အား။ မကသဗီဇနိ၊ ခြင်နှင်ယပ်သည်။ဥပ္ပန္နာ၊ ဖြစ်သည်။ ဝါ၊ ရသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ မကသ ဗီဇနိံ၊ ကို။ အနုဇာနာမိ၊ ၏။ပ။ သံဃဿ၊ အား။ စာမရိဗီဇနီ၊ စာမရီသားမြီးယပ်သည်။ဥပ္ပန္နာ၊ သည်။ ဝါ၊ ရသည်။ ဟောတိ၊ ၏၊ပ။ ဘိက္ခဝေ၊ တို့။ စာမရိဗီဇနိ၊ ကို။ နဓာရေတဗ္ဗာ၊ မဆောင် အပ်။ပ။ဘိက္ခဝေ၊တို့။ ဝါကမယံ၊ လျှော်ဖြင့်ပြီးသော သားမြီးယပ် ကိုလည်းကောင်း။ ဥသိရမယံ၊ ပန်းရင်းဖြင့်ပြီးသော သားမြီးယပ် ကိုလည်းကောင်း။ မောရပိဉ္ဆမယံ၊ ဥဒေါင်းမြီးဖြင့် ပြီးသော သားမြီးယပ်ကိုလည်းကောင်း။ ဇာတိ၊ ဤသို့။တိဿော၊ကုန်သော။ ဗီဇနိယော၊ သားမြီးယပ်တို့ကို။ အနုဇာနာမိ၊ ၏။ပ။

၂၇၀။ သံဃဿ၊ အား။ ဆတ္တံ၊ ထီးသည်။ ဥပ္ပန္နံ၊ သည်။ဝါ၊ ရသည်။ဟောတိ၊၏။ပ။ဆတ္တံ၊ကို။ပဂ္ဂဟေတွာ၊ချီ၍။ဝါ၊မြှောက်၍။ အာဟိဏ္ဍန္တိ၊ လှည့်လည်ကြကုန်၏။ပ။ ဥပါသကော၊ သည်။ သမ္ဗဟုလေဟိ၊ ကုန်သော။ အာဇီဝကသာဝကေဟိ၊ အာဇီဝက၏ တပည့်တို့နှင့်။ သဒ္ဓိံ၊ တကွ၊ ဥယျာနံ၊ သို့။ အဂမာသိ၊ သွားလေ ၏။ပ။ဘိက္ခူ၊ တို့ကို။ ဒူရတောဝ၊ အဝေးမှသာလျှင်။ ဆတ္တပဂ္ဂဟိ တေ၊ ထီးကို ချီကုန်လျက်။ ဝါ၊ ထီးကို မြှောက်ကုန်လျက်။ အာဂစ္ဆန္တေ၊ လာကြကုန်သည်တို့ကို။ အဒ္ဒသံသုခေါ၊ မြင်ကုန် သလျှင်ကတည်း။ပ။အယျော၊အမောင်။ ခေါ၊ စင်စစ်။ တုမှာကံ၊ တို့၏။ ဘဒန္တာ၊ ထိုအရှင်တို့သည်။ ဂဏကမဟာမတ္တာ သေယျထာပိ၊ စစ်ချီသော အမတ်ကြီးတို့ကဲ့သို့။ ဝါ၊ စာရေးစာချီ တို့ကဲ့သို့။ ဆတ္တပဂ္ဂဟိတာ၊ ကုန်လျက်။ အာဂစ္ဆန္တိ၊ကုန်၏။ဇာတိ၊ ဤသို့။ အဝေါစုံ၊ကုန်၏။ အယျာ၊ အရှင်တို့။ နေတ၊ ထိုသူတို့သည်။ နဘိက္ခူ၊ ရဟန်းမဟုတ်ကုန်။ပရိဗ္ဗာဇကာ၊ပရိဗိုဇ်တို့တည်း။ဇာတိ၊ ဤသို့။ အဝေါစ၊၏။ ဘိက္ခူ၊ ရဟန်းတို့တည်း။ နဘိက္ခူ၊ ရဟန်း

မဟုတ်ကုန်။ ဇာတိ၊ ဤသို့။ အဇ္ဈတ္တံ၊ ကောင်းတမ်းကို။ အကံသို၊ ပြုကြကုန်၏။ ပ။ သောဥပါသကော၊ သည်။ ဥပဂစ္ဆတော၊ ကပ်လာသည်ရှိသော်။ သဏ္ဌာနိတ္တာ၊ ရဟန်းမှန်းသိ၍။ ပ။ ဆတ္တံ၊ ကို၊နေ့ခါရေတဖွံ၊ မဆောင်အပ်။ ယော၊ သည်။ ခါရေယျ၊ ဆောင်ငြားအံ့။ အဿ၊ အား။ ဒုက္ကဋ္ဌာ၊ သော၊ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။

အမှာ ဤအရာ၌ ခါရေယျဟု သုဒ္ဓကတ္တုနိဒ္ဒေသကိုဟောတော်မူသောကြောင့်မနှာသောရဟန်းအားလည်း သူတပါးကို ဆောင်စေသောအရာ သူတပါး အလိုအလျောက် ဆောင်လာသည်ကို သာယာသောအရာတို့၌ အနာပတ္တိ ဟူ၍ သိအပ်သည်။ မိမိကိုယ်တိုင် ထီးကိုကိုင်၍ ဆောင်းသော အရာ၌သာ ဒုက္ကဋ်အာပတ်သင့်သည်။ ထို့ကြောင့် ဝိနယဝိနိစ္ဆယဋီကာ၌- ခါရေယျာတိ ဣမိနာ သုဒ္ဓကတ္တုနိဒ္ဒေသေန အဂိလာနဿပိပရံ ခါရာပနေ ပရဿ ခါရဏသာဒိယနေစ အနာပတ္တီတိ ဝိညာယတိ-ဟူ၍ ဆိုတော်မူသည်။ အဋ္ဌကထာဆရာလည်း ခါရဏာ သချပ်ကို ထုတ်၍ဆိုတော်မမူ။ ဝဇိရဗုဒ္ဓိသာရတ္ထဒီပနီဝိမတိဝိနောဒနီ ခုဒ္ဒသိက္ခာဋီကာ ဝိနယာလင်္ကာရဋီကာစသော ရှေးရှေးဋီကာ နောက်ဋီကာရှင် တို့လည်း ယုတ္တ အယုတ္တ အရာမှာ ဝိစာရဏာ ပြုတော်မမူကြကုန်။ ထို့ကြောင့် ဒဏ္ဍသိက္ခာခါရဏ သိက္ခာပုဒ် ဆတ္တပါဏိသိက္ခာပုဒ် ဒဏ္ဍပါဏိသိက္ခာပုဒ်တို့နှင့် ညှိနှိုင်း တိုင်းထွာ၍ ဝိနည်းအရာ လိမ္မာကျွမ်းကျင်သော ဝိနယဓရပုဂ္ဂိုလ်တို့ သတိမူကြလေကုန်။ ဤအရာတွင် ကေပဏ္ဏဆတ္တံပန သဗ္ဗတ္ထေဝ ဝဋ္ဋတိ-ဟူသော အဋ္ဌကထာပါဠိ၌လည်း ကေပဏ္ဏထီး မည်သည် ကား နွားကျောင်းသားစသည်တို့သည် နေရောင်ခြည် စသည်ကို တားမြစ်ခြင်းအကျိုးငှါဆောင်းမိုးကာဆီးအပ်သောထန်းလက်တို့ ကဲ့သို့ ပကတိမူလ အစရင်းပဌမက အဝိနာဘာဝ သဟစရဏ သဘာဝဖြင့် ထိုအရွက်၌ ဖြစ်ရောက်ပါရင်းဖြစ်သော အလက် အရိုးနှင့်တကွ ထန်းရွက်ကိုဖြတ်၍ ထိုအလက်အရိုးကိုပင် ထီးရိုး ပြုလုပ်အပ်သော ထန်းရွက်ထီးသည် ကေပဏ္ဏဆတ္တထီး မည်၏။

ထို့ကြောင့် ဘိက္ခုဝိဘင်းသေခိယ သုရုသုရုဝဂ် ဆတ္တပါဏိသိက္ခာပုဒ် အဋ္ဌကထာ၌-ယမ္ပိစ တတ္ထ ဇာတကဒဏ္ဍကေန ကတံ ဧကပဏ္ဏဆတ္တံ ဟောတိ တမ္ပိ ဆတ္တမေဝ-ဟု မိန့်တော်မူကုန်သည်။ သာရတ္ထဒီပနီ ဋီကာ၌လည်း-တတ္ထဇာတက ဒဏ္ဍကေန ကတန္တိ တာလပဏ္ဏံ သဟဒဏ္ဍကေန ဆိန္ဒိတွာ တမေဝဆတ္တဒဏ္ဍံ ကရောန္တိ ဂေါပါလကာဒယောဝိယ၊ တံ သန္ဓာယ ဝုတ္တံ-ဟု ဆိုတော်မူကုန်သည်။ဝိမတိဝိနောဒနီ ဋီကာ၌လည်း- တတ္ထဇာတကဒဏ္ဍကေန ကတန္တိ သဟဒဏ္ဍကေန ဆိန္နတာလပဏ္ဏာဒီဟိကတံ-ဟု မိန့်ဆိုတော်မူကုန်သည်။ ဝိနယဝိနိစ္ဆယဋီကာ စသည်တို့၌လည်း-ဧကပဏ္ဏကဆတ္တံနာမ တာလပတ္တန္တိ ဂဏ္ဍိပဒေသုဝုတ္တံ-ဟုမိန့်ဆိုတော်မူကုန်သည်။ ထိုဧကပဏ္ဏက ထီးသည် ဆတ္တံနာမ တီဏိ ဆတ္တာနိ သေတဆတ္တံ ကိလဉ္ဇဆတ္တံ ပဏ္ဏဆတ္တံ မဏ္ဍလဗဒ္ဓံ သလာကဗဒ္ဓံ ဟူသော ဆတ္တပါဏိသိက္ခာပုဒ်ပါဠိတော်,

သေတဆတ္တန္တိ ဝတ္ထပလိဂုဏ္ဌိတံ ပဏ္ဍရဆတ္တံ၊ ကိလဉ္ဇဆတ္တန္တိ ဝိလီဝဆတ္တံ၊ ပဏ္ဏဆတ္တန္တိ တာလပဏ္ဏာဒီဟိ ယေဟိကေဟိစိကတံ စိတ္တံ၊မဏ္ဍလဗဒ္ဓသလာကဗဒ္ဓန္တိ ဣဒံ ပန တိဏ္ဏံပိ ဆတ္တာနံပဉ္ဇရဒဿနတ္ထံ ဝုတ္တံ၊တာနိဟိမဏ္ဍလဗဒ္ဓါနိစေဝဟောန္တိ သလာကဗဒ္ဓါနိစ-

ဟူသော ဆတ္တပါဏိသိက္ခာပုဒ် အဋ္ဌကထာတို့၌ ပြအပ်သော ထီးသုံးစင်းတွင် တတိယဖြစ်သော ပဏ္ဏဆတ္တထီးအားလျော်သော အနုလောမထီးပင်တည်း။အဘယ်ကြောင့်နည်းဟူမူကား ထိုဧကပဏ္ဏထီး၏ ပဉ္ဇရဖြစ်သောမဏ္ဍလသလာကကို ပဏ္ဏဆတ္တထီးကဲ့သို့ အတတ္ထဇာတကအဖြစ်ဖြင့် အသီးအခြားပင် မပြုအပ်သော်လည်း ပကတိနဂိုရ်သဘောရင်းကပင် ဖြစ်ရောက်ပါရင်းဖြစ်သော တတ္ထဇာတကအလက်အရိုး၏ ပဉ္ဇရမဏ္ဍလသလာကဝေါဟာရဖြစ်သင့်သောကြောင့်လည်းကောင်း။ သေတဆတ္တံကိလဉ္ဇဆတ္တံပဏ္ဏဆတ္တန္တိ တီဏိဆတ္တာနိအနုညာတာနိ၊ဧကပဏ္ဏဆတ္တံတေသံယေဝ အနုလောမံ-ဟု အနုလောမသက်နိုးကဲ့သို့ အနုလောမထီးကို ဘော

သဇ္ဈာက္ခန္ဓက အဋ္ဌကထာ၌ ဆိုတော်မူသောကြောင့်လည်းကောင်း ထိုဧကပဏ္ဏာထီးကိုပြရာ ယံပိစ တတ္ထဇာတကဒုလ္လာကေန ကတံ-စသောစကားရပ်ကို သေတဆတ္တ ကိလဥ္ဇဆတ္တ ပဏ္ဏဆတ္တ ထီးသုံးစင်းကိုပြရာသေတဆတ္တန္တိဝတ္ထပလိဂုဏ္ဌိတံ"ပ။ သလာကဗဒ္ဓါနိ စ-ဟူသော စကားရပ်၏ အခြားမဲ့၌ ပဏ္ဏပသင်္ဂအားဖြင့် ဆိုတော်မူသောကြောင့် လည်းကောင်း။ နဟိအာသန္နံ ဝဇ္ဇေတွာ ဒူရဿ ဂဟဏေပယောဇနံ အတ္ထိ-ဟူသော ပရိဘာသာနှင့် သင့်တင့်ညီညွတ်သောကြောင့် လည်းကောင်း၊ ပဏ္ဏဆတ္တ၌-သေတဆတ္တ ကိလဥ္ဇဆတ္တကဲ့သို့ အတတ္ထဇာတက အရိုးအလက်ဖြင့် ဧကပဏ္ဏဆတ္တ၌ တတ္ထဇာတကအရိုးအလက်ဖြင့် အသီးအသီးမှတ်ကြောင်းလက္ခဏာ အခြင်းအရာအာကာရဝိသေသကို အသီးအသီးမှတ်ယူသင့်သောကြောင့်လည်းကောင်း၊ ပဏ္ဏဆတ္တ၌ ဗျတ္တိရုပ် ဧကပဏ္ဏဆတ္တ၌သတ္တိရုပ်အားဖြင့် ပဉ္စရကိုမှတ်ယူသင့်သောကြောင့် လည်းကောင်း၊ဘိက္ခုဖလာနိ သာခံ ဆာယတ္ထာယ ဂဟေတွာ ဂစ္ဆတိ။ ဖလာနိခါဒိတုံ စိတ္တေ ဥပ္ပန္နေ ပဋိဂ္ဂါဟာပေတွာ ခါဒိတုံ ဝဋ္ဋတိ-ဟူသောဒန္တပေါဏသိက္ခာပုဒ်အဋ္ဌကထာအားလျော်စွာဧကပဏ္ဏဆတ္တံဟူသောပုဒ်၌ဧကသဒ္ဒါ၏ဗျဝစ္ဆေဒဝိသေသနမဟုတ်,ယထာဘူတ ကထန ဝိသေသန တပ္ပါကဋီကရဏ ဝိသေသန ဖြစ်သောကြောင့်လည်းကောင်းတည်း။

ထီးစွန်သုတ်, ထီးချိုင့် ပဉ္စရမဏ္ဍလ သလာက ဝေါဟာရရစကောင်းသော အလက်အရိုးအတံမပါသော အရွက်သက်သက်သည်ကား ဆတ္တဟူသော ဝေါဟာရကို မရသင့်။ ဘာလဝဏ္ဋဗီဇနီဟူသောဝေါဟာရကိုသာ ရသင့်သည်။အဘယ်ကြောင့်နည်းဟူမူကား မဏ္ဍလသလာက ဝေါဟာရ ရစကောင်းသော ထီးစွန်သုတ်, ထီးချိုင့် ပဉ္စရ မပါမရှိသောကြောင့်တည်း။ တာလဝဏ္ဋဗီဇနီဝေါဟာရ ရစကောင်းသော ယပ်၌ကား မဏ္ဍလသလာကဲ,ဝေါဟာရ ရစကောင်းသော အလက် အရိုး အတံ ရှိခြင်း,မရှိခြင်းပမာဏမဟုတ်၊ လေကို ဆောင်ယူနိုင်ခြင်း သဘောလက္ခဏာ

သိသော်လျှင် ပမာဏတည်း။ ထို့ကြောင့် စူဠဝါခုဒ္ဒကက္ခန္ဓက အဋ္ဌကထာ၌-

ဝိဓူပနန္တိ ဗီဇနီ ဝုစ္စတိ။ တာလဝဏ္ဋံ တာလ ပဏ္ဏေဟိ ဝါ
ကတံ ဖဟာတု ဝေဠုဒန္တဝိလီဝေဟိ ဝါ မောရပိဉ္ဆေဟိ ဝါ
စမ္မဝိကတီဟိ ဝါ သဗ္ဗံ ဝဋ္ဋတိ။ မကသဗီဇနီ ဒန္တမယဝိသာဏ
မယ ဒဏ္ဍကာပိ ဝဋ္ဋတိ။ ဝါကမယဗီဇနီယာ ကေတက
ပါရောဟ ကုန္တာလပဏ္ဏာဒိ မယာပိ သင်္ဂဟိတာ-

ဟူ၍ မိန့်ဆိုတော်မူကုန်သတည်း။ ။သာရတ္ထဒီပနီဋီကာ၌လည်း ဗီဇနိန္တိ စတုရဿဗီဇနီ။ တာလဝဏ္ဋန္တိ တာလပဏ္ဏာဒီဟိ ကတံ မဏ္ဍလိကဗီဇနီ-ဟု မိန့်ဆိုတော်မူကုန်သည်။ ထို့ကြောင့် ဤပြဆိုခဲ့ပြီးသော ပါဠိ အဋ္ဌကထာ ဋီကာ. အရပ်ရပ်တို့ဖြင့် ညှိနှိုင်းတိုင်းထွာ၍ ဓမ္မကထိက ရဟန်းတို့ ထုံးတမ်း တံထွာ ဓမ္မတာ အလျောက် လျောက်ပတ် သင့်တင့်အောင် ဆောင်ရိုးဖြစ်သော ယပ်၏ ကေပဏ္ဏဆတ္တယ်ထီး ဖြစ်သင့် မဖြစ်သင့်ကို လည်းကောင်း, ဗီဇနီဖြင့် ဆတ္တကိစ္စကိုဆောင်သင့်မဆောင်သင့်ကိုလည်းကောင်း, ဆတ္တဖြင့် ဗီဇနီကိစ္စကိုဆောင်သင့်မဆောင်သင့်ကိုလည်းကောင်း, နှစ်နှစ်နှောနှော သဘောကြီး ပညာထိးအချုပ်ရှိသဖြင့် သတိ သမ္ပဇဉ် ယှဉ်လေ့ရှိကုန်သော ဝိနယဓရ ပုဂ္ဂိုလ်တို့ သတိမူကြလေကုန်။

၂၇၁။ ။ပ။ဘိက္ခု၊ သည်။ ဂိလာနော၊ နာသည်။ ဟောတိ၊ ဖြစ်၏။ တဿဘိက္ခုနော၊ အား။ ဆတ္တံ၊ ကို။ ဝိနာ၊ ကြဉ်၍။ဖာသု၊ ချမ်းသာသည်။ နဟောတိ၊ မဖြစ်။ပ။ ဂိလာနဿ၊ နာသောရဟန်း အား။ ဆတ္တံ၊ ကို။ ဓာရေတုံ၊ ဆောင်းစိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။ ဂိလာနဿဝ၊ အားသာလျှင်။ ဘဂဝတာ၊ သည်၊ ဆတ္တံ၊ ကို။ အနုညာတံ၊ ခွင့်ပြုတော်မူအပ်၏။ အဂိလာနဿ၊ အား။ ဘဂဝတာ၊ သည်။ ဆတ္တံ၊ ကို။ နောအနုညာတံ၊ ခွင့်မပြုအပ်။ ဣတိမနသိ ကတွာ၊ ဤသို့နှလုံးပိုက်၍။ အာရာမေ၊ အရာမ်၌လည်းကောင်း။ အာရာမူပစာရေ၊ အရာမ်၏ဥပစာ၌လည်းကောင်း။ ဓာရေတုံ၊ ငှါ။

ကုက္ကုစ္စာယန္တိ၊ ကုန်၏။ ဘိက္ခဝေ၊ တို့။ အဂိလာနေနပိ၊ မနာသော
ရဟန်းသည်လည်း။ အာရာမေ၊ ၌လည်းကောင်း။ အာရာမူပစာရေ၊
၌လည်းကောင်း။ သဗ္ဗံ၊ ကို။ ဓာရေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ပ။
ဘိက္ခု၊ သည်။ သိက္ကာယ၊ ဆိုင်း၌။ ပတ္တံ၊ ကို။ ဥဒ္ဓိတွာ၊ ထည့်၍။ နံ၊
ထိုဆိုင်းကို။ ဒဏ္ဍေ၊ တောင်ဝှေး၌။ အာလဂ္ဂိတွာ၊ ဆွဲ၍။ ဝိကာလေ၊
အခါမဟုတ် မိုက်သောအခါ၌။ အညတရေန၊ သော။ ဂါမဒ္ဒါရေန၊
ရွာတံခါးဖြင့်။ အတိက္ကမတိ၊ သွား၏။ မနုဿာ၊ တို့သည်။ အယျော၊
အမောင်။ သေဧသောစောရော၊ ဤခိုးသူသည်။ ဂစ္ဆတိ၊ သွားဘိ၏။
အသိ၊ ထိုခိုးသူ၏။ အသိ၊ သန်လျက်သည်။ ဝိဇ္ဇောတလတိ၊
တောက်ပ၏။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ အနုပတိတွာ၊ အစဉ်
တစိုက်လိုက်၍။ ဂဟေတွာ၊ ဘမ်းယူ၍။ သဉ္ဇာနိတွာ၊ ရဟန်းမှန်း
သိ၍။ မုဉ္စိံသု၊ လွှတ်လိုက်ကြကုန်၏။ ပ။ အဝုသော၊ ရှင်။ တွံ၊ သည်။
ဒဏ္ဍသိက္ကံ၊ တောင်ဝှေး၌ဆွဲအပ်သော ဆိုင်းကို။ ဓာရေသိ ကိံ ပန၊
ဆောင်ဘိသလော။ ဣတိ၊ ဤသို့။ ပုစ္ဆိံသု၊ မေးကြကုန်၏။ အာဝု
သော၊ တို့။ ဧဝံ၊ ဤသို့ဆောင်သည် မှန်ပါ၏။ ပ။ ဘိက္ခဝေ၊ တို့။ ဒဏ္ဍ
သိက္ကာ၊ တောင်ဝှေး၌ ဆွဲအပ်သော ဆိုင်းကို။ န ဓာရေတဗ္ဗာ၊
မဆောင်အပ်။ ပ။ ဘိက္ခု၊ သည်။ ဂိလာနော၊ နာသည်။ ဟောတိ၊ ၏။
ဒဏ္ဍေန၊ တောင်ဝှေးနှင့်။ ဝိနာ၊ ကင်း၍။ အာဟိဏ္ဍိတုံ၊ လှည့်လည်
သွားလာခြင်းငှါ။ န သက္ကောတိ၊ မတတ်နိုင်။ ပ။ ဘိက္ခဝေ၊ တို့။
ဂိလာနဿ၊ နာသော။ ဘိက္ခုနော၊ အား။ ဒဏ္ဍသမ္မုတိံ၊
တောင်ဝှေးဆောင်သောသမ္မုတိကို။ ဒါတုံ၊ ပေးစိမ့်သောငှါ။ အနု
ဇာနာမိ၊ ၏။ ပ။ ဘန္တေ၊ အရှင်ဘုရားတို့။ အဟံ၊ အကျွန်ုပ်သည်။
ဂိလာနော၊ နာသည်ဖြစ်၍။ ဒဏ္ဍေန၊ တောင်ဝှေးနှင့်။ ဝိနာ၊ ကင်း၍။
အာဟိဏ္ဍိတုံ၊ ငှါ၊ န သက္ကောမိ၊ မတတ်နိုင်ပါ။ ဘန္တေ၊ တို့။ သော
အဟံ၊ ထိုအကျွန်ုပ်သည်။ သံဃံ၊ ကို။ ဒဏ္ဍသမ္မုတိံ၊ တောင်ဝှေး
ဆောင်သော သမ္မုတိကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ဣတိ၊
ဤသို့။ ဝစနီယော၊ ဆိုအပ်သည်။ အဿ၊ ဖြစ်ရာ၏။ ပ။ ဣတ္ထန္နာမော၊
ဤအမည်ရှိသော။ အယံ ဘိက္ခု၊ ဤရဟန်းသည်။ ဂိလာနော၊

ဖြစ်၍။ ဒဏ္ဍေန၊ နှင့်။ ဝိနာ၊ ၍။ အာပတ္တိတို့၊ ငှါ။ နသက္ကောတိ၊ နိုင်။ သော၊ ထိုနှာသောရဟန်းသည်။ သံဃံ၊ ကို။ ဒဏ္ဍသမ္မုတိံ၊ ကို။ ယာစတိ၊ တောင်းပန်၏။ ပ။ သံဃော၊ သည်။ ဇုဏှန္တာမဿ၊ သော။ ဘိက္ခုနော၊ အား။ ဒဏ္ဍသမ္မုတိံ၊ ကို။ ဒဒေယျ၊ ပေးရာ၏။ ပ။ ဒေတိ၊ ပေး၏။ ဇုဏှန္တာမဿ၊ သော။ ဘိက္ခုနော၊ အား။ ဒဏ္ဍသမ္မုတိယာ၊ တောင်ပွေးဆောင်သောသမ္မုတိကို။ ဒါနံ၊ ပေးသည်ကို။ ယဿအာယသ္မတော၊ သည်။ ခမတိ၊ နှစ်သက်အပ်၏။ ပ။ သံဃေန၊ သည်။ ဇုဏှန္တာမဿ၊ သော။ ဘိက္ခုနော၊ အား။ ဒဏ္ဍသမ္မုတိ။ ကို။ ဒိန္နာ၊ ပေးအပ်ပြီ။ ပ။ သိက္ကာယ၊ ဆိုင်းနှင့်။ ဝိနာ၊ ကင်း၍။ ပတ္တံ၊ သပိတ်ကို။ ပရိဟရိတုံ၊ ဆောင်၍သွားခြင်းငှါ။ နသက္ကောတိ၊ နိုင်။ ပ။ ဘိက္ခဝေ၊ တို့။ ဂိလာနဿ၊ သော။ ဘိက္ခုနော၊ အား။ သိက္ကာသမ္မုတိံ၊ ဆိုင်းဆောင်သောသမ္မုတိကို။ ဒါတုံ၊ ပေးခြင်းငှါ။ အနုဇာနာမိ၊ ၏။ ဘန္တေ၊ တို့။ အဟံ၊ သည်။ ဂိလာနော၊ ဖြစ်၍။ သိက္ကာယ၊ ဆိုင်းနှင့်။ ဝိနာ၊ ကင်း၍။ ပတ္တံ၊ ကို။ ပရိဟရိတုံ၊ ဆောင်ယူ၍သွားခြင်းငှါ။ နသက္ကောမိ၊ မတတ်နိုင်ပါ။ ဘန္တေ၊ တို့။ သော အဟံ၊ သည်။ သံဃံ၊ ကို။ သိက္ကာသမ္မုတိံ၊ ဆိုင်းဆောင်သော သမ္မုတိကို။ ယာစာမိ၊ တောင်းပန်ပါ၏။ ပ။

၂၇၂။ ဘိက္ခု၊ သည်။ ဂိလာနော၊ သည်။ ဟောတိ၊ ၏။ ဒဏ္ဍေန၊ နှင့်။ ဝိနာ၊ ကင်း၍။ အာပတ္တိတုံ၊ လှည့်လည်ခြင်းငှါ။ နသက္ကောတိ၊ မတတ်နိုင်။ သိက္ကာယ၊ ဆိုင်းနှင့်။ ဝိနာ၊ ကင်း၍။ ပတ္တံ၊ ကို။ ပရိဟရိတုံ၊ ငှါ။ နသက္ကောတိ၊ နိုင်။ ပ။ ဘိက္ခဝေ၊ တို့။ ဂိလာနဿ၊ သော။ ဘိက္ခုနော၊ အား။ ဒဏ္ဍသိက္ကာသမ္မုတိံ၊ တောင်ပွေးဆောင်သောသမ္မုတိ, ဆိုင်းဆောင်သော သမ္မုတိကို။ ဒါတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ပ။

၂၇၃။ ဘိက္ခု၊ သည်။ ရောမန္ထကော၊ စမြုံ့ခတ်တတ်သည်။ ဝါ၊ စမြုံ့ပြန်တတ်သည်။ ဟောတိ၊ ၏။ သော၊ ထိုရဟန်းသည်။ ရောမန္ထိတွာ ရောမန္ထိတွာ၊ စမြုံ့ခတ်၍ခတ်၍။ အဇ္ဈောဟရတိ၊ မျိုတို၏။ ပ။ ကထံ ဟိနာမ၊ ကြောင့်လျှင်။ ဝိကာလေ၊ နေလွဲသောအခါ၌။

အယံဘိက္ခု၊ ဤရဟန်းသည်။ ဘောဇနံ၊ ကို။ ဘုဥ္ဇတိ၊ စားလေဘိ
သနည်း။ပ။ဘိက္ခဝေ၊တို့။ သောဘိက္ခု၊ သည်။ ဂေါဓါယောနိယာ၊
နွားအမျိုးမှ။ အစိရံ၊ မကြာမြင့်မီ။ စုတော၊ ရွေ့လျောခဲ့၍။ ဘိက္ခု
ဝေ၊ တို့။ ရောမဋ္ဌကဿ၊ စမြုံ့ခတ်တတ်သော ရဟန်းအား။ ရော
မဋ္ဌနံ၊ စမြုံ့ခတ်ခြင်းကို။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊တို့။ ဗဟိမုခ
ဒွါရံ၊ ခံတွင်းမှအပသို့။ နီဟရိတွာ၊ ထုတ်၍။ နစအဇ္ဈောဟရိတဗ္ဗံ၊
မျိုလည်းမမျိုအပ်။ယော၊ အကြင်ရဟန်းသည်။ အဇ္ဈောဟရေယျ၊
မျိုငြားအံ့။ယထာဓမ္မော၊သဘောအားလျော်စွာ။ ကာရေတဗ္ဗော၊
ပြုစေအပ်၏။ ဝါ၊ဆုံးဖြတ်အပ်၏။ပ။ အညတရဿ၊သော။ပူဂဿ၊
ဒါယကာအပေါင်းအား။ သံဃဿ၊အား။ ဘတ္တံ၊ ဆွမ်းကျွေးခြင်း
သည်။ ဟောတိ၊၏။ဘတ္တဂ္ဂေ၊ဆွမ်းစားဇရပ်၌။ ဗဟူ၊ ကုန်သော။
သိတ္ထာနိ၊ ဆွမ်းလုံးတို့သည်။ ပတိကိရိံသု၊ဖရိုဖရဲ ကြဲကုန်၏။ပ။
ဩဒနေ၊ ဆွမ်းကို။ ဒိယျမာနေ၊ လှူအပ်သည်ရှိသော်။ သက္ကစ္စံ၊
ရိုသေစွာ။ နပဋိဂ္ဂဟေသန္တိ: မခံကြကုန်ဘိသနည်း။ ဧကမေကံ၊
တခုတခုသော။ သိတ္ထံ၊ ဆွမ်းလုံးကို။ ကမ္မသတေန၊ များစွာသော
အမှုဖြင့်။ နိဋ္ဌာယတိ၊ ပြီးစေရပါ၏။ပ။ဘိက္ခဝေ၊ တို့။ ဒိယျမာနံ၊
လှူအပ်သော။ယံ၊အကြင်ခဲဘွယ်ဘောဇဉ်သည်။ ပတတိ၊ ကျခဲ့အံ့။
တံ၊ ထိုခဲဘွယ်ဘောဇဉ်ကို။ သာမံ၊ ကိုယ်တိုင်။ ဂဟေတွာ၊ယူ၍။
ပရိဘုဥ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ အနုဇာနာမိ၊ ၏။ ဘိက္ခဝေ၊ တို့။
တံ၊ ထိုခဲဘွယ်ဘောဇဉ်ကို။ ဒါယကေဟိ၊ တို့သည်။ ပရိစ္စတ္တံ၊
စွန့်အပ်ပြီ။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ပ။

၂၇၄။ ဒီဃေဟိ၊ ရှည်စွာကုန်သော။ နခေဟိ၊ ခြေသည်း
လက်သည်းတို့ဖြင့်။ ပိဏ္ဍာယ၊ ငှါ။ စရတိ၊ သွား၏။ပ။ဘန္တေ၊
အရှင်ဘုရား။ဧဟိ၊ လာခဲ့ပါလော့။မေထုနဓမ္မံ၊မေထုန်အကျင့်ကို။
ပဋိသေဝ၊ မှီဝဲပါလော့။ ဣတိ၊ ဤသို့။ အဝေါစ၊၏။ ဘဂိနိ၊ နှမ။
အလံ၊ မသင့်။ နေတံ၊ ဤအမှုသည်။ နကပ္ပတိ၊ မအပ်။ ဣတိ၊ သို့။
ဝုတ္တေ၊ ဆိုသည်ရှိသော်။ ဘန္တေ၊ အရှင်ဘုရား။ခေါ၊ စင်စစ်။ တွံ၊
သည်။ သစေနပဋိသေဝိဿတိ၊ အကယ်၍ မမှီဝဲသည်ဖြစ်အံ့။ ဧဝံ

သတိ၊ ဤသို့ မမှိဝဲသည်ရှိသော်။ ဇူဒါနိ၊ ယခုအခါ၌။ ဖုဗ်ဟံ၊
အကျွန်ုပ်သည်။ အစ္စန္တော၊ ၏။ နခေဟိ၊ လက်သည်းတို့ဖြင့်။
ဂစ္ဆာနိ၊ ကိုယ်တို့ကို။ ဝိလိခိတွာ၊ ရေးခြစ်၍။အယံဘိက္ခု၊ဤရဟန်း
သည်။ မံ၊ ကို။ ဝိပ္ပကရောတိ၊ဘောက်ပြန်၍ပြု၏။ ဝါ၊ ဘောက်ပြန်၍
ကျင့်၏။ ဣတိ၊ ဤသို့။ ကုပ္ပံ၊ ဖျက်ဆီးသော အမူအရာအသံကို။
ကရိဿာမိ၊ ပြုလိုက်တော့အံ့။ဣဘိ၊ ဤသို့။ အဝေါစ၊ ၏။ ဘဂိနိ၊
နှမ။ တွံ၊ သည်။ ပဇာနာဟိ၊ သိလော့။ ဣတိ၊ ဤသို့။ အဝေါစ၊
၏။ပ။မနုဿာ၊တို့သည်။ဥပဓာဝိတွာ၊ ပြေးလာခဲ့၍။ တံဘိက္ခုံ၊ကို။
အဂ္ဂဟေသုံ၊ ဘမ်းယူကြကုန်၏။ တေမနုဿာ၊ တို့သည်။ တဿာ
ဇုတ္တိယာ၊၏။ နခေ၌။ ဆဝိံ ပိ၊အရေကိုလည်းကောင်း။ လောဟိ
တံပိ၊ သွေးကိုလည်းကောင်း။ အဒ္ဒသံသုခေါ၊ မြင်လေကုန်သလျှင်
ကတည်း။ ဝိသွာန၊ ၍။ ဇူဒံကမ္မံ၊ ဤအမှုသည်။ ဣမိဿာယေဝ
ဇုတ္တိယာ၊၏သာလျှင်။ ကမ္မံ၊ အမှုတည်း။ ဘိက္ခု၊ သည်။ အကာ
ရကော၊မပြုတတ်။ဣတိမနသိကတွာ၊ဤသို့နှလုံးပိုက်၍။ တံဘိက္ခုံ၊
ကို။မုဉ္စိံသု၊လွှတ်လိုက်ကြကုန်၏။ပ။အာဝုသော၊ငါ့ရှင်။တွံ၊သည်။
ဒီဃေ၊ ကုန်သော။ နခေ၊ ခြေသည်း လက်သည်းတို့ကို။ ဓာရေသိ
ကိံ ပန၊ဆောင်လေသလော။ဣတိ၊ ဤသို့။ ပုစ္ဆိံသု၊မေးကြကုန်၏။
အာဝုသော၊တို့။ဧဝံ၊ဩြော်ဆောင်ပါပေ၏။ ဣတိ၊ ဤသို့။အာဟ၊
၏။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ ဒီဃာ၊ ကုန်သော။ နခါ၊ ခြေသည်း
လက်သည်းတို့ကို။ နဓာရေတဗ္ဗာ၊ မဆောင်အပ်ကုန်။ပ။ ဘိက္ခူ၊
ရဟန်းတို့သည်၊ နခေနပိ၊ ဖြင့်လည်း။ နခံ၊ ကို။ ဆိန္ဒန္တိ၊ ဖြတ်ကြ
ကုန်၏။ မုခေနပိ၊ ခံတွင်းဖြင့်လည်း။ နခံ၊ ကို။ ဆိန္ဒန္တိ၊ ကုန်၏။
ကုဋ္ဋေပိ၊ နံရံ၌လည်း။ ဃံသန္တိ၊ ပွတ်တိုက်ကြကုန်၏။ အင်္ဂုလိယော၊
လက်ချောင်း ခြေချောင်း တို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။
ဟောန္တိ၊ ကုန်၏။ပ။ နခဆေဒနံ၊ လက်သည်းလှီး ထားငယ်ကို။
အနုဇာနာမိ၊၏။ပ။ သလောဟိတံ၊ သွေးနှင့်တကွသော။ နခံ၊ကို။
ဆိန္ဒန္တိ၊ ကုန်၏။ပ။ မံသပ္ပမာဏေန၊ အသားပမာဏဖြင့်။ နခံ၊ကို။
ဆိန္ဒိတုံ၊ ငါ။ အနုဇာနာမိ၊ ၏။ပ။ဝီသတိမဋ္ဌံ၊ နှစ်ဆယ်သော

လက်သည်း ခြေသည်း အပြေအပြစ်ပြုခြင်းကို။ ကရောန္တိ၊ ပြုစေကြကုန်၏။ပ။မလမဇ္ဇံ၊ ချေးအညစ်အကြေးမျှကို၊အပကဍ္ဎိတုံ၊ ငင်စိမ့်သောငှါ။ ဝါ၊ ထုတ်စိမ့်သောငှါ။ပ။

၂၇၅။ ဘိက္ခူနံ၊ ရဟန်း တို့အား။ ကေသာ၊ ဆံတို့သည်။ ဒီဃာ၊ ရှည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ပ။ဘိက္ခဝေ၊ တို့။ ဘိက္ခူ၊ တို့သည်။အညမညံ၊အချင်းချင်း။ကေသေ၊ ဆံတို့ကို။ ဩရောပေတုံ၊ ချခြင်းငှါ။ ဝါ၊ ရိတ်ခြင်းငှါ။ ဥဿာဟန္တိပန၊ ဝံ့ကြကုန်၏လော။ ဝါ၊ စွမ်းနိုင်ကြကုန်၏လော။ဣတိ၊ဤသို့။ ပုစ္ဆိ၊၏။ဘဂဝါ၊ဘုရား။ ဥဿာဟန္တိ၊ကုန်၏။ဣတိ၊ဤသို့။ အဝေါစ၊ ၏။ပ။ခုရံ၊ သင်မုန်းကို လည်းကောင်း။ ခုရသိလံ၊ သင်မုန်းသွေး ကျောက်ကို ၎င်း။ ခုရသိပါဋိကံ၊ သင်မုန်းထည့်စရာအိတ်ကို လည်းကောင်း။ နမတကံ၊သင်မုန်းရစ်စရာပုဆိုးကြမ်းကိုလည်းကောင်း။သဗ္ဗံ၊ အလုံးစုံသော။ ခုရဘဏ္ဍံ၊ သင်မုန်းအဆောက်အဦ ဘဏ္ဍာကို လည်းကောင်း။ပ။မဿုံ၊ မုတ်ဆိတ်ကို။ ကပ္ပါပေန္တိ၊ ကပ်ကြေးဖြင့်ဖြတ်စေကုန်၏။ မဿုံ၊ကို။ဝဍ္ဎာပေန္တိ၊ပွါးစေကုန်၏။ ဝါ၊ ရှည်စေကုန်၏။ ဝါ၊ လက်နှစ်သစ်ထက် လွန်စေကုန်၏။ ဝါ၊ နှစ်လထက်လွန်စေကုန်၏။ ။[ထိုကြောင့် ဝိမတိဝိနောဒနီ ဋီကာ၌- ဒီဃံ ကာရေန္တီတိ ကေသေ ဟိ သဒ္ဓိံ အင်္ဂုလိဒွိတင်္ဂုလနဋ္ဌပေန္တိ-ဟု ကေသကို ပမာဏပြု၍ ဘွင့်တော်မူ၏]။ ဂေါလောမိကံ၊ မေး၌ ဆိတ်မုတ်ဆိတ်နှင့် တူသောမုတ်ဆိတ်ကို။ကာရာပေန္တိ၊ ပြုစေကြကုန်၏။ စတုရဿံ၊ လေးထောင့်မုတ်ဆိတ်ကို။ပ။ ပရိမုခံ၊ ရင်မွေးရိတ်ခြင်းကို။ပ။အဍ္ဎုဒုကံ၊ ရင်မွေးအရေး အသား ထားခြင်းကို။ပ။ ဒါဋ္ဌိကံ၊ ကြွင်စွယ်ကို။ ဌပေန္တိ၊ ထားကုန်၏။ ဝါ၊ နှစ်လထက် အလွှန်ထားကုန်၏။ ဝါ၊ လက်နှစ်သစ်ထက်အလွှန် ထားကုန်၏။

အမှာ ဤဒါဋ္ဌိကာဌပနသိက္ခာပုဒ်၌-ကေသမဿုဒန္တသိက္ခာပုဒ်ဝယ် အနုဇာနာမိ ဘိက္ခဝေ ဒုမာသိကံဝါဒွင်္ဂုလံဝါဟု တိုက်ရိုက်နိုတ္တွအားဖြင့်ကေသပမာဏကိုဟောတော်မူသကဲ့သို့ မဿုဝဍ္ဎာပန သိက္ခာပုဒ်၌ မဿုပမာဏကို တိုက်ရိုက်

နိတတ္ထအားဖြင့် ဟောတော်မမူ သော်လည်း အရှင်သုဒိန်စသည်တို့၏ ပဗ္ဗဇ္ဇာဥပသမ္ပဒကိုပြရာ သုဒိန္နကဏ္ဍစသည်တို့၌ ကေသမဿုံ ဩဟာရေတွာဟု ကေသနှင့်မဿုကို တပေါင်းတည်း လာသောကြောင့်ရင်း မဿုံဝဍ္ဍာပေတီတိ မဿုဒီဃံ ကာရေန္တိ-ဟူသော မဿုဝဍ္ဍာပန သိက္ခာပုဒ်အဋ္ဌကထာ၌-ဒီဃံကာရေန္တီတိ ကေသေဟိသဒ္ဓိံ အန္တိန္နိတွာ ဌပေန္တိ-ဟု ဝိမတိနောဒနီဋီကာ၌-ကေသကို ပမာဏပြု၍ ဘွင့်ပြသောကြောင့်ရင်း, မဿုသဒ္ဒါဖြင့် ဒါဠိကကိုလည်းယူသင့်ကြောင်းကို ဒါဠိကာပိ မဿုဂဟဏေနေဝ ဂဟေတွာ မဿုတွေဝ ဝုတ္တံ၊ ဥတ္တရာဓရမဿုန္တိ အဓေတွာ-ဟု သုဒိန္နကဏ္ဍသာရတ္ထဒီပနီဋီကာ၌ ဘွင့်ပြ သောကြောင့်ရင်း, ကေသမဿုနှင့်အတူ ကြင်စွယ်နှုတ်ခမ်းမွေးကိုလည်းနှစ်လ၊ လက်နှစ်သစ်ထက် အလွန် မထားသင့် ကြောင်းကို မုချဆတ်ဆတ် မှတ်ယူအပ်၏။

* သမ္ဗာခေ၊ ကျဉ်းမြောင်းရာ အရပ်၌။ လောမံ၊ အမွေးကို။ သံဟရာပေန္တိ၊ ရိတ်စေကုန်၏။ ပ။ ဘိက္ခုနော၊ အား။ သမ္ဗာခေ၌။ ဝဏော၊ အနာသည်။ ဟောတိ၊ ဖြစ်၏။ ဘေသဇ္ဇံ၊ ဆေးသည်။ နသန္တိဋ္ဌတိ၊ မတည်နိုင်။ ပ။ အာဗာဓပစ္စယာ၊ အနာ ဟူသော အကြောင်းကြောင့်။ သမ္ဗာခေ၌။ လောမံ၊ ကို။ သံဟရာပေတုံ၊ ငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ပ။ ကတ္တရိကာယ၊ ကပ်ကျေးဖြင့်။ ကေသေ၊ တို့ကို။ ဆေဒါပေန္တိ၊ ဖြတ်စေကြကုန်၏။ ဝါ၊ ရိတ်စေကြကုန်၏။ သီသေ၊ ၌။ ဝဏော၊ အနာသည်။ ဟောတိ၊ ၏။ ခုရေန၊ သင်ဓုန်းဖြင့်။ ကေသေ၊ တို့ကို။ ဩရောပေတုံ၊ ချခြင်းငှါ။ ဝါ၊ ရိတ်ခြင်းငှါ။ နသက္ကောတိ၊ နိုင်။ ပ။ ဒီဃာနိ၊ ရှည်ကုန်သော။ နာသိကာလောမာနိ၊ နှာခေါင်းမွေးတို့ကို။ ဓာရေန္တိ၊ ဆောင်ကြကုန်၏။ ဝါ၊ ထားကြကုန်၏။ ပ။ ပိသာစိလ္လိကာသေယျထာပိ၊ မြေဘုတ်ဘီလူးကဲ့သို့တကား။ ပ။ သက္ခရိကာယပိ၊ ကျောက်စရစ်ဖြင့် လည်းကောင်း။ မဓုသိတ္ထကေနပိ၊ ပျားဖယောင်းဖြင့် လည်းကောင်း။ နာသိကာလောမံ၊ နှာခေါင်းမွေးကို။ ဂါဟာပေန္တိ၊ ယူစေကြကုန်

၏။ ဝါ၊ နှုတ်စေကြကုန်၏။ နှာသိကာ၊ နှာခေါင်းတို့သည်။ ဒုက္ခာ၊ ဆင်းရဲကုန်သည်။ ဟောန္တိ၊ ကုန်၏။ သဏ္ဍာသံ၊ မွေးညှပ်ကို။ ပ။ ပလိတံ၊ ဆံဖြူကို။ ဂါဟာပေန္တိ၊ ယူစေကြကုန်၏။ ပ။

၂၇၆။ ဘိက္ခုနော၊ အား။ ကဏ္ဍာ၊ နားတို့သည်။ ကဏ္ဏဂူထကေဟိ၊ နဖါတို့ဖြင့်။ ထကိတာ၊ ပိတ်အပ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပ။ ကဏ္ဏမလဟာရဏိ၊ နဖါထုတ်ကို။ ဝါ၊ နဖါချူကို။ ဝါ၊ နဖါကော်ကို။ ပ။ ဘိက္ခူ၊ တို့သည်။ ဥစ္စာဝစာ၊ အမြတ်အယုတ်ဖြစ်ကုန်သော။ ကဏ္ဏမလဟာရဏိယော၊ နဖါထုတ်တို့ကို။ ဓာရေန္တိ၊ ဆောင်ကြကုန်၏။ သော်ဝဏ္ဏမယံ၊ ရွှေဖြင့် ပြီးသော နဖါချူကိုလည်းကောင်း။ ရူပိယမယံ၊ ငွေဖြင့် ပြီးသော နဖါချူကိုလည်းကောင်း။ ဓာရေန္တိ၊ ကုန်၏။ ပ။

၂၇၇။ ဗဟုံ၊ သော။ လောဟဘဏ္ဍံ၊ သံဘဏ္ဍာ ကိုလည်းကောင်း။ ကံသဘဏ္ဍံ၊ ကြေးဘဏ္ဍာကိုလည်းကောင်း။ သန္နိစယံ၊ သိုမှီးခြင်းကို။ ကရောန္တိ၊ ကုန်၏။ ပ။ ကံသပတ္တရိကာသေယျထာပိ၊ ကြေးကိုကုန်သွယ်သော သူတို့ကဲ့သို့တကား။ ပ။ ဘိက္ခူ၊ တို့သည်။ အဉ္ဇနိံ ပိ၊ မျက်စဉ်းကျည်တောက်ကိုလည်းကောင်း။ အဉ္ဇနိသလာကံပိ၊ မျက်စဉ်းတံကို လည်းကောင်း။ ကဏ္ဏမလရဟာဏိံ ပိ၊ နဖါထုတ်ကို လည်းကောင်း။ ဗန္ဓနမတ္တံပိ၊ အဘွဲ့မျှကို လည်းကောင်း။ ကုဏ္ဍုဇ္ဈာယန္တိ၊ အလိုလိုရှိကြကုန်၏။ ပ။ သံဃာဋိံ၊ ဒုကုဋ်ကို။ ပလ္လတ္ထိကာယ၊ အာယောဂပဘ်ဘွဲ့သဖြင့်။ နိသီဒန္တိ၊ ထိုင်ကြကုန်၏။ သံဃာဋိယာ၊ ၏။ ပတ္တာ၊ အနားပတ်တို့သည်။ ဝါ၊ တလုပ်တို့သည်။ လုဇ္ဇန္တိ၊ ပျက်ခဲ့ကုန်၏။ ပ။ တဿ၊ ထိုရဟန်းအား။ အာယောဂေန၊ အာယောဂပတ်နှင့်။ ဝိနာ၊ ကင်း၍။ ဖါသု၊ ချမ်းသာခြင်းသည်။ နဟောတိ၊ မဖြစ်။ ပ။ ကထံနုခေါ၊ အဘယ်သို့လျှင်။ အာယောဂေါ၊ အာယောဂပတ်ကို။ ကာတဗ္ဗော၊ ပြုအပ်သနည်း။ ပ။ တန္တကံ၊ ယက်သောအာယောဂပတ်ကိုလည်းကောင်း။ ဝေမံ၊ လက်ခတ်ကိုလည်းကောင်း။ ဝါ၊ ယက်မကိုလည်းကောင်း။ ကဝဋ္ဋံ၊ ချပ်ကိုလည်းကောင်း။ သလာကံ၊ ကြေးတံဝါးကို လည်းကောင်း။ သဗ္ဗံ၊

သော။ တန္တဘာဇ္ဇကံ၊ ယက်ကန်းသည်တို့၏ အဆောက်အဦ
ဘဏ္ဍာကိုလည်းကောင်း။ပ။
၂၇၀။ အကာယဗန္ဓနော၊ ခါးပန်းမရှိဘဲ။ ဝါ၊ ခါးပန်းမပါဘဲ။
ဂါမံ၊ ရွာသို့။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ ပါဝိသိ၊ ဝင်၏။တဿ၊
ထိုရဟန်း၏။ အန္တရဝါသကော၊ သင်းပိုင်သည်။ ရထိကာယ၊
ခရီးလမ်းမ၌။ ပဘဿိတ္ထ၊ကျွတ်ခဲ့၏။မနုဿာ၊ လူတို့သည်။ဥက္ကုဋ္ဌိံ၊
ကြွေးကြော်ခြင်းကို။ အကံသု၊ ပြုကြကုန်၏။ သောဘိက္ခု၊ သည်။
မင်္ကု၊ မျက်နှာမသာ မယာသည်။ အဟောသိ၊ ဖြစ်ပြီ။ ပ။ကာယ
ဗန္ဓနံ၊ခါးပန်းကို။ပ။ ဘိက္ခူ၊တို့သည်။ဥစ္စာဝစာနိ၊ အမြတ်အယုတ်
ဖြစ်ကုန်သော။ ကာယဗန္ဓနာနိ၊ တို့ကို။ ဓာရေန္တိ၊ကုန်၏။ ကလာ
ဗုကံ၊ ကြိုးအများ ပေါင်း၍ပြုအပ်သော ခါးပန်းကိုလည်းကောင်း။
ဒေဍ္ဍုဘကံ၊ ရေမြွေဦးခေါင်းသဏ္ဌာန် ပြုအပ်သော ခါးပန်းကို
လည်းကောင်း။ မုရဇံ၊ မုရိုးစည်သဏ္ဌာန်ပြုအပ်သော ခါးပန်းကို
လည်းကောင်း။ မဒ္ဒဝိဏံ၊ ဆောက်လုံး သဏ္ဌာန် ပြုအပ်သော
ခါးပန်းကိုလည်းကောင်း။ ဓာရေန္တိ၊ ကုန်၏။ပ။ ပဋ္ဋိကံ၊ ခါးပန်း
ပြားကိုလည်းကောင်း။သူကရန္တကံ၊ ဝက်အူသဏ္ဌာန်ပြုအပ်သော
ခါးပန်းပြားကို လည်းကောင်း။ပ။ ကာယဗန္ဓနဿ၊ ခါးပန်း၏။
ဒသာ၊ အဆာတို့သည်။ ဇီရန္တိ၊ ဆွေးခဲ့ကုန်၏။ပ။မုရဇံ၊ မုရိုးစည်
သဏ္ဌာန်ပြုအပ်သော အဆာကိုလည်းကောင်း။ မဒ္ဒဝိဏံ၊ဆောက်
လုံးသဏ္ဌာန်ပြုအပ်သော အဆာကိုလည်းကောင်း။ပ။ ကာယဗန္ဓ
နဿ၊၏။ အန္တော၊ အနားစွန်းသည်။ဇီရတိ၊ ၏။ပ။ သောဘဏံ၊
အနားလိပ်၍ချုပ်ခြင်းကိုလည်းကောင်း။ ဂုဏကံ၊ သင်္ကန်းတလုပ်
ချုပ်သဏ္ဌာန် ချုပ်ခြင်းကို လည်းကောင်း။ ဝါ၊ ဖွတ်မီးထိုးခြင်းကို
လည်းကောင်း။ ဝါ၊ ပြောင်းနှံသဏ္ဌာန် ထိုးခြင်းကိုလည်းကောင်း။
။ပ။ကာယဗန္ဓနဿ၊၏။ ပဝနန္တော၊ကွင်းစွန်းသည်။ ဝါ၊ အဆာ
ရင်းသည်။ ဇီရတိ၊ ဆွေးပြန်ခဲ့၏။ပ၊ဝိဓံ၊ခါးပန်းဘိကို။ဝါ၊ခါးပန်း
ကွင်းကို။ပ။ ဥစ္စာဝစေ၊ ကုန်သော။ ဝိဓေ၊ ခါးပန်းကွင်းတို့ကို။
ဓာရေန္တိ၊ကုန်၏။သောဝဏ္ဏမယံ၊ရွှေဖြင့်ပြီးသော ခါးပန်းကွင်းကို

လည်းကောင်း။ ရူပိယမယံ၊ ငွေဖြင့်ပြီးသော ခါးပန်းကွင်းကို လည်းကောင်း။ မာရေန္တိ၊ ဆောင်ကုန်၏။ ပ။ သုဝဏ္ဏမယံ၊ ချည်ဖြင့် ပြီးသော ခါးပန်းကွင်းကိုလည်းကောင်း။ အနုဇာနာမိ၊ ၏။ ပ။

၂၇၉။ လဟုကာ၊ ပေါ့ကုန်သော။ သံဃာဋိယော၊ ဒုကုဋ်တို့ကို။ ပါရုပိတွာ၊ ရုံ၍။ ဂါမံ၊ သို့။ ပိဏ္ဍာယ၊ ငှါ။ ပါဝိသိ၊ ဝင်လေ၏။ ဝါတမဏ္ဍလိကာယ၊ လေပွေဖြင့်။ ဥက္ခိပိသု၊ မြှောက်ကုန်၏။ ဝါ၊ လွင့်ကုန်၏။ ပ။ ဂဏ္ဌိကံ၊ ကမ္ဗတ်သီးကိုလည်းကောင်း။ ပါသကံ၊ ကမ္ဗတ်ကွင်းကိုလည်းကောင်း။ ပ။ ဥစ္စာဝစာ၊ ကုန်သော။ ဂဏ္ဌိကာယော၊ ကမ္ဗတ်သီးတို့ကို။ မာရေန္တိ၊ ဆောင်ကုန်၏။ သောဝဏ္ဏမယံ၊ ရွှေဖြင့်ပြီးသောကမ္ဗတ်သီးကိုလည်းကောင်း။ ရူပိယမယံ၊ ငွေဖြင့်ပြီးသော ကမ္ဗတ်သီးကိုလည်းကောင်း။ မာရေန္တိ၊ ဆောင်ကုန် ၏။ ပ။ သုတ္တမယံ၊ ချည်ဖြင့်ပြီးသောကမ္ဗတ်သီးကိုလည်းကောင်း။ ပ။ ဂဏ္ဌိကံပိ၊ ကမ္ဗတ်သီးကို လည်းကောင်း။ ပါသကံပိ၊ ကိုလည်း ကောင်း။ စီဝရေ၊ ၌။ အပ္ပေန္တိ၊ တပ်ကြကုန်၏။ ဝါ၊ ကပ်ကြကုန်၏။ စီဝရံ၊ သည်။ ဇီရတိ၊ ဆွေးခဲ့၏။ ပ။ ဂဏ္ဌိကာဖလကံ၊ ကမ္ဗတ်သီးပြားကို လည်းကောင်း။ ဝါ၊ ကမ္ဗတ်သီးအိမ်ကိုလည်းကောင်း။ ပါသကဖလ ကံ၊ ကမ္ဗတ်ကွင်းပြားကိုလည်းကောင်း။ ဝါ၊ ကမ္ဗတ်ကွင်းအိမ်ကို လည်းကောင်း။ ပ။ ဂဏ္ဌိကာဖလကံပိ၊ ကိုလည်းကောင်း။ ပါသက ဖလကံပိ၊ ကိုလည်းကောင်း။ အန္တေ၊ အစွန်း၌။ အပ္ပေန္တိ၊ ကုန်၏၊ ကောဏ္ဍော၊ အနားပတ်သည်။ ဝိဝရိယတိ၊ ပွင့်ခဲ့ပြန်၏။ ပ။ ဂဏ္ဌိက ဖလကံ၊ ကို။ အန္တေ၊ အစွန်း၌။ အပ္ပေတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ပါသကဖလကံ၊ ကို။ သတ္တင်္ဂုလံဝါ၊ လက်ခုနစ်သစ် လည်းကောင်း။ အဋ္ဌင်္ဂုလံဝါ၊ လက်ရှစ်သစ်လည်းကောင်း။ ဩဂါဟေတွာ၊ လျှော၍။ ဝါ၊ ဆုတ်၍။ အပ္ပေတုံ။ ငှါ။ အနုဇာနာမိ၊ ၏။

အမှာ ဤအရှင်အာနန္ဒာမထေရ်၏ လဟုကသံဃာဋိပါရုပနဝတ္ထု၌- လေပွေတိုက်ခတ်ခြင်းကြောင့် ဒုကုဋ် သင်္ကန်းအထက်သို့လွင့်ရာ အနုဇာနာမိ ဘိက္ခဝေ ဂဏ္ဌိကံ ပါသကံ- ဟု ဟောတော်မူသောအရာကို ထောက်လျှင်ထောင့်အစွန်း

၌သော ကမ္ဘတ်သီးအိမ်, ကမ္ဘတ်ကွင်းအိမ်တပ်အပ်သည်၏ အဖြစ်ကို မုချဆတ်ဆတ် သိအပ်သည်။ ထောင့်အစွန်းနှင့် ကမ္ဘတ်သီးအိမ်, ကမ္ဘတ်ကွင်းအိမ်တပ်ရာအနားပတ်ပွင့်သောကြောင့်– အနုဇာနာမိ ဘိက္ခဝေ ဂဏ္ဌိကဖလကံ အန္တေ အပ္ပေတုံ၊ပါသကဖလကံ သတ္တင်္ဂုလံဝါ အဋ္ဌင်္ဂုလံဝါ ပြဂါဟေတွာ အပ္ပေတုံ–ဟု ဟောတော်မူသော အရာကို ထောက်လျှင် ကမ္ဘတ်သီးအိမ်ကို ထောင့်အစွန်း၌ တပ်သင့်ကြောင်း ကမ္ဘတ်ကွင်းအိမ်ကို လက်ခုနစ်သစ်, လက်ရှစ်သစ် လျှော့ဆုတ်၍ တပ်သင့်ကြောင်းကို အထူးအခြားနှစ်ဌာနကွဲပြား၍ မှတ်ယူအပ်သည်။ သာရုပ္ပဖြစ်စေခြင်း အကျိုးငှါ ပကတိ လက်ရှစ်သစ်ထက် တိုးပွါး၍ ပြုသော်လည်း အပ်သည်ပင် ဖြစ်သည်။ ထိုကြောင့် ဝဇိရဗုဒ္ဓိဋီကာ၌–သတ္တင်္ဂုလံဝါ အဋ္ဌင်္ဂုလံဝါတိ ဧတ္ထ သုဂတင်္ဂုလေနာတိ အဝုတ္တတ္တာ ပကတိအင်္ဂုလေန သာရုပ္ပတ္တာ ယဝဍ္ဎေတွာပိ ကရောန္တိစေ နဒေါသော–ဟု ဆိုတော်မူသည်။ အချို့သော မထေရ်တို့ သည်ကား လေးထောင့် အနားပတ်ကွင်း၌ ထောင့်တန်းအထက်နှစ်အိမ်အောက်နှစ်အိမ်ဖက်စပ်၍တပ်ကြကုန်၏။ ထိုသို့တပ်ခြင်းသည် ဤ အနုဇာနာမိဘိက္ခဝေ ဂဏ္ဌိကဖလကံ အန္တေအပ္ပေတုံစသော၍ခုဒ္ဒကက္ခန္ဓကပါဠိတော်နှင့်ဖြောင့်ဖြောင့် ဆန့်ကျင်သောကြောင့် မသင့်။ အချို့သောမထေရ်တို့ သည်ကား ကမ္ဘတ်သီးကိုဖြည့်၍ ရေမျိုကိုဖွင့်၍ သင္ဂြကပရိဗိုဇ်အား ကြောက်သဖြင့် ချွေးမထွက်သောအခြင်းအရာကိုပြတော်မူရာမဇ္ဈိမနိကာယ မူလပဏ္ဏာသ သင္ဂြကသုတ် အဋ္ဌကထာကို ထောက်၍ အလျား အနားပတ်အလယ်၌ လက်ဝဲလက်ျာ ရှစ်သစ်ခြား ကမ္ဘတ်သီးအိမ်, ကမ္ဘတ်သီးကွင်းအိမ် စပ်ဖက်၍ တစုံစီတပ်ကြကုန်၏။ ထိုမထေရ်တို့၏ဝါဒသည်လည်း မိမိတို့ဆောင်ပြသော သာမကေသင္ဂြကသုတ်၌ ရေမျိုအနီးအပါး တပ်လျက်ထားသော ကမ္ဘတ်သီးအိမ်ဟူ၍ မုချဆတ်ဆတ် အတပ်မသိသာသောကြောင့်လည်းကောင်း, အောက်ဖြစ်သော မြင်းခေါင်း အနီးအပါး သက်န်းထောင့် အစွန်း၌ တပ်လျက်ထားသော ကမ္ဘတ်သီးအိမ်ကို ဖြည်ပြီးမှ ရေမျိုးဝယ် ဖုံးလွှမ်း

အပ်သော သက်နီးကို ဘွင့်လှစ်၍ ရေမျိုးရင်ဘတ်ကို သစ္စကပရိဗိုဇ်အား မြတ်စွာဘုရားပြတော်မူသည်ဟု မှတ်ယူရလျှင်လည်းအသင့်ယူတ္တိဖြစ်ရာ သောကြောင့် လည်းကောင်း, ရေမျိုအနီးအပါးတပ်လျက်ထားသော ကုံမွှတ်သီးအိမ်ကိုပင် သစ္စကသုတ်အဋ္ဌကထာ၌ ပြဆိုတော်မူသည်ဟု ယူချေသော် ထိုသစ္စကသုတ် အဋ္ဌကထာ၏ ဝိနည်းအဋ္ဌကထာ မဟုတ်သောကြောင့် လည်းကောင်း ဤခုဒ္ဒကခန္ဓကလဟုက သံဃာဋိပါရုပန စသော ဝတ္ထုသိက္ခာပုဒ် တို့နှင့် ဆန့်ကျင်သောကြောင့် လည်းကောင်း, သုတ္တန်အရာ၌ သုတ္တန်အဋ္ဌကထာသာ ပမာဏဖြစ်၏။ ပရမတ္ထဖြစ်သော အဘိဓမ္မာအရာ၌ အဘိဓမ္မာအဋ္ဌကထာသာ ပမာဏဖြစ်၏။ ဝိနည်းအရာ၌ဝိနည်းအဋ္ဌကထာသာ ပမာဏဖြစ်၏ဟူ၍ မိမိတို့ ပမာဏ ပဓာနဖြစ်ကြောင်းကို ပြဆိုသော အဋ္ဌကထာဋီကာတို့နှင့် ဖြောင့်ဖြောင့် ဆန့်ကျင်သောကြောင့်လည်းကောင်း မသင့်။ ထိုကြောင့် တခုသောအနံ့အနားပတ်ထောင့်အစွန်း၌ ကမွှတ်သီးအိမ်တပ်ပြီးလျှင် ထိုအိမ်နှင့်ရှေးရှုသောအနံ့အနားပတ်အစွန်းမှ လက်ခုနစ်သစ်, လက်ရှစ်သစ်လျော့ဆုတ်ရာ အလျားအနားပတ်၌ ကမွှတ်ကွင်းအိမ်ကို စပ်ဖက်လျက် အထက်အောက်တစုံ အကြွင်းအစွန်းနှစ်ထောင့် တို့၌လည်း ထိုနည်းအတူ တစုံတပ်အပ်သည်ဟု မှုချဆတ်ဆတ်မှတ်ယူအပ်၏။

၂၀၀။ ။ပ။ဂိဟိနိဝတ္ထံ၊ လူတို့ကဲ့သို့သောဝတ်ခြင်းကို။ (ဤအရာ၌ အနုဋ္ဌာနသေယျံသေတိကဲ့သို့ မိမိ ဓာတ်ရင်းကိုကံ ခံသောကြောင့် ကမ္မတ္ထသင့်၏မှတ်။ ထေရသံခါတံ–ပုဒ်ကဲ့သို့ ကရဏတ္ထ၌ ဥပယောဂဝိဘတ်သော်လည်းတနည်းမှတ်)။ ။နိဝါသေန္တိ၊ ဝတ်ကြကုန်၏။ ဟတ္ထိသောဏ္ဍကံ၊ ဆင်နှာမောင်းကဲ့သို့ချ၍ ဝတ်ခြင်းကိုလည်းကောင်း။ မစ္ဆဝါဠကံ၊ ငါးမြီးကဲ့သို့ ချ၍ ဝတ်ခြင်းကိုလည်းကောင်း။ စတုကဏ္ဏကံ၊ လေးထောင့်ချ၍ ဝတ်ခြင်းကိုလည်းကောင်း။ တာလဝဏ္ဋကံ၊ ထန်းရွက်ယပ်ဝန်းကဲ့သို့ ချ၍ ဝတ်ခြင်းကိုလည်းကောင်း။ သတဝလိကံ၊ များစွာသော အတွန့်ရှိသော ဝတ်ခြင်းကိုလည်းကောင်း။ နိဝါသေန္တိ၊ ကုန်၏။ ။(ဤ၌

သတ္တသဒ္ဒါကား ဗဟုသဒ္ဒါ၏ ပရိယာယ်တည်း။ ဝလ္လိကံ-ဟု သံယုတ်နှင့်များစွာပေတို့၌ ရှိ၏။ နိုသံယောဂသော သင့်၏)။ပ။ ဂိဟိပါရုတံ၊ လူတို့ကဲ့သို့သော ရုံခြင်းကို။ ဝါ၊ လူတို့ကဲ့သို့သော ရုံခြင်းဖြင့်။ ပါရုပန္တိ၊ ရုံကြကုန်၏။

ဟူမှုကား ထိုသုံးပါးသော အခြင်းအရာမှ တပါးသော အခြင်းအရာဖြင့် သာမဏေ ဖြစ်သည်ကို ပြဆိုရာပါဠိအဋ္ဌကထာ ဋီကာ တစုံတခုမျှ မရှိသောကြောင့်တည်း။ ထိုပဗ္ဗာဇနသည် အခြင်းအရာထူး အာကာရဘေဒ အဝယဝဘေဒအားဖြင့် ဆံရိတ်ချခြင်း ကေသစ္ဆေဒန၊ သင်္ကန်းဝတ်ပေး ဖုံးလွှမ်းခြင်း ကာသာဝစ္ဆာဒန၊ သရဏဂုံပေးခြင်း သရဏဒါန အားဖြင့် သုံးပါးအပြား ရှိ၏။ ထိုသုံးပါးတို့တွင် ကေသစ္ဆေဒနကို အမှတ်မရှိသော လူ ရဟန်းတို့သည်ပင် ပြုအပ်သည်။ ထိုကြောင့် ကေသောရောပနံ ယေန ကေနစိ ကတံ သုကတံ-ဟု ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇက္ခန္ဓက အဋ္ဌကထာ၌ မိန့်ဆိုတော်မူ ကုန်သည်။ ကာသာဝစ္ဆာဒနကိုကား ဥပဇ္ဈာယ်သရာကြီးသည် လည်းကောင်း, ဥပဇ္ဈာယ်ဆရာကြီး စေခိုင်း အပ်သော ဒဟရပဉ္စင်းငယ် သာမဏေ ဒါယကာ ယောက်ျား ရှင်လောင်းတို့သည် လည်းကောင်း ပြုအပ်သည်။ ဥပဇ္ဈာယ်ဆရာကြီးပင် မစေခိုင်းသော်လည်း ဥပဇ္ဈာယ်ဆရာကြီး ကိုယ်စားရည်မှတ်၍ ပြုလိုလျှင် ဒဟရပဉ္စင်းငယ်တို့ သည်လည်း ကာသာဝစ္ဆာဒနကိုပြုအပ်သည်။ ထိုကြောင့်—

သစေ ဩကာသော ဟောတိ၊ သယံ ပဗ္ဗာဇေတဗ္ဗော။ သစေ ဥဒ္ဒေသပရိပုစ္ဆာဒီဟိ ဗျာဝဋော ဟောတိ၊ ဩကာသံ န လဘတိ။ ဧကော ဒဟရဘိက္ခု ဝတ္တဗ္ဗော ဧတံ ပဗ္ဗာဇေဟီတိ၊ အဝုတ္တောပိ စေ ဒဟရဘိက္ခု ဥပဇ္ဈာယံ ဥဒ္ဒိဿ ပဗ္ဗာဇေတိ၊ ဝဋ္ဋတိ။ သစေ ဒဟရဘိက္ခု နတ္ထိ၊ သာမဏေရောပိ ဝတ္တဗ္ဗော ဧတံ ခဏ္ဍသီမံ နေတွာ ပဗ္ဗာဇေတွာ ကာသာယာနိ အစ္ဆာဒေတွာ ဧဟီတိ-ဟူ၍လည်းကောင်း, အထာပိဿ ဟတ္ထေ အဒတွာ ဥပဇ္ဈာယောဝ အာစရိယောဝါ သယမေဝ အစ္ဆာဒေတိ ဝဋ္ဋတိ။ သစေပိ အညံ ဒဟရံဝါ သာမဏေရံဝါ ဥပါသကံဝါ အာဏာပေတိ အာဝုသော ဧတာနိ ကာသာယာနိ ဂဟေတွာ ဧတံ အစ္ဆာဒေဟီတိ တံယေဝဝါ အာဏာပေတိ ဧတာနိ

ဂဟေတွာ အဇ္ဈာဒေဟီတိ သဗ္ဗံ ဝဋ္ဋတိ။သဗ္ဗံဟောတံ တေန ဘိက္ခုနာဝ ဒိန္နံ ဟောတိ၊ ယံပန နိဝါသနံဝါ ပါရုပနံဝါ အနာဏတ္တိယာ နိဝါသေတိဝါ ပါရုပတိဝါ၊ တံ အပ နေတွာ ပုနဒါတဗ္ဗံ။ဘိက္ခုနာ ဟိ သဟတ္ထေနဝါ အာဏတ္တိ ယာဝါ ဒိန္နမေဝ ကာသာဝံ ဝဋ္ဋတိ၊ အဒိန္နံ နဝဋ္ဋတိ။ သစေပိ တဿေဝ သန္တကံ ဟောတိ၊ ကောပနဝါဒေါ ဥပဇ္ဈာယမူလကေ-

ဟူ၍ လည်းကောင်း, ပဗ္ဗဇ္ဇက္ခန္ဓက အဋ္ဌကထာ၌ပင် မိန့်ဆိုတော်မူကုန်သည်။ ။သရဏဒါနကိုမူကား ဆယ်ဝါရထေရ်မြောက်ပြီးသော ရဟန်းတို့သည်သာလျှင်ပြုအပ်သည်။ထိုကြောင့် သရဏာနိ ပန သယံ ဒါတဗ္ဗာနိ-ဟူ၍ လည်းကောင်း, အထဿ ဥပဇ္ဈာယေန်ဝါ အာစရိယေနဝါ ဗုဒ္ဓံသရဏံဂစ္ဆာမိတိ အာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ-ဟူ၍ လည်းကောင်း, မဟာဝါပဗ္ဗဇ္ဇက္ခန္ဓက အဋ္ဌကထာ၌ပင် မိန့်ဆိုတော်မူကုန်သည်။ ထို အဋ္ဌကထာပါဠိတို့တွင် ဥပဇ္ဈာယ်ဆရာစေခိုင်း၍ ဒဟရပဉ္စင်းငယ်တို့ ရှင်ပြုသောအရာ, ဥပဇ္ဈာယ်ဆရာ မစေခိုင်းဘဲ ဥပဇ္ဈာယ်ဆရာ ကိုယ်စားရည်မှတ်တိုင်းထွာ၍ ဒဟရပဉ္စင်းငယ်တို့ ရှင်ပြုသောအရာနှစ်ဌာနတို့၌ တေံပဗ္ဗာဇေဟီတိ ကေသမဿုံဩဟာရေတွာ ကာသာယဝတ္ထာနိ အစ္ဆာဒေတွာ သရဏာနိ ဒေဟီတိ အတ္ထော-ဟူ၍ ပြဆိုသော ပဗ္ဗာဇေဟီတိ ပါဠိ၏ အနက်ကို ဝိနယသင်္ဂဟ ဋီကာ, ဝိနည်းသင်္ဂြိုဟ်ဋီကာဟောင်း, ဝိနယဝိနိစ္ဆယ ဋီကာတို့၌ဘွင့်ဆိုတော်မူကုန်သည်။ဝိမတိဝိနောဒနီဋီကာ၌ကား-ပဗ္ဗာဇေဟီတိ ဣဒံ တိဝိဓံ သရဏာ ယဂုတ္တံ-ဟုဘွင့်ဆိုတော်မူကုန်သည်။

ထိုနှစ်ပါးသော ဝါဒတို့တွင် ဝိမတိဝိနောဒနီ ဋီကာဆရာ၏ ဝါဒသည် မသင့်။ အဘယ်ကြောင့်နည်း ဟူမူကား ဒသဝဿေန ဘိက္ခုနာ ဗျတ္တေန ပဋိဗလေန ပဗ္ဗာဇေတဗ္ဗံ-ဟူသော ပရိဝါပါဠိတော်နှင့် ဆန့်ကျင်သောကြောင့် လည်းကောင်း, အထဿ ဥပဇ္ဈာယေနဝါ အာစရိယေနဝါ ဗုဒ္ဓံသရဏံ ဂစ္ဆာမိတိ အာဒိနာ နယေန သရဏာနိ ဒါတဗ္ဗာနိ-ဟူသော ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇက္ခန္ဓ

က အဋ္ဌကထာနှင့် ဆန့်ကျင်သောကြောင့် လည်းကောင်း, ထေရနဝ သာမညဖြစ်သော ရဟန်းတို့၏ ပဗ္ဗာဇနကိုသာ အကျဉ်းသိခေပ သာမညအားဖြင့် ဘွင့်ပြသင့်လျက် မဘွင့်မပြဘဲ သယံပဗ္ဗာဇန၊ အာဏတ္တဒဟရပဗ္ဗာဇန၊ ဥပဇ္ဈာယ်ဉဒ္ဒိဿဒဟရပဗ္ဗာဇန သုံးပါးတို့ကို ဝေဘန်၍ခွင့်ပြုသော-သစေ ဩကာသော ဟောတိ၊ သယံ ပဗ္ဗာဇေတဗ္ဗော-အစရှိသော ဝိနည်းမဟာဝါ ပဗ္ဗဇ္ဇာကွန်မှ အဋ္ဌကထာစကား၏ အကျိုးမရှိ နိရတ္ထက ဒေါသရောက်ရာသော ကြောင့် လည်းကောင်း, သုတ္တ သုတ္တာနုလောမ အာစရိယဝါဒ ဖြစ်သော ပါဠိအဋ္ဌကထာ, အတ္တနောမတိ ဖြစ်သော ဝိမတိဝိနောဒနီဋီကာဆရာစကားကို အားမကိုးသောကြောင့် လည်းကောင်း တည်း။

၌ပါဠိအဋ္ဌကထာဋီကာတို့၌ ဥပဇ္ဈာယ်ဆရာကိုယ်တိုင် ရှင်ပြု၍ ရှင်သာမဏေဖြစ်သောအရာ, ဥပဇ္ဈာယ်ဆရာစေခိုင်း၍ဒဟရပဉ္စင်းငယ်တို့ ရှင်ပြုသဖြင့် ရှင်သာမဏေ ဖြစ်သောအရာ, ဥပဇ္ဈာယ်ဆရာ မစေခိုင်းဘဲ ဒဟရပဉ္စင်းငယ်တို့ ဥပဇ္ဈာယ်ဆရာကိုယ်စားရည်မှတ် တိုင်းထွာ၍ ရှင်ပြုသဖြင့် ရှင်သာမဏေဖြစ်သောအရာ, ၌အရာဌာန သုံးပါးသာလာရှိ၍ မိမိတို့ အစိုးတရ ဇွဲသဿရိယ အားဖြင့် ဒဟရပဉ္စင်းငယ်တို့ ရှင်ပြုသောအရာ မလာမရှိသော ကြောင့် ဥပဇ္ဈာယ်ဆရာလည်း မစေမခိုင်း၊ ဥပဇ္ဈာယ်ဆရာတို့ကိုယ်စားလည်းမရည်မမှတ် မတိုင်းမထွာဘဲ မိမိတို့အစိုးတရ ဇွဲသဿရိယ အားဖြင့် ဒဟရပဉ္စင်းငယ်တို့ ရှင်ပြုသော ရှင်သာမဏေလောင်းတို့အား ရှင်သာမဏေအဖြစ် ရောက်မရောက်ကို လည်းကောင်း၊ ရှင်သာမဏေ မပြုထိုက်ဘဲ မိမိတို့အစိုးတရ ဇွဲသဿရိယ အားဖြင့် ရှင်သာမဏေပြုသော ဒဟရပဉ္စင်းငယ်တို့အား ပါဠိအဋ္ဌကထာလာရှိသည်ကိုသေချာစွာ သိလျက်ဝီတိက္ကမစေတနာဖြင့်ကျော်နင်းကျူးလွန်၍ ရှင်သာမဏေပြုသော် ဒုက္ကဋ်အာပတ် သင့်, မသင့်ကိုလည်းကောင်း။

ယာပိ စာယံ ဥပဇ္ဈာယေန ဟုတွာ ကုလပုတ္တာနံ ပဗ္ဗဇ္ဇာစ ဥပသမ္ပဒါစ ကာတဗ္ဗာ၊ အယံပိ ဝိနယဓရာယတ္တာဝ၊ နဟိ အညော ဒွိပိဋကဓရောပိ ဧတံကာတုံ လဘတိ၊ ယော ယေဝ နိဿယံ ဒေတိ သာမဏေရံ ဥပဋ္ဌာပေတိ အညော နေဝ နိဿယံ ဒါတုံ လဘတိ၊ န သာမဏေရံ ဥပဋ္ဌာပေတုံ။ သာမဏေရဥပဋ္ဌာပနံ ပစ္စာသီသန္တေနာပိ ဝိနယဓရဿ သန္တိကေ ဥပဇ္ဈံ ဂါဟာပေတွာ ဝတ္တပဋိပတ္တိ သာဒိတုံ လဘတိ–

ဟူသော ဝိလေခန သိက္ခာပုဒ် အဋ္ဌကထာ,

အာစရိယေန အဒိန္နံ နဝဋ္ဋတီတိ ဧတ္ထ ပဗ္ဗဇ္ဇာပိနဝဋ္ဋတီတိဝဒန္တီတိ လိခိတံ၊ ပေါရာဏဂဏ္ဌိပဒေပိ တထေဝ လိခိတံ–ဟူသော ဝဇိရဗုဒ္ဓိဋီကာ, အဒိန္နံနဝဋ္ဋတီတိဧတ္ထ ပဗ္ဗဇ္ဇာ နဝဋ္ဋတီတိ ဝဒန္တိ ဟူသော သာရတ္ထဒီပနီဋီကာ, ဝိနယသင်္ဂဟဋီကာဟောင်း, ဝိနယဝိနိစ္ဆယဋီကာ, အဒိန္နံနဝဋ္ဋတီတိ ဣမိနာ ပဗ္ဗဇ္ဇာ နဝဋ္ဋတီတိ ဒသေတိ–ဟူသော ဝိမတိဝိနောဒနီ ဋီကာ အစရှိသည် တို့နှင့် ညီညွတ်နိုင်းတိုင်းထွာ၍ လဇ္ဇီပေသလ သိက္ခာကာမဖြစ်သော ဝိနယဓရ ပုဂ္ဂိုလ်တို့ သတိမူကြလေကုန်။

ကေစိပန ယောကောစိ ဘိက္ခု ကေသစ္ဆေဒနကာသာယစ္ဆာဒနံ သရဏဒါနံ သဒ္ဓိံ တိဝိဓံ ပဗ္ဗာဇနံ ကာတုံ လဗ္ဘတီတိ ဝဒန္တိ၊ တံ တေသံ အညာဏမေဝ ကာရဏံ။ နဟိ တေသံ တံ ဌပေတွာ အညံ ကာရဏံ မတ္ထိ၊ နနုစ အဝိနယဝစနတ္တာ သမန္တပါသာဒိကာ ဝိနယအဋ္ဌကထာယံ အဘာဝတ္တာ ဝိနယ ပရိယာယံစ ပတွာ ဂရုကေ ဌာတဗ္ဗတ္တာ ကေအင်္ဂုတ္တရ တတိယဝဂ္ဂ ပဉ္စမသုတ္တ ဥပသေန ဝတ္ထုအဋ္ဌကထာယံ အာဂတံ၊ တတော ယသ္မာ ထေရော မဟာကုလတော ဝ နိက္ခမိတွာ ပဗ္ဗဇိတော ပထဝိယံ ဥဒ္ဒိတမဏ္ဍကထိကောစ၊ တသ္မာ တဿ ဓမ္မကထာယ စေဝ ပသီဒိတွာ

မိစ္ဆာမဂ္ဂါဉာတိကုလေပဟိစနိက္ခမိတွာ ဗဟုကုလဒါယကာ ထေရဿ သန္တိကေ ပဗ္ဗဇန္တိ၊အယံ အာရညကော တုမှေပိ အာရညကာ ဘဝိတုံသက္ကောန္တာပဗ္ဗာဇေထာတိ၊တေရသ ဓုတင်္ဂါနိ အာစိက္ခိတွာ သက္ခိဿာမ ဘန္တေတိ ဝဒန္တေ ပဗ္ဗာဇေတိ။တေအတ္တနော်ဗလေန တံတံဓုတင်္ဂံ အဓိဋ္ဌဟန္တိ၊ ထေရောအတ္တနော်ဒသဝဿကာလေ ဝိနယံ ပဂုဏံကတွာ သဗ္ဗေ ဥပသမ္ပာဒေတီတိ ဝစနံ ဓမ္မပဒသတ္တမဝဂ္ဂ သံကိစ္စ သာမဏေရဝတ္ထု၊အဋ္ဌကထာယံ အာဂတံ၊ တတော ပဉ္စ သတာပိ စောရာ သာမဏေရံ ဝန္ဒိတွာ ပဗ္ဗဇ္ဇံ ယာစိံသု၊ သော တေသံ အသိဓာရာပဟိဝေ ကေသေစေဝ ဝတ္ထဒ သာစ ဆိန္ဒိတွာ တမ္ဗမတ္တိကာယ ရဇိတွာ တာနိကာသာ ယာနိ အစ္ဆာဒါပေတွာ ဒသသု သီလေသု ပတိဋ္ဌာပေတွာ တေ အာဒါယ ဂစ္ဆန္တော စိန္တေသိ။ပ။ အပရေန သမ ယေန သံကိစ္စော ဥပသမ္ပဒံ လဘိတွာ ဒသဝဿော ဟုတွာ သာမဏေရံ ဂဏှိတိ ဝစနဉ္စ ပမာဏံ-
ဘိက္ခုဝိဘင် ပါရာဇိကကဏ္ဍ အဋ္ဌကထာယဉ္စ ဝိနယော နာမ ဗုဒ္ဓသာသနဿ အာယု၊ဝိနယေ ဌိတေ ဗုဒ္ဓသာသနံ ဌိတံနာမ ဟောတီတိ ဝုတ္တံ။

တေရသကဏ္ဍဋ္ဌကထာယဉ္စ ယံပိစ ဥစ္ဆုံ စေ ယာဝကာလိ ကော ဥစ္ဆုရသော စေ ယာမကာလိကော ဖာဏိတံ စေ သတ္တာဟကာလိကံ တစော စေ ယာဝဇီဝိကောတိ အဋ္ဌကထာဝစနံ ဒဿေတွာ ဥစ္ဆုရသော ဥဒကသမ္ဘိန္နော ယာမကာလိကောတိ အညေန ကေနစိ ဝုတ္တံ၊ တံပိ တထာဝိဓေသု အဋ္ဌကထာဝစနေသု ဣမိဿာ သမန္တပါ သာဒိကာယ ဝိနယဋ္ဌကထာယ ဘာဝတော နသာ ရတော ပစ္စေတဗ္ဗန္တိ စ။

ဒီဃနိကာယဋ္ဌကထာယံ ပနေတ္ထ ဌပေတွာ တူလိကံသဗ္ဗာ နေဝ ဂေါနကာဒီနိ ရတနပဋိသိဗ္ဗိတာနိ ဝဋ္ဋန္တီတိ ဝုတ္တံ။

တတ္တ ဥပေတွာ တူလိကန္တိ ဧတေန ရတနပတိသိဗ္ဗန်ရဟိ တာပိ တူလိကာ နဝဋ္ဋန္တီတိ ဒီပေတိ။ ရတနပတိသိဗ္ဗိတာနိ ဝဋ္ဋန္တီတိ ဣမိနာ ပန ယာနိ ရတနသိဗ္ဗိတာနိ၊ တာနိ ဘူမတ္ထရဏဝသေန ယထာနုရူပံ မဉ္စာဒီသုစ ဥပနေတုံ ဝဋ္ဋတီတိ ဒီပိတန္တိ ဝေဒိတဗ္ဗံ။ ဧတ္ထစ ဝိနယပရိယာယံ ပတွာ ဂရုကေ ဌာတဗ္ဗတ္တာ ဣဒံ ဝုတ္တံပိနိ သုယော ဝေဒိတဗ္ဗံ။ ဧတ္ထစ ကိဉ္စာပိ ဒီဃနိကာယ ဋ္ဌကထာယ အလောဟိတကာနိ ဝဋ္ဋန္တိယေဝ။ တတော ဥတ္တရိ လဘိတွာ အညေသံ ဒါတဗ္ဗာနိ။ ဒါတုံ အသက္ကောန္တော မဉ္စေတိရိယံ အတ္ထရိတွာ ဥပရိပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုံပိ လဗ္ဘတီတိအဝိသေသေန ဝုတ္တံ၊ သေနာသနက္ခန္ဓကဝဏ္ဏနာယံ ပန အကပ္ပိယာနံယေဝ သီဟစမ္မာဒီနံ ပရိဟရဏေပိ ပဋိက္ခေပေါ ကတောတိ ဒီပိတော။ ဂိလာနံယေဝ ပဋိက္ခိတ္တံ ဥပရိ ပစ္စတ္ထရဏံ ဒတွာ နိပဇ္ဇိတုံ ဝဋ္ဋတီတိ ဝုတ္တတ္တာ ဂိလာနော ယေဝ မဉ္စေ တိရိယံ အတ္ထရိတွာ နိပဇ္ဇိတုံ လဘတီတိ ဝေဒိတဗ္ဗန္တိ နယဒါနန္တိဒသနဥပလက္ခဏနယေန ဝုတ္တန္တိ။

သောဓေတွာ ဥပသမ္ပဒမည်သည်ကား ပါဠိအဋ္ဌကထာဋီကာတို့နှင့်အညီ အနုဝဇ္ဇဖြစ်အောင် ပဋ္ဌင်းခံခြင်း ပင်တည်း။ သောဓေတွာ နိဿယဒါန မည်သည်လည်း အနုဝဇ္ဇဖြစ်အောင် ပါဠိအဋ္ဌကထာဋီကာတို့နှင့်အညီ နိဿယည်းပေးခြင်းပင်တည်း။

ဒုတိယဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီးပြီ။

---

၃၁၉။ တေန ခေါ ပန သမယေန၊ ၌။ သက္ကျပုတ္တော၊ သာကီဝင်မင်းသားဖြစ်သော။ အာယသ္မာ ဥပနန္ဒော၊ အရှင် ဥပနန္ဒသည်။ သာဝတ္ထိယံ၊ ၌။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ ဂဟေတွာ၊ ၍။ အညတရံ၊ အမှတ်မရှိသော။ ဂါမကာဝါသံ၊ ရွာငယ်ကျောင်းသို့။ အဂမာသိ၊ ၏။ တတ္ထပိ၊ ထိုရွာငယ်ကျောင်း၌လည်း။ သေနာသနံ၊ ကို။ အဂ္ဂဟေသိ၊ ယူပြီ။ ပ။ အယံ၊ ဤဥပနန္ဒသည်။ ဣမေ၊ ဤရွာငယ်

ကျောင်း၌။ ဝသံ၊ ဝါပတ်လုံး။ သစေဝသိဿာသိ၊ အကယ်၍
နေလတ့်သည်ဖြစ်အံ့။ တနည်းကား-သစေ ဝသံ ဝသိဿသိ၊
အကယ်၍ ဝါဆို၍ နေလတ့်သည်ဖြစ်အံ့။ သဗ္ဗေဝ၊အလုံးစုံသာလျှင်
ဖြစ်ကုန်သော။ မယံ၊ ငါတို့သည်။ ဖါသု၊ ချမ်းသာသည်။ နဘ
ဝိဿာမ၊ အံ့။ ဟန္ဒ၊ ယခု။ နံ၊ ထိုအရှင်ဥပနန္ဒကို။ ပုစ္ဆာမ၊မေးကြ
ကုန်စို့။ပ။အာဝုသော ဥပနန္ဒ၊ ငါ့ရှင်ဥပနန္ဒ။ တယာ၊ သည်။ သာ
ဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ သေနာသနံ၊ ကို။ ဂဟိတံနုနု၊ ယူအပ်
သည်မဟုတ်တုံလော။ပ။ အာဝုသော ဥပနန္ဒ၊ နန္ဒ။ တွံ၊ သင်သည်။
ကော၊ တယောက်ထည်းဖြစ်လျက်။ ဒွေ၊ နှစ်ကျောင်းတို့ကို။ ပဋိ
ဗာဟသိကိံ ပန၊ တားမြစ်လေသလော။ ဇာတိ၊ ဤသို့။ ပုဋ္ဌော သု၊
ကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ အဟံ၊ ငါသည်။ ဒါနိ၊ ၌။ ဣဓ၊
ဤရှာငယ်ကျောင်း၌။ မုဉ္စာမိ၊လွှတ်ပါ၏။တတ္ထ၊ထိုသာဝတ္ထိပြည်၌။
ဂဏှာမိ၊ ယူပါ၏။ ဇာတိ၊ ဤသို့။ အဝေါစ၊ ၏။ပ။ ကော၊
တယောက်ထည်းဖြစ်လျက်။ ဒွေ၊ နှစ်ကျောင်းတို့ကို။ ပဋိဗာဟိဿ
တိ၊ တားမြစ်လေဘိသနည်း။ ဇာတိ၊ ဤသို့။ပ။ မောဃပုရိသ၊
ယောကျာ်း။ တယာ၊ သင်သည်။ တတ္ထ၊ ထိုသာဝတ္ထိပြည်၌။ ဂဟိ
တံ၊ ယူအပ်သည်ရှိသော်။ ဣဓ၊ ဤရှာငယ်ကျောင်း၌။ မုတ္တံ၊ လွှတ်ပြီ။
တယာ၊ သင်သည်။ ဣဓ၊ ဤရှာငယ်ကျောင်း၌။ ဂဟိတံ၊ ယူအပ်
သည်ရှိသော်။ တတြ၊ ထိုသာဝတ္ထိပြည်၌။ မုတ္တံ၊ ပြီ။ပ။တွံ၊ သည်။
ဧဝံခေါ၊လျှင်။ဥဘယတ္ထ၊နှစ်ပါးစုံသော ရှာငယ်ကျောင်း သာဝတ္ထိ
ပြည်ကျောင်း၌။ ပရိဗာဟိရော၊ အပဖြစ်ပြီ။ပ။ ဘိက္ခဝေ၊ တို့။
ကေန၊ တယောက်ထည်းဖြစ်သော ရဟန်းသည်။ ဒွေ၊ နှစ်ကျောင်း
တို့ကို။ နပဋိဗာဟိတဗ္ဗာ၊ မတားမြစ်အပ်ကုန်။ပ။

၃၂၀။ ဝိနယကထံ၊ ဝိနည်းစကားကို။ ကထေသိ၊ ဟောတော်
မူပြီ။ ဝိနယဿ၊ ဝိနည်း၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊
ဟောတော်မူ၏။ ဝိနယပရိယတ္တိယာ၊ ဝိနည်းကိုသင်ခြင်း၏။ပ။
အာဒိဿအာဒိဿ၊ ရည်မှတ်၍ရည်မှတ်၍။ အာယသ္မတော ဥပါ
လိဿ၊ အရှင်ဥပါလိ၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ၏။ပ။

အာဝုသော၊ တို့။ ဟန္ဒ၊ ယံခု။ မယံ၊ တို့သည်။ အာယသ္မတော ဥပါလိဿ၊ ၏။ သန္တိကေ၊ အထံ၌။ ဝိနယံ၊ ကို။ ပရိယာပုဏာမ၊ သင်ကြကုန်စို့။ ဣတိ၊ ဤသို့။ ဝတွာ၊ ၍။ ဗဟူ၊ ကုန်သော။ ထေရာစ၊ မထေရ်လည်း ဖြစ်ကုန်သော။ နဝါစ၊ သီတင်းငယ်လည်း ဖြစ်ကုန်သော။ မဇ္ဈိမာစ၊ အလတ်လည်းဖြစ်ကုန်သော။ တေ ဘိက္ခူ၊ တို့သည်လည်း။ အာယသ္မတော ဥပါလိဿ၊ ၏။ သန္တိကေ၊ ၌။ ဝိနယံ၊ ကို။ ပရိယာပုဏန္တိ၊ သင်ကြကုန်၏။ အာယသ္မာ ဥပါလိ၊ သည်။ ထေရာနံ၊ ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ဂါရဝေန၊ ရိုသေခြင်းဖြင့်။ ဌိတကော၊ ရပ်လျက်။ ဥဒ္ဒိသတိ၊ သင်၏။ ဝါ၊ ချ၏။ ထေရာ၊ မထေရ်ဖြစ်ကုန်သော။ ဘိက္ခူ၊ တို့သည်။ ဓမ္မဂါရဝေန၊ တရားကိုရိုသေသခြင်းဖြင့်။ ဌိတကာ၊ ရပ်ကုန်လျက်။ ဥဒ္ဒိသာပေန္တိ၊ သင်စေကြကုန်၏။ ဝါ၊ ချစေကြကုန်၏။ ဝါ၊မိမိတို့က သင်ကုန်၏။ တတ္ထ၊ ထိုသို့ချစေရာ၌။ ထေရာ၊ ကုန်သော။ ဘိက္ခူစေဝ၊ ရဟန်းတို့သည်လည်း။ ကိလမန္တိ၊ ပင်ပန်းကြကုန်၏။ အာယသ္မာ ဥပါလိစ၊ သည်လည်း။ ကိလမတိ၊ ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ နဝကေန၊ သီတင်းငယ်ဖြစ်သော။ ဘိက္ခုနာ၊ သည်။ ဥဒ္ဒိသန္တေန၊ သင်သဖြင့်။ ဝါ၊ ချသဖြင့်။ သမကေ၊ အမျှဖြစ်သော။ အာသနေ၊ နေရာ၌။ နိသီဒိတုံ၊ နေစိမ့်သောငှါလည်းကောင်း။ ဓမ္မဂါရဝေန၊ တရားတော်ကိုရိုသေသဖြင့်။ ဥစ္စတရေ၊ မြင့်သော။ အာသနေ၌။ နိသီဒိတုံ၊ ငှါလည်းကောင်း။ အနုဇာနာမိ၊ ၏။ ထေရေန၊ သော။ ဘိက္ခုနာ၊ သည်။ ဥဒ္ဒိသာပေန္တေန၊ သင်စေသဖြင့်။ ဝါ၊မိမိတို့က သင်သဖြင့်။ပ။တေန ခေါ ပန၊ သမယေန၊ ၌။ ဗဟူ၊ ကုန်သော။ ဘိက္ခူ၊ တို့သည်။ အာယသ္မတော ဥပါလိဿ၊ ၏။ သန္တိကေ၊ ၌။ ဌိတကာ၊ ရပ်ကုန်လျက်။ ဥဒ္ဒေသံ၊ ပါဠိသင်ခြင်းကို။ဝါ၊ချခြင်းကို။ ပဋိမာနေန္တာ၊ မြော်လင့်ကုန်သည်ဖြစ်၍။ ကိလမန္တိ၊ ကုန်၏။ပ။ သမာနာသနိကေဟိ၊ တူသောနေရာရှိကုန်သော ရဟန်းတို့နှင့်။ သဟ၊ တကွ။ နိသီဒိတုံ၊ ငှါ။ပ။ကိတ္တာဝတာ၊ အဘယ်မျှ အတိုင်းအရှည်ရှိသဖြင့်။ သမာနာသနိကော၊ တူသော နေရာရှိသော

ရဟန်းသည်။ ဟောတိ၊နုခေါ၊ ဖြစ်သနည်း။ပ။ဘိက္ခဝေ၊ရဟန်းတို့။
တိဝဿန္တရေန၊ သုံးဝါတို့၏ အတွင်းနှင့်။ ဝါ၊ သုံးဝါအတွင်း
ရှိသော ရဟန်းနှင့်။ ဝါ၊ နှစ်ဝါကြီးနှစ်ဝါငယ်ဖြစ်သောရဟန်းနှင့်။
သဟ၊ တကွ။ နိသီဒိတုံ၊ ငှါ။ပ။သမာနာသနိကာ၊ တူသော နေရာ
ရှိသောရဟန်းတို့သည်။ မဉ္စေ၊ ၌။ နိသီဒိတွာ၊ ၍။ မဉ္စံ၊ ကို။ ဘိန္ဒိံ
သု၊ ဖျက်ဆီးကြကုန်ပြီ။ပ။တိဝဂ္ဂဿ၊ သုံးယောက် အစုရှိသော
ရဟန်းအား။ မဉ္စံ၊ ကို။ပ။ပီဌံ၊ ကို။ အနုဇာနာမိ၊ ၏။ တိဝဂ္ဂေါပိ၊
သုံးယောက် အစုရှိသော ရဟန်း သည်လည်း ။ပ။ ဒုဝဂ္ဂဿ၊
နှစ်ယောက်အစုရှိသော ရဟန်းအား။လ။ ။တေနခေါပန သမ
ယေန၊၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ အသမာနာသနိကေဟိ၊ မတူ
သော နေရာရှိသော ရဟန်းတို့နှင့်။ သဟ၊ တကွ။ ဒီဃာသနေ၊
ရှည်သောနေရာ၌။ နိသီဒိတုံ၊ ငှါ။ ကုက္ကုစ္စာယန္တိ၊ ကုန်၏။ပ။
ပဏ္ဍကံ၊ ကို။ပ။ဌပေတွာ၊ ၍။ အသမာနာသနိကေဟိ၊ တူသော
နေရာ မရှိကုန်သော ရဟန်းတို့နှင့်။ သဟ၊ တကွ။ ဒီဃာသနေ၊
ရှည်သောနေရာ၌။ပ။ပစ္ဆိမံ၊ ယုတ်စွအဆုံး။ ဒီဃာသနံ၊ ရှည်သော
နေရာသည်။ ကိတ္တကံ၊ အဘယ်မျှအတိုင်းအရှည်ရှိသည်။ ဟောတိ
နုခေါ၊ ဖြစ်သနည်း။ ဣတိ၊ ဤသို့။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ ယံ၊
အကြင်နေရာသည်။ တိဏ္ဏံ၊ သုံးယောက်သော ရဟန်းတို့အား။
ပဟောတိ၊ လောက်၏။ ဝါ၊ ဆန့်၏။ ဝါ၊ စွမ်းနိုင်၏။ ဧတ္တကံ၊
ဤမျှ အတိုင်းအရှည်ရှိသော။ တံ၊ ထိုနေရာကို။ ပစ္ဆိမံ၊ ယုတ်စွ
အဆုံး။ ဒီဃာသနန္တိ၊ ရှည်သောနေရာဟူ၍။ အနုဇာနာမိ၊၏။ ။
တေနခေါပနသမယေန၊ ၌။ မိဂါရမာတာ၊ မိဂါရ သူဌေးအမိ
ဖြစ်သော။ ဝိသာခါ၊ ဝိသာခါဒါယိကာမသည်။ သံဃဿ၊ ၏။
အတ္ထာယ၊ ငှါ။ သာဠိန္ဒံ၊အာဠိန္ဒနှင့်တကွသော။ဝါ၊ကျောင်းဦးနှင့်
တကွဖြစ်သော။ ဝါ၊ ညွှန့်ခံနှင့်တကွဖြစ်သော။ ဟတ္ထိနခကံ၊
ဆင်လက်သည်း ခြေသည်းရှိသော။ဝါ၊ ဆင်လက်သည်းခြေသည်း
သဏ္ဍာန် အခံအကျည်ရှိထသော။ ပါသာဒံ၊ပြာသာဒ်ကို။ ကာရာ
ပေတုကာမော၊ ပြုစေခြင်းငှါ အလိုရှိသည်။ ဟောတိ၊ ၏။ပ။ဘဂ

ဝတ္တာ၊သည်။ ပါသာဒပရိဘောဂေ၊ ပြာသာဒ်အသုံးအဆောင်ကို။ အနုညာတော်ကိံ နုခေါ၊ ခွင့်ပြုအပ်သလော။ အနနုညာတော်ကိံ၊ ခွင့်မပြုအပ်လေသလော။ ပ။ သဗ္ဗံ၊ အလုံးစုံသော။ ပါသာဒပရိဘောဂံ၊ ပြာသာဒ်အသုံးအဆောင်ကို။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ ဝေနခေါပနသမယေန၊ ၌။ ပသေနဒိကောသလဿ၊ ပသေနဒီကောသလ အမည်ရှိသော။ ရညော၊ ၏။ အယျိကာဒ၊ ဘွားမသည်။ ကာလင်္ကတာ၊ သေသည်။ ဝါ၊ နတ်ရွာလားသည်။ ဟောတိ၊ ဖြစ်၏။ တဿာ၊ ထိုဘွားမ၏။ ကာလံကိရိယာယ၊ သေခြင်းကြောင့်။ ဝါ၊ နတ်ရွာ လားခြင်းကြောင့်။ သံဃဿ၊ သံဃာတော်အား။ ဗဟုံ၊ စွာ။ အကပ္ပိယဘဏ္ဍံ၊ မအပ်သောဘဏ္ဍာသည်။ ဥပ္ပန္နံ၊ သည်။ ဟောတိ၊ ၏။ ပ။ ဘိက္ခဝေ။ တုမှံ။ အာသန္ဒိယာ၊ ၏။ ပါဒေ၊ ခြေတို့ကို။ ဆိန္ဒိတွာ၊ ဖြတ်၍။ ပရိဘုဉ္ဇိတုံ၊ ငှါ။ ပလ္လင်္ကဿ၊ ၏။ ဝါဠေ၊ သားရဲရုပ်တို့ကို။ ဘိန္ဒိတွာ၊ ဖျက်၍။ ပရိဘုဉ္ဇိတုံ၊ ငှါ။ တူလိကံ၊ လဲသွတ်သောအခင်းကို။ ဝိဇဋေတွာ၊ ဖြည်၍။ ဗိဗ္ဗောဟနံ၊ ခေါင်းအုံးကို။ ကာတုံ၊ ငှါ။ အဝသေသံ၊ ကြွင်းသောအခင်းကို။ ဘူမတ္ထရဏံ၊ မြေအခင်းကို။ ကာတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ လ။

**အမှာ** ဤအရာ၌- အဝသေသံ ဘူမတ္ထရဏံ ကာတုံ-ဟူသောသိက္ခာပုဒ်၌ ပြုအပ်သောကပ္ပိယပရိဘောဂမှ တပါး-နဘိက္ခဝေ ဥစ္စာသယန မဟာသယနာနိ ဓာရေတဗ္ဗာနိ-ဟူသော မဟာဝါ စမ္မက္ခန္ဓကသိက္ခာပုဒ်ဖြင့်ပြုအပ်သော အကပ္ပိယပရိဘောဂကို နေရာဌာနချ၍ ပြုခြင်းငှါ-ဂေါနကာဒီနိ သံဃိကဝိဟာရေဝ ပုဂ္ဂလိက ဝိဟာရေဝ မဉ္စပီဌကေသု အတ္ထရိတွာ ပရိဘုဉ္ဇိတုံ နဝဋ္ဋတိ-ဟူ၍ အဋ္ဌကထာဆရာ ဆိုတော်မူသည်။ အနုဇာနာမိ ဘိက္ခဝေ ဌပေတွာ အာသန္ဒိံ ပလ္လင်္ကံ တူလိကံ ဂိဟိဝိကဋံ အဘိနိသီဒိတုံ နတွေဝ အဘိနိပဇ္ဇိတုံ-ဟူသော ရှေ့သေနာသနက္ခန္ဓက သိက္ခာပုဒ်တော်ဖြင့် ပြုအပ်သော ကပ္ပိယ ပရိဘောဂါကာရကို ပြုခြင်းငှါ ထိုစကားရပ်၏ အခြားမဲ့၌ပင်-ဓမ္မာသနေပန ဂိဟိ ဝိကဋ္ဋနိဟာရေန လဗ္ဘန္တိ။ တတ္ထာပိ နိပဇ္ဇိတုံ နဝဋ္ဋတိ-ဟူ၍

အဋ္ဌကထာဆရာစကားစပ်လျဉ်းသည်အလျောက် သင်္ဂဟအားဖြင့် ဆိုတော်မူသည်။ ဤနေရာတွင် ဤသိက္ခာပုဒ်၏ အရာဖြစ်သော ကြောင့် ဆိုသည်မဟုတ်ဟု မှတ်ယူလေ။ ဤဂေါနကအစရှိသော အကပ္ပိယ အခင်းကိုလည်း ညောင်စောင်းအုင်းပျဉ်တို့၌ ပကတိ အတိုင်းခင်း၍ သုံးဆောင်းခြင်းငှါသာ မအပ်သည်။ အမွေးအဆာ အမြိတ်ကို အတွင်းထား၍ ခြုံရုံခြင်းငှါကား အပ်သည်ပင်ဖြစ်သည်။ ထိုကြောင့် ဝိနယ ဝိနိစ္ဆယဋီကာ၌-

ဥဏ္ဏိတိ ကောသကမ္ဗလံ ဝိနာ ဥဏ္ဏမယာ ပါဝုရဏဇာတိ။ ဂေါဏကံကုတ္တကံစိတ္တကမိစ္စာဒိနာ ဝုတ္တဘေဒဝန္တတာယ အာဟ် သဗ္ဗာတိ။ ဥဏ္ဏာမယံ အန္တောကရိတွာ ပါရုပိတုံ ဝဋ္ဋတီတိ အာဟ ဗာဟိရလောမိကာတိ။ယထာဟ နဘိက္ခဝေ ဗာဟိရလောမိ ဥဏ္ဏိ ဓာရေတဗ္ဗာတိ သိက္ခာ ပဒဋ္ဌ ကထာယံ ဥဏ္ဏာလောမာနိ ဗဟိ ကတွာ ဥဏ္ဏပါဝါရံ ပါရုပန္တိ။ တထာဓာရေန္တဿ ဒုက္ကဋံ၊ လောမာနိအန္တော ကတွာ ပါရုပိတုံ ဝဋ္ဋတီတိ-ဟူ၍ ဆိုတော်မူသည်။

ဋ္ဌေက လောဓာနိ ပန အပက္ခိပိတွာ ကမ္ဗလမေဝ စတုဂုဏံ ဝါ ပဉ္စဂုဏံဝါ ပက္ခိပိတွာ ကတာပိ ဥဏ္ဏာဘိသိသံခမေဝဂစ္ဆတိ- ဟုအဋ္ဌကထာ၌ သာမညအားဖြင့် ဆိုသောကြောင့် ဂေါနကအစ ရှိသော မအပ်သော သားမွေး အခင်းကိုသော်လည်း ဘုံလျှို အတွင်းအဆာ ပြုလုပ်ထည့်သွင်း၍ အိပ်ခြင်းငှာ အပ်သည်။ပကတိ ဖြစ်သော ဂေါနက-စသော အကပ္ပိယ အခင်းကိုသာ အိပ်ခြင်းငှါ မအပ်သည်။ထိုကြောင့် ဝိမတိဝိနောဒနီ ဋီကာ၌ ကမ္ဗလမေဝ။လ။ ဥဏ္ဏာဘိသိသံခမေဝဂစ္ဆတီတိ သာမညတော ဝုတ္တတ္တာ ဂေါနကာ ဒိံ အကပ္ပိယံပိ ဥဏ္ဏာမယတ္တရဏံ ဘိသိယံ ပက္ခိပိတွာ သယိတုံ ဝဋ္ဋတီတိဒဋ္ဌဗ္ဗံ-ဟူ၍ ဆိုသည်။

၃၂၁။ သာဝတ္ထိယာ၊၍။အဝိဒူရေ၊ မနီးမဝေးသောအရပ်၌။ အညတရသ္မိံ၊ အမှတ်မရှိသော။ဂါမကာဝါသေ၊ရွာငယ်ကျောင်း ၌။ အာဝါသိကာ၊ ကျန်သော။ ဘိက္ခူ၊ တို့သည်။ အာဂန္တုကာ

ဂမိကာနံ၊ အာဂန္တုကဂမိကာ ဖြစ်ကုန်သော။ ဘိက္ခူနံ၊ တို့၏။ သေနာသနံ၊ ကို။ ပညပေန္တော၊ ခင်းကြရကုန်သည် ရှိသော်။ ဥပဒ္ဒုတာ၊ နှိပ်စက်အပ်ကုန်သည်။ဟောန္တိ၊ ကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ တေရဟိ၊ ယခုအခါ၌။ ခေါ၊ စင်စစ်။ မယံ၊ ငါတို့ကို။လ။ ဥပဒ္ဒုတာ၊ နှိပ်စက်အပ်ကုန်၏။ အာဝုသော၊ တို့။ ဟန္ဒ၊ ယခု။ မယံ၊ တို့သည်။ သဗ္ဗံ၊ သော။ သံဃိကံ၊ သံဃဥစ္စာဖြစ်သော။ သေနာသနံ၊ အိပ်ရာနေရာအခင်းကို။ ဧကဿ၊ တယောက်သောရဟန်းအား။ ဒေမ၊ ပေးကြကုန်စို့။ တဿ၊ ထိုရဟန်း၏။ သန္တကံ၊ ဥစ္စာကို။ ပရိဘုဉ္ဇိဿာမ၊ သုံးဆောင်ကြကုန်စို့။ ဣတိ၊ ဤသို့။ ဧတံ၊ ဧသောပရိဝိတက္ကော၊ သည်။ ဟောတိ၊ ဖြစ်၏။ တေ၊ ထိုရဟန်းတို့သည်။ပ။အဒံသု၊ ပေးကုန်ပြီ။လ။ အာဝုသော၊ တို့။ အမှာကံ၊ တို့အား။ သေနာသနံ၊ ကို။ ပညပေထ၊ ခင်းကြကုန်လော့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ အာဝုသော၊ တို့။ သံဃိကံ၊ သော။ သေနာသနံ၊သည်။နတ္ထိ၊မရှိ။အမှေဟိ၊ တို့သည်။သဗ္ဗံ၊အလုံးစုံသော ကျောင်းအိပ်ရာနေရာကို။ ဧကဿ၊ အား။ ဒိန္နံ၊ ပေးအပ်ပြီ။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်ပြီ။ အာဝုသော၊ တို့။ တုမှေ၊ တို့သည်။ပ။ ဝိဿဇ္ဇေထကိံပန၊ စွန့်ကြကုန်သလော။ပ။ ဘိက္ခဝေ၊တို့။ ဣမာနိ၊ ပဉ္စ၊ ငါးပါးသော ဘဏ္ဍာတို့ကို။အဝိဿဇ္ဇိတာနိ၊မစွန့်အပ်ကုန်။ သံဃေန၀ါ၊ သည်လည်းကောင်း။ ဂဏေန၀ါ၊ သည်လည်းကောင်း။ ပုဂ္ဂလေန၀ါ၊ သည်လည်းကောင်း။ နဝိဿဇ္ဇိတဗ္ဗာနိ၊ မစွန့်အပ်ကုန်။ ဝိဿဇ္ဇိတာနိပိ၊စွန့်အပ်ကုန်သော်လည်း။အဝိဿဇ္ဇိတာနိ၊ စွန့်အပ်သည်မမည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ယော၊ သည်။ ဝိဿဇ္ဇေယျ၊ စွန့်ငြားအံ့။ အဿ၊ အား။ ထုလ္လစ္စယာ၊ ထုလ္လစ္စည်းအမည်ရှိသော။ အာပတ္တိ၊ သည်။ ဟောတိ၊ ၏။ ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမာနိ၊ကား။ အာရာမော၊ အရာမ်သည်လည်းကောင်း။ အာရာမဝတ္ထု၊ အာရာမ်ရာသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဣဒံ၊ ဤအရာမ်အရာမ်ရာသည်။ပဌမံ၊ရှေးဦးစွာသော။ အဝိဿဇ္ဇိယံ၊မစွန့်အပ်သောဘဏ္ဍာမည်၏လ။ဝိဟာရော၊ကျောင်း

သည် လည်းကောင်း။ ဝိဟာရဝတ္ထု၊ ကျောင်းရာသည် လည်းကောင်း။အတ္ထိ၊ရှိ၏။ ဣဒံ၊ ဤကျောင်းကျောင်းရာသည်။ပ။မဉ္စော၊ ညောင်စောင်းသည်လည်းကောင်း။ ပီဌံ၊ အင်းပျဉ်လည်းကောင်း။ ဘိသိ၊ ဘုံလျှိုသည် လည်းကောင်း။ ဗိမ္ဗောဟနံ၊ ခေါင်းအုံးသည် လည်းကောင်း။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤညောင်စောင်း အင်းပျဉ် ဘုံလျှိုအုံးသည်။ပ။လောဟကုမ္ဘီ၊ကြေးအိုးသည် လည်းကောင်း။ လောဟဘာဏကံ၊ ကြေးအိုးစရည်းကြီးသည် လည်းကောင်း။ လောဟဝါရကော၊ ကြေးအင်တွဲသည် လည်းကောင်း။ လောဟကဋာဟံ၊ ကြေးဖျဉ်းသည် လည်းကောင်း။ ဝါသိ၊ ပဲခွပ်သည် လည်းကောင်း။ ဝါ၊တစည်းသည်လည်းကောင်း။ ဖရသု၊ ပေါက်ဆိန်သည်လည်းကောင်း။ ကုဓာရီ၊ ထားမသည် လည်းကောင်း။ ကုဒ္ဒါလော၊ ပေါက်တူးသည်လည်းကောင်း။ နိခါဒနံ၊ ဆောက်သည်လည်းကောင်း။ပ။ ဝလ္လိ၊ နွယ်သည် လည်းကောင်း။ ဝေဠု၊ ဝါးသည်လည်းကောင်း။ မုဉ္ဇံ၊ မြှုဆံမြက်သည် လည်းကောင်း။ ပဗ္ဗဇံ၊ ပြိန်းမြက်သည်လည်းကောင်း။ မတ္တိကာ၊ မြေသည်လည်းကောင်း။ ဒါရုဘဏ္ဍံ၊ သစ်ဘဏ္ဍာသည်လည်းကောင်း။ မတ္တိကာဘဏ္ဍံ၊ မြေဘဏ္ဍာသည်လည်းကောင်း။ အတ္ထိ၊ရှိ၏။ ဣဒံ၊ဤသည်တား။ ပဉ္စမံ၊ ငါးခုမြောက်သော။ အဝိဿဇ္ဇိယံ၊ မစွန့်အပ်သောဘဏ္ဍာမည်၏။ပ။

**အမှာ** ဤအရာ၌ ယထာ ဒါယကာဝဒန္တိ တထာ ပဋိပဇ္ဇိတဗ္ဗံ-ဟူသော သေနာသနက္ခန္ဓက နိမန္တနဘတ္တအဋ္ဌကထာပါဠိကိုထောက်၍ ဒါယကာတို့ လှူသည်အားလျော်စွာ ညောင်စောင်းအင်းပျဉ်စသည်ကို ဝေဘန်ရာ သုံးဆောင်ရာသော အခြင်းအရာကို—

ဒါယကာ ဟိ ကာယေနဖုသိတွာ ယထာသုခံ ဘုဉ္ဇထာ
တိဒိန္နံသေနာသနံ မဉ္စပီဌာဒိဉ္စ ဒါယကေန ဝုတ္တနိယာ
မေန ပရိဘုဉ္ဇန္တဿ ဒေါသော နတ္ထိတိ မာတိကာ
ဋ္ဌကထာယ သီဟဠဂဏ္ဌိပဒေဝုတ္တတ္တာ တထာပရိဘုဉ္ဇန္တဿ

အနာပတ္တိ။ ဇာမိမဇ္ဈပီဠာဗဒိံ သံဃဿ ဒမ္မီတိ ဝုတ္တေ ဂရုဘဏ္ဍံ ဟောတိ၊ နဘာဇေတဗ္ဗံ၊ သံဃဿ ပရာမဋ္ဌတ္တာ။ ဇာမိမဇ္ဈပီဠာဗဒိံ ဘဒ္ဒန္တာနံ ဝဿဝဋ္ဋေန ဂဏှိတုံ ဒမ္မီတိ ဝုတ္တေ သတိပိ ဂရုဘဏ္ဍဘာဝေ ကပ္ပိယဝတ္ထုံ ဘာဇေတွာ ဂဏှိတုံ ဝဋ္ဋတိ။ အကပ္ပိယဘဏ္ဍမေဝ ဘာဇေတွာ ဂဟေတုံ နလဗ္ဘတိ။ ဇာဒိမဇ္ဈပီဠံ ဝဿဝဋ္ဋေန ဂဟေတုံ သံဃဿ ဒမ္မီတိ ဝုတ္တေ ဝဿဝဋ္ဋေန ဘာဇေတွာ ဂဟေတဗ္ဗံ၊ ဝဿဝဋ္ဋေန ဘာဇနံ ပဌမံ ဝတွာ ပစ္ဆာ သံဃဿ ပရာမဋ္ဌတ္တာ။ သံဃဿ ဇာမိမဇ္ဈပီဠံ ဝဿဝဋ္ဋေန ဂဏှိတုံ ဒမ္မီတိ ဝုတ္တေပန ဂရုဘဏ္ဍံ ဟောတိ၊ ပဌမံ သံဃဿ ပရာမဋ္ဌတ္တာတိ။ အယံပိ ဝိသေသော မာတိကာ ဋ္ဌကထာဂဏ္ဌိပဒေသုယေဝ ဝုတ္တာ–

ဟု ဝိနယ ဝိနိစ္ဆယဋီကာ၌ အသေအချာဝေဘန်ခွဲခြမ်း၍ ဆုံးဖြတ်တော်မူ၏။ ထိုကြောင့် ဝိနည်းဗဟု ပညာမျက်စိ သတိရှိကြကုန်သော လဇ္ဇီပေသလ သိက္ခာကာမ ဝိနယဓရပုဂ္ဂိုလ်တို့ သတိမူကြလေကုန်။

၃၂၂။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ပ။မဟတာ၊ များစွာသော။ ဘိက္ခုသံဃေန၊ ရဟန်းသံဃာတော်နှင့်။ ပဉ္စမတ္တေဟိ၊ ငါးလီ အတိုင်းအရှည်ရှိကုန်သော။ဘိက္ခုသတေဟိ၊ အရာသော ရဟန်းတို့နှင့်လည်းကောင်း။ သာရိပုတ္တမောဂ္ဂလ္လာနေဟိ၊ တို့နှင့် လည်းကောင်း။ သဒ္ဓိံ၊ တကွ။ စာရိကံ၊ ကို။ ပက္ကမိ၊ ၏။ အဿဇိ ပုနဗ္ဗသုကာ၊ ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဂဝါ၊ သည်။ ကီဋာဂိရိံ၊ သို့။ပ။အာဂစ္ဆတိတိ၊ ကြွတော်မူလာသတတ်။ ဣတိ၊ ဤသို့။ အဿောသုံခေါ၊ တည်း။ အာဝုသော၊ ငါ့ရှင်တို့။ဟန္ဒ၊ ယခု။ မယံ၊ ငါတို့သည်။ သဗ္ဗံ၊ သော။ သံဃိကံ၊ သော။ သေနာသနံ၊ ကျောင်းအိပ်ရာ နေရာကို။ဘာဇေမ၊ ဝေဘန်ကြကုန်စို့။ သာရိပုတ္တမောဂ္ဂလ္လာနာ၊ တို့သည်။ ပါပိစ္ဆာ၊ ယုတ်မာသော အလိုဆန္ဒ ရှိကြကုန်၏။ ပါပိကာနံ၊ ယုတ်မာကုန်သော။ ဣစ္ဆာနံ၊ အလို

ဆန္ဒတို့၏။ ဝသံ၊ နိုင်ငံသို့။ ဂတား၊လိုက်ကြကုန်၏။ မယံ၊တို့သည်။ ခေါ၊စင်စစ်။ တေသံ၊ထိုရှင်သာရိပုတ္တရာ ရှင်မောဂ္ဂလ္လာန်တို့အား။ သေနာသနံ၊ကျောင်းအိပ်ရာနေရာကို။ နပညာပေဿာမ၊မခင်းကြကုန်တော့အံ့။ ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ တေ၊ ထိုအဿဇိပုနဗ္ဗသုက ရဟန်းတို့သည်။ပ။ဘာဇေသုံ၊ ဝေဘန်ကြကုန်ပြီ။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ တုမှေ၊ တို့သည်။ ဂန္တွာ၊ သွား၍ကြလေကုန်။ အဿဇိပုနဗ္ဗသုကေ၊ ကုန်သော။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဥပသင်္ကမိတွာ၊ ၍။ ဧဝံ၊ဤသို့။ဝဒေထ၊ဆိုကြကုန်လေကုန်။ ကိံ၊ ဝဒေထ၊ကား။ ဘဂဝါ၊သည်။ပ။အာဂန္တုကာနံ၊ ၏။ အာဝုသော၊ ငါ့ရှင်တို့။ ဘဂဝတော၊ အားလည်း။ သေနာသနံ၊ ကို။ ပညပေထ၊ ကုန်လော့။ ဘိက္ခုသံဃဿ၊ အားလည်းကောင်း။ သာရိပုတ္တမောဂ္ဂလ္လာနာနဉ္စ၊တို့အားလည်းကောင်း။ပ။ဣတိ၊ ဤသို့။ဝဒေထ၊ ကုန်။ပ။ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ လ။နတ္ထိ၊မရှိပြီ။ အမှေဟိ၊ တို့သည်။ သဗ္ဗံ၊အလုံးစုံသော ကျောင်းအိပ်ရာ နေရာကို။ ဘာဇိတံ၊ဝေဘန်အပ်ပြီ။ အာဝုသော၊ငါ့ရှင်တို့။ ဘဂဝတော၊၏။ အာဂတံ၊လာခြင်းကား။ သွာဂတံ၊ ကောင်းသောလာခြင်းတည်း။ ယဿံ ဝိဟာရေ၊ ၌။ ဘဂဝါ၊ သည်။ ဣစ္ဆတိ၊ အလိုတော်ရှိလတ့်။ တဿံ ဝိဟာရေ၊ ၌။ ဝသိဿတိ၊ နေတော်မူလတံ့။ပ။ဣတိ၊ ဤသို့။ အဝေါစုံ၊ ကုန်၏။ အာဝုသော၊ ငါ့ရှင်တို့။ တုမှေ၊ တို့သည်။ပ။ဘာဇိတုံ ကိံ ပန၊ဝေဘန်ကြကုန်သလော။ပ။ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာနုပဗ္ဗ၊ဤငါးပါးတို့ကို။အဝေဘင်္ဂိယာနိ၊မဝေဘန်အပ်ကုန်။ သံဃေနဝါ၊ သည်လည်းကောင်း။ပ။ နဝိဘဇိတဗ္ဗာနိ၊ မဝေဘန်အပ်ကုန်။ ဝိဘတ္တာနိပိ၊ ဝေဘန်အပ်ကုန်သော်လည်း။ အဝိဘတ္တာနိ၊ဝေဘန်အပ်သည်မမည်ကုန်သည်။ ဟောန္တိ၊ကုန်၏။ ။ပ။ပဉ္စ၊ ငါးပါးတို့ဟူသည်။ ကတမာနိ၊ကား။ပ။ဣဒံ၊ကား။ပဌမံ၊ ရှေးဦးစွာသော။ အဝေဘင်္ဂိယံ၊ မဝေဘန်အပ်သော ဘဏ္ဍာမည်၏။ပ။ဝိဘတ္တံပိ၊ ဝေဘန်အပ်သော်လည်း။အဝိဘတ္တံ၊ဝေဘန်သည်မမည်သည်။ ဟောတိ၊ ဖြစ်၏။ပ။ ယော၊ အကြင်ရဟန်းသည်။

ဝိဘင်္ဂဋ္ဌကထာ၊ ပြောအံ့။ အသေ၊ အနား။ ထုလ္လစ္စယာ၊ သေ။ အာပတ္တိ၊ သည်။ ဟောတိ၊ ဖြစ်၏။

၃၂၃။ အထခေါ၊ ၌။ ဘဂဝါ၊ သည်။ ကိဋ္ဌာဂိရိသို့၊၌။ပ။ ဘဂဝါ၊ သည်။ တုတြအာဠဝိယံ၊ ထိုအာဠဝီပြည်၌။ အဂ္ဂါဠဝေ၊ အဂ္ဂါဠဝအမည်ရှိသော။ ဝါ၊ အဂ္ဂါဠဝ ဘီလူးနေရာ ဖြစ်သော။ စေတိယေ၊စေတီ၌။ ဝါ၊နတ်ကွန်း၌။ ဝါ၊ညောင်ပင်၌။ ဝိဟရတိ၊ ၏။ပ။အာဠဝိကာ၊အာဠဝီပြည်သားဖြစ်ကုန်သော။ ဘိက္ခူ၊ရဟန်းတို့သည်။ ဝေရုပါနို၊ကုန်သော။ နဝကမ္မာနိ၊အမှုသစ်တို့ကို။ဒေန္တိ၊ ပေးကြကုန်၏။ ပိဏ္ဍာနိက္ခေပနမတ္တေ၊ အင်္ဂတေစိုင် မြေစိုင်ကို မကရိုးကွက် ထားကာမျှ ဖြင့်လည်း။ နဝကမ္မံ၊ အမှု သစ်ကို။ ဒေန္တိ၊ ကုန်၏။ ကုဋ္ဋလေပနမတ္တေန၊ နံရံကို လိမ်းကျံကာမျှဖြင့် လည်း။ပ။ဒွါရဋ္ဌပနမတ္တေနပိ၊ တံခါးကို ထားကာမျှဖြင့်လည်း။ပ။ အဂ္ဂဠဝဋ္ဋိကရဏမတ္တေနပိ၊ မင်းတုတ်တိုင် ပြုကာမျှဖြင့်လည်း။ပ။ အာလောက သန္ဓိကရဏ မတ္တေနပိ၊ လေသာနန်း ပြုတင်းကို ပြုကာမျှဖြင့်လည်း။ သေတဝဏ္ဏ ကရဏ မတ္တေနပိ၊ ဖြူသော အဆင်းကို ပြုကာမျှဖြင့်လည်း။ ကာလဝဏ္ဏကရဏ မတ္တေနပိ၊ မည်းနက်သောအဆင်းကို ပြုခါမျှဖြင့်လည်း။ပ။ဂေရုက ပရိကမ္မကရဏ မတ္တေနပိ၊ ဓွေ့သဘော်ကို အပြေအပြစ်ပြုခါမျှဖြင့်လည်း။ ဆာဒန မတ္တေနပိ၊မိုးကာမျှဖြင့်လည်း။ပ။ဗန္ဓနမတ္တေနပိ၊ဘွဲ့ကာကွက်ကာမျှ ဖြင့်လည်း။ ဘဏ္ဍိကာဋ္ဌပနမတ္တေနပိ၊ ခိုနန်းထားကာမျှ တည်းဖြင့် လည်း။ပ။ ခဏ္ဍဖုလ္လပဋိသင်္ခရဏမတ္တေနပိ၊ ကျိုးသည်ပွင့်သည် ကို ပြုပြင်ကာမျှဖြင့်လည်း။ပရိဘဏ္ဍကရဏမတ္တေနပိ၊ နွားချေးဖန် ရည် ကျံကာမျှဖြင့်လည်း။လ။ဝီသတိဝဿိကံပိ၊အနှစ်နှစ်ဆယ်တိုင် တိုင်လည်း။ပ။ တိံသဝဿိကံပိ၊ အနှစ်သုံးဆယ်တိုင်တိုင်လည်း။ ။ပ။ယာဝဇီဝိကံပိ၊ အသက်ထက်ဆုံးလည်း။ပ။ ဓူမကာလိကံပိ၊ မီးခိုးဆုံးသည့်ကာလ တိုင်အောင်လည်း။ ပရိယောသိတံ၊ ပြီးဆုံး လေပြီးသော။ဝိဟာရံ၊ကို။ နဝကမ္မံ၊အမှုသစ်ကို။ ဒေန္တိ၊ကုန်၏။ပ။ နဝကမ္မာနိ၊ အမှုသစ်တို့ကို။ ဒေသန္တိ၊ ပေးကြကုန်ဘိ သနည်း။ပ။

ဘိက္ခဝေ၊ရဟန်းတို့။ ပိဏ္ဍာနိကြွေပနမတ္တေနပိ၊ဖြင့်လည်း။ နဝကမ္မံ၊ ကို။ နဒါတဗ္ဗံ၊ မပေးအပ်။ပ။ ဘိက္ခဝေ၊ ရဟန်းတို့။ အကတံ၊ မပြုအပ်သေးသော။ နဝကမ္မံဝါ၊ ကိုလည်းကောင်း။ ဝိပ္ပကတံ၊ ပြု၍မပြီးသေးသော။ နဝကမ္မံဝါ၊ ကိုလည်းကောင်း။ ဒါတုံ၊ ပေးစိမ့်သောငှါ။ ခုဒ္ဒကေ၊ ငယ်သော။ ဝိဟာရေ၌။ ကမ္မံ၊အမှုကို။ ဩလောကေတွာ၊ကြည့်၍။ ဆပဉ္စဝဿိကံ၊ ခြောက်နှစ် ငါးနှစ်တိုင်တိုင်။ပ။ အဍ္ဎယောဂေ၊ တဘက်ဆောင်မိုးသော ကျောင်း၌။ ဝါ၊ ဝဲပြန်ကျောင်း၌။ပ။သတ္တဋ္ဌဝဿိကံ၊ ခုနစ်နှစ် ရှစ်နှစ်တိုင်တိုင်။ ။ပ။မဟလ္လကေ၊ကြီးသော။ဝိဟာရေဝါ၊ကျောင်း၌လည်းကောင်း။ ပါသာဒေဝါ၊ ပြာသာဒ်၌လည်းကောင်း။ပ။ဒသဒွါဒသဝဿိကံ၊ ဆယ်နှစ် ဆဲ့နှစ်နှစ်တိုင်တိုင်။နဝကမ္မံ၊ကို။ ဒါတုံ၊ငှါ။ အနုဇာနာမိ၊ ခွင့်ပြုတော်မူ၏။ပ။ ဘိက္ခူ၊ တို့သည်။ သဗ္ဗဝိဟာရံ၊ အလုံးစုံသော ကျောင်းကို။ နဝကမ္မံ၊ ကို။ ဒေန္တိ၊ ကုန်၏။ပ။ ဘိက္ခူ၊ တို့သည်။ ဧကဿ၊ တယောက်သောရဟန်းအား။ ဒွေ၊ နှစ်ကျောင်းတို့ကို။ ဒေန္တိ၊ ကုန်၏။ပ။ နဝကမ္မံ၊ ကို။ ဂါဟေတွာ၊ ယူစေ၍။ အညံ၊ တပါးသော ရဟန်းကို။ ဝါသေန္တိ၊ နေစေကြကုန်၏။ပ။ နဝကမ္မံ၊ ကို။ ဂဟေတွာ၊ယူ၍။ သံဃိကံ၊သံဃိကကျောင်းကို။ပရိဘောဟန္တိ၊ တားမြစ်ကြကုန်၏။ပ။ဘိက္ခဝေ၊တို့။ ဧကံ၊တခုသော။ ဝရသေယ်ျံ၊ မြတ်သောအိပ်ရာနေရာကို။ဂဟေတုံ၊ယူစိမ့်သောငှါ။အနုဇာနာမိ၊ ၏။ ။ပ။နိဿီမေ၊ သိမ်ပ၌။ ဋ္ဌိတဿ၊ တည်သောရဟန်းအား။ နဝကမ္မံ၊ ကို။ ဒေန္တိ၊ကုန်၏။ပ။ နဝကမ္မံ၊ကို။ ဂဟေတွာ၊၍။ သဗ္ဗကာလံ၊အခါခပ်သိမ်း။ပ။ ဘိက္ခဝေ၊ တို့။ ဝဿာနံ၊ မိုဃ်းလတို့၏။ တေမာသံ၊ သုံးလပတ်လုံး။ ပရိဗာဟိတုံ၊ ငှါ။ အနုဇာနာမိ၊ ၏။ ဥတုကာလံ့ပန၊ဆောင်းကာလ နွေကာလ၌ကား။ပရိဗာဟိတုံငှါ။ နအနုဇာနာမိ၊ ခွင့်ပြုတော်မမူ။ ။တေန ခေါပန သမယေန၊ ၌။ ဘိက္ခူ၊ ရဟန်းတို့သည်။ နဝကမ္မံ၊ကို။ ဂဟေတွာ၊ယူ၍။ပက္ကမန္တိပိ၊ ဖဲလည်းဖဲသွားကြကုန်၏။ ဝိဗ္ဘမန္တိပိ၊ လူလည်းထွက်ကြကုန်၏။ ကာလံပိ၊ သေခြင်းကို လည်း။ ကရောန္တိ၊ ပြုကြကုန်၏။

သာမဏေရာပိ၊သာမဏေဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကြကုန်၏။ ။(ဤတွင် သာမဏေရာတိပိ စသည်ဖြင့် ဇာတိ သဒ္ဒါနှင့် ရှိတတ်၏။ မသင့်၊ သာမဏေရာပိ စသည်ဖြင့်သာ သင့်၏)။ ။ သိက္ခံပဗ္ဗက္ခာတကာပိ၊ သိက္ခာချသောသူဟူ၍လည်း။ အန္တိမဝတ္ထု အဇ္ဈာပန္နကာပိ၊ အန္တိမဝတ္ထုသို့ ရောက်သောသူဟူ၍လည်း။ဝါ၊ ပါရာဇိက အာပတ်သို့ ရောက်သောသူ ဟူ၍လည်း။ ဥမ္မတ္တကာပိ၊ ရူးသောရဟန်းဟူ၍လည်း။ခိတ္တစိတ္တာပိ၊ပြန့်လွင့်သောစိတ်ရှိသော ရဟန်းဟူ၍လည်း။ ဝေဒနဋ္ဋာပိ၊ ဝေဒနာ နှိပ်စက်သော ရဟန်း ဟူ၍လည်း။ အာပတ္တိယာ၊ အာပတ်ကို။ အဒဿနေ၊ မရှုလိုခြင်း ကြောင့်။ပ။ အပ္ပဋိကမ္မေ၊ မကုစားလိုခြင်းကြောင့်။ပ။ ပါပိကာယ၊ ယုတ်မာသော။ ဒိဋ္ဌိယာ၊ မှားသောအယူကို။ အပ္ပဋိနိဿဂ္ဂေ၊ မစွန့်လိုခြင်းကြောင့်။ ဥက္ခိတ္တကာပိ၊ နှင်ထုတ်အပ်သော ရဟန်း ဟူ၍လည်း။ပဏ္ဍကာပိ၊ပဏ္ဍုက်ဟူ၍လည်း။ ထေယျသံဝါသကာပိ၊ ထေယျသံဝါသကဟူ၍လည်း။တိတ္ထိယပက္ကန္တကာပိ၊ ဟူ၍လည်း။ တိရစ္ဆာနဂတာပိ၊ တိရစ္ဆာန် ဟူ၍လည်း။ မာတုဃာတကာပိ၊ အမိကို သတ်သောသူ ဟူ၍လည်း။ ပိတုဃာတကာပိ၊ အဘကို သတ်သောသူ ဟူ၍လည်း။ အရဟန္တဃာတကာပိ၊ ရဟန္တာကို သတ်သောသူဟူ၍လည်း။ဘိက္ခုနီဒူသကာပိ၊ ဘိက္ခုနီမကိုဖျက်ဆီး တတ်သောသူဟူ၍လည်း။ သံဃဘေဒကာပိ၊ သံဃာကိုသင်းခွဲ တတ်သောသူဟူ၍လည်း။လောဟိတုပ္ပါဒကာပိ၊ မြတ်စွာဘုရားကို သွေးစိမ်း တည်အောင် ပြုတတ်သောသူ ဟူ၍လည်း။ ဥဘတော ဗျဉ္ဇနကာပိ၊ ဥဘတောဗျည်း ဟူ၍လည်း။ ပဋိဇာနန္တိ၊ ဝန်ခံကြ ကုန်၏။ ဘိက္ခဝေ၊ တို့။ ဧဝံ၊ ဤ ငါဘုရား သာသနာတော်၌။ ဘိက္ခု၊သည်။ နဝကမ္မံ၊ကို။ ဂဟေတွာ၊ ၍။ ပက္ကမတိ၊ဖဲသွားခဲ့အံ့။ သံဃဿ၊ အား။ ပရိဟာယိ၊ မယုတ်ပါစေလင့်။ ဇာတိ မနသိ ကတွာ၊ ၍။ အညဿ၊ တပါးသောရဟန်းအား။ ဒါတဗ္ဗံ၊ ၏။ပ။ ဝိပ္ပကတေ၊ပြု၍မပြီးမီ။ ပက္ကမတိ၊ အံ့။ပ။ ပရိယောသိတေ၊ ပြီးဆုံး သည်ရှိသော်။ ပက္ကမတိ၊ အံ့။ ဧတံ၊ ဤဝတ္ထုသည်။ တဿေဝ၊

ထိုရဟန်းအားသာလျှင်။ ဟောတိ၊ ဖြစ်၏။ပ။ ဝိဇ္ဇမတိ၊ လူထွက်ခဲ့ အံ့။ပ။ သံဃေသု သံဃာတော်သည်။ သာမိ၊ အစိုးရ၏။ပ။ ဥမ္မတ္တ ကော၊ ဟူ၍။ ပဋိဇာနာတိ၊ အံ့။ တော်၊ ဤဝတ္တုသည်။ တသေဝ၊ ထိုရဟန်းအားသာလျှင်။ ဟောတိ၊၏။ပ။ အရဟန္တဃာတကော၊ ဟူ၍။ ပဋိဇာနာတိ၊ အံ့။ သံဃော၊ သည်။ သာမိ၊ အစိုးရ၏။ပ။

၃၂၄။ ဘိက္ခူ၊ တို့သည်။အညတရသ၊ သော။ဥပါသကသ၊ ဒါယကာ၏။ ဝိဟာရပရိဘောဂံ၊ ကျောင်း အသုံးအဆောင်ဖြစ် သော။ သေနာသနံ၊ အိပ်ရာနေရာကို။ အညတြ၊ တပါးသော အရပ်၌။ ပရိဘုဉ္ဇန္တိ၊ သုံးဆောင်ကြကုန်၏။ပ။ ကထံဟိနာမ၊ အဘယ်ကြောင့် သာလျှင်။ ဘဒ္ဒန္တာ၊ အရှင်တို့သည်။ အညတြ၊ တပါးသောကျောင်း၌။ပရိဘောဂံ၊အသုံးအဆောင်ကို။ အညတြ၊ တပါးသော ကျောင်း၌။ ပရိဘုဉ္ဇိဿန္တိ၊ သုံးဆောင်ကြကုန်ဘိ သနည်း။ပ။ အညတြ၊ ၌။ ပရိဘောဂေ၊ ကို။ အညတြ၊ ၌။နပရိ ဘုဉ္ဇိတဗ္ဗော၊အပ်။ပ။ ဘိက္ခူ၊ တို့သည်။ဥပေါသထဂ္ဂံပိ၊ ဥပုသ်ပြုရာ အရပ်သို့လည်းကောင်း။ သန္နိသဇ္ဇံပိ၊ စည်းဝေးရာအရပ်သို့လည်း ကောင်း။ ပရိဟရိတုံ၊ ဆောင်ခြင်းငှါ။ ကုက္ကုစ္စာယန္တာ၊ အလိုလို ရှိကြကုန်သည်ဖြစ်၍။ ဆမာယံ၊ မြေ၌။ နိသီဒန္တိ၊ နေကြကုန်၏။ ဂတ္တာနိပိ၊ကိုယ်တို့သည်လည်းကောင်း။စီဝရာနိပိ၊သင်္ကန်းတို့သည် လည်းကောင်း။ ပံသုကိတာနိ၊ မြေမှုန့်အလိမ်း အလိမ်းကပ်ကုန် သည်။ ဟောန္တိ၊ ကုန်၏။ပ။ တာဝကာလိကံ၊ အခိုက်အတန့်။ ဝါ၊ တသက်လျှာမျှ။ ဟရိတုံ၊ ဆောင်စိမ့်သောငှါ။ အနုဇာနာမိ၏။ သံဃဿ၊ ၏။ မဟာဝိဟာရော၊ ကျောင်းကြီးသည်။ ဥန္ဒြိယတိ၊ ပြိုခဲ့၏။ပ။သေနာသနံ၊ အိပ်ရာနေရာကို။နာဘိဟရန္တိ၊ မဆောင်ကြ ကုန်။လ။ဂုတ္တတ္ထာယ၊လုံခြုံခြင်းအကျိုးငှါ။ဟရိတုံ၊ဆောင်စိမ့်သော ငှါ။ပ။ သံဃဿ၊ အား။ သေနာသနပရိက္ခာရိကော၊ ကျောင်း အသုံးအဆောင် ပရိက္ခရာ ဖြစ်သော။ မဟဂ္ဃေ၊ အဘိုးအများ ထိုက်သော။ ကမ္ဗလော၊ ကမ္ဗလာသည်။ဥပ္ပန္နော၊ သည်။ ဟောတိ၊ ဖြစ်၏။ပ။ဖာတိကမ္မတ္ထာယ၊ ပွါးစီးခြင်းအမှုအလို့ငှါ။ပရိဝတ္တေတုံ၊

လလှယ်စိမ့်သော်ငှါ။ ဝါ၊ရှောင်းခြင်းငှါ။ပ။သေနာသနပရိက္ခာရံ၊
ကျောင်းအသုံးအဆောင်ပရိက္ခရာဖြစ်သော။မဟဂ္ဃံ၊သော၊ဒုဿံ၊
ပုဆိုးသည်။ပ။အန္တုစမ္မံ၊ဝံရေသည်။ပ။စက္ကလိကံ၊ခြေသုတ်ကြိုးဝန်း
သည်။ပ။ စောဠကံ၊ ပုဆိုးကြမ်းသည်။ ပါဒပုဉ္ဆနိံ၊ ခြေသုတ်ကြိုး
ဝန်းကို။ပ။ ဘိက္ခူ၊ တို့သည်။ အဓောတေဟိ၊ မဆေးကုန်သော။
ပါဒေဟိ၊ ခြေတို့ဖြင့်။ သေနာသနံ၊ကျောင်းအိပ်ရာနေရာကို။ အက္က
မန္တိ၊ နင်းကြကုန်၏။ သေနာသနံ၊သည်။ ဒုဿတိ၊ ပျက်ခဲ့၏။ပ။
အလ္လေဟိ၊ စိုစွတ်ကုန်သော။ပ။ သဥပါဟနေန၊ ဘိနပ်နှင့်တကွ။
ဝါ၊ဘိနပ်စီးသဖြင့်။ သေနာသနံ၊ ကို။ အက္ကမန္တိ၊နင်းကြကုန်၏။ပ။
ပရိကမ္မကတာယ၊ အပြေအပြစ်ပြုအပ်သော။ ဘူမိယာ၊မြေ၌။နဋ္ဌု
ဟန္တိ၊ တံတွေးထွေးကြကုန်၏။ ဝဏ္ဏော၊ အဆင်းသည်။ ဒုဿတိ၊
ပျက်ခဲ့၏။ပ။ ခေဠမလ္လကံ၊ထွေးခံကို။ပ။ မဉ္စပါဒါဒိ၊ညောင်စောင်း
ခြေတို့သည် လည်းကောင်း။ ပီဌပါဒါဒိ၊ အင်းပျဉ် ခြေတို့သည်
လည်းကောင်း။ ပရိကမ္မကတံ၊ အပြေအပြစ်ပြုအပ်သော။ ဘူမိံ၊
မြေကို။ဝိလိခန္တိ၊ရေးခြစ်ခဲ့ကုန်၏။ပ။ စောဠကေန၊ပုဆိုးကြမ်းဖြင့်။
ပလိဝေဌေတုံ၊ ရစ်ပတ်စိမ့်သော်ငှါ။ပ။ ပရိကမ္မကတံ၊အပြေအပြစ်
ပြုအပ်သော၊ဘိတ္တိံ၊နံရံကို။အပဿေန္တိ၊မှီကြကုန်၏။ပ။အပဿေန
ဖလကံ၊မှီရာတကဲပျဉ်ကို။ပ။ အပဿေနဖလံ၊ သည်။ ဟေဋ္ဌတော၊
အောက်မှ။ ဘူမိံ၊ကို။ဝိလိခတိ၊ အောက်မှရေးခြစ်၍။ ဥပရိတော၊
အထက်မှ။ ဘိတ္တိံ၊ နံရံကို။ ဝိလိခတိ၊ရေးခြစ်၏။ပ။ ဟေဋ္ဌတောစ၊
အောက်မှလည်းကောင်း။ ဥပရိတောစ၊အထက်မှလည်းကောင်း။
။ပ။ဘိက္ခူ၊ တို့သည်။ ဓောတပါဒကာ၊ ဆေးသောခြေရှိကုန်သည်
ဖြစ်၍။ နိပဇ္ဇိတုံ၊ အိပ်ခြင်းငှါ။ ကုက္ကုစ္စာယန္တိ၊ အလိုလိုဖြစ်ကြကုန်
၏။ပ။ပစ္စတ္ထရိတွာ၊အိပ်ရာခင်း၍။နိပဇ္ဇိတုံ၊ငှါ။ပ။

အမှာ ။ ဤအရာ၌ ပစ္စတ္ထရိတွာတိ ပရိဘဏ္ဍကတံ ဘူမိံ ဝါ
ဘုမ္မတ္ထရဏံဝါ သေနာသနံဝါ သံဃိကံ မဉ္စပီဌံဝါ
အတ္တနော သန္တကေန ပစ္စတ္ထရဏေန ပစ္စတ္ထရိတွာဝ နိပဇ္ဇိတဗ္ဗံ–
ဟူ၍ အပြေအပြစ် ပြုအပ်သောမြေ၊ မြေခွဲခင်း၍ သုံးဆောင်အပ်

သော ဘုမ္မတ္ထရဏ အခင်းအစ်ကြောင်း, သဃိက ဖြစ်သော ညောင်စောင်း အင်းပျဉ်ကို မိမိဥစ္စာ အိပ်ရာခင်းဖြင့် ခင်းလွှမ်း၍ သုံးဆောင်သင့်ကြောင်းကို အဋ္ဌကထာဆရာ ဆိုတော်မူသော ကြောင့် သဃိကသံဃသန္တကကို သုံးဆောင်ရာ၌ သတိသမ္ပဇဉ် အလွန်ယှဉ်သင့်သော အရာဟူ၍မှတ်အပ်၏။ ဤအဋ္ဌကထာပါဠိ၌ အတ္တနော သန္တကေန ပစ္စတ္ထရဏေန ဟူသော ကံရိုဏ်းပါဠိဖြင့် သဃိကံဟူသော ဝိသေသနသည် မဉ္စပီဌံဟူသော နောက်ဝိသေသျ နှင့်သာ စပ်သင့်သည်မဟုတ်၊ ပရိဘုဉ္ဇကတံဘူမိံ ဝါ စသော ရှေးဝိသေသျ သုံးချက်နှင့်လည်း စပ်သင့်သည့် အဖြစ်ကို သိအပ် သည်။ ဤအဋ္ဌကထာပါဠိ၌ ဘုမ္မတ္ထရဏအခင်း၏ သရုပ်ကိုလည်း ဘုမ္မတ္ထရဏံနာမ ဘူမိယံ အတ္ထရိတဗ္ဗာ ကဋသာရကာဒိဝိကတိ- အစရှိသော ဘူတဂါမဝဂ် သေနာသနဲ့ သိက္ခာပုဒ် အဋ္ဌကထာ စသည်ကို ထောက်၍ သိအပ်၏။

၃၂၅။ ။ပ။ရာဇဂဟံ၊ ရာဇဂြိုဟ်ပြည်သည်။ ဒုဗ္ဘိက္ခံ၊ ငတ်မွတ် ခေါင်းပါးသည်။ ဟောတိ၊ ၏။ မနုဿာ၊ တို့သည်။ သံဃဘတ္တံ၊ သံဃာ့ဘတ်ကို။ ကာတုံ၊ ငှါ။ နသက္ကောန္တိ၊ ကုန်။ ဥဒ္ဒေသဘတ္တံ၊ သံဃာမှ ရည်ညွှန်း၍ လှူအပ်သောဆွမ်းကိုလည်းကောင်း။နိမန္တနံ၊ ပင့်ဘိတ်၍ လှူအပ်သောဆွမ်းကိုလည်းကောင်း။ သလာကဘတ္တံ၊ စာရေးတံချ၍လှူအပ်သောဆွမ်းကိုလည်းကောင်း။ဥပေါသထိကံ၊ ဥပုသ်နေ့၌ လှူအပ်သောဆွမ်းကို လည်းကောင်း။ ပါဋိပဒိကံ၊ အထွက်တရက်နေ့၌ လှူအပ်သောဆွမ်းကိုလည်းကောင်း။ကာတုံ၊ ငှါ။ ဣစ္ဆန္တိ၊ အလိုရှိကြကုန်၏။ပ။

၃၂၆။ ဘိက္ခူ၊ တို့သည်။ အတ္တနော၊ ၏။ အတ္ထာယ၊ ငှါ။ ။ (ဤပုဒ်ကားထည့်ပါဠိ)။ ဝရဘတ္တာနိ၊ မြတ်သောဆွမ်း တို့ကို။ ဂဟေတွာ၊ ၍။ လာမကာနိ၊ ယုတ်ကုန်သော။ ဘတ္တာနိ၊ တို့ကို။ ဘိက္ခူနံ၊ တို့အား။ ဒေန္တိ၊ ကုန်၏။ပ။ ယော၊အကြင်ရဟန်းသည်။ ။ပ။ဥဒ္ဒိဋ္ဌာနုဒ္ဒိဋ္ဌေ၊ ညွှန်းအပ်သည်မညွှန်းအပ်သေးသည်ကိုလည်း။

ဇာနေယျ၊ ရာ၏။ ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတံ၊ သော။ဘိက္ခုံ၊ကို။ဘတ္တုဒ္ဒေသကံ၊ဆွမ်းညွှန်းတတ်သောရဟန်း ဟူ၍။ သမ္မန္နိတုံ၊ သမုတ်စိမ့်သောငှါ။ အနုဇာနာမိ၊ ၏။ပ။ ဘိက္ခုံ၊ကို။ ဘတ္တုဒ္ဒေသကံ၊ ဆွမ်းညွှန်းတတ်သောရဟန်းဟူ၍။ သမ္မန္နေယျ၊ သမုတ်ရာ၏။ပ။ အထခေါ၊ ၌။ ဘတ္တုဒ္ဒေသကာနံ၊ ဘတ္တုဒ္ဒေသကဖြစ်ကုန်သော။ ဘိက္ခူနံ၊ တို့အား။ ဧတံ ဧသောပရိဝိတက္ကော၊သည်။အဟောသိ၊၏။ကိံ အဟောသိ၊ကား။ ကထံနုခေါ၊လျှင်။ဘတ္တံ၊ဆွမ်းကို။ဥဒ္ဒိသိတဗ္ဗံ၊ ညွှန်းအပ်သနည်း။ပ။ သလာကာယ ဝါ၊ ဝါးခြမ်းစိတ်၌ လည်းကောင်း။ ပဋ္ဋိကာယ ဝါ၊ ထန်းရွက်စသောအပြား၌လည်းကောင်း။ ဥပနိဗန္ဓိတွာ၊ဖွဲ့၍။ ဝါ၊ ရေး၍။ ဩပုဉ္ဇိတွာ၊ နှောက်၍။ ဥဒ္ဒိသိတုံ၊ ညွှန်းခြင်းငှါ။ပ။

၃၂၇။ သံဃဿ၊ အား။ သေနာသနပညာပကော၊ ကျောင်းအိပ်ရာနေရာကို ခင်းတတ်သောရဟန်းသည်။ န ဟောတိ၊ ရှိသည်မဖြစ်။လ။ ဘဏ္ဍာဂါရိကော၊ ဘဏ္ဍာစိုးရဟန်းသည်။ပ။ စီဝရပဋိဂ္ဂါဟကော၊ သင်္ကန်းကို ခံတတ်သောရဟန်းသည်။လ။ စီဝရဘာဇကော၊ သင်္ကန်းကို ဝေဘန်တတ်သော ရဟန်းသည်။ပ။ ယာဂုဘာဇကော၊ ယာဂုကို ဝေဘန်တတ်သောရဟန်းသည်။လ။ ဖလဘာဇကော၊ သစ်သီးကို ဝေဘန်တတ်သောရဟန်းသည်။လ။ ခဇ္ဇဘာဇကော၊ ခဲဖွယ်ကို ဝေဘန်တတ်သော ရဟန်းသည်။ န ဟောတိ၊ ရှိသည်မဖြစ်ခဲ့။ ခဇ္ဇကံ၊ ခဲဖွယ်ကို။ အဘာဇိယမာနံ၊ မဝေဘန်အပ်သည် ရှိသော်။ နဿတိ၊ ပျောက်ပျက်ခဲ့၏။ ယော၊ သည်။ပ။ ဘာဇိတာဘာဇိတံ၊ ဝေဘန်အပ်ပြီးသည် မဝေဘန်အပ်သေးသည်ကို။ ဇာနေယျ၏။ ဣတိ၊ ဤသို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတံ၊ သော။ ဘိက္ခုံ၊ ကို။ ခဇ္ဇဘာဇကံ၊ ခဲဖွယ်ကိုဝေဘန်တတ်သောရဟန်းဟူ၍။ပ။သမ္မန္နိတဗ္ဗော၊ သမုတ်အပ်၏။ပ။

၃၂၈။ သံဃဿ၊သံဃာအား။ ဘဏ္ဍာဂါရေ၊ဘဏ္ဍာအိမ်၌။ အပ္ပမတ္တကော၊အနည်းငယ်သော။ပရိက္ခာရော၊သည်။ ဥဿန္နော၊

များသည်။ ဟောတိ၊ ၏။ ပ။ ယော၊ သည်။ ပ။ ဝိသဇ္ဇိတာဝိသဇ္ဇိတ ဓန၊ စွန့်အပ်ပြီးသည် မစွန့်အပ်သေးသည်ကိုလည်း။ ဇာနေယျ၊ ၏။ ပ။ အပ္ပမတ္တကဝိသဇ္ဇကံ၊ အနည်းငယ်သော ပရိက္ခရာကို စွန့်တတ်သောသူဟူ၍။ ပ။ အပ္ပမတ္တကဝိသဇ္ဇကေန၊ အနည်းငယ် သောပရိက္ခရာကိုစွန့်တတ်သော။ တေန ဘိက္ခုနာ၊ သည်။ ဧကော၊ တချောင်းသော။ သူစိ၊ အပ်ကို။ ဒါတဗ္ဗာ၊ ပေးအပ်၏။ သတ္ထကံ၊ ထားငယ်ကို။ ဒါတဗ္ဗံ၊ ၏။ ဥပါဟနာ၊ ဘိနပ်ကို။ ကာယဗန္ဓနံ၊ ခါးပန်း ကို။ အံသဗဒ္ဓကော၊ ပခုံးအဘွဲ့ကို။ ဝါ၊ လွယ်ဘီးကို။ ဝါ၊ အန္တွဲ့ကို။ ဝါ၊ အတောင်ကို။ ပရိဿာဝနံ၊ ရေစစ်ကို။ ဓမ္မကရဏော၊ ဓမ္မကရိုဏ်ကို။ ကုသိ၊ တလုပ်ကြီးကို။ ဝါ၊ အနားပတ်ရှည်ကို။ ဝါ၊ မြောင်းရှည်ကို။ အဍ္ဎကုသိ၊ ထက်ဝက်သော တလုပ်ကို။ ဝါ၊ တလုပ်ငယ်အနားပတ် တို့ မြောင်းတိုကို။ မဏ္ဍလံ၊ အိမ်ဝမ်း အိမ်ကြီးကို။ အဍ္ဎမဏ္ဍလံ၊ ထက်ဝက်သော အိမ်ကို။ ဝါ၊ အိမ်ကွဲအိမ်ခြမ်း အိမ်ငယ်ကို။ အနုဝါတော၊ အလျားအနားပတ်ကို။ ပရိဘဏ္ဍံ၊ အနံအနားပတ်ကို။ ဒါတဗ္ဗံ၊ ၏။ သံဃသဿ၊ အား။ သပ္ပိံဝါ၊ ထောပတ်သည် လည်း ကောင်း။ မဓုဝါ၊ ပျားသည်လည်းကောင်း။ ဖါဏိတံဝါ၊ တင်လဲ သည်လည်းကောင်း။ သစေဟောတိ၊ အံ့။ သကိံ၊ တကြိမ်။ ပဋိသာ ယိတုံ၊ လျက်ခြင်းငှါ။ ဝါ၊ လျက်လောက်အောင်။ ဒါတဗ္ဗံ၊ ၏။ ပုနပိ၊ လည်း။ အတ္ထော၊ အလိုဆန္ဒသည်။ သစေဟောတိ၊ အံ့။ ပုနပိ၊ တဘန် လည်း။ ဒါတဗ္ဗံ၊ ၏။ ပ။

၃၂၉။ သာဋိယဂ္ဂါဟာပကော၊ မိုးရေခံသင်္ကန်းကို ယူစေ တတ်သော ရဟန်းသည်။ ပတ္တဂ္ဂါဟာပကော၊ သပိတ်ကို ယူစေ တတ်သော ရဟန်းသည်။ အာရာမိကပေသကော၊ အရာမ် စောင့်ကို စေတတ် နိုင်းတတ်သော ရဟန်းသည်။ သာမဏေရ ပေသကော၊ သာမဏေကို စေတတ်နိုင်းတတ်သော ရဟန်းသည်။ နဟောတိ၊ ရှိသည်မဖြစ်။ သာမဏေရော၊ တို့သည်။ အပေသိယ မာနာ၊ မစေခိုင်းအပ်ကုန်သည်ရှိသော်။ ကမ္မံ၊ ကို။ နကရောန္တိ၊

မပြုလိုကုန်။ ပ။ ပေသိတာပေသိတဗ္ဗ၊ စေအပ်ပြီးသော သာမဏေ မစေအပ်သေးသောသာမဏေကိုလည်း။ ပ။ သာမဏေရပေသကံ၊ သာမဏေကို စေတတ် ခိုင်းတတ်သော ရဟန်းဟူ၍။ ပ။

တတိယဘာဏဝါရော၊ သည်။ နိဋ္ဌိတော၊ ပြီ။

ဆဋ္ဌော၊ ခြောက်ခုမြောက်သော။ သေနာသနက္ခန္ဓကော၊

သည်။ နိဋ္ဌိတော၊ ပြီ။

---

## ဥဒ္ဒါန်း

တဿ၊ ထိုသေနာသနက္ခန္ဓကဲ၏ ဥဒ္ဒါနံ၊ ဥဒ္ဒါန်းဂါထာကို။ ဧဝံ၊ ဤဆိုလတ့္ံသောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊ ၏။ ။ဗုဒ္ဓသေဋ္ဌေန၊ မြတ်စွာဘုရားသည်။ ဝိဟာရံ၊ ကို။ တဒါ၊ ထို၌။ အပညတ္တံ၊ ပညတ်တော် မမူသေးသည်။ အဟု၊ ပြီ။ တဟံတဟံ၊ ထိုထိုအရပ်၌။ ဝိဟရန္တိ၊ ကုန်၏။ တေဇိနသာဝကာ၊ ထိုမြတ်စွာဘုရား တပည့်သားတော် တို့သည်။ တမှာအာဝါသာ၊ ထိုထိုနေရာမှ။ နိက္ခမန္တိ၊ ထွက်ကြ ကုန်၏။ ။သေဋ္ဌိဂဟပတိ၊ သူဌေးကြီးသည်။ ဒိသွာ၊ ၍။ ဘိက္ခူနံ၊ ရဟန်းတို့အား။ ကာရာပေယျံ၊ ပြုစေတော့အံ့။ ဝသေယျာထ၊ နေတော်မူကြကုန်အံ့လော။ ဣဒံဝစနံ၊ ကို။ အပြုစ်၊ ဆိုပြီ။ နာယကံ၊ မြတ်စွာဘုရားကို။ ပဋိပုစ္ဆိံသု၊ တဘန်မေးလျှောက်ကြကုန်ပြီ။ ။ ဝိဟာရဉ္စ၊ နှစ်ဘက်ဆောင်မိုးသော ကျောင်းကို လည်းကောင်း။ အဍ္ဎယောဂဉ္စ၊ တဘက်ဆောင်မိုးသော ကျောင်းကိုလည်းကောင်း။ ပါသာဒဉ္စ၊ ပြာသာဒ်ရှည်ကိုလည်းကောင်း။ ဟမ္မိယဉ္စ၊ ပြာသာဒ် ဦးပြည်းကိုလည်းကောင်း။ ဂုဟံ၊ ဂူလိုဏ်ခေါင်းကိုလည်းကောင်း။ ဣတိ၊ ဤသို့။ ပဉ္စလေဏံ၊ ငါးပါးသော ပုန်းအောင်းရာကျောင်းကို။ အနုညာသိ၊ ပြီ။ သေဋ္ဌိ၊ သူဌေးကြီးသည်။ ဝိဟာရေ၊ ကျောင်းတို့ကို။ ကာရယိ၊ ပြုစေပြီ။ ဇနော၊ လူများအပေါင်းသည်။ အကဝါဋံ၊ တံခါးရွက်မရှိထသော။ အသံဝုတံ၊ အပိတ်မရှိထသော။ ဝိဟာရံ၊ ကို။ ကာရေတိ၊ ၏။ ကဝါဋံ၊ တံခါးရွက်ကိုလည်းကောင်း။ ပိဋ္ဌ

သံဃာတံ၊ တံခါးပေါင်ကိုလည်းကောင်း။ ဥဒုက္ခလဉ္ဆ၊ ဆုံယ်ကို လည်းကောင်း။ ဥတ္တရိ၊ အထက် လက်ကောက်ကွင်းကို လည်း ကောင်း။ ။အာဝိဋ္ဌနံဆိဒ္ဒ၊ငင်စရာအပေါက်ကိုလည်းကောင်း။ ရဇ္ဇု၊ငင်စရာကြိုးကိုလည်းကောင်း။ ဝဋ္ဋိဉ္ဆ၊မင်းတုတ်တိုင်ကိုလည်း ကောင်း။ ကပိသီသကံ၊ သံကွင်းမျောက်လက်ကို လည်းကောင်း။ သူစိဃဋိကာလဋ္ဌိဒ္ဒ၊ကျည်ငယ်ကျည်မသံကောက်ပေါက်ကိုလည်း ကောင်း။ လောဟကဏ္ဍိသာဏကံ၊သံကြေးသစ်သားဖြင့်ပြီးသော သံကောက် သားချိဖြင့်ပြီးသော သံငုကောက်ကို လည်းကောင်း။ ယန္တကံ၊ ယန္တရားကိုလည်းကောင်း။ သုစိကဋ္ဌဝ၊ ကျည်ငယ်ကို လည်းကောင်း။ ဆဒနံ၊ အမိုးကိုလည်းကောင်း။ ဥလ္လိတ္တာဝလိတ္တံ၊ အတွင်းလိမ်းကျံခြင်း အပလိမ်းကျံခြင်းကိုလည်းကောင်း။ဝေဒိကံ၊ ပွတ်တိုင် လေသာနန်းပြူတင်းကိုလည်းကောင်း။ ဝါ၊ ပွတ်လုံးကို လည်းကောင်း။ ဇာလသလာကဉ္ဆ၊ကွန်ရက်ဖြင့်ပြီးသော လေသာ နန်းပြူတင်း ဝါးခြမ်းစိတ်ဖြင့် ပြီးသော လေသာနန်း ပြူတင်းကို လည်းကောင်း။ စက္ကလိ၊ ခြေသုတ်ကြိုးဝန်းကို လည်းကောင်း။ သန္ထရေနစ၊မြက်အခင်းကိုလည်းကောင်း။အနုညာသိ၊ခွင့်ပြုတော် မူပြီ။ ။မိဓို၊မြေကျင် လိမ်းကျံခြင်း။ ဝါ၊ မြေကျင် ပစ်ခြင်း။ ဝိဒလ မဉ္ဆဉ္ဆ၊ကြိမ်ခက်သောညောင်စောင်း။သောသာနိကမသာရကော၊ သုသာန်၌ဖြစ်သော အခြေ၌ အပေါင်စွပ်သော ညောင်စောင်း အင်းပျဉ် ထုပ်နှင့် ရောက်ကိုကပ်၍ပြုသော အင်းပျဉ်။ ဘုဋ္ဌိရပါဒံ၊ ကောက်သော အခြေရှိသော အင်းပျဉ်။ အာဟစ္စ၊ အပေါင်၌ အခြေစွပ်သောအင်းပျဉ်။အာသန္ဒိ၊လေးထောင့်အင်းပျဉ်။ဥစ္စကော၊ မြင့်သောအင်းပျဉ်။သတ္တင်္ဂါ၊ ခုနစ်ပါးသောအင်္ဂါရှိသောအင်းပျဉ်။ ဘဒ္ဒပီဌံ၊ ကြိမ်ခက်သောအင်းပျဉ်။ ပီဌကေဥကပါဒကံ၊ ပုဆိုး ကြမ်းဖြင့် ပြုအပ်သောအင်းပျဉ်။ ဆိတ်ခြေကဲ့သို့ အခြေရှိသော အင်းပျဉ်။ အာမလာဖလကာကောဇ္ဇာ၊ရှစ်ရှားသီးကဲ့သို့ ပွတ်ခံ၍ အခြေအများ တပ်သော အခင်း ပျဉ်ပြားအခင်း ကပ်အခင်း။ ပလာလပီဌံ၊ကောက်ရိုးအင်းပျဉ်။ဥစ္စာ၊ မြင့်သော အခြေရှိသော

ညှောင်စောင်း။ အဟိ၊ မြွေခဲသောရဟန်း။ အတိပါဒ၊ လက်ရှစ်
သစ်ထက်လွန်သော ညှောင်စောင်းခြေခံ။ အင်္ဂုလပါဒကံ၊ လက်
ရှစ်သစ်အတိုင်းအရှည်ရှိသော ညှောင်စောင်းခြေခံ။ သုတ္တံ၊ချည်။
အဋ္ဋပဒံ၊ တကျစ်ရေး။ ဝါ၊ ရှစ်ကွက်ကျား။ စောဠုံ၊ ပုဆိုးကြမ်း။
တူလိကံ၊ လဲသွတ်သောအခင်း။အနုကာယိကာ၊ ထက်ဝက်သော
ကိုယ် အတိုင်းအရှည်ရှိသော ခေါင်းအုံး။ ။ဂိရဂ္ဂေ၊တောင်ထိပ်
ပွဲသဘင်။ ဘိသိယော၊ ဘုံလျို။ သေနာသနံ၊ ကျောင်းအသုံး
အဆောင်ဖြစ်သော။ ဒုဿံ၊ ပုဆိုး။ သြနဒ္ဓံ၊ မြေးရှက်အပ်၏။
ဟောဋ္ဌာ၊ အောက်၌။ ပတတိ၊ ကျ၏။ ဥပ္ပါဋေတွာ၊ ခွါ၍။ ဟရန္တိ၊
ခိုးယူကြကုန်၏။ ။ဘတ္တိ၊ အထူးထူးသော အဆင်းအရေတို့ဖြင့်
ဝေဘာန်ခြင်းကိုလည်းကောင်း။ ဟတ္ထဘတ္တိ၊ လက်ငါးချောင်းဖြင့်
အထူးထူးသော အဆင်း အရေ တို့ဖြင့် ဝေဘာန်ခြင်းကို လည်း
ကောင်း။ တထာဂတော၊ သည်။ အနုညာသိ၊ ပြီ။ တိတ္ထိယာ၊
တိတ္ထိကျောင်း။ ဝိဟာရေ၊ ရဟန်းတို့ကျောင်း။ ထုသံ၊ ဖွဲနှင့်ရော
သောမြေ။သဏှဥမတ္တိကာ၊ သိမ်မွေ့သောမြေ။ ။ဇုက္ကာသံ၊ချေး
သစေ့း။ ပါဏိကံ၊ သစ်မြောက်လက်။ကုဍ္ဍံ၊ ဆန်ကွဲနှင့်ရောသော
မြေ။ သာသပသိတ္တတေလကံ၊ မုံညင်းမှုန့်နှင့် ရောသော မြေ။
ဖယောင်းဆီ။ ဥဿန္နေ၊ များသည်ရှိသော်။ ပစ္စုဒ္ဓရိတုံ၊ တဘာန်
ထုတ်စိမ့်သောငှါ။ အနုညာသိ၊ ပြီ။ ဖရုသံ၊ ကြမ်းတန်းသောမြေ။
ဂဏ္ဍုမတ္တိကံ၊ တီကျစ်မြေ။ ။ဇုက္ကာသံ၊ချေးသစေ့း။ ပဋိဘာဏံ၊
ဆန်းကြယ်သောမိန်းမရုပ် ယောကျ်ားရုပ်စသည်ဖြင့်ရေးသားခြင်း
နိစာ၊ နိမ့်သောအကျည်။ စယော၊ အကျည်။အာရုဟံ၊တက်သော
ရဟန်း။ပရိပတန္တိ၊ကျကုန်၏။ အာဠကာ၊ ဟင်းလင်းအပြင်။ အနု
ကုန္ဒံ၊နံရံထက်ဝက်။ပုန၊တဘာန်။တယော၊ သုံးပါးသောတိုက်။ ။
ခုဒ္ဒကေ၊ ငယ်သောကျောင်း။ ကုဋ္ဋပါဒေ၊ နံရံခြေသည်။ ဩဝဿ
တိ၊ မိုးစွတ်ခဲ့၏။ ဝိဿရံ၊ ကြည်ကြည်လောင်လောင်သော အသံ။
ဓိလံ၊ နံရံတံသင်း။ စိဝရဝံသံ၊ သင်္ကန်းတန်းဝါး။ ရဇ္ဇုံ၊ သင်္ကန်း
တန်းကြိုး။ အာလိန္ဒံ၊ အာလိန်။ ဝါ၊ကျောင်းဦး။ဝါ၊ ဆွေ့ခံ။ ကိဋိ

ကေန၊ ကဲလား။အာလမ္ဗဏံ၊ လက်ကသုံး၏ တိဏစုဏ္ဏံ၊ မြက်မှုန့်။
ဟေဋ္ဌာမဂ္ဂေ၊ အောက်ဆိုခဲ့ပြီးသောအစဉ်။ နယံ၊နည်းကို။ ကရေ၊
ပြုရာ၏။အဇ္ဈောကာသေ၊ လွင်တီးခေါင်၌။ ဩတပ္ပတိ၊ နေပူခဲ့၏။
သာလိ၊ ရေအိုးစင်။ ဟေဋ္ဌာ၊ အောက်၌ဖြစ်သော အစီအရင်။
ဘာဇနံ၊ခွက်။ ။ဝိဟာရော၊ကျောင်း။ကောဋ္ဌကော၊ တံခါးမုတ်။
ပရိဝေဏဂ္ဂိသာလကံ၊ ပရိဝုဏ်မီးတင်းကုပ်။ အာရာမေ၊အရာမ်။
ပုန၊ တဘန်။ ကောဋ္ဌေ၊ တံခါးမုတ်။ ‘ဟေဋ္ဌဥေဝ၊ အောက်၌
ဖြစ်သည်သာလျှင် ဖြစ်သော။ နယံ၊ နည်းကို။ ကရေ၊ ပြုရာ၏။ ။
သုခံ၊ အင်္ဂတေ့မိုးခံသော်ပြာသာဒ်။ သဒ္ဓေါ၊ သဒ္ဓါနှင့်ပြည့်စုံသော။
အနာထပိဏ္ဍိကော၊ အနာထပိဏ်သူဌေးသည်။ သီတဝနံ၊ ရင်းတိုက်
တောသို့။ အဂါ၊ သွားလေ၏။ ဒိဋ္ဌမဂ္ဂေါ၊မြင်အပ်ပြီးသော သစ္စာ
လေးပါး တရားရှိသော အနာထပိဏ် သူဌေးသည်။ နိဿယကံ၊
မြတ်စွာဘုရားကို။ သံဃေန၊ သံဃာတော်နှင့်။ သဟ၊ တကွ။
နိမန္တေသိ၊ ပင့်ဘိတ်ပြီ။ အန္တရာမဂ္ဂေ၊ ခရီးအကြား၌။ အာဏာ
ပေသိ၊စေပြီ။ဂဏော၊လူများအပေါင်းသည်။အာရာမံ၊ အရာမ်ကို။
ကာရယိ၊ပြုစေပြီ။ဝေသာလိယံ၊၌။နဝကမ္မံ၊အမှုသစ်။ ပုရတော၊
ရှေ့မှလည်း။ ပရိဂ္ဂဟိ၊ သိမ်းဆည်းပြီ။ ကော၊ အဘယ်သူသည်။
အရဟတိ၊ ထိုက်သနည်း။ ဘတ္တဂ္ဂေ၊ ဆွမ်းစားဇရပ်၌။ တိတ္တိရံ၊
ခါမင်းဇာတ်။ အဝန္ဒိယံ၊ ရှိမခိုးအပ်သော ပုဂ္ဂိုလ်။ ပရိဂ္ဂဟိ၊
သိမ်းဆည်းပြီ။ အန္တရဃရာ၊ ရွာတွင်း၌။ တူလော၊ လဲမွေ့ရက်
အပ်သောအခင်း။ သာဝတ္ထိံ၊ သာဝတ္ထိပြည်သို့။ ဩသရိ၊ ရောက်
လေ၏။ ။အာရာမံ၊အရာမ်ကို။ပတိဋ္ဌာပေသိ၊တည်စေပြီ။ဘတ္တဂ္ဂေ၊
ဆွမ်းစားဇရပ်၌။ကောလာဟလံ၊ အုတ်အုတ်ကျက်ကျက်။ ဂိလာ
နာ၊နာသောရဟန်း။ဝရသေယျာ၊ မြတ်သောအိပ်ရာနေရာ။ လေ
သဲ၊အမြွက်ထောင်သဖြင့်။သတ္တရသာ၊သတ္တရသဝဂ္ဂီရဟန်း။တဟ်၊
ထိုအရပ်၌။ ။ကေနနုခေါ၊အဘယ်ရဟန်းသည်သာလျှင်။ ဝိဟာ
ရေန၊ကျောင်းအပိုင်းအခြားဖြင့်။ ဘာဇယိ၊ ဝေဘန်ပြီ။ ပရိဝေဏံ၊
ပရိဝုဏ်။ အနုဘာဂံ၊ အလျှောက်ဖြစ်သောအဘို့။ ဝါ၊ တဘန်

ပေးအပ်ပြီးသောအဘို့။ အကာမှာ၊ အလိုမရှိသည်ရှိသော်။ ဘာဂံ၊
အဘို့ကို။ နော့ဒဒေ၊ မပေးရာ။ နိသီမံ၊ သိမ်ပ။ သဗ္ဗကာလံ၊ အခါ
ခပ်သိမ်း။ သေနာသနံ၊ ကျောင်း၌။ တယော၊ သုံးပါးကုန်သော။
ဂါဟာ၊ ယူစေခြင်းတို့သည်။ ဟောန္တိ၊ ကုန်၏။ ဥပနန္ဒော၊ ဥပနန္ဒ
ရဟန်း။ ဝဏ္ဏေသိ၊ ချီးမွမ်းပြီ။ ဌိတကာ၊ ရပ်ကုန်သောရဟန်း။
သမာနာသနာ၊ တူသော နေရာ ရှိသော ရဟန်း။ ။သမာနာ
သနိကာ၊ တူသော နေရာရှိသော ရဟန်းတို့သည်။ ဘိန္ဒိံသု၊ ဖျက်ဆီး
ကြကုန်ပြီ။ တိဝဂ္ဂါ၊ သုံးယောက် အစုရှိသော ရဟန်းတို့သည်။
ဘိန္ဒိံသု၊ ဖျက်ဆီးကြကုန်ပြီ။ ဒုဝဂ္ဂိကံ၊ နှစ်ယောက် အစုရှိသော
ရဟန်း။ အသမာနာသနိကံ၊ မတူသော နေရာရှိသော ရဟန်း။
ဒီဃံ၊ ရှည်သော အခင်း။ သဝါလိန္တံ၊ အဝါလိန်နှင့် တကွဖြစ်သော
ပြာသာဒ်ကို။ ပရိဘုဉ္ဇိတုံ၊ သုံးဆောင်ခြင်းငှါ။ အနုညာသိ၊ ပြီ။ ။
အယိုကာ၊ အဘွားမ။ အပိဒူရေ၊ မနီးမဝေးသောအရပ်၌။ ဘာဇိတံ၊
ဝေဘန်အပ်ပြီ။ ကိဋ္ဌာဂိရေ၊ ကိဋ္ဌာဂိရိဇနပုဒ်၌။ အာဠဝိ၊ အာဠဝိပြည်
သားရဟန်း။ ပိဏ္ဍာကကုဏ္ဍောဟိ၊ မကရုံးကွက် ပြစ်ခြင်း နံရံလိမ်းကျံ
ခြင်း။ ဒွါရအဋ္ဋဥဝဋ္ဋိကာ၊ တံခါးကိုထားခြင်း မင်းတုတ်တိုင်ကိုထား
ခြင်း။ ။အာလောကသေတကာဠုဒ္ဒ၊ လေသာနန်းပြွတင်းကိုပြုကာ
မျှ။ ဖြူသောအဆင်းဖြင့် လိမ်းကျံခြင်း။ မည်းနက်သော အဆင်းဖြင့်
လိမ်းကျံခြင်း။ ဂေရုဆဒနမန္တနာ၊ ငွေ့သဘော်ဖြင့် အပြေအပြစ်
ပြုခြင်း။ မိုးခြင်း ဘွဲ့ခြင်း။ ဘတ္တိခဏ္ဍပရိဘဏ္ဍံ၊ ခိုနန်းထားခြင်း
ကျိုးသည်ကို ပြုပြင်စီရင်ခြင်း။ နွားချေးဖန်ရည်ဖြင့် အပြေအပြစ်
ပြုခြင်း။ ဝီသံ၊ အနှစ်နှစ်ဆယ်တိုင်တိုင်။ တိံသံ၊ အနှစ်သုံးဆယ်
တိုင်တိုင်။ ကာလိကာ၊ မီးခိုးစသည် ကာလတိုင်အောင်ပေးခြင်း။
ဩသိတေ၊ ဆုံးသည်ရှိသော်။ အကတံ၊ မပြုအပ်သော။ သဗ္ဗံ၊
အလုံးစုံသောကျောင်း။ ခုဒ္ဒေ၊ ငယ်သောကျောင်း၌။ ဆ ပဥ္စ
ဝဿိကံ၊ ခြောက်နှစ် ငါးနှစ်တိုင်တိုင်။ အဍ္ဍယောဂေ၊ တဘက်
ဆောင်မိုးသောကျောင်း၌။ သတ္တဋ္ဌဝဿ၊ ခုနစ်နှစ်ရှစ်နှစ်တိုင်တိုင်။ မဟလ္လ
ကေ၊ ကြီးသောကျောင်း၌။ ဒသဒွါဒသ၊ ဆယ်နှစ်ဆဲ့နှစ်နှစ်တိုင်တိုင်။

သမ္မံ၊ အလုံးစုံသော။ ဝိဟာရံ၊ ကျောင်းကို။ ဧကော၊ တယောက်
သောရဟန်းအား။ ဒေန္တိ၊ ကုန်၏။ အညံ၊ တပါးသောရဟန်းကို။
ဝါသေန္တိ၊ နေစေကြကုန်၏။ သံဃိကံ၊ သံဃိကကျောင်း။ နိဿီမံ၊
သိမ်။ပ။ သမ္မုကာလံ၊ အခါခပ်သိမ်း။ ပက္ကမိ၊ ဘဲပြီ။ ဝိဗ္ဘမန္တိ၊
လူလည်းထွက်ကြကုန်၏။ကာလံ၊ သေ၏။ သာမဏေရံ၊ သာမ
ဏေ။ သိက္ခာပစ္စက္ခအန္တိမံ၊ သိက္ခာကျသောရဟန်း။အန္တိမဝတ္ထုသို့
ရောက်သောရဟန်း။ ဥမ္မတ္တခိတ္တစိတ္တာ၊ ရူးသောရဟန်း။ ပြန့်လွင့်
သောစိတ်ရှိသောရဟန်း။ ဝေဒနာ၊ ဝေဒနာနှိပ်စက်သောရဟန်း။
အာပတ္တိဒဿနာ၊ အာပတ်ကို မရှုသောရဟန်း။ အပဋိကမ္မဒိဋ္ဌိ
ယာ၊ အာပတ်ကို မကုသော ရဟန်း မိစ္ဆာအယူကို မစွန့်သော
ရဟန်း။ ပဏ္ဍကာ၊ ပဏ္ဍုက်။ ထေယျတိတ္ထိယာ၊ထေယျသံဝါသက
တိတ္ထိယပက္ကန္တကာ၊ တိရစ္ဆာနမာတုပိတုအရဟန္တာ၊ တိရစ္ဆာန်မာ
တုဃာတက ပိတုဃာတကအရဟန္တဃာတက။ ဒူသကာ၊ဘိက္ခုနီ
ဒူသက။ ဘေဒကာ၊ သံဃဘေဒက။ လောဟိတုပ္ပါဒါ၊ လောဟိ
တုပ္ပါဒက။ ဥဘတောဗျဉ္ဇနကာ၊ ဥဘတောဗျည်း။ သံဃဿ၊
အား။ မာပရိဟာယိ၊ မယုတ်ပါစေလင့်။ ဉတ္တိမနသိကတ္ဂာ၊ ၍။
ကမ္မံ၊ အမှုကို။ အညဿ၊ တပါးသောရဟန်းအား။ ဒါတဝေ၊
ပေးခြင်းငှါ။ အနုညာသိ၊ပြီ။ ။ဝိပ္ပကတော၊ မပြီးမီ။ အညဿ၊
တပါးသောရဟန်းအား။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ကတော၊ ပြုအပ်
ပြီးသည်ရှိသော်။ တဿေဝ၊ ထိုရဟန်းအား သာလျှင်။ ပက္ကမိ၊
ဘဲသွား၏။ ဝိဗ္ဘမတိ၊ လူထွက်၏။ ကာလံကတော၊ သေ၏။
သာမဏေရော၊ သာမဏေသည်။ ဇာယတိ၊ ဖြစ်၏။ သိက္ခာယ၊
သိက္ခာကို။ပစ္စက္ခာတော၊ချ၏။ အန္တိမာ၊အန္တိမဝတ္ထုသို့ရောက်၏။
ပဏ္ဍကော၊ ပဏ္ဍုက်သည်။ ယဒိသိယာ၊ အံ့။ သံဃော၊ သည်။
သာမိကော၊ အစိုးရသည်။ ဟောတိ၊ဖြစ်၏။ ဥမ္မတ္တခိတ္တဝေဒနာ၊
ရူးသော ရဟန်း ပြန့်လွင့်သောစိတ် ရှိသောရဟန်း ဝေဒနာ
နှိပ်စက်သောရဟန်း။ အဒဿနာ၊ အာပတ်ကိုမရှုခြင်း။ အပဋိ
ကမ္မေ၊ အာပတ်မကုစားခြင်း။ ဒိဋ္ဌိ၊ မိစ္ဆာအယူကို မစွန့်ခြင်း။

တံ၊ ထိုကျောင်းသည်။ တသော၀၊ ထို ရဟန်းအား သာလျှင်။ ဟောတိ၊ ဖြစ်၏။ ပဏ္ဍကော၊ ပဏ္ဍုက်။ ထေယျသံ ဝါသကတိတ္ထိယပက္ကန္တကာ။ တိရစ္ဆာနဂတမာတုဃာတကံ၊ တိရစ္ဆာန်မာတုဃာတက ပိတုဃာတက။ ဃာတကော၊ အရဟန္တဃာတက၊ ဒူသကော၊ ဘိက္ခုနီဒူသက။ ဘေဒလောဟိတုပ္ပါဒနှာ၊ သံဃဘေဒက လောဟိတုပ္ပါဒက ဥဘတောဗျည်းဟူ၍။ သော၊ ထိုရဟန်းသည်။ ယဒိပဋိဇာနာတိ၊ အကယ်၍ ဝန်ခံသည် ဖြစ်အံ့။ သံဃော၀၊ သည်သာလျှင်။ သာမိကော အစိုးရသည်။ ဟောတိ၊ ဖြစ်၏။ ။ အညတြ၊ တပါးသော အရပ်သို့။ ဟရန္တိ၊ ဆောင်ကြကုန်၏။ ကုက္ကုစ္စံ၊ အလိုလိုဖြစ်သောရဟန်း။ ဥဇ္ဈာယတိ ပြုခဲ့၏။ ကမ္ဗလံ၊ ကမ္ဗလာ။ ဒုဿာ၊ ပုဆိုး။ စမ္မ၊ ဝံရေ စက္ကလိ၊ ခြေသုတ်ကြိုးဝန်း။ စောဠကာံ၊ ပုဆိုးကြမ်း။ အက္ကမန္တိ၊ နင်းကုန်၏။ အလ္လာ၊ စိုစွတ် သောခြေ။ ဥပါဟနာ၊ ဘိနပ်စီးသောရဟန်း။ နဋ္ဌု၊ တံထွေး ထွေး သောရဟန်း။ လိခန္တိ၊ ရေးခြစ်ကုန်၏။ အပဿေန္တိ၊ မှီကုန်၏။ အပဿေနံ၊ မှီရာတကဲဖြင့်။ လိခတေ၀၊ ရေးခြစ်သည်သာလျှင် တည်း။ဓောတပစ္စတ္တရဏေန၊ ခြေဆေးပြီးသောရဟန်းအိပ်ရာခင်း။ ရာဇဂဟေ၊ ရာဇဂြိုဟ်ပြည်၌။ နသက္ကောန္တိ၊ မတတ်နိုင်ကုန်။ လာမကံ၊ ယုတ်သောဆွမ်း။ ဘတ္တုဒ္ဒေသကံ၊ ဆွမ်းညွှန်းရဟန်း။ ကထံနုခေါ၊ အဘယ်သို့လျှင်။ပညာပကံ၊ခင်းစေရအံ့နည်း။ ဘဏ္ဍာ ဂါရိကသမ္မုတိ၊ တိ။ပဋိဂ္ဂါဟာဘာဇကော၊သင်္ကန်းကို ခံတတ်သော ရဟန်း၊ သင်္ကန်းကိုဝေဘန်တတ်သောရဟန်း။ ယာဂုဖလဘာဇ ကော၊ ယာဂုကိုဝေဘန်တတ်သောရဟန်း၊ သစ်သီးကို ဝေဘန် တတ်သောရဟန်း။ ခဇ္ဇဘာဇကော၊ ခဲဘွယ်ကိုဝေဘန်တတ်သော ရဟန်း။အပ္ပမတ္တကဝိဿဇ္ဇေ၊အနည်းငယ်သောပစ္စည်းကိုစွန့်တတ် သောရဟန်း။ သာဋိယဂ္ဂါဟာပကောစေ၀၊ မိုးရေခံသင်္ကန်းကို ယူစေတတ်သောရဟန်း။ တထေ၀၊ထိုအတူသာလျှင်။ ပတ္တဂ္ဂါဟာ ပကော၊ သပိတ်ကိုခံယူစေတတ်သောရဟန်း။ အာရာမိက သာမ ဏေရပေသကာသ၊ အာရာမိကပေသက သာမဏေရပေသကကို။

သမ္မုတိ၊ သံမုတ်ခြင်း။ သဗ္ဗာဘိဘူ၊ အလုံးစုံသော ကိလေသာကို နှိပ်စက်တတ်ထသော။ လောကဝိဒူ၊ လောကကို သိတော်မူထသော။ဟိတစိတ္တော၊ အကျိုးစီးပွါးကိုအလိုရှိသော စိတ်ရှိထသော။ ဝိနာယကော၊ မြတ်စွာဘုရားသည်။ လေဏတ္ထဉ္စ၊ ပုန်းအောင်းခြင်း အကျိုးငှါ လည်းကောင်း။ သုခတ္ထဉ္စ၊ ချမ်းသာခြင်း အကျိုးငှါ လည်းကောင်း။ ဈာယိတုံစ၊ ဈာန်ဝင်စားခြင်း အကျိုးငှါ လည်းကောင်း။ ဝိပဿိတုံစ၊ ဝိပဿနာ ရှုခြင်းငှါ လည်းကောင်း၊ အနုညာသိ၊ ခွင့်ပြုတော်မူပြီ။ ဇာတိဂြိုဟ်သွည်လျှင် သေနာသနက္ခန္ဓက ဥဒါန်းစကားရပ် အပြီးသတ်တည်း။

သေနာသနက္ခန္ဓကပြီး၏။

စာအသကျွမ်းမှုနိုဝေကြည့်/ဝိဋ္ဌကတ်တိုက်
တိုက်ပိုင်အမှတ် ............၈၂.၀၆............
မျိုးတူစုအမှတ် ............ ............ဝိနည်း............
ရက်စွဲ ............၁၄.၉.၀၈............